၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၁၀)၊ အမှတ်(၂၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၁ ၊ ၂၀၁၁)



ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)

ရေထွက်ပို့ကုန်အအေးခန်းစက်ရုံအချို့ ကုန်ကြမ်းအဝယ်ရပ်ပြီး စက်ရုံပိတ်ရန် ပြင်ဆင်နေသောကြောင့် အလုပ်သမား၁၂၀ကျော်နှင့် လည်ပတ်နေခဲ့သည့် စက်ရုံတွင် လုပ်သားဇဝခန့်သာ ထားရှိလည်ပတ်နိုင်တော့သည်ကို ဩဂုတ်လ ၂၆ရက်က တွေ့ရစဉ်

သတင်းအပြည့်အစုံ - စာ(၂၇)သို့

# ဇုန်ကားဒဏ်ကြေး ကျပ်ငွေအစား ဒေါ်လာနှင့် ပေးသွင်းရန် သတ်မှတ်

## အစိုးရေ၁၂၀၀ ကျော် ဒဏ်ကြေးပေးသွင်းပြီးမှ ကျန်ကားများ ဒဏ်ငွေဆောင်နိုင်ရန် စီစဉ်ပေးမည်ဟုဆို

**အားမာန်**

**နေပြည်တော်၊ ဩဂုတ်-၂၈**

စက်မှုဇုန်ကားအမည်ခံ၍ ပြည်တွင်း၌ မထုတ်လုပ်ဘဲ ပြည်ပမှ တရားမဝင်တင်သွင်းလာသော ကားများအတွက် ဒဏ်ကြေးငွေကို ပြည်တွင်းငွေလဲလှယ်နှုန်းတွင်ဒေါ်လာတန် ဖိုးတက်စေရန် ကျပ်ငွေအစား အမေရိကန်ဒေါ်လာနှင့် ပေးသွင်းရမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောကြားသည်။

ဇုန်ကားဟုဆိုကာ ပြည်ပမှ တင်သွင်းလာသော ဘက်စုံသုံးယာဉ်များအား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက သတ်မှတ်ဒဏ်ကြေးပေးဆောင်ပြီးမှ IC-Inspection Certificate ထုတ်ပေးနေသည်။ ထိုဒဏ်ကြေးကို ယခင်က Super Custom ဘက်စုံသုံးယာဉ်တစ်စီးလျှင် ကျပ်သိန်း၁၀၀၊ အန်စာတုံးပုံဘက်စုံသုံး တစ်စီးလျှင် ကျပ်သိန်း ၁၅၀ သတ်မှတ်ခဲ့ရာမှ Super Custom ကားမှာဒေါ်လာ ၁၃,၀၀၀၊ အန်စာတုံးပုံကားမှာ ကျပ်သိန်း ၁၅၀ နှင့် ညီမျှသောဒေါ်လာပေးဆောင်ရမည်ဖြစ်သည်။

စာ(၁၂)သို့

# စပါးတစ်တင်း၏ အခြေခံအာမခံဈေး ပထမဆုံးအကြိမ် သတ်မှတ်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၂၃**

လွတ်လပ်ရေးရပြီးချိန်မှ နှစ်ပေါင်း ၆၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဧည့်မထအုပ်စုဝင် ၄၆ ပေါင်စပါးတစ်တင်းအား အခြေခံအာမခံဈေးနှုန်းအဖြစ် ၃၂၅၀ ကျပ် သတ်မှတ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက စပါးဈေးနှုန်းအာမခံသတ်မှတ်ရေးနှင့် နိုင်ငံတော်အရန်ဆန် ထားရှိရေးဆိုင်ရာ လုပ်ငန်းစီမံချက်(မူကြမ်း)တွင် အထက်ပါအတိုင်း ဈေးနှုန်းသတ်မှတ်မည်ဟု ဖော်ပြပါရှိခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ဩဂုတ်လ ၂၃ ရက်တွင်ဇဟိုအလုပ်အမှုဆောင်များ အစည်းအဝေးပြုလုပ်ပြီး ယခုလို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

"တွက်ပြီးပြောကြတဲ့အဆင့်ပဲရှိပါသေးတယ်။ ဘယ်သူကမှ အတည်မပြုသေးဘူး"ဟုမြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးက ဆိုသည်။

နိုင်ငံတော်သမ္မတကြီးက ဩဂုတ်လ ၁၇ရက်တွင် နေပြည်တော်၌ စီးပွားရေး၊ လူမှုရေးအဖွဲ့များအား ပြောကြားသည့် မိန့်ခွန်းတွင် "စပါးပေါ်ချိန်မှာ တောင်သူလယ်သမားများ အရှုံးမပေါ်စေရအောင် အစိုးရနှင့် ဆန်ကုန်သည်ကြီးများ ဖက်စပ်ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုဖြင့် သတ်မှတ်ဝယ်ယူပြီး

စာ(၁၂)သို့

# ကားတင်သွင်းခွင့်ပြု၊ မပြု အစိုးရ စဉ်းစားနေ



မြို့တော်တက္ကစီများအဖြစ် အသုံးပြုရန် စီးပွားရေးဦးပိုင်လီမိတက်မှ တင်သွင်းထားသည့် ပါရမီတက္ကစီယာဉ်များကို တွေ့ရစဉ်

**အားမာန်**

**နေပြည်တော်၊ ဩဂုတ်-၂၈**

ကားတင်သွင်းခွင့်ကို နိုင်ငံတော်အစိုးရမှ စဉ်းစားလျက်ရှိပြီး လိုအပ်ပါက ခွင့်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကားတင်သွင်းခွင့်တွေလည်း နိုင်ငံတော်အစိုးရက စဉ်းစားလျက်ရှိပါတယ်လို့ ပြောချင်တယ်။ စဉ်းစားလျက်ရှိတယ်။ လိုအပ်ရင်လည်းပေးမယ်။ပြန်ပြောရမယ်ဆိုရင် ကားတင်သွင်းခွင့်အတွက်လည်း နိုင်ငံတော်အကြီးအကဲက စဉ်းစားနေပါတယ်"ဟု အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောသည်။

လက်ရှိတွင်လုပ်ငန်းသုံးယာဉ်ယန္တရားများနှင့် ဘတ်စ်ကားများကို တင်သွင်းခွင့်ပြုနေကြောင်း

စာ(၁၂)သို့

"အချိန်ယူပြီး ပြင်ဆင်ရမှာက စိတ်ဓာတ်ပဲ အရေးကြီးတာက စိတ်ဓာတ်ကြံ့ခိုင်ဖို့ပဲ"

စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးနှင့် တွေ့ဆုံခြင်း




စာမျက်နှာ(၈)

မလေးရှားအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်ပြီးစီးပါက မြန်မာလုပ်သားခေါ်ယူမှု နေးကွေးနိုင်

အချပ်ပို(A)

အင်တာနက်လိုင်း အချို့တွင် ပိတ်ထားသည့် ဝက်ဘ်ဆိုက်များ ပြန်ဖွင့်ပေး

စာမျက်နှာ( ၄ )




Bellco Battery


CNC
men's wear

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လွှတ်ငြိမ်းချမ်းသာခွင့်နှင့် ပတ်သက်ပြီး အရပ်သားနှင့် တပ်မတော်သားကိုယ်စားလှယ်များ လွှတ်တော်တွင် တင်ပြဆွေးနွေး

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ ဩဂုတ် - ၂၇**

သင့်လျော်သော ကာလတွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ပေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များက ယခုလ ၂၆ ရက်ကလွှတ်တော်အစည်းအဝေး၌ တင်ပြတောင်းဆိုလိုက်ပြီး ထိုကိစ္စနှင့်ပတ်သက်၍ တပ်မတော်သား ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် ပထမဆုံးအကြိမ် ပါဝင်ဆွေးနွေးခြင်းလည်းဖြစ်သည်။



သင့်လျော်သောကာလတွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ခွင့်ပြုပေးပါရန် တင်ပြတောင်းဆိုခဲ့ကြောင်း ယခုလ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားပြီး လွတ်ငြိမ်းချမ်းသာခွင့်ကို နိုင်ငံတော်သမ္မတအနေဖြင့် ချင့်ချိန်သုံးသပ်ဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်မျှော်လင့်သောကြောင့် ယခုကဲ့သို့တင်ပြခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံသို့ ငါးရက်ခရီး လာရောက်သည့် လူ့အခွင့်အရေး ကိုယ်စားလှယ်မစ္စတာသောမတ်စ် အိုဟေးကွင်တားနားသည် ခရီးစဉ်အတွင်းတွင် အင်းစိန်အကျဉ်းထောင်သို့ သွားရောက်လည်ပတ်ခဲ့ပြီး အစိုးရသစ် တာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ ပြီးခဲ့သည့် မေလ ၁၆ ရက်က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းကို အသိအမှတ်ပြုကြောင်း၊ အလားတူဆောင်ရွက်ပေးရန်လည်း တောင်းဆိုပါကြောင်းပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အစိုးရသစ်ပေါ်ပေါက်လာပြီးနောက် နိုင်ငံတော်သမ္မတအနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်ကာ ဆက်လက်၍လည်း အခါအားလျော်စွာ လွတ်ငြိမ်းချမ်းသာခွင့်များ ပေးရန် အလားအလာရှိကြောင်း မစ္စတာကွင်တားနားအား ပြန်လည်ပြောကြားခဲ့သည်။ ထို့အပြင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားများအဖြစ် မစ္စတာကွင်တားနား၏စာရင်းတွင် ဖော်ပြထားသူများ၌ မူးယစ်ဆေးဝါး၊ လူသတ်မှု၊ ဗုံးဖောက်ခွဲမှုစသဖြင့် အခြားပြစ်မှုများဖြင့် အကျဉ်းကျခံနေရသူ ၁၀၀ ကျော် ပါဝင်နေကြောင်းလည်းထည့်သွင်းပြောကြားခဲ့သည်။

မစ္စတာကွင်တားနားကပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့်တွေ့ဆုံစဉ်ကလည်း ထိန်းသိမ်းခံထားရသည့် ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်များ လွှတ်ပေးရေးကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ထုတ်ပြန်သည်။

လွှတ်တော်တွင် တင်ပြသည့် လွတ်ငြိမ်းချမ်းသာခွင့် ဆိုင်ရာ ဆွေးနွေးမှုနှင့်ပတ်သက်သည့် အသေးစိတ် အကြောင်းအရာများနှင့် တောင်းဆိုသည့် လွတ်ငြိမ်းချမ်းသာခွင့်တွင် မည်သည့်အကျဉ်းသားများ ပါဝင်သည်ကိုမူ သတင်းစာ၌ ဖော်ပြထားခြင်းမရှိပေ။

# ကရင်ပြည်နယ်တွင် စက်မှုဇုန်သစ်တစ်ခု ဖော်ထုတ်

အားမာန်

**နေပြည်တော်၊ ဩဂုတ် - ၂၈**

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ထွန်းလာစေရန်နှင့် စက်မှုဇုန်အသစ်များ ထပ်မံတည်ဆောက်မည်ဖြစ်ပြီး ကရင်ပြည်နယ်ရှိ ဘားအံနှင့် လှိုင်းဘွဲကြားတွင် စက်မှုဇုန်တစ်ခု စတင်တည်ဆောက်နေပြီဖြစ်ကြောင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီး ဌာနတို့၏ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကပြောကြားသည်။

"တချို့ နိုင်ငံခြားသွားလုပ်တာတွေက နိုင်ငံရေးမှမဟုတ်တာ။ အလုပ်အကိုင်မရှိလို့သွားလုပ်ကြတာ။ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေများစေချင်လို့ ဇုန်တွေဖွင့်မှာ၊ အလုပ်အကိုင်အခွင့်အလမ်း တိုးစေချင်တာက နံပါတ်တစ်ပဲ" ဟုဦးစိုးသိန်းကပြောကြားသည်။

ထပ်မံဖွင့်လှစ်ရန်လျာထားသော စက်မှုဇုန်များထဲမှ ကရင်ပြည်နယ်ရှိ ဘားအံနှင့်လှိုင်းဘွဲကြား ဘားအံနှင့် ခုနစ်မိုင်အကွာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနပိုင် ဧက ၁,၀၀၀ကိုလွှဲပေးပြီး

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

## CRIME CORNER

### ဆေးအတူသုံးရင်း စကားများ ရန်ဖြစ်ကာ သေဆုံးသူ အလောင်းဖျောက်ခဲ့မှုပေါ်ပေါက်

အိဖြူလွင်

ရန်ကုန်၊ ဩဂုတ် - ၂၇

မူးယစ်ဆေးဝါးအတူ သုံးစွဲရာမှ စကားများရန်ဖြစ်ကာ ဆေးလွန်သေဆုံးသူကို ဆိုင်ကယ်မှောက်သေဆုံးဟန်စီစဉ်ကာ အလောင်းဖျောက်ခဲ့မှု နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ယခုနှစ် မတ်လ ၁၃ရက်ကတည်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီးဖြစ်ရပ်မှန်ပေါ် ပေါက်ရန်အတွက်မှုခင်းတပ်ဖွဲ့မှလက်ခံစစ်ဆေးခဲ့ကာ ယခုလ ၉ရက်တွင် အမှုဆက်စပ်တရားခံများကိုဖမ်းဆီးမိခဲ့ကြောင်း အဓိကပြစ်မှုကျူးလွန်သူသည် ဩဂုတ် ၁၂ရက်က မြို့နယ်ဒုတိယတရားသူကြီးရှေ့ ဖြောင့်ချက်ပေး ထွက်ဆိုခဲ့ကြောင်းသိရသည်။

အသက် ၂၀နှစ်ရှိပြစ်မှုကျူးလွန်သူ၏ ထွက်ဆိုချက်အရ ၎င်းနှင့်သေဆုံးသူ သန်းထွန်းလှိုင်သည် အခင်းဖြစ်ပွားသည့်နေ့ကမူးယစ်ဆေးဝါးသုံးစွဲပြီး ဆေးလက်ကျန်ကိစ္စဖြင့် စကားများခဲ့သည်။ စကားများရာမှ အနီးရှိကျောက်ခဲနှင့် သေဆုံးသူ၏ခေါင်းကိုထုခဲ့သည်။ ဒဏ်ရာကြောင့် သတိလစ်နေသော သေဆုံးသူကို မူးယစ်ဆေးဝါးရောင်းချသူ ကျော်စိုးဆိုသူနှင့် ကျော်စိုး၏ မိခင်၊ အခြားသူတစ်ဦး စုစုပေါင်းသုံးဦးတို့ဖြင့် တရားမဝင်ဆေးကုသူထံ ပို့ဆောင်ခဲ့သည်ဟုသိရသည်။

ထို့နောက်ပြစ်မှုကျူးလွန်သူက ၎င်း၏ အိမ်သို့ခေါ်ဆောင်သွားရာ နေအိမ်တွင်သေဆုံးသွားခဲ့၍ မိခင်ဖြစ်သူအား အသိပေးကာ နောက်ထပ် အဖော်နှစ်ဦးနှင့်အတူ ပျဉ်းမနားမြို့နယ် ထပ်ပိုးရွာမှ အာဟာရသုခဈေးသို့သွားသည့် မြေနီလမ်းပေါ်၌ ဆိုင်ကယ်မှောက်သေဆုံးဟန်ပြု စွန့်ပစ်ခဲ့ခြင်းဖြစ်သည်။

အမှုတွင် အဓိကပြစ်မှုကျူးလွန်သူနှင့် အလောင်းစွန့်ပစ်ရာတွင် ပါဝင်ခဲ့သူများ၊ မူးယစ်ဆေးဝါးရောင်းချသူနှင့် တရားမဝင်ဆေးကုသသူတို့အားလည်း တည်ဆဲဥပဒေအရ တရားစွဲဆိုတင်ပို့ရန်အတွက် ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည်ဟုသိရသည်။


ပျဉ်းမနားရဲစခန်းက (ပ)၁၃၆/၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၄(က)ဖြင့် အမှုကိုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

# အင်တာနက်လိုင်းအချို့တွင် ပိတ်ထားသည့်ဝက်ဘ်ဆိုက်များပြန်ဖွင့်ပေး

ယုဇနကိုကို

ရန်ကုန်၊ဩဂုတ်-၂၄

**ပြည်တွင်း၌ယခင်က အသုံးပြုနိုင်ခြင်းမရှိခဲ့သည့် ဝက်ဘ်ဆိုက်အချို့ ယခုလ ၂၄ရက်တွင် ပြန်လည်အသုံးပြုနိုင်နေပြီဖြစ်ကြောင်း အင်တာနက် သုံးစွဲသူလုပ်ငန်းရှင်၊ပညာရှင်တို့ထံမှသတင်းရရှိသည်။**



**ဆိုက်အချို့ ပြန်ဖွင့်ပေးသော်လည်း နှေးကွေးသည့်ကော်နက်ရှင်ကြောင့် သုံးစွဲသူများ အလုပ်မဖြစ်ပေ**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထိုကဲ့သို့ ပြန်လည်အသုံးပြုနိုင်ခဲ့သည့်အင်တာနက်ဝက်ဘ်ဆိုက်များတွင် ကမ္ဘာကျော် YouTube ဆိုက်နှင့် Yohoo Mail လည်းပါဝင်ကြောင်း ပြည်တွင်းအင်တာနက်သုံးစွဲသူများထံမှ သိရသည်။

သို့သော် ပြန်လည်အသုံးပြုနိုင်ပြီဟုဆိုသည့် အဆိုပါ ဝက်ဘ်ဆိုက်များမှာမြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ MPT ADSL လိုင်းများနှင့်ချိတ်ဆက်ထားသော အင်တာနက်လိုင်းများတွင်သာ အသုံးပြုနိုင်ခြင်းဖြစ်ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်အချို့နှင့်စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောကြားသည်။

ယခင်ကတိုက်ရိုက်အသုံးပြုနိုင်ခြင်းမရှိခဲ့သည့် VOA ကဲ့သို့ သတင်းဝက်ဘ်ဆိုက်များ၊ကမ္ဘာကျော် Twitter ဆိုက်နှင့် blogspot ဆိုက်အချို့ကိုပါ အဆိုပါ MPT ADSL လိုင်းများနှင့် ပုဂံဆိုက်ဘာတက်ခ်၏ အင်တာနက်လိုင်းများတွင် အသုံးပြုနိုင်နေပြီဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် နီးစပ်သည့် အစိုးရဝန်ထမ်းတစ်ဦးက ပြောကြားသည်။

“YouTubeပြန်ပွင့်တာ အရမ်းဝမ်းသာတယ်။ သူကအရမ်းကို အသုံးဝင်တဲ့ ဆိုက်တစ်ခုဖြစ်တယ်။ ဒါကိုကောင်းတဲ့နေရာမှာအသုံးချတတ်ဖို့လိုပါတယ်။ နောက်ပြီး ဗီအိုအေတို့ တွစ်တာတို့တွေပါ ပြန်ပွင့်တာအရမ်းကောင်းပါတယ်။ အမြဲတမ်းဖြစ်နိုင်ပါစေလို့ပဲမျှော်လင့်ပါတယ်”ဟု ကွန်ပျူတာပညာရှင်တစ်ဦးကဆိုသည်။

ယခင်က အခြား Proxy များဖြင့် ကျော်ဖွင့်မှသာ အသုံးပြုနိုင်ခဲ့သည့်သတင်းဝက်ဘ်ဆိုက် အချို့မှာလည်း ယခုအချိန်တွင် ယင်းတို့၏အင်တာနက်မူရင်း လိပ်စာများဖြင့်ကျော်စရာမလိုဘဲ တိုက်ရိုက်အသုံးပြုနိုင်နေပြီဖြစ်သည်။

သို့သော် ထိုကဲ့သို့ ယခင်က အသုံးပြုနိုင်ခြင်းမရှိခဲ့သည့်ဝက်ဘ်ဆိုက်အချို့ ပြန်လည်အသုံးပြုနိုင်ခဲ့သော်လည်း သုံးစွဲသူများနေ့စဉ်အသုံးပြုနေမှုနှင့် အသုံးပြုမှုအများဆုံး ဆိုက်အချို့မှာမူ ယမန်နေ့မှစတင်ကာ အသုံးပြုနိုင်ခြင်းမရှိတော့ကြောင်းသိရသည်။

“ ဖျော်ဖြေရေးဆိုက်တစ်ခုဖြစ်တဲ့ အမ်တီဗီ(MTV) ဆိုက်အခုဖွင့်လို့မရတော့ဘူး။ နောက်ဒေးလီးမေးလ် (dailymail) ဖွင့်လို့မရတော့ဘူး။ သူကကျတော့ နေ့စဉ်နိုင်ငံတကာသတင်းတွေ၊ သတင်းဓာတ်ပုံတွေအတွက် အရမ်းအသုံးဝင်တယ်။ အရင်က မပွင့်ခဲ့တာတွေ ဖွင့်ပေးတာလည်းကောင်းပါတယ်။ ဒါပေမဲ့အခုပြောတဲ့ဆိုက်လေးတွေပါပြန်ပြီးအသုံးပြုလို့ရချင်ပါတယ်”ဟု အွန်လိုင်းဝက်ဘ်ဆိုက်တစ်ခုတွင် တာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းတစ်ဦးကပြောသည်။

YouTube ကဲ့သို့ကမ္ဘာကျော်ဝက်ဘ်ဆိုက်များကို ပြန်လည်ခွင့်ပြုပေးလိုက်ပြီဆိုသော်လည်း လုပ်ငန်းခွင်များအတွင်းသုံးစွဲခွင့်မှာမူ မြန်နှုန်းနှေးကွေးသည့် အင်တာနက်ကွန်နက်ရှင်ကြောင့် အဖွင့်စာမျက်နှာမှ အခြားစာမျက်နှာများသို့ ကူးပြောင်းနိုင်ခြင်းမရှိခြင်း၊ ဗီဒီယိုဖိုင်များကို မကြည့်ရှုနိုင်ခြင်းစသည့် အခက်အခဲများကို တစ်ပြိုင်တည်း ကြုံတွေ့နေရကြောင်း သုံးစွဲသူများက ဆိုကြသည်။

“YouTubeဖွင့်ပေးလိုက်တယ် ဆိုလို့ ဝမ်းသာနေတာ။ ရုံးမှာတစ်နေကုန်မနက်ကတည်းက ဖွင့်ထားတာ။ ဘာဗီဒီယိုဖွင်မှလည်း ဖွင့်မရဘူး။ တခြား စာမျက်နှာတွေလည်း ပြောင်းလို့မရဘူး။ သုံးလို့တော့ရပြီ။ ဒါပေမဲ့ အဖွင့်စာမျက်နှာလေး ဒီအတိုင်းထိုင်ကြည့်နေရတာကတော့ မဟုတ်သေးဘူး” ဟု နည်းပညာကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသည့် အမျိုးသားဝန်ထမ်းတစ်ဦးက ဆိုသည်။

ယခုကဲ့သို့ ဝက်ဘ်ဆိုက်အချို့ပြန်လည်အသုံးပြုနိုင်ခြင်းမှာ အင်တာနက်ဆက်သွယ်မှုစနစ်နှင့်သက်ဆိုက်သည့် အပြောင်းအလဲတစ်ခုဖြစ်နိုင်ကြောင်း ကွန်ပျူတာပညာရှင်အချို့ကလည်း သုံးသပ်ပြောကြားသည်။

# ကုန်ကြမ်းတင်သွင်းသူများအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးသင့်ကြောင်း ဦးစိုးသိန်းပြောကြား

အားမာန်

**နေပြည်တော်၊ ဩဂုတ် - ၁၉**

ကုန်ကြမ်းတင်သွင်းသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်စဉ်းစားပေးသင့်ကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဦးစိုးသိန်းကပြောကြားသည်။

“ပြည်ပမှ တင်သွင်းသည့် ကုန်ချောပစ္စည်းနှင့်ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ကုန်ချောပစ္စည်းတို့၏ ရောင်းဈေးနှုန်းသည် ဈေးကွက်တွင် မယှဉ်ပြိုင်နိုင်သဖြင့် အများစုသည် ကုန်ချောတင်သွင်းမှုကိုသာ နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ရန် ကြိုးစားလျက်ရှိကြောင်းတွေ့နိုင်ပါသည်။ သို့ဖြစ်၍ ကုန်ကြမ်းတင်သွင်းသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် စဉ်းစားပေးသင့်သည်” ဟု ဦးစိုးသိန်းက နေပြည်တော်၌ ကျင်းပသော အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ‘စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးမူဝါဒ’ ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားစဉ်ပြောကြားခဲ့သည်။

ကုန်ကြမ်းတင်သွင်းမှုကို အားပေးပြီး ကုန်ချောထုတ်လုပ်ငန်းများ ပေါ်ပေါက်လာမှသာ စက်မှုကဏ္ဍတိုးတက်လာမည်ဖြစ်ကြောင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့၏ ပြည်ထောင်စုဝန်ကြီးလည်းဖြစ်သူ ဦးစိုးသိန်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ကုန်ကြမ်းတင်သွင်းသူများမှာ အရောင်းခွန် ၁၀ ရာခိုင်နှုန်းနှင့် အမြတ်ခွန်ကို ပေးဆောင်ရသည်။ကုန်ချောထုတ်လုပ်ပြည်ပ တင်ပို့ပါက အခွန်ထပ်မံပေးဆောင်ရသည်။

ထို့အပြင် စွမ်းအင်အခက်အခဲကိုပြေလည်စေနိုင်သော ဆိုလာစွမ်းအင်သုံးပစ္စည်းကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများကိုလည်း အခွန်ကင်းလွတ်ခွင့်ပြုသင့်ကြောင်းဦးစိုးသိန်းက အကြံပြု ပြောကြားသည်။

အစိုးရက ပြည်တွင်း၌ အမေရိကန်ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုးကျဆင်းခြင်းကြောင့် အထိနာနေသော စီးပွားရေးလုပ်ငန်းများ နာလန်ထူစေရန် ဇူလိုင် ၁ ရက်မှစ၍ ပို့ကုန်လုပ်ငန်းများအပေါ် အခွန်ကောက်ခံခြင်းမှ ကုန်သွယ်ခွန်ကို ၃ ရာခိုင်နှုန်းလျှော့ချပေးခဲ့သည်။ ထို့အပြင် ကုန်ပစ္စည်းခုနစ်မျိုးဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ရာဘာ၊ ပြောင်း၊ နှမ်း၊ ရေချိုနှင့်ရေငန်ထွက်ကုန် (ကန့်သတ်ထားသော ကုန်စည်မပါ)၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းကိုခြောက်လအတွင်း ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ပြုလိုက်သည်။

ဆက်လက်၍ ပုဂ္ဂလိကလက်ခစားလုပ်ငန်း(စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းနှင့်နိုင်ငံခြားငွေရရှိသော မြန်မာနိုင်ငံသားတိုင်း ပေးဆောင်ရသောဝင်ငွေခွန် ၁၀ ရာခိုင်နှုန်းကို ၂၀၁၁ဩဂုတ်၁၉ရက်မှစ၍ ၂၀၁၂ ဖေဖော်ဝါရီ ၁၈ရက်အထိ ၈ ရာခိုင်နှုန်းလျှော့ချကာ ၂ ရာခိုင်နှုန်းသာပေးဆောင်စေခဲ့သည်။

7DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011



# တွေ့ဆုံဆွေးနွေးမှုများက အချိန်ကန့်သတ်ချက်မရှိသော်လည်း မြန်ဆန်လိမ့်မည် မျှော်လင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ လူ့အခွင့်အရေးကိုယ်စားလှယ်အား ဒေါ်အောင်ဆန်းစုကြည်နေအိမ်အဝင်ဝတွင် တွေ့ရစဉ်**

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဩဂုတ်- ၂၄**

တွေ့ဆုံဆွေးနွေးမှုများက အချိန်သတ်မှတ်ချက်မရှိသော်လည်း မြန်ဆန်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က မီဒီယာများသို့ယနေ့ပြောကြားသည်။

ယနေ့ညနေ ၃ နာရီက သူမနေအိမ်တွင်မြန်မာနိုင်ငံသို့ရောက်ရှိနေသော မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ သောမတ်အိုဟေးကွင်တားနားနှင့် တစ်နာရီကျော်ကြာတွေ့ဆုံမှုအပြီး သတင်းထောက်တစ်ဦး၏မေးမြန်းမှုကိုအထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည်ယခုလ ၁၉ရက်ကနေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ကာအစိုးရသစ်ကိုယ်စားလှယ်ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်လည်း နှစ်ကြိမ်တွေ့ဆုံပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတအပေါ် သူမ၏သဘောထားအမြင်ကိုသတင်းထောက်တစ်ဦးကမေးမြန်းရာ"ကျွန်မအနေနဲ့တော့ သမ္မတကြီးက အပြုသဘောဆောင်တဲ့အပြောင်းအလဲတွေလိုချင်တယ်လို့မြင်ပါတယ်"ဟုဖြေကြားသည်။

နိုင်ငံတော်သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံဆွေးနွေးမှုအပါအဝင် အစိုးရသစ်နှင့်တွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်ပြီးၤင်းတို့ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်အပြင် မပြောနိုင်သေးကြောင်း ပြောဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်ချက်နှစ်စောင်ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်တွင် တွေ့ဆုံမှုများကို ကျေနပ်အားရကြောင်း ဖော်ပြထားသည်။

# သွင်းကုန်များနှင့်ဈေးမယှဉ်နိုင်တော့သဖြင့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ အခက်တွေ့လာ

**မေဝင်းမွန်၊ အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၂၂**

နယ်စပ်လမ်းကြောင်းမှတရားမဝင်တင်သွင်းလာသည့် စားသောက်ကုန်များမှာ သက်သာသည့်ဈေးဖြင့်ဈေးကွက်ကျယ်ပြန့်လာခြင်းကြောင့် ပြည်တွင်းထုတ်ကုန်များဈေးနှုန်းမယှဉ်နိုင်သဖြင့်ပြည်တွင်းစားသောက်ကုန်ပစ္စည်းစက်ရုံများ ဆက်လက်ရပ်တည်ရန် အခက်ခဲဆုံး အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း စက်မှုလုပ်ငန်းရှင်များက တညီတညွတ်တည်းပြောကြားသည်။

"ထုတ်လုပ်သူ ၁၀၀မှာ ဈေးကွက်ပျောက်တာက ၁၀၀ ရာခိုင်နှုန်း၊ အရောင်းကျတာက ၁၀၀ ရာခိုင်နှုန်း၊ လူလျှော့တာက ၃၀ရာ ခိုင်နှုန်းနဲ့လည်ပတ်တဲ့စက်ရုံက ၅ရာခိုင်နှုန်းလောက်ရှိနေပြီ"ဟုမြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်းစက်မှုလုပ်ငန်းအများစုမှာ ဈေးအတော်ပင်ကွာခြားနေသည့် သွင်းကုန်များနှင့်ယှဉ်ပြိုင်ကာ ဈေးလျှော့ရောင်းချမှုများပြုလုပ်နေသော်လည်း နယ်အချို့တွင်ဈေးကွက်မယှဉ်နိုင်ဘဲ အရောင်း ရပ်တန့်မှုများပင်ရှိနေကြောင်း စားသောက်ကုန်လုပ်ငန်ရှင်တစ်ဦးကပြောကြားသည်။


ဓာတ်ပုံ-အောင်သူရ

"လက်ရှိဖြစ်နေတာက ကုန်ပစ္စည်းသည် အရည်အသွေးမမီလို့၊ မကောင်းလို့မရောင်းနိုင်တာမဟုတ်ဘဲ။ ဈေးချင်းယှဉ်လိုက်တဲ့အခါမှာသွင်းကုန်ကအရမ်းသက်သာနေလို့ သူ့လောက်ကြီး ဈေးမလျှော့နိုင်တဲ့အတွက်မရောင်းရတာတွေဖြစ်နေပါတယ်။ သူတို့ဈေးနဲ့လိုက်ညှိပြီးတော့ပြည်တွင်းထုတ်ကုန်တွေက လိုက်ရောင်းဖို့ဆိုတာမဖြစ်နိုင်ဘူး။ Production Costတွေကလည်းဈေးကြီးတဲ့အပြင်အခြားCost တွေလည်းရှိသေးတယ်။ ဘယ်လိုဆက်ပြီးရပ်တည်ဖို့ဆိုတာ တော်တော်ခက်သွားပြီ"ဟုစားသောက်ကုန်ထုတ်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"အရင်တုန်းကထိုင်းငွေကြေးဘတ်၁၀၀၀ နဲ့ ရောင်းတဲ့ကုန်ပစ္စည်းကို ကျပ်သုံးသောင်းခွဲနဲ့ဝယ်ရတယ်။

စာ(၄၀)သို့



7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

## ၂၀၁၁ ခုနှစ် ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ၆ရက်ထိ

# မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်သော်လည်း အထက်ပါကာလအတွင်း မုန်တိုင်းတစ်ခုအဖြစ် ရောက်ရှိလာနိုင်ဖွယ်ရာ မရှိသေးဟု ခန့်မှန်းရပါတယ်။

**မုတ်သုံလေအခြေအနေ**

ဘင်္ဂလားပင်လယ်အလယ်ပိုင်း၊ တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေအားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအသင့်အတင့်ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၅မိုင်မှ ၃၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကိုကိုးကျွန်းအနီးတစ်ဝိုက်ရေပြင်မှာ လှိုင်းအမြင့်၇ပေခန့်အထိရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပြီးခဲ့သည့် (၁၉-၈-၂၀၁၁ မှ ၂၅-၈-၂၀၁၁ အထိ) ရက်သတ္တတစ်ပတ်အတွင်းမိုးရေချိန်ဝဒသမ ၂၅မှ၁လက်မအထိ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ မိုးရေချိန် ၁ လက်မ မှ ၂ လက်မအထိ ရခိုင်ပြည်နယ်အလယ်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း။ မိုးရေချိန် ၂ လက်မ မှ ၄ လက်မအထိ ချင်းပြည်နယ်၊ ရခိုင်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း ဧရာဝတီတိုင်းအလယ်ပိုင်းနဲ့ မြောက်ပိုင်း၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ရန်ကုန်တိုင်းမြောက်ပိုင်း၊ ပဲခူးတိုင်းတောင်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း။ မိုးရေချိန် ၄လက်မ မှ ၆ လက်မအထိ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်းတောင်ပိုင်း မွန်ပြည်နယ်ကမ်းရိုးတန်း တို့ဖြစ်ကြပါတယ်။

ခန့်မှန်းရက်သတ္တပတ်အတွင်း မိုးအားတိုးလာလိမ့်မယ်လို့ ခန့်မှန်းရတာကြောင့် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်တို့မှာ(၇)ရက်ခန့်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ၆ရက်ခန့်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းတွေမှာ ၅ရက်ခန့်၊ ကျန်ဒေသတွေမှာ ၃ရက်မှ ၄ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့ တစ်ပြည်လုံးမှာ နေ့အပူချိန်များ ဖြစ်မြဲရဲ့အောက် လျော့နည်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေ အမှတ်များ အထက်ကိုပြန်တက်လာနိုင်ပါတယ်။ စိုးရိမ်ရေအမှတ်များ အထက်ကျော်လွန်ရောက်ရှိနေသော ချင်းတွင်းမြစ်၊ ငဝန်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်တို့တွင် စိုးရိမ်ရေအမှတ်များ အောက်ကို ပြန်လည်ကျဆင်းနိုင်ပြီး သံလွင်မြစ်ရေနဲ့ စစ်တောင်းမြစ်ရေများကတော့ စိုးရိမ်ရေအမှတ်များဝန်းကျင်မှာ ဆက်လက်ရှိနေနိုင်ပါတယ်။ အခြားသော မြစ်များတို့တွင် ရေများ ဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေ အမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒယာအနောက်ပိုင်းတွင် ခန့်မှန်းကာလအတွင်း မုန်တိုင်း(၂)လုံး ဆက်လက်ဖြစ်ပေါ်နေ နိုင်သော်လည်း အရှေ့မြောက်ဖက်ကိုသာ ဦးတည်ရွေ့လျားသွားမှာဖြစ်တယ်လို့ ခန့်မှန်းရတဲ့အတွက် ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံအပေါ်ကို အရှေ့ဖက်မှ မုန်တိုင်းများကြောင့် မိုးရွာသွန်းမှု မရှိနိုင်ပါ။

**ဒေါက်တာထွန်းလွင်**

# ရန်ကုန်တွင် ရက်ပိုင်းအတွင်း လုံခြုံရေးတင်းကျပ်

**ကျော်သီဟ**

**ရန်ကုန်၊ ဩဂုတ် - ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အတည်မပြုနိုင်သော အဖျက်၊ အမှောင့်သတင်းများကြောင့် လုံခြုံရေး ပိုမိုမြှင့်တင်ထားကြောင်း တိုင်းဒေသကြီးအစိုးရထံမှသတင်း ရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းဩဂုတ်လဆန်းမှစ၍ သတင်းများ ထွက်ပေါ်လာရာ သက်ဆိုင်ရာအစိုးရအဖွဲ့က မြို့တွင်းလုံခြုံရေးများ ပိုမိုတင်းကျပ်ထားကြောင်း သိရှိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကမ္ဘာအေးဘုရားလမ်းမတစ်နေရာတွင် ဩဂုတ် ၂၆ရက်က တွေ့ရသည့် ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များ**

"ဒီနေ့ရန်ကုန်မြို့ထဲမှာလုံခြုံရေးရဲတပ်ဖွဲ့တွေ နေရာအနှံ့၊ ကားမှတ်တိုင်တစ်ခုနဲ့ တစ်ခုကြားမှာ တွေ့တယ်။ ယာဉ်ထိန်းရဲတွေလည်း မှတ်တိုင်တော်တော်များများမှာ စောင့်ကြပ်နေတယ်" ဟု ရန်ကုန်မြို့ခံတစ်ဦးကပြောသည်။

"၁၉လမ်းကညဘက်ဘီယာဆိုင်တွေကိုလည်း ည ၈ နာရီ ကျော်ရင်ဆိုင်ပိတ်ခိုင်းထားတယ်။ ဘာကြောင့်လဲမသိဘူး"ဟုတက္ကစီယာဉ်မောင်းတစ်ဦးကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူစည်ကားရာ နေရာများ၊ ညအချိန်များတွင် အဖျက်၊ အမှောင့်လုပ်ငန်းများ မလုပ်နိုင်ရန်ကြိုတင်ကာကွယ်သောအဆင့်အဖြစ် လုံခြုံရေးအား ဆက်လက်တင်းကျပ်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများ ထိခိုက်မှုမရှိစေရန် လုပ်ဆောင်ခြင်းဖြစ်၍ အများပြည်သူများလည်း လုံခြုံရေးကို သက်ဆိုင်ရာနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း သက်ဆိုင်ရာမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

# ချေးငွေလိုအပ်နေသူများ၏ ၁၀ ရာခိုင်နှုန်းသာ အသေးစားချေးငွေရရှိ

**ပြည်သိမ်း**

**ရန်ကုန်၊ ဩဂုတ် - ၂၇**

မြန်မာနိုင်ငံတွင် ချေးငွေလိုအပ်နေသူများ၏ ၁၀ ရာခိုင်နှုန်းသာ အသေးစားချေးငွေလက်ခံရရှိနေကြောင်း မြန်မာနိုင်ငံ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။









မြန်မာနိုင်ငံ၌ လူဦးရေသန်း ၆၀ နီးပါးရှိပြီး ချေးငွေရရှိသူ လူဦးရေမှာ လေးသိန်းကျော်သာရှိနေသေးကြောင်း၊ ချေးငွေပမာဏမှာလည်း ကျပ်သန်းပေါင်း ၃၆ ဘီလီယံ(ကျပ်သန်းပေါင်း၃၆,၀၀၀)သာ ရှိကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်တွင်ပါဝင်သည်။ ယင်းငွေကြေးပမာဏသည် လက်ရှိမြန်မာနိုင်ငံ၌ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများစုစုပေါင်း၏ ပမာဏဖြစ်ကြောင်းသိရသည်။

"အတိုးနှုန်းတွေက တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မတူဘူး။ တစ်လကို သုံးကျပ်ယူတဲ့အဖွဲ့ရှိသလို နှစ်ကျပ်ယူတဲ့အဖွဲ့လည်းရှိတယ်။ ပြီးတော့ ပညာရေးတို့၊ ကျန်းမာရေးတို့လို လူမှုရေးချေးငွေတွေမှာဆိုရင် အတိုးနှုန်းကလျှော့ယူတယ်"ဟု Pact Myanmar Micro Finance Project မှ အထွေထွေမန်နေဂျာဦးမောင်မောင်က ပြောသည်။

လက်ရှိ မြန်မာ့စီးပွားရေးတွင် ကျေးလက်ကဏ္ဍ၏ ချေးငွေလိုအပ်မှုမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၇၀ ခန့်ရှိသည်။ ထို့အပြင် လက်ရှိ ပေးအပ်ခဲ့သည့် ချေးငွေများကို ပြန်ဆပ်နိုင်မှုပမာဏမှာလည်း ၉၈ ရာခိုင်နှုန်းကျော်ရှိသည်။

ချေးငွေချေးငှားသူအများစုမှာ အမျိုးသမီးများဖြစ်ပြီး ၉၇ ရာခိုင်နှုန်းထိရှိကြောင်း MFWG ၏ ထုတ်ပြန်ချက်အရသိရသည်။

မြန်မာနိုင်ငံ အသေးစား ငွေကြေးဝန်ဆောင်မှုအဖွဲ့ကို ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ ဦးဆောင်မှုဖြင့် ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ ၂၀၀၄ ခုနှစ်မှစတင်ဖွဲ့စည်းခဲ့သည်။

7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011



ရန်ကင်းမြို့နယ်အတွင်း ဦးချစ်မောင်လမ်းမကြီးတစ်နေရာကို ဩဂုတ်လ ၂၇ရက်က တွေ့ရစဉ်
ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)

# မိုးရာသီအတွင်း ပျက်စီးသွားသောလမ်းများ ပြန်လည်ဖာထေးပြုပြင်မည်ဟုဆို

ကျော်သီဟ

**ရန်ကုန်၊ ဩဂုတ် - ၂၅**

မိုးရာသီသုံးလတာကာလအတွင်း ပျက်စီးမှုရှိနေသော စည်ပင်နယ်နိမိတ်အတွင်းရှိလမ်းများ ပြန်လည်ပြင်ဆင်သွားမည်ဟု သက်ဆိုင်ရာမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကွပ်ကဲမှုအောက် မြို့နယ်များရှိလမ်းများ၊ မိုးတွင်းကာလတွင် မိုးရွာသွန်းမှုများကြောင့် ပျက်စီးသွားသောလမ်းများ၊ ချိုင့်များ ပြန်လည်ကောင်းမွန်စေရန် ညအချိန်ယာဉ်အသွားအလာနည်းချိန်၌ ဖာထေးပြုပြင်မည်ဖြစ်ကြောင်းသိရှိရသည်။ ယခုကဲ့သို့ ရန်ကုန်မြို့တွင်းလမ်းများ ပေါက်ပြဲ၊ ပျက်စီးမှုနှင့် ပတ်သက်၍ ပြန်လည်ပြုပြင်ရန် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးများက ကြီးကြပ်၍ ညအချိန်တွင် ဖာထေးပြုပြင်သွားရန်နှင့် လမ်းများပြုပြင်ရာတွင် လိုအပ်သော အေစီ(သို့မဟုတ်)ကတ္တရာများထုတ်ပေးပြီးဖြစ်ကြောင်း သက်ဆိုင်ရာမှသိရသည်။

# အခွန်လျှော့လိုက်သော်လည်း ငွေလဲနှုန်းမတည်ငြိမ်သဖြင့် ပို့ကုန်လုပ်ငန်းအချို့ ရပ်နားထား

ပြည့်သိမ်း

**ရန်ကုန်၊ ဩဂုတ် - ၂၅**

ပို့ကုန်အခွန် ၈ရာခိုင်နှုန်းကို လျှော့ပေးလိုက်သော်လည်း ငွေလဲလှယ်နှုန်း မတည်ငြိမ်သည့်အတွက် ပို့ကုန်လုပ်ငန်းအချို့ ရပ်နားထားကြောင်းသတင်းရရှိသည်။

အခွန်လျှော့ချသည့် ကြေညာချက်ထွက်ပြီးနောက် ပြည်ပပို့ကုန်ရင္ဝေတန်ဖိုးသည် တစ်ယူနစ်လျှင် ၈၀၀ ကျပ်မှ ၇၀၀ ကျပ်ဝန်းကျင်အထိကျဆင်းလာခဲ့သည်။ အမေရိကန်ဒေါ်လာမှာလည်း တစ်ယူနစ်လျှင် ၆၈၀ကျပ်အထိ ကျဆင်းသွားပြီး ယခုရက်အတွင်းတွင်မှ ၇၇၀ကျပ်သို့ ပြန်တက်လာသည်။

"ဒီရက်ပိုင်းအတွင်းမှာ သိန်း ၁,၀၀၀နဲ့ ၂,၀၀၀ ကြားမှာ ရှုံးနေတယ်။ ငွေလဲနှုန်းမှာတင် ရှုံးတာ။ ပို့တုန်းက ပို့ကုန်ရငွေတန်ဖိုးက ၈၀၀ ကျော်နဲ့ ပို့ခဲ့ရတာ"ဟု ပြည်ပသို့ ပြောင်းတင်ပို့နေသည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခင် ဒေါ်လာတန်ဖိုးကျစဉ်ကလည်း တစ်လအတွင်း သိန်း ၄,၅၀၀ ထိ ငွေလဲနှုန်း ဆုံးရှုံးခဲ့ရသဖြင့် လက်ရှိတင်ပို့မှုရပ်နားထားလိုက်ပြီဖြစ်ကြောင်းလည်း သိရသည်။ ထို့အပြင် နောက်ထပ်တင်ပို့ရန် ကုန်ကြမ်းစုဆောင်းလျှင်လည်း လက်ရှိပြည်တွင်းပေါက်ဈေးထက်လျှော့ပြီး ဈေးဖွင့်ဝယ်ယူရမည်ဟုဆိုသည်။

"အခု ပြည်တွင်းဈေးမှာ ပြောင်းက ၁၆,၀၀၀ ဝန်းကျင်ရှိတယ်။ ပို့ကုန်ရငွေတန်ဖိုးက ၈၀၀ အောက်ဆိုရင် ပြောင်းက ၁၅,၀၀၀ အောက်ဝယ်မှ ကိုက်မှာ။ ဒီဈေးကျတော့လည်း တောင်သူက ရှုံးတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိ ပြောင်းသည် ပြည်ပဈေးကွက်တွင် FOB ၃၀၀ မှ ၂၇၀ ဝန်းကျင်ထိသာ ဈေးကျမှုများရှိသည်။ ယင်းကဲ့သို့ပင် ဆန်တင်ပို့မှုမှာ ငွေလဲနှုန်းမတည်ငြိမ်မှုကြောင့် ရေရှည်လုပ်ကိုင်ရန် မဖြစ်နိုင်ကြောင်း ပြည်ပသို့ ဆန်တင်ပို့သည့်လုပ်ငန်းရှင်ကဆိုသည်။

စာ(၂၅)သို့




# 'အချိန်ယူပြီး ပြင်ဆင်ရမှာက စိတ်ဓာတ်ပဲ၊ အရေးကြီးတာက စိတ်ဓာတ်ကြံ့ခိုင်ဖို့ပဲ'

## ■ စီးပွားရေးပညာရှင်ဒေါက်တာဇော်ဦးနှင့် တွေ့ဆုံခြင်း ■

အားမာန်

*အေဘီအက်စ်ဒီအက်ဖ်(All Burma Students Democratic Front)ခေါင်းဆောင်ဖြစ်ခဲ့ပြီး အမေရိကန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိထားသော အမေရိကရောက်မြန်မာစီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးမှာ နှစ် ၂၀ ကျော်ကာလအတွင်းမြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့်စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ စာတမ်းတစ်စောင် လာရောက်ဖတ်ကြားခဲ့သည်။ ၎င်းဖတ်ကြားသောစာတမ်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းအဖွဲ့ဝင်သစ်များအတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများဖြစ်သည်။ ပြည်ပရောက် ပညာရှင်သုံးဦးလာရောက် စာတမ်းဖတ်ခဲ့သည့်အထဲတွင် ဒေါက်တာဇော်ဦးမှာ ပြည်ပရောက်ရှိသွားပြီး အမေရိကန်နိုင်ငံရှိ ကိုလံဘီယာတက္ကသိုလ်၌ နိုင်ငံတကာလေ့လာရေးဆိုင်ရာမဟာဘွဲ့နှင့် အမေရိကန်တက္ကသိုလ်တွင် ဖွံ့ဖြိုးမှုငွေရေးကြေးရေးနှင့် ဘဏ်များဆိုင်ရာ စီးပွားရေးမဟာဝိဇ္ဇာဘွဲ့တို့ကိုရရှိခဲ့ကာ ထိုဘာသာရပ်ဖြင့်ပင် ပါရဂူဘွဲ့ရခဲ့သည်။ အမေရိကန်အခြေစိုက် အဖွဲ့အစည်းအချို့တွင် အဆင့်မြင့်တာဝန်များထမ်းဆောင်ခဲ့ပြီး၊ လွန်ခဲ့သည့်ငါးနှစ်မှစ၍ ထိုင်းနိုင်ငံအခြေစိုက်ဗဟုဖွံ့ဖြိုးရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်နေသည်။ ထိုအဖွဲ့မှာ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိသည်။ ဒေါက်တာဇော်ဦးကိုမြန်မာနိုင်ငံသို့ရောက်ရှိခိုက်ဩဂုတ်လ ၂၃ ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်ပရိသတ်များအတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။*



နေပြည်တော်တွင် ကျင်းပခဲ့သော စီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းဖတ်ကြားနေသော ဒေါက်တာဇော်ဦး ဓာတ်ပုံ - အားမာန်

**■ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို အပြင်ကနေ စာတမ်းလာဖတ်ဖြစ်ခဲ့ပုံလေးပြောပြပေးပါ။**

အဓိကကတော့ အလုပ်ရုံဆွေးနွေးပွဲကို ကြီးကြပ်ကွပ်ကဲတဲ့ အမျိုးသားစီမံကိန်းက ကျွန်တော့်ကိုဖိတ်တာပါ။ နောက်ပြီး ဆရာကြီး ဦးမြင့်ပြောစေချင်တဲ့ ကိစ္စလေးတချို့ကိုလည်း ကျွန်တော်က လေ့လာထားမိတာလေးတွေရှိတော့ ဒါကိုလည်း Share (မျှဝေ)တဲ့ သဘောပေါ့။ အဓိကတော့ ကျွန်တော်ပြောသွားတဲ့အာဆီယံစီးပွားရေးအသိုင်းအဝိုင်းဆိုတဲ့ ကိစ္စကတော့ဗျာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပြင်ပဒေသအတွင်းမှာ အကြီးအကျယ်ပြောင်းလဲဖို့ တာစူနေတဲ့ကိစ္စပေါ့။ အပြင်မှာပြောင်းလဲဖြစ်ဖို့ တာစူနေတဲ့ကိစ္စနဲ့ ကျွန်တော်တို့ နိုင်ငံထဲမှာလည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့အစိုးရက တာစူနေတဲ့အခါ နှစ်ခုဖြစ်နေတော့ ဒီခေါင်းစဉ်လေးကလည်း ဆရာကြီး (ဦးမြင့်)တို့အထဲမှာလုပ်တဲ့ အကြောင်းအရာနဲ့သွားပြီး ဆက်စပ်နေတာတော့။ အဲဒါနဲ့ ကျွန်တော်လာဖြစ်သွားတာပါ။

**■ ဒီအလုပ်ရုံ ဆွေးနွေးပွဲအပေါ် ဘယ်လိုကောက်ချက်ချမိပါလဲ။**

ကျွန်တော်ကတော့ အင်မတန်မှ အားရကျေနပ်မိတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ရုံဆွေးနွေးပွဲမှာလည်း လူအများစုက ဒါကိုတော်တော်တော့ ပြောသွားကြတယ်။ ဒီလိုမျိုးကျွန်တော်တို့ရင်ဆိုင်နေရတဲ့ စီးပွားရေးက အခက်အခဲတွေရော၊ စိန်ခေါ်မှုတွေရောအပေါ်မှာ အခုလိုပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတဲ့အခါ တော်တော်ကြီးကို ထိထိရောက်ရောက်ဆွေးနွေးဖြစ်တယ်ဆိုတာ သိခဲ့ရတယ် ခင်ဗျ။ ကျွန်တော့်အတွက်ကတော့ဒါကိုပထမဆုံးမျက်ဝါးထင်ထင်တွေ့လိုက်ရတယ်ဆိုတာ တော်တော့်ကို အံ့ဩနေပါတယ်။

**■ မလာခင်က မျှော်လင့်ထားတာနဲ့တော်တော်ကွာလားခင်ဗျ။**

မလာခင်ကမျှော်လင့်ထားတဲ့အနေအထားကတော့ ကျွန်တော်တို့ဆွေးနွေးကြမယ်ပေါ့ဗျာ။ အကြောင်းအရာတွေကိုဆွေးနွေးကြမယ်။ သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေကလည်း သူတို့လုပ်ပြီးတဲ့ စီမံမှုပြီးမြောက်အောင်မြင်မှုတွေကိုပြောမယ်။ ကျွန်တော်တို့ကလည်း လိုအပ်သလောက်ဖြည့်စွက်ဆွေးနွေးမယ်။ ဒီလောက်ပေါ့။ ဒါပေမဲ့အခုကျတော့အားလုံးကတကယ့်ကိုပွင့်ပွင့်လင်းလင်းနဲ့ အခက်အခဲတွေကိုရော၊ စိန်ခေါ်မှုတွေကိုရော ပြောလာတဲ့အခါမှာ ကျွန်တော်ကတော့ အခွင့်အလမ်းနဲ့ပတ်သက်ပြီး ပိုဦးစားပေးပြောတယ်။ ဇောင်းပေးပြောတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့က ပြောရတာ ပိုပြီးအားရသွားတာပေါ့ဗျာ။ တစ်ခါတစ်ခါကျတော့စီးပွားရေးဆိုတဲ့ကိစ္စတွေကအခက်အခဲကိုရောက်တော့မှ အခွင့်အလမ်းဆိုတာ ရှာရကောင်းမှန်းသိတယ်။ တကယ်တမ်းက အခွင့်အလမ်းက ရှိပြီးသားပဲ။ ဒါပေမဲ့ ကိုယ့်မှာ ဘာမှ အခက်အခဲမရှိစီးပွားရေးကအဆင်ပြေနေပြီဆိုရင် အခွင့်အလမ်းကိုရှာရကောင်းမှန်း မသိဘူးပေါ့ဗျာ။ ခင်ဗျားတို့လည်း ဒီအလုပ်မှာ အဆင်ပြေနေပြီဆို အလုပ်သစ်ကိုရှာဖို့ စိတ်ကူးမိမှာ မဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား။ ဒါပေမဲ့လည်း ဒါမျိုးအခက်အခဲတွေစိန်ခေါ်မှုတွေရှိလာပြီဆိုတဲ့အခါကြရင် အဲဒါတွေကို ဘယ်လိုကျော်လွှားရမယ်ဆိုတဲ့ ကိစ္စပါမဟုတ်ဘူး။ အခွင့်အလမ်းကိစ္စပါပါလာပြီ။ တစ်ခါတစ်ခါကျရင်ကျွန်တော်က Opportunity (အခွင့်အလမ်း)အကြောင်းကိုပဲပြောတဲ့အခါ အကျပ်အတည်းကမရှိဘူးဆို ကျွန်တော်လည်း ပြောခွင့်ရမှာမဟုတ်ဘူး။ အခုကတော့ ကျွန်တော့်အတွက်လည်း အလွန်အင်မတန်မှ အံဝင်ခွင်ကျဖြစ်သွားတာပေါ့။

**■ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဖတ်ခဲ့တဲ့စာတမ်းတွေထဲက အံ့အားသင့်ရတဲ့စာတမ်းရှိလား။**

ပထမဦးစကတည်းက အံ့အားသင့်တာပဲ။ ကျွန်တော့်ရှေ့မှာဝန်ကြီး ဦးစိုးသိန်းကနေစက်မှုကဏ္ဍရင်ဆိုင်နေရတဲ့ အခက်အခဲတွေနဲ့စိန်ခေါ်မှုတွေအကြောင်းကို သူပွင့်ပွင့်လင်းလင်းပြောသွားတဲ့ ကိစ္စ။ အဲမှာကတည်းကိုက ကျွန်တော်တော်တော်ကို ရင်သပ်ရှုမောဖြစ်ရရုံမကဘူး၊ ကျွန်တော့်နောက်တင်ဆက်ရမယ့် အလှည့်ဆိုတော့က ကျွန်တော့်အတွက်ကြီးမားတဲ့စိန်ခေါ်မှုကြီးတစ်ရပ်ရလိုက်တာ။ ဘာကြောင့်လဲဆိုတော့ ဦးစိုးသိန်းလိုတကယ့်ပွင့်ပွင့်လင်းလင်းနဲ့ ရင်ထဲကလာတဲ့ ဆန္ဒတွေကို ပြောလိုက်တဲ့အခါ ကျွန်တော့်အလှည့် ရောက်လာတဲ့အခါကျတော့ တော့်တော်ကို ဇာတ်ရှိန်ကမြင့်သွားတာပေါ့။ ကျွန်တော်တောင်မှ သိပ်မပြောနိုင်သလိုဖြစ်သွားတယ်။ ကျွန်တော့်စိတ်ထဲမှာလည်းအဲလိုခံစားရတယ်။ အဲလောက်ကတည်းကစပြီး ကျွန်တော် ဒီဆွေးနွေးပွဲကို အင်မတန်မှ စိတ်ဝင်တစားနားထောင်ခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ကကျွန်တော်တို့အတန်းကျောင်းတွေတက်တယ်။ ပညာသင်တယ်။ နိုင်ငံခြားအတွေ့အကြုံတွေရှိတယ်ဆိုပေမယ့်လည်း တကယ့်လက်တွေ့ကြတော့ တကယ်အောက်ခြေမှာ တကယ့်လက်တွေ့ဖြစ်နေတဲ့ အခြေအနေတွေပေါ့။ ဒါတွေကို ကျွန်တော်အနေနဲ့က အခုလို နှစ်ရက်တည်း သုံးရက်တည်းမှာ ကဏ္ဍပေါင်းစုံကနေ သိခွင့်ရလိုက်တယ်ဆိုတော့ ကျွန်တော်တစ်နှစ်စာလောက်ဖတ်ရမယ့်ကိစ္စကိုနှစ်မနက်တည်းနဲ့ကြားလိုက်ရ သိလိုက်ရတယ်ဆိုတော့ ကျွန်တော့်အတွက်လည်း တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတစ်ရပ်ပေါ့။ ဒီအတွက်ကိုလည်း ကျွန်တော်အင်မတန်မှ ကျေးဇူးတင်ပါတယ်။ နောက်တစ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်လာပြီး တက်ရောက်နားထောင်တဲ့အချိန်မှာလည်းကျွန်တော့်အနေနဲ့အလွန်အင်မတန်မှ ကြည်နူးခဲ့ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော့်စာတမ်းရဲ့ အနှစ်သာရကတော့ ကျွန်တော်တို့ မြန်မာတွေအားလုံးညီညွတ်ဖို့အချိန်တန်ပြီ။ ဘာကြောင့်လဲဆိုတော့အလွန်အင်မတန်မှ အင်အားကြီးမားတဲ့ AEC (Asian Economic Community) ကဖြစ်လာတော့မှာဆိုတော့ ဒါက သာမန်ဖြေရှင်းရမယ့် ကိစ္စမဟုတ်ဘူး။ တော်တော့်ကို လုပ်ရမယ့်၊ကြိုးစားရမယ့် ကိစ္စဖြစ်နေတော့ဒါဟာ သမ္မတကြီးလည်း ပြောသွားတာရှိပါတယ်။ ပြည်တွင်းအားကိုယူပြီးတော့ လုပ်ရမယ်ဆိုပြီး ပြည်တွင်းအားတွေ တည်ဆောက်ဖို့လမ်းစတစ်ခုကိုလည်း ကျွန်တော် မြင်တယ်ဗျ။ ကျွန်တော်မနက်ခင်းကတည်းက စပြီးတော်တော်ဝမ်းသာမိပါတယ်။ နောက်ပိုင်းမှာပြောကြတဲ့ ကဏ္ဍတွေအားလုံးကလည်း စိတ်ဝင်စားစရာတွေပဲ။ ဘဏ္ဍာအခွန်ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေဒါတွေ အရင်တုန်းကဆို သိပ်ပြီးတော့အပြင်မှာ သိခွင့်ရတဲ့ကိစ္စမဟုတ်ဘူး။ ဒါကြောင့် အလွန်အင်မတန်မှ တန်ဖိုးရှိတဲ့ ဆွေးနွေးမှုတွေပါပဲ။ နောက်ဆုံးနေ့ကတော့ဗျာ ဆရာကြီးတွေဖြစ်တဲ့ ဆရာကြီးဦးမြင့်က ဦးဆောင်ပြီးတော့ ဆရာကြီးဦးစိန်မောင်၊ ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့်၊ ဆရာကြီးသန်းညွန့်၊ ဒီဆရာကြီးတွေရဲ့ နောက်ဆုံးအမှာစကား ပြောတာကလည်း ကျွန်တော်တို့အတွက် အလွန်အင်မတန်မှ အသုံးကြတဲ့ တန်ဖိုးရှိတဲ့ စကားတွေကို ကြားလိုက်ရတာဆိုတော့ နောက်ဆုံးပိတ်ကလည်း အိတ်နဲ့လွယ်သွားရတာပေါ့။

**■ အလုပ်ရုံဆွေးနွေးပွဲမှာ ပထမဆုံးနေ့က သမ္မတ ဦးသိန်းစိန်တက်တယ်။ ပြည်ထောင်စုဝန်ကြီးတွေတက်တယ်။ လက်ရှိအစိုးရထိပ်တန်းခေါင်းဆောင်တွေကို မြင်ရတာတကယ်ပြုပြင်ပြောင်းလည်းမှုကို လိုချင်လို့ထင်လား။**

သူတို့ပြောတဲ့ဟာ ဆွေးနွေးခဲ့တာတွေကို ပြန်ပြောင်းသတိရမယ်ဆိုတာ သေချာပါတယ်။ သည်အပေါ်မှာ ကျွန်တော့်အနေနဲ့စိုးရိမ်စိတ်မရှိပါဘူး။ ဒါပေမဲ့လည်း ဒီစီးပွားရေးပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့အခါမှာ စိန်ခေါ်မှုတွေကတော့ အများကြီးပဲဗျ။ အချိန်ကာလအားဖြင့်တော့ လုပ်ဆောင်ရမယ့်အတိုင်းအတာအရရောနောက်ပြီး ကျွန်တော်တို့ အခုလက်ရှိရောက်နေတဲ့ပတ်ဝန်းကျင်နောက်ခံအနေအထားအရရောစိန်ခေါ်မှုတွေကတော့အများကြီး ရှိတယ်။ အဲဒီစိန်ခေါ်မှုတွေကို လစ်လျူရှုထားလို့မရဘူး။ အဲဒီစိန်ခေါ်မှုတချို့ဟာစီးပွားရေးအရတိုက်ရိုက်ဖြစ်လာတဲ့ စိန်ခေါ်မှုမဟုတ်ပေမယ့် လည်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့နေရာမှာ အထောက်အကူပြုနိုင်ဖို့အတွက် လူကြီးတွေအနေနဲ့ ဒါကို စဉ်းစားပြီးတော့ ကျော်လွှားနိုင်အောင် ပြင်ဆင်ထားမယ်ဆိုရင်တော့ပိုပြီးတော့ကောင်းတာပေါ့။ ဒါကိုလည်း စပြီးတော့လုပ်နေပြီလို့ ကျွန်တော်တို့မြင်နေရပါပြီ။ လမ်းစတွေလည်းပေါ်နေပါပြီ။

**■ လက်ရှိမြန်မာနိုင်ငံ စီးပွားရေးက အဆိုးဆုံး အခြေအနေကိုရောက်နေပြီ။ အခု ဆွေးနွေးပွဲက လက်ရှိ စီးပွားရေးပြဿနာ ဖြေရှင်းဖို့ ရလဒ်ကောင်းတွေရတယ်လို့ ထင်ပါသလား။**

အရေးကြီးဆုံးက ကျွန်တော်တို့က ပြဿနာကို ပြဿနာရယ်လို့အသိအမှတ်ပြုဖို့ပေါ့ဗျာ။ အဲဒါနဲ့စရမှာ။ အခုကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးလိုက်တဲ့အခါ စီးပွားရေးပြဿနာတွေ ရှိနေတယ်ဆိုတာကို အားလုံးအသိအမှတ်ပြုသွားတယ်ဆိုပြီး ကျွန်တော်မြင်တယ်။ အဲဒီတော့ဒီဟာကအစပဲ။ ကျန်တဲ့ဟာကိုလုပ်ဖို့ဆိုတာကလည်းသမ္မတကြီးရဲ့ မိန့်ခွန်းထဲမှာလည်း အပြည့်အစုံပါထားပြီးသားပဲ။ ကျွန်တော်တို့ပြောနေတဲ့ ကွန်မစ်မန့်တို့ Political Will တို့ဆိုတာကျွန်တော့်စိတ်ထင်ဒီအစည်းအဝေးထဲမှာတော်တော်တော်တွေ့လိုက်ရတယ်လို့ထင်တယ်။ ကျန်နေတာတွေကို ကျွန်တော်တို့ဆက်လက်ပြီးတော့ဘယ်လိုဆောင်ရွက်မလဲပေါ့။ ပြီးရင်ဒါနဲ့ပတ်သက်ပြီးတော့ Comprehensive (အားလုံးနီးပါးပါဝင်သော) လုပ်ရမယ့်ကိစ္စဖြစ်တဲ့အတွက် အားလုံးပါဝင်ရေးကိုလည်းစဉ်းစားဖို့အချိန်တန်လာပြီ။ ဘာကြောင့်လဲဆိုတော့ IMF ကလည်းလာမယ်။ လာတဲ့ IMF ရဲ့လုပ်ပုံကိုင်ပုံတွေပြန်ကြည့်လိုက်မယ်ဆိုရင် အဆင့် ၃၊ ၄ ဆင့်လောက်ရှိတယ်။ ပထမဆုံး အဆင့်က အခုဘာဖြစ်နေတယ်ဆိုတဲ့ဟာကို ခြုံငုံသုံးသပ်ပြီးတော့ တတ်နိုင်တဲ့အကြံဉာဏ်ကို Technical Advice, Technical Assistance ပေးမှာပေါ့။ နောက်ပိုင်း IMF နဲ့ ဒီထက်မက ဆောင်ရွက်ဖို့လိုလာပြီဆိုတဲ့အခါ လိုအပ်တဲ့ Process တွေကိုလည်း စဉ်းစားထားဖို့လိုတယ်။ အဓိကအားဖြင့် သူတို့အခေါ် Structural Adjustment ပေါ့။ ကျွန်တော်တို့မှာ စီးပွားရေးအရပြုပြင်ပြောင်းလဲရမယ့် ကိစ္စတွေကို စပြီးတော့ စဉ်းစားပြီးဆိုတဲ့အခါကျရင် IMF က ဒီလိုနိုင်ငံတွေကို လုပ်ခိုင်းတဲ့ဟာရှိတယ်။ ဘာလဲဆိုတော့ သူတို့အခေါ် PRSP (Proverty Reduction Strategy Paper) ပေါ့။ အဲဒါကိုကျွန်တော်တို့ဘက်ကပြင်ပေးဖို့လိုလာပြီ။ နံပါတ် ၁ က သက်ဆိုင်ရာ နိုင်ငံရဲ့Ownership က ရှိရမယ်။ နိုင်ငံခြားသားပညာရှင် တစ်ယောက်ကိုခေါ်ပြီး ပြဿနာတွေပြောပြီးရေးခိုင်းမယ်ဆိုလည်းမရဘူးမဟုတ်ဘူးရတာပဲ။ ဒါပေမဲ့ IMF ကတော့ လက်ခံမှာ မဟုတ်ဘူး။ ကျွန်တော်တို့ကိုယ်တိုင်ဆွဲရမယ့်ဟာ Ownership ပါယူပြီး လုပ်ရမယ်။ နောက်တစ်ခုက Inclusive ဖြစ်ရမယ်။ ပညာရှင်လေးတစ်စုလောက်နဲ့ ရေးလို့မရဘူး။ ဝန်ကြီးဌာနက အဆင့်မြင့်အရာရှိကြီးတချို့လောက်နဲ့ ရေးလို့မရဘူး။ သက်ဆိုင်ရာကပါဝင်ပတ်သက်သူတော်တော်များများပါပြီးတော့ရေးဖို့လိုတယ်။ ဒီလို Challenges တွေကို စနစ်တကျချဉ်းကပ်ဖို့လိုလားတာပေါ့။

**■ သမ္မတလည်းပြောသွားတယ်။ ပြည်ပအကူအညီတွေ IMF တို့ World Bank တို့အပါအဝင် ၉၀ နောက်ပိုင်း အကူအညီမရတာ အခုနောက်ပိုင်းထိုက်သင့်တဲ့ ဖြေလျှော့မှုတွေ လုပ်ပေးနေတော့ နိုင်ငံတကာ အကူအညီရဖို့ နီးလာပြီလို့ထင်လား။**

သူတို့အဓိက ကြည့်တာက Ownership ပေါ့။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ စိုးရိမ်မှုတွေကို ကိုယ်ပိုင်လုပ်ပြီးတော့ ကျွန်တော်တို့မှာရှိတဲ့ စိန်ခေါ်မှုတွေအားလုံးကို တကယ်အသိအမှတ်ပြုပြီး တကယ်ရှိနေပါတယ်ဆိုတာ ပြောလာရင်သူတို့အနေနဲ့ ကူဖို့ဆိုတာ တစ်လှမ်းဆက်လာတာပေါ့။ အခု သူတို့ကိုယ်တိုင်လာပြီးကြည့်မယ်။ အနည်းဆုံးအနိမ့်ဆုံးအဆင့်က Technical Advice တော့ပေးမယ်။ ပေးပိုင်ခွင့်ရှိတယ်။ ဒါပေမဲ့ ငွေရေးကြေးရေးအားဖြင့် အကူအညီပေးပြီးတော့တကယ့် Structre Adjustment ပရိုဂရမ်ကြီးလိုမျိုးလုပ်ဖို့ဆိုတာ သူတို့မှာလည်း သူတို့ လိုအပ်ချက်တွေရှိတယ်။ ကျွန်တော်တို့ နိုင်ငံတစ်ခုတည်း ကွက်ပြီး လုပ်တာမဟုတ်ဘူး။ HIPC (Heavily Indebted Poor Countries) ဆိုတဲ့နိုင်ငံပေါင်း ၂၃ နိုင်ငံလောက်ရှိတဲ့ စာရင်းထဲမှာ ကျွန်တော်တို့က ဝင်နေတာပေါ့။ အဲဒီလိုနိုင်ငံပေါင်း ၂၀ ကျော်ရှိတဲ့အခါ ဒီဟာကိုပဲ လုပ်ရမယ်ဆိုပြီး သူတို့တောင်းဆိုလေ့ရှိတယ်။ ဒါ ကျွန်တော်တို့မှ ကွက်ပြီး တောင်းတာမဟုတ်ဘူး။ အားလုံးပါဝင်တဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအပြင်တစ်ဖက်ကလည်း နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာပြီဆိုရင် အဲဒီနှစ်ခုက တစ်ချိန်ချိန်ကျရင် ချိန်သားကိုက်သွားပြီဆိုရင် IMF ရော၊ World Bank ရော ကျန်တဲ့အကူအညီပေးမယ့်ဟာတွေက ဆက်တိုက် ဝင်ချလာမှာဘဲ။ ကျွန်တော့် စိတ်အထင်တော့ အဲဒါကောင်းဖို့ လမ်းစတွေပေါ့။ တစ်ဖက်မှာကြည့်ရင်လည်း စီးပွားရေးအရ ပြုပြင်ပြောင်းလဲဖို့အတွက် လမ်းစတွေပေါ်လာရုံတင်မကဘူး။ ဒီလမ်းစကိုပါလျှောက်လာနိုင်ပြီဆိုရင် တခြားလမ်းတွေပွင့်ဖို့အတွက်လည်းတွန်းအားတစ်ရပ်ဖြစ်လာလိမ့်မယ်လို့လည်းထင်တယ်။

**■ ပြည်တွင်းနိုင်ငံရေးစိတ်ဝင်စားသူ တွေကြားထဲမှာ အမြင်မတူတဲ့ ဒီမိုကရေစီနဲ့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုကို ဘယ်ဟာကို အရင်လုပ်သင့်လဲဆိုတဲ့အပေါ် ဘယ်လို ရှုမြင်ပါလဲ။**

တစ်ပြိုင်နက်တည်း ရနိုင်ရင်တော့အကောင်းဆုံးပေါ့ဗျာ။ ဒါပေမဲ့လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ တစ်ဆင့်ပြီးတစ်ဆင့် သွားရတဲ့ အခြေအနေတွေရှိတာပေါ့။ အဲဒါတော့ သူ့နိုင်ငံသူ့ရဲ့ သမိုင်းကြောင်းအရသူ့ရဲ့ဖြစ်စဉ်အတိုင်း သဘာဝအတိုင်းဖြစ်လာလိမ့်မယ်လို့ထင်တယ်။ ဘာကြောင့်လဲ ဆိုတော့ တချို့နိုင်ငံတွေမှာလည်း ဒီမိုကရေစီနဲ့စပြီးတော့စီးပွားရေးကအောင်မြင်သွားတဲ့ ဥပမာ- အရှေ့ဥရောပလိုနိုင်ငံမျိုးတွေလည်းရှိတာဘဲ။

စာ(၂၅) သို့

Life
7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# နှစ်ယောက်တည်းကမ္ဘာမှသည်...

ငြိမ်းငြိမ်းနိုင်

"သူငယ်ချင်း၊ စုံတွဲလူငယ်များအတွက် စီစဉ်ထားသော သီးသန့်ကမ္ဘာ"၊ "မည်သည့်ဆိုင်နှင့်မျှမတူသော ခံစားမှု Feel ရနိုင်သောဆိုင်"

ယင်းစာတန်းများပါ ပန်းရောင်လက်ကမ်းကြော်ငြာလေးက စမ်းချောင်း မြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်တစ်ဆိုင်၏ လက်ကမ်းစာရွက်လေးဖြစ်သည်။

လမ်းဆုံလမ်းခွလူစည်ကားရာနေရာများတွင် ထိုလက်ကမ်း စာစောင်လေးများဖြန့်ဝေနေသည်ကို ပြီးခဲ့သည့်လပိုင်းအတွင်းကတွေ့ရမည်ဖြစ်သည်။

လက်ကမ်းစာစောင်လေးများအတွင်း အထူးဈေးနှုန်း ကမ်းလှမ်းချက်နှင့် ကာရာအိုကေဆိုင်၏ အခန်းများမည်မျှသီးသီးသန့်သန့်ရှိသည်ကို ပေါ်လွင်အောင်ရေးသားထားခြင်းဖြစ်သည်။

ရန်ကုန်မြို့အပါအဝင် မြို့ကြီးများ၌ ယင်းကဲ့သို့ သီးသန့်အခန်း ကာရာအိုကေဆိုင်များက ယခုမှ ပေါ်ပေါက်လာသည်မဟုတ်။ ယခုနောက်ပိုင်းတွင် သီးသန့်ခန်းပါကော်ဖီဆိုင်၊ အင်တာနက်ဆိုင်၊ အပန်းဖြေနေရာစသည်တို့ကိုပင် နေရာတော်တော်များများတွင် တွေ့မြင်နေရပြီဖြစ်သည်။

ယင်းကဲ့သို့ သီးသန့်နေရာများက ဆယ်ကျော်သက်အရွယ်လူငယ်များအတွက် အထူးသဖြင့် မိန်းမပျိုလေးများ၏ ဘဝအပြောင်းအလဲ အချိုးအကွေ့တစ်ခုဖြစ်ဖွယ်ရာ ပထမခြေလှမ်းအစပျိုးနိုင်မည့် အခွင့်အရေးပေးရာနေရာများအဖြစ် ပေါ်ပေါ်ထင်ထင်ဖြစ်လာနေသည်က သမီးမိန်းကလေး မွေးထားသူ မိဘများအတွက် ရင်မအေးစရာဖြစ်နေသည်ဟုဆိုကြသည်။

GTI ကျောင်းအပြီး B-Tech ပထမနှစ်တက်ရင်း ကိုယ်ဝန်ရခဲ့ပြီး ကလေးအဖေဖြစ်သူက ရပ်တည်ပေးရန်ရှောင်သဖြင့် အမှုအခင်းရင်ဆိုင်ရသည်အထိဖြစ်ခဲ့ရသော မရမ်းကုန်းမြို့နယ် ဘုရင့်နောင်က မိသားစုတစ်စု အကြောင်းကို ဖခင်ဖြစ်သူကိုယ်တိုင် ယခုလိုရင်ဖွင့်သည်။

"သမီးက ကျောင်းနဲ့အိမ်ပဲရှိတာ။ ဒါပေမဲ့ အင်တာနက်သုံးရင်းက ရည်းစားရသွားတယ်။ အိမ်ကလည်း ကျောင်းသူဆိုတော့ အင်တာနက်သုံး တာကိုခွင့်ပြုထားတယ်။ အခုတော့ သူ့ဘဝအညွန့်ကျိုးသွားပြီ" ဟု သမီးဖြစ်သူအတွက် နှမြောတသကြီးစွာပြောရှာသည်။

သမီးဖြစ်သူက ထိုကောင်လေးနှင့် ၂၀၁၀ပြည့်နှစ် ဧပြီလခန့်က အင်တာနက်တွင် တွေ့ဆုံခဲ့ကြကာ ချစ်ကြိုက်ခဲ့ကြခြင်းဖြစ်သည်။

"သာမန်ချစ်တယ်၊ ကြိုက်တယ်ဆိုတာ သဘာဝပါပဲ။ ဒါပေမဲ့ ချစ်ကြ၊ ကြိုက်ကြ၊သွားကြ၊လာကြရင်း တစ်ဖက်လူ ဘဝအတွက် နစ်နာစရာတွေဖြစ်သွားရင် ဘယ်သူ့အတွက်မှမကောင်းပါဘူး။ ချစ်တယ်၊ ကြိုက်တယ်ဆိုတဲ့နေရာမှာလည်း စည်းကမ်းရှိဖို့လိုပါတယ်"ဟု အသက် ၆၅ နှစ်အရွယ် အဆိုပါသမီးရှင် ဖခင်ကဆိုသည်။

သမီးဖြစ်သူက ၎င်း၏ချစ်သူနှင့် ကိုယ်ဝန်ရှိလာသောအခါ ကလေးအဖေဖြစ်သူကို ကလေးကိစ္စဆက်သွယ်ပြီး ပြောဆိုရာ အမျိုးသားက လာရောက်တွေ့ဆုံကာ ၎င်းနှင့်အတူ ခေါ်ဆောင်သွားခဲ့သည်။ သို့သော်လည်း သူမကို သမိုင်းလမ်းဆုံရှိ တည်းခိုခန်းတစ်ခုတွင်ထားရစ်ခဲ့ပြီး အဆက်အသွယ်ဖြတ်ပစ်ခဲ့သည်။ နောက်ဆုံးတွင် အိမ်မပြန်ရဲတော့ဘဲ ကိုယ်ဝန်လေးလကျော်နှင့်အတူ အဒေါ်ဖြစ်သူနေအိမ်သို့ သွားရောက်အကူအညီတောင်းခံနေထိုင်ခဲ့သည်ဟုဆို သည်။

စာ(၂၇)သို့




## ထိုင်းနိုင်ငံထုတ် အမျိုးသားသုံး ပိုက်ဆံအိတ်တွေ ရနိုင်တဲ့နေရာ

**အိဖြူလွင်**


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လူသားတိုင်းအတွက် မရှိမဖြစ်တဲ့ ငွေကြေးကို သိမ်းဆည်းဖို့အလွယ်တကူသယ်ဆောင်နိုင်ဖို့အတွက် လိုအပ်တာတစ်ခုက ပိုက်ဆံထည့်တဲ့အိတ်တွေပါပဲ။

အိတ်တွေလို့ဆိုရာမှာ အမျိုးအစားပုံသဏ္ဌာန် အရွယ်အစားတွေမျိုးစုံရှိနေသလို အမျိုးသမီးအတွက်၊ အမျိုးသားအတွက်ဆိုပြီး ခွဲခြားထားသေးတဲ့အတွက် အိတ်လည်း လိုတယ်၊ ဝယ်ရတာလည်း ရှားတယ်ဆိုသူအမျိုးသားတွေအတွက် သီးသန့်အိတ်တွေရနိုင်တဲ့ဆိုင်ကိုဒီတစ်ပတ်မှာဈေးဝယ်လမ်းညွှန်ပေးလိုက်ပါတယ်။



အမျိုးသမီးတွေလို မဟုတ်ဘဲအမျိုးသားတွေကပိုက်ဆံထည့်ဖို့အတွက် အိတ်ကို အမျိုးအစားကောင်းကောင်းနဲ့သပ်သပ်ရပ်ရပ် အိတ်မျိုး သဘောကျတဲ့အတွက် မြင်ရုံနဲ့ အကောင်းစားမှန်းသိတဲ့ အိတ်တွေရနိုင်တဲ့ ဆိုင်ကို ရွေးချယ်ထားတာဖြစ်ပါတယ်။

လူငယ်တွေအတွက် ဈေးနှုန်းအသင့်အတင့်အိတ်တွေက နေလူလတ်ပိုင်းတွေအကြိုက် သားရေအစစ်နဲ့အိတ်တွေထိ ဒီဆိုင်မှာ ရှိတယ်လို့ သိရပါတယ်။

မိကျောင်းသားရေ၊ ငါးလိပ်ကျောက်သားရေလိုသားရေအစစ်အိတ်တွေကိုလည်း ရနိုင်ပြီး တံဆိပ်အမျိုးအစားစုံကို ခေါက်အိတ်ရော လက်ကိုင်အရွယ်အိတ်ရော ရနိုင်တာပါ။

ဈေးနှုန်းအနေနဲ့တော့ ၇,၅၀၀ ကျပ်ကနေ တစ်သိန်းကျော်အထိ အိတ်အရွယ်အစားနဲ့ အမျိုးအစားပေါ်မူတည်ပြီး ကွာခြားမှု ရှိပါတယ်။

ပစ္စည်းအားလုံးက ထိုင်းနိုင်ငံကနေတင်သွင်းတာဖြစ်ပြီး စိတ်ကြိုက် ရွေးချယ်ဖို့အတွက် အမျိုးအစား စုံလင်တယ်လို့ သိရပါတယ်။ အမျိုးသားတွေက ပိုက်ဆံအိတ်တွေကို ဝယ်ယူရာမှာ ကြာရှည်ခံဖို့ အမျိုးအစားကောင်းဖို့ကို အမျိုးသမီးတွေထက်ပိုပြီး ဦးစားပေးရွေးချယ်တတ်တာကြောင့် ကိုယ်တိုင်သုံးဖို့ပဲ ဝယ်ဝယ် မိတ်ဆွေသူငယ်ချင်း၊ ချစ်သူကို လက်ဆောင်ပေးဖို့ပဲ ဝယ်ဝယ် ပစ္စည်းအမျိုးအစားကောင်းဖို့စိတ်ချရတဲ့ အိတ်တွေရှိတဲ့နေရာ တစ်ခေါက်လောက်သွားကြည့်ဖို့တော့ တိုက်တွန်းချင်ပါတယ်။

ဆိုင်ရဲ့အမည်ကတော့ President Fashion ဖြစ်ပြီး ကမ္ဘာအေးဂမုန်းပွင့်ဒုတိယထပ်မှာပါလို့ လမ်းညွှန်လိုက်ပါတယ်။




## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

### မဲဇလီဟင်းချို





ဝိုက်ဇီ အရင်တစ်ပတ်က ကြိုတင်သတင်းပေးထားခဲ့တဲ့ အတိုင်းကျန်းမာရေးနဲ့ညီညွတ်မျှတပြီး အရသာရှိတဲ့ ဟင်းတစ်ခွက်ကိုချက်မှာဖြစ်ပါတယ်။ ဒါကတော့မဲဇလီဟင်းချိုဖြစ်ပါတယ်။


မဲဇလီဟင်းချိုချက်ဖို့ မဲဇလီရွက်မနုမရင့် အနည်းငယ်၊ ငါးရံ့အနေတော်တစ်ကောင်၊ ခရမ်းသီး အရွယ်တော်တစ်လုံး၊ ခရမ်းချဉ်သီး နှစ်လုံးနဲ့ဆန်လှော်မှုန့်အနည်းငယ်ပဲ လိုအပ်ပါတယ်။

ပထမဆုံးမဲဇလီရွက်ကို အခါးထွက်အောင် နှစ်ရေလောက်ပြုတ်ပေးရပါမယ်။ ငါးရံ့ကိုလည်း ပြုတ်ပြီးအသားနွှင်ထားပါ။ ခရမ်းသီးကိုတော့ အလုံးလိုက် မီးဖုတ်ပြီး ပါးပါးလှီးပါမယ်။ ခရမ်းချဉ်သီး နှစ်လုံးကိုလည်း ပါးပါးလှီးပါမယ်။ ကြက်သွန်ဖြူနီကိုလည်း ဆီသတ်ထားရပါမယ်။

လိုသလောက်အနေတော်ရေထည့်ထားတဲ့ရေအိုးဆူပွက်လာအောင် တည်ထားပေးပါ။ ရေဆူလာပြီဆိုရင် အရိုးနွှင်ထားတဲ့ငါးအသား၊ ခရမ်းသီး၊ ခရမ်းချဉ်သီးနဲ့ ဆန်လှော်မှုန့်အနည်းငယ်ထည့်လိုက်ပါမယ်။

စာ(၁၁)သို့

7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011



# နှစ်ကိုယ်ခွဲတဲ့ ကျေးလက်ပန်းချီ

ဥက္ကာကိုကို

**နှစ်ကိုယ်ခွဲဟု အမည်ပေးထားသော ပန်းချီပြပွဲကို ပန်းချီဆရာကြီး ကျော်ဖြူစံက ယခုလ ၂၅ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ လောကနတ်ပန်းချီပြခန်းတွင် တတိယအကြိမ်မြောက်တစ်ကိုယ်တော်ကျင်းပပြုလုပ်ခဲ့သည်။ ပန်းချီလောကအတွင်း ဖြတ်သန်းမှုနှစ်ကာလများ ကြာရှည်ခဲ့ပြီဖြစ်သည့် ပန်းချီဆရာကြီးက ယခုပွဲတွင်သူ၏ သင်္ကေတဖြစ်သော မြန်မာမှုရိုးရာ ကျေးလက်မြင်ကွင်းများအပြင် မြန်မာပြည်အနှံ့မှ ရှုခင်းအချို့ကို ရေးဆွဲထားသည့် ပန်းချီကားများအား ဦးစားပေးပြသသွားခဲ့သည်။**

ပြပွဲတွင်ပြသသည့် ပန်းချီကား စုစုပေါင်းမှာ ၈၈ ကားဖြစ်ပြီး ယခင်ကပြုလုပ်ခဲ့သည့် တစ်ကိုယ်တော်ပြပွဲနှစ်ခုထက် ပိုများပါကြောင်း ပန်းချီဦးကျော်ဖြူစံကပြောသည်။ သူ၏ ပန်းချီကားများကို မြန်မာငွေ တစ်သိန်းနှစ်သောင်းကျပ်မှ လေးသိန်းကျပ်အထိ ဈေးနှုန်းသတ်မှတ်ထားပြီး ၂၇ ရက်အထိ သုံးရက်အတွင်းပန်းချီကား ၂၀ရောင်းထွက်သွားပြီဖြစ်သည်။

ပန်းချီဦးကျော်ဖြူစံ၏ ပန်းချီလက်ရာများကို မဂ္ဂဇင်းသရုပ်ဖော်များတွင်လည်းကောင်း၊ ဗုဒ္ဓဝင်စာပန်းချီကာတွန်းစာအုပ်များတွင်လည်းကောင်း၊ မြန်မာ့လက်ဆောင်အမှတ်တရပို့စ်ကဒ်များတွင်လည်းကောင်း တောရောမြို့ပါမကျန် မြင်တွေ့ဖူးကြမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှ အပ်နှံ၍ ရေးဆွဲပေးခဲ့ရသော ဗုဒ္ဓဝင်ပန်းချီများသည် သူ၏ အကျော်ကြားဆုံးလက်ရာများပင်ဖြစ်သည်။ အဆိုပါဗုဒ္ဓဝင်ဇာတ်ကြီးဆယ်ဘွဲ့စာအုပ်ကို ဦးကျော်ဖြူစံက ပန်းချီရေးဆွဲပြီး ဆရာကြီးပါရဂူကဘာသာပြန်ကာမြန်မာ၊ အင်္ဂလိပ်၊ အင်ဒိုနီးရှားသုံးဘာသာဖြင့် ၁၉၉၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ စာအုပ်တွင် သူရေးဆွဲသည့် ပန်းချီကား ၆၉ ကားပါဝင်ပြီး ယင်းစာအုပ်မှာ အင်ဒိုနီးရှားနိုင်ငံတွင် ငါးကြိမ်မြောက်အထိ ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ဦးကျော်ဖြူစံက ပန်းချီနှင့် စာနယ်ဇင်းလောကကို ၁၉၇၉ ခုနှစ်ခန့်ကစတင်ဝင်ရောက်ခဲ့သည်။ ထိုအချိန်ကာလကဈေးကွက်မရှိသေးသော ပန်းချီလောကတွင် တောမှနေမြို့သို့တက်လာရသည့် ပန်းချီဆရာတစ်ဦးအနေနှင့် ပန်းချီပညာဖြင့် ဘဝရပ်တည်ရန် အခက်အခဲများစွာကြားမှ ကြိုးစားခဲ့ရပါကြောင်း သူကဆိုသည်။

"လက်ရှိက စာနယ်ဇင်းပါပဲ။ စာနယ်ဇင်းမှာ သရုပ်ဖော်တွေရေးတာ ရေးခနည်းပေမယ့် နောက်မဆုတ်ပါဘူး။ ရေးနိုင်တဲ့ အချိန်ထိ ရေးသွားမှာပါ။

စာ(၁၁)သို့









7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

## စာ-၁၀၊ နှစ်ကိုယ်ခွဲတဲ့ ကျေးလက်ပန်းချီ မှ

စာနယ်ဇင်းမှာ ရေးရတာ ပျော်လည်းပျော်ပါတယ်”ဟု သူကပြောသည်။

မဂ္ဂဇင်းသရုပ်ဖော်ပုံများကို ၁၉၇၉ ခုနှစ်တွင် ငွေတာရီမဂ္ဂဇင်း၌ စတင်ရေးသားခဲ့ပြီး ယခုလက်ရှိတွင်လည်း ဓမ္မရံသီ၊ ရတနာမွန် စသော ဘာသာရေးစာစောင်များ၌ မျက်နှာဖုံးသရုပ်ဖော်များ ရေးသားနေဆဲဖြစ်သည်။

ဦးကျော်ဖြူစံရေးဆွဲခဲ့သော ပို့စ်ကဒ်များမှာ မြန်မာ့ရိုးရာ အလှူ မင်္ဂလာပွဲ၊ ရာသီဟန်များစသည်တို့ဖြစ်ပြီး နေရာအနှံ့တွေ့မြင်နေကြရဆဲဖြစ်သည်။

သူပထမဆုံး ပြုလုပ်ခဲ့သည့် တစ်ကိုယ်တော်ပန်းချီပြပွဲမှာ ၁၉၉၈ ခုနှစ်ကဖြစ်ပြီး ၄၅ ကားပြသခဲ့ရာ ၂၇ကားရောင်းချခဲ့ရသည်။ ဒုတိယအကြိမ်တစ်ကိုယ်တော်ပြပွဲကို ၂၀၀၄ခုနှစ်တွင် စာအုပ်၌ ပါဝင်သည့် ဗုဒ္ဓဝင်ပန်းချီကား ၆၉ကားဖြင့် ပြသခဲ့ပြီးထိုပွဲတွင် ပန်းချီကား ၆၉ကားစလုံးရောင်းချခဲ့ရကြောင်း သိရသည်။ အုပ်စုပန်းချီပြပွဲမှာတော့ ကားပေါင်းငါးဆယ်ကျော်ခဲ့ပြီဖြစ်သည်။

ပန်းချီဦးကျော်ဖြူစံက ရေဆေးပန်းချီများကိုသာ အများဆုံး ရေးဆွဲနေသူဖြစ်သည်။ ယခုပြပွဲတွင်လည်း ရေဆေးပန်းချီကားများကိုသာ တင်ဆက်ပြသနေသည်ကိုတွေ့ရသည်။ ပန်းချီကား အချို့မှာ နှစ်နှစ်ဆယ်ကျော် သက်တမ်းရှိနေပြီဖြစ်ကာ အချို့ပန်းချီကားများမှာတော့ အသစ်ရေးဆွဲထားခြင်းဖြစ်သည်ဟု သူကပြောသည်။

“မြန်မာမှုရေးတဲ့ပန်းချီဆရာ နည်းသွားပြီ။ အဲဒါကြောင့်မြန်မာမှုကို ဦးစားပေးပြတာပါ။ ပန်းချီကားပြသတယ်ဆိုတာ စိတ်ခံစားမှုတွေကို မျှဝေခံစားတာပဲ။ မြန်မာပြည်က ပန်းချီမြတ်နိုးသူတွေ ဝယ်နိုင်အောင် ဈေးနှုန်းကိုလည်း သင့်တင့်အောင်လုပ်ထားပါတယ်”ဟု ဦးကျော်ဖြူစံကပြောသည်။

ယခုပြပွဲတွင်ပြခန်းအဝင်ဝ၌ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီး ခြံဝမှ သံတိုင်လေးကို ကိုင်ကာ လူထုနှင့်နှုတ်ဆက်နေပုံကိုရေးဆွဲခြယ်မှုန်းထားသည်ကိုလည်း တွေ့ရသဖြင့် မေးမြန်းကြည့်ရာ “ဒီကားကခွင့်ပြုပါတယ်။ ဒါပေမဲ့ နဂိုက ပန်းချီကားနာမည်ကို Our Mother လို့ပေးထားတာ။ အဲဒါကို Our ကိုဖြုတ်ခိုင်းတယ်။ ဒါလောက်ပါပဲ”ဟုသူကရှင်းပြသည်။

ယခုပြပွဲတွင် ဦးကျော်ဖြူစံ၏သမီးက မျိုးဆက်သစ်အနေဖြင့် အခရိုင်းလစ်ဖြင့်ရေးဆွဲထားသော ပန်းချီကားနှစ်ကားကိုဝင်ရောက် ပြသထားသည်ကိုလည်းတွေ့ရသည်။ လာမည့် ဖေဖော်ဝါရီလတွင် မန္တလေးမြို့သို့သွားရောက်၍ တစ်ကိုယ်တော်ပြပွဲတစ်ခု ပြုလုပ်ဦးမည်ဖြစ်ကြောင်းသိရသည်။

မြန်မာမှုရိုးရာမြင်ကွင်းရှုခင်းများကို တစ်စိုက်မတ်မတ်ရေးဆွဲသည့် ပန်းချီဆရာများနှင့် ပန်းချီပြပွဲများ ရှားပါးလာစဉ် ကာလတွင် ဦးကျော်ဖြူစံ၏ “နှစ်ကိုယ်ခွဲ”အမည်ရှိ ပန်းချီပြပွဲလေးက မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် အောင်မြင်သော ပန်းချီပြပွဲဖြစ်ခဲ့ပါသည်။

# ပုန်းကွယ်လုပ်ကိုင်နေသော လောင်းကစားနှင့် အနှိပ်ခန်းများကို ဆက်လက်အရေးယူမည်ဟုဆို

**ကျော်သီဟ**

**ရန်ကုန်၊ ဩဂုတ် - ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လောင်းကစားမှုမျိုးစုံနှင့် အနှိပ်ခန်းများ၊ စည်းကမ်းမဲ့ ကာရာအိုကေခန်းများ နှိမ်နင်းမှုကို စဉ်ဆက်မပြတ် အရေးယူသွားမည်ဖြစ်ကြောင်းသက်ဆိုင်ရာမှ သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လောင်းကစားမှု မျိုးစုံနှင့် အနှိပ်ခန်းများ၊ စည်းကမ်းမဲ့ ကာရာအိုကေခန်းများ ပုန်းကွယ်၍ ဆက်လက်ဖွင့်လှစ်နေကြောင်း သက်ဆိုင်ရာမှ စုံစမ်းသိရှိ၍ စဉ်ဆက်မပြတ် ဆက်လက်ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ အနှိပ်ခန်းနှင့် ကာရာအိုကေခန်းမများရှိ မိန်းကလေးများအနေဖြင့် ဆန္ဒရှိပါက စက်ရုံ၊အလုပ်ရုံများ၌ အလုပ်အကိုင်အခွင့်အရေးများပေးရန် စက်မှုဇုန်များသို့ညွှန်ကြားထားကြောင်းလည်းသိရှိရသည်။



**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

## မြတ်ဗုဒရဲ့ ပြည့်စုံတဲ့ဘာသာရေးလမ်းကြောင်း ◦ ◦ ◦

ဗုဒ္ဓရှင်တော်မြတ်ဘုရား တရားဦးဓမ္မစကြာတွင် သူသိမြင်ဟောကြား တော်မူသောတရားကို ရှေးက လူတို့မကြားဖူးကြသေး။ ဤတရားသည် ဗုဒ္ဓတွင် အမြင်ရှင်းစွာပေါ်လာတယ် (စက္ခုံဥဒပါဒိ)။ ဉာဏ်ရှင်းစွာပေါ်လာတယ် (ဉာဏံဥဒပါဒိ)။ ပညာအဖြစ်ဖြင့် ပေါ်လာတယ် (ပညာဥဒပါဒိ)။ ထိုးထွင်းသိမြင်သောအားဖြင့် ရှင်းရှင်းပေါ်လာတယ် (ဝိဇ္ဇာဥဒပါဒိ)။ သဗ္ဗညုတဉာဏ်အလင်းရောင်အဖြစ်ပေါ်လာတယ် (အာလောကောဥဒပါဒိ)လို့ ဟောတော်မူတယ်။

မြတ်ဗုဒ္ဓရဲ့ ဘဝနေနည်းရော၊ ဟောကြားတော်မူတဲ့တရားပါ သူ့ခေတ် သူ့အခါက လူတွေ ယုံကြည်ကိုးကွယ်ခဲ့ကြတဲ့ အယူဝါဒနဲ့ရော ဘဝနေပုံနေနည်းနှင့်ပါ ကွဲပြားခြားနားလှပါတယ်။ မြတ်ဗုဒ္ဓဟာ သက်တော်ထင်ရှားရှိစဉ်အခါကနေထိုင်ဟောကြားဆုံးမခဲ့တာ၊ပရိနိဗ္ဗာန်ပြုသွားတာတွေဟာ ဝေဒဆရာတွေ၊ ဗြဟ္မဏဆရာတွေရဲ့ နေပုံနေနည်း၊ ဟောပုံဟောနည်း၊ သေပုံသေနည်းတွေလည်းမဟုတ်ဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သမျှ ပိဋကတ်တော်ထဲက ဘယ်တရားတစ်ပုဒ်တလေမှာမှ သူ့အပေါ်၊ သူ့ခေတ်က ဘာသာအယူအဆတွေက ကျေးဇူးရှိခဲ့ကြောင်း ထုတ်ဖော်ဟောကြားတာ ဘာတစ်ခုမှမရှိပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက သူ့ကိုယ်သူ ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့ ဘာသာရေးနည်းလမ်းကိုပဲ စတင်အသုံးပြုပါတယ်။ ဒါ့အပြင်ဘာသာရေး ဝတ္တရားတွေ၊ ပူဇော်ပသပုံထုံးတမ်းစဉ်လာတွေ၊ ကိုယ်ကျင့်တရားအမြင်တွေနဲ့ ဘဝနေပုံထိုင်နည်းတွေကိုလည်း ပြုပြင်ပြောင်းလဲသွားအောင် ဆောင်ရွက်တော်မူခဲ့တယ်။

ရည်ညွှန်း - “ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက” ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈ - ၂၀၀၂)

# မြန်မာနိုင်ငံလူမှုရေးပညာရှင်များအသင်းက လူမှုရေးဝန်ဆောင်မှုများပေးမည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂၃**



လိုအပ်ချက်ရှိနေသည့် ပရဟိတဂေဟာများအတွက် ချိတ်ဆက်ပေးမည့်အဖွဲ့အစည်းလိုအပ်သည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အကူအညီလိုအပ်လျက်ရှိသော နေရာများတွင် သွားရောက်လှူဒါန်းလိုသော်လည်း မည်သို့ ဆက်သွယ်သွားရောက်ရမည်ကို မသိသော အလှူရှင်များအား ကူညီဝန်ဆောင်မှုပေးသွားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလူမှုရေးပညာရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အချို့သော အလှူရှင်များသည် မိမိတို့၏မွေးနေ့များ၊ သေဆုံးသွားသော မိသားစုဝင်များ၏ နှစ်ပတ်လည်နေ့များ၊ မင်္ဂလာဦးအချိန်များ စသည်တို့တွင် အကူအညီလိုအပ်လျက်ရှိသော ပရဟိတဂေဟာများ၊ မိဘမဲ့ကလေးများကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ စသည်တို့တွင် လှူဒါန်းလိုသော်လည်း မည်သို့သွားရောက်ရမည်၊ မည်သို့ ဆက်သွယ်လှူဒါန်းရမည်ဆိုသည့်အချက်များနှင့် အဆိုပါနေရာများ၏လိပ်စာ မသိရှိခြင်းကြောင့် လှူဒါန်းရန်ခက်ခဲနေသူများအတွက် စေတနာ့ဝန်ထမ်း ကူညီဝန်ဆောင်ပေးသွားမည်ဖြစ်ကြောင်းအဆိုပါအသင်း၏ဒုတိယဥက္ကဋ္ဌကပြောသည်။

“ကျွန်တော်တို့ ကိုယ့်စရိတ်ကိုယ်စားပြီး ကူညီပေးသွားမှာပါ။ ပရဟိတဂေဟာတွေ၊ အကူအညီလိုအပ်တဲ့ နေရာတွေရဲ့စာရင်းတွေ၊လိပ်စာတွေကိုလည်းစုဆောင်းသွားမှာပါ”ဟု မြန်မာနိုင်ငံလူမှုရေးပညာရှင်များအသင်းမှဒုတိယဥက္ကဋ္ဌ-၁ ဦးမျိုးမင်းထွန်းက ပြောသည်။ ထိုသို့ အသင်း၏ ကူညီဝန်ဆောင်မှုကို ရရှိလိုသူများသည် မြန်မာနိုင်ငံ လူမှုရေးပညာရှင်များအသင်းရုံး၊ ၁၀၆၊ ပထမထပ်၊ ၃၇ လမ်း (အောက်) ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၃၀ ၄၈၇၃၇၊ ၀၉-၉၉-၂၅၁၉၆၊၀၉-၇၃၀-၅၄၁၆၆ သို့ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်းလည်းသိရသည်။

အဆိုပါမြန်မာနိုင်ငံလူမှုရေးပညာရှင်များအသင်းသည် ပြည်တွင်း၊ပြည်ပတက္ကသိုလ်များမှ လူမှုရေးပညာဘွဲ့လွန်ရရှိထားသူများ ပါဝင်ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံတွင် ကျင့်ဝတ်နှင့်ညီသော၊ လူမှုရေးပညာစစ်စစ် ကျင့်သုံးသော လူမှုရေးပညာရှင်များ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ သတင်းရရှိသည်။

“ကျွန်တော်တို့အသင်းက Professional Social Worker တွေအတွက် အထောက်အကူပြုစေနိုင်မယ့် သုတေသနစာတမ်းလေးတွေလုပ်တဲ့အပိုင်းကို အဓိကထားသွားမယ်။ အဖွဲ့အစည်းတွေမှာလုပ်နေတဲ့ လူမှုရေးလုပ်သားတွေဟာ ကျင့်ဝတ်တွေ၊ လူ့အခွင့်အရေးတွေနဲ့ပတ်သက်လို့ လိုက်နာလာအောင် ပြုပြင်ပြောင်းလဲသွားမယ်”ဟု အသင်း၏ ဒုတိယဥက္ကဋ္ဌ-၂ ဦးခင်မောင်ညွှန့်ကရှင်းပြသည်။

ထို့အပြင် လူမှုရေးပညာရပ်နှင့်ပတ်သက်သော ဘွဲ့လွန်သင်တန်းများကို နိုင်ငံတကာကျောင်းများတွင် ဆက်လက်တက်ရောက်လေ့လာလိုသူများအတွက်လည်း တတ်နိုင်သလောက် ကူညီပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

## စာ - ၉၊ မဲဇလီဟင်းချို မှ

အရသာအပေါ့အငန်အနေတော်ဖြစ်အောင်ထည့်ပါ။ နည်းနည်းမွှေပေးပြီး အရသာထွက်လာအောင်ခဏလောက်အုပ်ထားပါ။ အဲလိုခဏအုပ်ထားပြီးမှ မဲဇလီရွက်ပြုတ်တွေကိုထည့်ပါမယ်။ အရွက်ထည့်ပြီး အပြစ်အကျဲအနေတော်လည်းဖြစ်ပြီး အရွက်အရသာလည်း ဟင်းချိုရေနဲ့ သမသွားလောက်ပြီဆိုရင်တော့ အရသာရှိတဲ့ဟင်းချိုတစ်ခွက်ရပြီပေါ့။

ဒီဟင်းချိုနဲ့ တွဲဖက်စားလိုသူတွေအဆင်ပြေအောင် မန်ကျည်းသီးစိမ်းထောင်းသုပ်လေးကိုပါ ထည့်သွင်းပြင်ဆင်ထားပါတယ်။

မန်ကျည်းသီးစိမ်းကို ကျေညက်အောင်ထောင်းပြီး(အစိမ်းရောင်လေးဖြစ်နေအောင်ဆားထည့်ပြီး ထောင်းရပါတယ်)ကြက်သွန်နီပါးပါးလှီး၊ ငရုတ်သီးစိမ်းနဲ့နံနံပင်တို့ကိုထည့်ပြီး ပဲဆီလေးဆမ်းသုပ်ထားတာဖြစ်ပါတယ်။

ဝိုက်ဖီပရိသတ်ကြီး မိုးအေးအေးမှာဟင်းချိုပူပူလေးနဲ့ မန်ကျည်းသီးသုပ်တို့တွဲဖက်လို့ထမင်း မြိန်ပါစေလို့ဆန္ဒပြုလိုက်ရပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# နေပြည်တော်မြေအောက်ရထားလမ်း ဖောက်လုပ်ရန် လောလောဆယ် အစီအစဉ်မရှိသေး

**အားမာန်**

**နေပြည်တော်၊ ဩဂုတ်-၂၈**

နေပြည်တော်တွင် မြေအောက်ရထားလမ်းဖောက်လုပ်ရန် မြေသားတိုင်းတာနေသော်လည်း ငွေကြေးအကုန်အကျများပြားမည့်အတွက်လောလောဆယ်မြေအောက်ရထားလမ်း ဖောက်လုပ်ရန်အစီအစဉ်မရှိသေးကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက ပြောကြားသည်။

"နေပြည်တော်မှာ မြေအောက်ရထားလမ်းဖောက်ဖို့ဆိုတာ၊ မြေကြီးတိုင်းတာ ထွာတာတွေမှန်ပါတယ်။ ဒါပေမဲ့ ဖောက်ဖို့စီမံချက် မရှိသေးပါဘူး။ အဲလိုဖောက်မယ်ဆိုရင် ပိုက်ဆံတွေအများကြီးကုန်မယ်။ ဘယ်သူမှ စီးပွားရေးတွက်ခြေကိုက်အောင် ပိုက်ဆံပိုက်ပြီး လာမဖောက်ဘူး။ နေပြည်တော်ရဲ့လူဦးရေသိပ်သည်းမှုကို ပြန်ကြည့်ရင် ရထားကို တောက်လျှောက်စီးနေမယ့် လူလည်းမရှိပါဘူး။ အကျိုးအမြတ်မရရင် ဘယ်နိုင်ငံခြားကုမ္ပဏီမှ လာလုပ်မှာ မဟုတ်ဘူး။ နိုင်ငံတော်ကလည်း အဲဒါလုပ်ဖို့ပိုက်ဆံ



မရှိပါဘူး"ဟု ဦးအောင်မင်းက နေပြည်တော်တွင် မြေအောက်ရထားလမ်းဖောက်လုပ်ရန်စီမံချက် ရှိ၊ မရှိအပေါ် 7 Day News မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

မြေသားတိုင်းတာခြင်းလုပ်ငန်းများမှာ အစိုးရအနေဖြင့် ပိုက်ဆံများစွာရှိလာသောအခါ မြေအောက်ရထား ဆောက်လုပ်ရန်အတွက် အသုံးတည့်နိုင်ကြောင်းလည်း ဦးအောင်မင်းက ဆက်လက်ပြောသည်။

နေပြည်တော်တွင် ဖောက်လုပ်မည့် ၃၁ မိုင်ကျော် ရှည်လျားသော မြေအောက်ရထားလမ်း၏ ဒီဇိုင်းကို ရုရှားနိုင်ငံမှ ကုမ္ပဏီတစ်ခုကရေးဆွဲပေးနေကြောင်း ဩဂုတ်လဆန်းပိုင်းတွင် ရုရှားရှိ အခြေစိုက်သတင်းဌာနများက သတင်းဖော်ပြခဲ့သည်။

## မျက်နှာဖုံး-ဒေါ်လာတန်ဖိုးတက်စေရန် ဇုန်ကားဒဏ်ကြေးကျပ်ငွေအစား ဒေါ်လာနှင့် ပေးသွင်းရန် သတ်မှတ် မှ

ဒေါ်လာနှင့် ပေးသွင်းရာတွင် တစ်ဒေါ်လာ ၈၀၀ကျပ်နှုန်း သတ်မှတ်ပေးထားကြောင်း ဦးစိုးသိန်းက ပြောသည်။

ကျပ်ငွေအစားဒေါ်လာနှင့် ပေးသွင်းစေခြင်းမှာ ပြည်တွင်ငွေလဲနှုန်းတွင် ဒေါ်လာတန်ဖိုးတက်လာစေရန် ရည်ရွယ်ကြောင်း ဦးစိုးသိန်းက အောက်ပါအတိုင်း ရှင်းပြသည်။ "လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ သိန်း ၁၀၀ ပေးဖို့ညှိနှိုင်းထားတယ်။ အခုတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေအရဒေါ်လာသုံးလို့ရအောင် ဒေါ်လာ ၁၃,၀၀၀ ပေးရမယ်လို့သူတို့(ကားထုတ်လုပ်သူ)နဲ့ ခေါ်ညှိနှိုင်းပြောလိုက်တာ။ အစိုးရအနေနဲ့လည်းဒေါ်လာဝင်ချင်တယ်။ Exchange Rate(ငွေလဲနှုန်း)ကလေးလည်း တက်သွားအောင် Support လုပ်လိုက်တာလို့ ပြောချင်တယ်။ သူတို့လည်း နည်းနည်း ကြိုက်တယ်။ Win, Win ပေါ့။ သူတို့သိပ်သက်သာသွားလို့လည်း မဖြစ်ဘူး။ နိုင်ငံတော် Account ထဲကို အကုန်ဝင်တာ။ ဒါလည်း လိုက်နာဆောင်ရွက်နေပြီဖြစ်တယ်။ အခုပဲ အစီးပေါင်း ၆၈စီး ပိုက်ဆံသွင်းပြီးဖြစ်တယ်။ အန်စာတုံးပုံစံကားကတော့သိန်း ၁၅၀ သွင်းရမယ်။ အခုတော့ equal balance ဒေါ်လာပေါ့။ ဒေါ်လာကို အကြမ်းဖျဉ်း ၈၀၀ နဲ့ တွက်ထားတာ။ ထို့အတူ အခြားကားတွေ ရှိနိုင်သေးတယ်။ တစ်ဆင့်ပြီးတစ်ဆင့်သွားနေတာ" ဟု ဦးစိုးသိန်းကပြောသည်။

ဒဏ်ကြေးပေးဆောင်ရန် ပထမအဆင့်ကား ၂၉၆စီး၊ ဒုတိယအဆင့် ၂၀၉ စီးနှင့် တတိယအဆင့် ၇၆၆ စီး သတ်မှတ်ထားပြီး ထိုကားများအားလုံး လာမည့်စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ငွေသွင်းရမည်ဖြစ်သည်။ ထိုကားများ ငွေသွင်းပြီးနောက် အလားတူကားများ ကျန်ရှိသေးပါကဒဏ်ကြေးငွေပေးသွင်းနိုင်ရန် စီစဉ်ပေးမည်ဟု ၎င်းကဆက်ပြောသည်။

ထို့ကြောင့် ယာဉ်အစီးရေ ၁၂၀၀ ကျော်အတွက် ဒဏ်ကြေး ဒေါ်လာ ၁၅ သန်းကျော် အစိုးရက ရရှိမည်ဖြစ်သည်။

ထိုကားမျိုး ဝယ်ထားသူအချို့ကမူ ဒဏ်ကြေးငွေပေးသွင်းရမည့်ကိစ္စကို ကားထုတ်သည်ဆိုသော ဇုန်မှ မသိဟန်ဆောင်နေ၍ ဝယ်ထားသူကသာ ဒဏ်ကြေးဆောင်ရမည်ကိုပူပန်နေကြသည်။ ထို့အပြင် ဒဏ်ကြေးဆောင်ရမည်ဆိုသော စာရင်းတွင် မိမိတို့ကားမပါသေးသော ယာဉ်ပိုင်ရှင်များမှာလည်း ဝယ်ထားသော ကားတရားဝင် စီး၍မရတော့မည်ကို စိုးရိမ်နေကြသည်။ အဆိုပါကားများကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက စစ်ဆေး၍ ပြုလုပ်ပေးထားသော ယာယီမှတ်ပုံတင်ခွင့်လက်မှတ်များကို ယခုနောက်ပိုင်းသက်တမ်းတိုးမပေးတော့ကြောင်း Super Custom ကားတစ်စီး ဝယ်ထားသူတစ်ဦးကပြောသည်။

ထို့ကြောင့် ဒဏ်ကြေးငွေမှာ မည်သူပေးဆောင်ရန် တာဝန်ရှိကြောင်း ဦးစိုးသိန်းအားမေးမြန်းရာ "ကျွန်တော်က သူတို့ကားထုတ်သူများကိုပြောတယ်။ ခင်ဗျားတို့ ပေးရမှာ။ ဝယ်တဲ့လူတွေ မပေးရဘူး။ ထုတ်လုပ်သူတွေပေးရမှာ။ ဒီပိုက်ဆံက ခင်ဗျားတို့ ခိုးထားတဲ့ကားတွေ။ ခင်ဗျားတို့က စားထားတာလို့ ကျွန်တော်ပြောထားတာ။ ဒါပေမဲ့ လက်တွေ့မှာ ဘယ်လိုဖြစ်နေတယ်တော့မသိဘူး။ ထုတ်-တဲ့ သူကပဲ ပေးရမှာ။ ဝယ်တဲ့သူ မပေးရဘူး"ဟု ၎င်းကပြောသည်။

ဇုန်ကားထုတ်လုပ်သူများက ထိုသို့ ကားမထုတ်ဘဲ ပြည်ပမှ အစီးလိုက်တင်သွင်းလာမှုကို လုံးဝမကြိုက်သော်လည်း ထိုကားများ အစီးရေများစွာရောက်ရှိနေပြီးဖြစ်၍ နိုင်ငံတော်အတွက် ဝင်ငွေရရှိရန် ထိုသို့လုပ်ဆောင်ခြင်းဖြစ်ကြောင်းလည်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌကပြောသည်။

## စာ – ၁၊ ကရင်ပြည်နယ်တွင် စက်မှုဇုန်သစ်တစ်ခု ဖော်ထုတ် မှ

ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်း၍ စတင်အကောင်အထည်ဖော်နေသည်။ ထိုစက်မှုဇုန်မှာ ရွှေ့ပြောင်းစီမံကိန်းတစ်ခုဖြစ်ပြီး ခြောက်လမှကိုးလအတွင်း တည်ဆောက်ရေးလုပ်ငန်းမှာပြီးစီးမည်ဖြစ်ကြောင်း ဦးစိုးသိန်းကပြောသည်။

"ရွှေသံလွင်ကုမ္ပဏီနဲ့ ဘားအံက ပြည်နယ်ဝန်ကြီးချုပ်(ကရင်ပြည်နယ်ဝန်ကြီးချုပ်)နဲ့တွဲလုပ်နေပြီး၊ ပိုင်းလော့ပရောဂျက်ဖြစ်တယ်။ လုပ်မယ့်သူတွေလည်း ဘာစက်ရုံတွေလုပ်မယ်ဆိုတာ စာရင်းရောက်နေပြီး။ မြေဖော်ပြီးရင် ကြော်ငြာမှာပေါ့။ အခုတော့ မြေဖော်နေပြီ"ဟု ဦးစိုးသိန်းကပြောသည်။ ထိုစက်မှုဇုန်မှာ အလုပ်အကိုင်အခွင့်အလမ်းများပွင့်လန်းလာရန်ရည်ရွယ်၍ ဖော်ထုတ်သော Labour Intensive Industry (လုပ်သားအင်အား အများအပြားလိုသော စက်မှုလုပ်ငန်းများ) အမျိုးအစားဖြစ်ပြီး အထည်ချုပ်စက်ရုံ၊ ရာဘာစက်ရုံ၊ သစ်အချောထည်စက်ရုံ၊ အသီးအရွက်စက်ရုံစသော စက်ရုံများ အများဆုံးပါဝင်မည်ဖြစ်သည်။

ထို့အပြင် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူတွင်လည်း စက်မှုဇုန်တစ်ခုဖော်ထုတ်ရန် အစီအစဉ်ရှိပြီး၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီနှင့် ဘုရားသုံးဆူ၊ ရှမ်းပြည်နယ်ရှိနေရာအချို့တွင်လည်း စက်မှုဇုန်သစ်များ ဖော်ထုတ်ရန်ဆန္ဒရှိကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဦးစိုးသိန်းကပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် စက်မှုဇုန် ၁၈ဇုန်ရှိသည်။ ရှိနေသော စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးစိုးသိန်းက ဆက်လက်ပြောသည်။

## မျက်နှာဖုံး-ကားတင်သွင်းခွင့်ပြု၊ မပြု အစိုးရ စဉ်းစားနေ မှ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းကပြောသည်။ လက်ရှိယာဉ်ယန္တရားများ တင်သွင်းခွင့်ပြုသောအခါ လွန်ခဲ့သည့် ၇နှစ်အတွင်း ထုတ်လုပ်ခဲ့သော ဘယ်မောင်းယာဉ်များကို ခွင့်ပြုခြင်းဖြစ်သည်။ ခရီးသည်တင်ဘတ်စ်ကားများကိုမူ ဘယ်မောင်းယာဉ်အသစ်များကို ခွင့်ပြုခြင်းဖြစ်သည်။ အဆိုပါကားများ တင်သွင်းရန် အရေအတွက် ကန့်သတ်မထားဘဲ တင်သွင်းခွင့်လျှောက်ထားပါက အချက်အလက်ပြည့်စုံလျှင် ရက်ပိုင်းအတွင်း သွင်းကုန်လိုင်စင်ချထားပေးနေသည်ဟုဆိုသည်။ ထို့အပြင် ယခင်က ဇိမ်ခံကားအချို့ တင်သွင်းခွင့်ကို လုပ်ငန်းရှင်အချို့က ရရှိခဲ့သည်။

"ပစ်ကပ်တွေ ဘာတွေလည်း စဉ်းစားပေးမှာပေါ့။ လိုအပ်ရင် စဉ်းစားပေးမယ်။ ခွင့်ပြုပေးမယ်" ဦးစိုးသိန်းကပြောသည်။

**အမှားပြင်ဆင်ခြင်းနှင့်တောင်းပန်ခြင်း**

7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်(၂၃) Current Affairs စာမျက်နှာ ၂၇တွင်ပါဝင်ခဲ့သော 'မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့မည်'သတင်းခေါင်း၌ 'အောင်'နေရာတွင်'ဆောင်'ဟု မှားယွင်းပုံနှိပ်ဖော်ပြမိပါ၍ ကာယကံရှင်နှင့် အများပြည်သူအား တောင်းပန်အပ်ပါသည်။

**အယ်ဒီတာ**

## မျက်နှာဖုံး-စပါးတစ်တင်း၏ အခြေခံအာမခံဈေး ပထမဆုံးအကြိမ် သတ်မှတ် မှ

နိုင်ငံတော်ရဲ့ အရန်ဆန်အဖြစ်ထားရှိရန် အစီအစဉ်သစ်တစ်ရပ်ကို ကျွန်တော်တို့ စီမံထားပြီဖြစ်ပါတယ်"ဟုပါရှိသည်။

တစ်ဧကပျမ်းမျှ အထွက်နှုန်း တင်း၆၀ကုန်ကျစရိတ် ၁၅၀,၀၀၀ ကျပ်ဟုသတ်မှတ်ကာ တစ်တင်းထွက်ရှိရန် ကုန်ကျစရိတ် ၂၅၀၀ကျပ်ဟု တွက်ချက်ပြီး သုံးဆယ်ရာခိုင်နှုန်း အမြတ်ပေးကာ ၃၂၅၀ ကျပ်သတ်မှတ်ခြင်းဖြစ်သည်ဟုလည်းဖော်ပြပါရှိသည်။

စိုက်ပျိုးရေးပညာရှင်ဒေါက်တာထွန်းဝင်း၏ တွက်ချက်မှုတွင် တစ်ဧက ကုန်ကျစရိတ်၁၅၀,၀၀၀ကျပ်ဖြစ်ပြီးပျမ်းမျှ၆၅တင်းသာ ထွက်ရှိသည်ဟု 'စရိတ်မှာ သက်သာ၊ တင်းတစ်ရာအထက်မှာ စပါးအထွက်တိုးနည်းပညာ'စာတမ်းတွင် ဖော်ပြထားသည်။

"ဗီယက်နမ်မှာလည်း တောင်သူတွေအတွက် ၃၀ ရာခိုင်နှုန်းအမြတ်ထားပြီး တွက်လေ့ရှိတယ်"ဟု စိုက်ပျိုးရေး ပညာရှင်တစ်ဦး ကဆိုသည်။

မကြာသေးခင်က ထိုင်းရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဝန်ကြီးချုပ်ဆစ်ယင်လပ်ခ် ဦးဆောင်သည့် ပြူထိုင်းပါတီက ဆန်တစ်တန်လျှင် အနိမ့်ဆုံးဘတ် ၁၅၀၀၀(ဒေါ်လာ ၅၀၀)ခန့်ဖြင့်ဝယ်ယူပေးမည်ဟု အာမခံပေးခဲ့သည်။


ထို့အပြင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ခနဖြူမြို့နယ်တွင်စိုက်ပျိုးသောဆင်းသွယ်လတ်စပါးမျိုးအား တင်းတစ်ရာထွက်လျှင် အနည်းဆုံးကျပ်လေးသိန်းဈေးဖြင့်လည်းကောင်း၊ ခေတ္တရာဟသ်ာကုမ္ပဏီက ပြည်မြို့ရှိတောင်သူများအား အင်းမရဲဘော်စပါး တင်းတစ်ရာလျှင်ကျပ်လေးသိန်းဈေးဖြင့်ဝယ်ယူမည်ဟု အာမခံခဲ့သည်။

"တစ်တင်းကို ၃၂၅၀ ကျပ်ဆိုတဲ့ အနိမ့်ဆုံးဈေးက တောင်သူတွေအတွက်လုပ်သာကိုင်သာရှိပါတယ်" ဟုကဝမြို့နယ်မှ တောင်သူကြီးတစ်ဦးက မှတ်ချက်ပြုသည်။

စပါးပေါ်ချိန်တွင် တစ်တင်းလျှင် ၃,၂၅၀ ကျပ်ဖြင့် နိမ့်ကျနေပါက နိုင်ငံတော်က ကြီးကြပ်မှုဖြင့် အထူးပြုကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ဆန်စပါးကုန်သည်များက အာမခံဝယ်ယူပေးမည်ဖြစ်သည်။

လက်ရှိတွင် စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ်လေးသိန်းဝန်းကျင်ထိဈေးတက်လာပြီး ဧည့်မထအုပ်စုဝင် တစ်တင်းခွဲ ဆန်တစ်အိတ်လျှင် ၁၇,၀၀၀ ကျပ်ဝန်းကျင်ရှိသည်။

စပါးတင်းတစ်ရာလျှင် ၃၂၅,၀၀၀ကျပ်အား အခြေခံ၍ တွက်ချက်ပါက ဆန်တစ်အိတ်လျှင် အနိမ့်ဆုံး ၁၄,၀၀၀ ကျပ်ဝန်းကျင်ဖြင့် ရောင်းချနိုင်ကြောင်း မြောင်းမြဆန်ကုန်သည်တစ်ဦးကပြောသည်။



Health

7 DAY NEWS JOURNAL

Vol.10, No.24 • SEPTEMBER 1, 2011

# စရိတ်မျှပေး ကျန်းမာရေးနှင့် နိုင်ငံ့ကျန်းမာရေး အသုံးစရိတ်

ဝတ်ရည်

**လူတိုင်းလူတိုင်းအတွက် ကျန်းမာရေးသည် အဓိကအရေးကြီးသော အရာများထဲတွင်ပါဝင်ပြီး နိုင်ငံတစ်နိုင်ငံတွင်လည်း ကျန်းမာရေးကဏ္ဍသည် အဓိကအလေးထားဆောင်ရွက်ပေးသည့်အရာများတွင်ပါဝင်သည်။**


နိုင်ငံတစ်နိုင်ငံတွင် ပြည်သူလူထုအတွက်ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးနိုင်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများကအခြေခံစည်းမျဉ်းနှင့်ငွေကြေးများ သတ်မှတ်၍ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် အသုံးပြုနိုင်ရန် မူဝါဒများချမှတ် ဆောင်ရွက်လေ့ရှိကြသည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုသည် နိုင်ငံတော်မှပေးသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုပုံစံတို့ဖြစ်ပြီး နိုင်ငံတော်မှပေးသည့်ကျန်းမာရေးစောင့်ရှောက်မှုတွင် စရိတ်မျှပေးကျန်းမာရေးစနစ်ကိုအသုံးပြုနေခြင်းဖြစ်ကာ ထိုစနစ်အား ၁၉၉၃ ခုနှစ် နောက်ပိုင်းမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း ယခင်ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဒေါက်တာဒေါ်ခင်ကြည်ကြည်ကပြောသည်။

ထိုစနစ်အသုံးမပြုခဲ့သေးသည့်အချိန်က ဆေးရုံများတွင် နိုင်ငံတော်မှအခမဲ့ချထားပေးသည့် ဆေးဝါးများဖြင့် အခမဲ့ဆေးကုသမှု ဝန်ဆောင်မှုပေးခဲ့ရာမှနောက်ပိုင်းတွင် ဆေးရုံများ၌ ဖြစ်ပွားမှုများသည့်ရောဂါများအတွက် လိုအပ်ချက်များပြားသောဆေးဝါးများရှားပါးလာကာဖြစ်ပွားမှုနည်းသည့်ရောဂါများကုသရန်အတွက်ဆေးဝါးများသာများပြားနေသဖြင့် လူနာများမှာ ဆေးကုသရန် ဆေးဝါးမရှိသည့်ပြဿနာများဖြင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ပြည်တွင်းမှ သွားဆရာဝန်များ၊ WHO မှ ကျွမ်းကျင်ဆရာဝန်များ၊ နိုင်ငံတကာမှ ဆရာဝန်များပူးပေါင်းပြီး လူနာမှ ထိုက်သင့်သလောက် ကုန်ကျစရိတ်ကျခံပေးရသည့်စရိတ်မျှပေးကျန်းမာရေးစနစ်အား (Community Cost Sharing Project)အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စလုပ်ခဲ့တဲ့အချိန်တုန်းက အစိုးရကကျန်းမာရေးအတွက် ငွေကြေးထားပြီး ဆေးဝါးတွေကို ထိုက်သင့်သလောက် စိုက်ပြီးဝယ်မယ်။ လူနာက ကျန်တဲ့ငွေကြေးနဲ့ ဆေးဝါးကုသလို့ရနိုင်အောင်ဒီစနစ်ကိုသုံးခဲ့ကြတာပါ။ အခုချိန်ထိ လည်းလာအို၊ ကမ္ဘောဒီးယားတို့လိုနိုင်ငံတွေမှာလည်း ဒီလိုပုံစံမျိုးသုံးနေကြတယ်" ဟုဒေါက်တာ ဒေါ်ခင်ကြည်ကြည်ကပြောသည်။

စာ(၃၀)သို့



# သည်းခြေအိတ်ကျောက်တည်ရောဂါ ဘာကြောင့်ဖြစ်သလဲ

သီဟ

သည်းခြေအိတ်ကျောက်တည်ရောဂါ(Gallstone) ဟူသောရောဂါသည် လူအများကြားတွင် ကြားဖူးနားဝရှိနေကြသောရောဂါအမည်တစ်မျိုးပင်ဖြစ်သည်။ လူအများလည်းဖြစ်လေ့ရှိကာ အချို့မှာလည်း ဆေးသောက်ကာပျောက်သွားလေ့ရှိကြသော်လည်း အချို့မှာမူ ခွဲစိတ်ကုသမှုခံယူသည်အထိ ရောဂါပြင်းထန်ခဲ့ကြသူများလည်း ရှိခဲ့ကြမည်ဖြစ်သည်။

သို့သော် အဆိုပါရောဂါသည်မည်သို့သောအကြောင်းများကြောင့်ဖြစ်ပွားလာရသည်၊မိမိ၏ ခန္ဓာကိုယ်အတွင်းသို့ကျောက်များ မည်သို့သော အကြောင်းများကြောင့်ဝင်ရောက်လာသည်ကိုမူ သိရှိသူနည်းပါနေသေးကြောင်း Fame ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ပါမောက္ခဒေါက်တာခင်မောင်လွင်က ပြောသည်။

"ကျွန်တော် ဆေးခန်းထိုင်ပါတယ်။ကျွန်တော့်ဆေးခန်းကိုလာပြကြတဲ့ သည်းခြေအိတ်ကျောက်တည်ရောဂါ လူနာအများစုက ဒီရောဂါဘာကြောင့်ဖြစ်မှန်းမသိကြဘူး" ဟုဒေါက်တာခင်မောင်လွင်ကပြောသည်။

သည်းခြေအိတ်တွင်ကျောက်တည်ခြင်းနှစ်မျိုးရှိသည်ဟု သိရပြီးတစ်မျိုးမှာ အဆီကြောင့်ဖြစ်သည့် ကိုလက်စထရော ကျောက်တည်ခြင်း(Cholesterol Stone) အခြားတစ်မျိုးမှာ စားသောက်လိုက်သည့် အစားအစာများတွင် ကြေးနီ၊ သံဓာတ်ထုံးဓာတ် အစရှိသည့် သတ္တုဓာတ်များကြောင့်ဖြစ်သည့် Pigment Stone တို့ဖြစ်ကြောင်း သိရသည်။

ကျောက်တည်ခြင်းနှစ်မျိုးစလုံးသည် ခန္ဓာကိုယ်မှချေဖျက်နိုင်သည့် ပမာဏထက် ကျော်လွန်စားသုံးလိုက်မိသည့် အစားအစာများကြောင့်ဖြစ်ရခြင်းဖြစ်ကြောင်း သိရသည်။

စာ(၁၄)သို့

# ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ဖွဲ့ရန် လွှတ်တော်တွင် အတည်ပြု

ဝတ်ရည်

ရန်ကုန်၊ ဩဂုတ်-၂၇

ဆေးပညာရှင်များ ကာကွယ်ရေး အဖွဲ့ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများဆောင်ရွက်ရန် လွှတ်တော်တွင်သဘောတူညီခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားသည်။

"ဆရာဝန်တွေ ပြဿနာတစ်ခုခုဖြစ်လာတဲ့အခါမှာ ကာကွယ်ပေးနိုင်တဲ့ အဖွဲ့အစည်းတစ်ခုရှိလာတာ ဆရာဝန်တွေအနေနဲ့ အရမ်းကိုကောင်းပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုအဖွဲ့အစည်းတွေကအရင်ကတည်းကရှိခဲ့တာပါ" ဟုမြန်မာနိုင်ငံဆရာဝန်အသင်းမှ အတွင်းရေးမှူးဒေါက်တာမြင့်ဇော်ကပြောသည်။ ယင်းအဆိုအား ယခုကျင်းပနေသည့်လွှတ်တော်အစည်းအဝေးတွင် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်ကတင်သွင်းခဲ့ခြင်းဖြစ်ပြီး ယင်းအဆိုနှင့်အတူ မြန်မာနိုင်ငံဆေးကောင်စီ (Myanmar Medical Council)ကို အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ်ရပ်တည်ခွင့်ပြုမိန့်အား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဆွေးနွေးပြီး အတည်ပြုခွင့်ပြုခဲ့သည်။

"အခုမှစတင်ပြီး လုပ်ရမှာတွေဆိုတော့ ဘယ်လိုအချက်တွေပါဝင်ပြီးလုပ်ရမယ့်လုပ်ငန်းတွေတော့ သေချာသိနိုင်ဦးမှာ မဟုတ်ဘူး" ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံဆေးကောင်စီ သည် ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဆရာဝန်များ၏ ဆမထုတ်ပေးခြင်း၊ ရုပ်သိမ်းခြင်း လုပ်ငန်းများအားဆောင်ရွက်သည့်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး လွန်ခဲ့သည့်နှစ်ပိုင်းအတွင်းဖြစ်ပွားခဲ့သည့်အထူးကုဆရာဝန်ကြီး၏ ဆမရုပ်သိမ်းသည့်ကိစ္စနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆေးကောင်စီအား ဂရုပြုလာခဲ့ခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# ဆေးယဉ်ပါးငှက်ဖျားကာကွယ်ရေးစီမံကိန်း တိုင်းနှင့်ပြည်နယ်၄ခုတွင် ဆောင်ရွက်

သီဟ

**ရန်ကုန်၊ ဩဂုတ် - ၂၇**

ဆေးယဉ်ပါးငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်တစ်ခုကိုရောဂါသုံးမျိုးကာကွယ်ရေးရန်ပုံငွေ၏ထောက်ပံ့မှုဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုတွင်ဇူလိုင်လမှစ၍မိတ်ဖက်အဖွဲ့ အစည်း ၈ ခုဖြင့်စတင်ဆောက်ရွက်လျက်ရှိကြောင်းရောဂါသုံးမျိုးကာကွယ်ရေးရန်ပုံငွေအဖွဲ့(Three Diseases Fund)မှ သိရသည်။

ငှက်ဖျားရောဂါကုသသည့်ဆေးတစ်မျိုးဖြစ်သည့် artemisinin ဆေးယဉ်ပါးမှုကိုဖြစ်စေသည့် Plasmodium falciparum(Pf) ဟုခေါ်သည့်ငှက်ဖျားရောဂါတစ်မျိုးအားကာကွယ်ရန်အတွက် အထက်ပါအစီအစဉ်ကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါငှက်ဖျားရောဂါအားကာကွယ်ထိန်းချုပ်နိုင်ခြင်းမရှိပါက မြန်မာနိုင်ငံ အပူပိုင်းဒေသမှစ၍ အာဖရိကအထိပျံ့နှံ့သွားနိုင်ဖွယ်ရှိကြောင်း ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့မှ သိရသည်။

ဩစတေးလျ၊ယူကေစသည့်နိုင်ငံများမှလှူဒါန်းသည့်အလှူငွေကန်ဒေါ်လာ ၁၀ဒသမ၈ သန်းဖြင့် အဆိုပါဆေးယဉ်ပါးငှက်ဖျားရောဂါ ကာကွယ်ရေးစီမံချက်အား ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့နယ်ဦးစားပေးမြို့နယ် ၃၀တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးယဉ်ပါးငှက်ဖျားရောဂါသည် ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၂ ခုနှစ်ကစတင်တွေ့ရှိခဲ့ပြီးမြန်မာနိုင်ငံတွင်လည်းဖြစ်ပွားမည့် အရိပ်အယောင်များတွေ့ရှိသဖြင့် အဆိုပါ စီမံချက်ကိုဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

## စာ-၁၃၊ သည်းခြေအိတ်ကျောက်တည်ရောဂါ ဘာကြောင့်ဖြစ်သလဲ မှ

"သည်းခြေကျောက်တည်နေတဲ့ကျောက်တွေကို ခွဲစိတ်ကြည့်လိုက်ရင် မပျော်ဝင်တဲ့အနည်ကျကျောက်တွေနဲ့ ဖွဲ့စည်းထားတာကို တွေ့ရလိမ့်မယ်"ဟု ဒေါက်တာခင်မောင်လွင်ကပြောသည်။ သည်းခြေအိတ်ကျောက်တည်ခြင်းဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းမှာ အနောက်တိုင်းအစားအစာ(Western Diet)များစားသုံးခြင်းကြောင့်ဖြစ်သည်ဟုသိရသည်။

ကမ္ဘာပေါ်တွင် သည်းခြေအိတ်ကျောက်တည်ရောဂါဖြစ်ပွားမှု အများဆုံးသောနိုင်ငံများမှာ အမေရိကန်၊ချီလီ၊ပီရူး စသည့်နိုင်ငံများဖြစ်ကြောင်း သိရသည်။

သည်းခြေအိတ် ကျောက်တည်ရောဂါသည် အစားအသောက်ကြောင့်လည်း ဖြစ်ပွားတတ်သကဲ့သို့မျိုးဗီဇကြောင့်လည်းဖြစ်ပွားတတ်ကြောင်း သိရသည်။

"မျိုးဗီဇကြောင့်ဖြစ်နိုင်ခြေရှိတဲ့ကြားထဲမှာ Environmental Factor လို့ခေါ်တဲ့ အစားသောက်အနေအထိုင်ပါမဆင်ခြင်ရင် ပိုဖြစ်နိုင်တယ်"ဟုဒေါက်တာခင်မောင်လွင်က ပြောသည်။

မြန်မာလူမျိုးများသည် သည်းခြေအိတ်ကျောက်တည်ရောဂါဖြစ်စေတတ်သည့်မျိုးဗီဇမပါရှိသဖြင့် မြန်မာလူမျိုးများတွင်ဖြစ်ပွားသည့် အဆိုပါရောဂါသည် အစားအသောက်အနေအထိုင်ကြောင့်သာဖြစ်ပွားလေ့ရှိသဖြင့် ကြိုတင်ကာကွယ်၍ရရှိနိုင်သောရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါသည် အမျိုးသားများထက်အမျိုးသမီးများတွင်ပိုမိုဖြစ်ပွားလေ့ရှိပြီး အသက်လေးဆယ်ကျော်သူများတွင် အဖြစ်များလေ့ရှိကြောင်းသိရသည်။

အသက်လေးဆယ်ကျော်အမျိုးသမီးများတွင် အဆိုပါရောဂါဖြစ်ပွားနိုင်ခြေမှာ ၂၅ ရာခိုင်နှုန်းရှိပြီး အမျိုးသားများတွင်မူ ၈ ရာခိုင်နှုန်းသာရှိကြောင်းသိရသည်။

ထို့အပြင် အသက် ၇၅ နှစ်ကျော်အမျိုးသမီးများတွင် နှစ်ဦးလျှင်တစ်ဦးဖြစ်ပွားလေ့ရှိပြီး ဖြစ်ပွားနှုန်း ၅၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သည်းခြေအိတ်တွင် ဖြစ်သည့်ရောဂါအားလုံးသည် သည်းခြေအိတ် ကျောက်တည်ခြင်းကြောင့် ဖြစ်ပွားသည့်ရောဂါများပင်ဖြစ်သည်။

"သည်းခြေအိတ်ရောင်တာပဲဖြစ်ဖြစ်၊ ပိုးဝင်တာပဲဖြစ်ဖြစ်၊ သည်းခြေအိတ်ကြီးပိတ်သွားလို့ပဲဖြစ်ဖြစ်၊ သည်းခြေအိတ်ပြည်တည်ပြီး ပေါက်သွားလို့ပဲဖြစ်ဖြစ် နောက်ဆုံး ကုန်ကုန်ပြောရရင် သည်းခြေအိတ်မှာ ကင်ဆာဖြစ်တာအထိ သည်းခြေကျောက်တည်လို့ပဲ"ဟု ဒေါက်တာခင်မောင်လွင်ကပြောသည်။

သည်းခြေအိတ်ကျောက်တည်ရောဂါသည် အမျိုးသမီးများတွင်ဖြစ်ပွားနှုန်းပိုမိုများပြားပြီး 5Fs နှင့် အကျုံးဝင်သည့် အမျိုးသမီးများတွင် ဖြစ်ပွားနိုင်ခြေပိုမိုများပြားကြောင်းသိရသည်။

5Fs ဟူသည်မှာ Female အမျိုးသမီးဖြစ်ခြင်း၊ Fat ဝခြင်း၊ Forty လေးဆယ်ကျော်ခြင်း၊ Fertile ကလေးမွေးထားဖူးခြင်းနှင့် Fair အသားအရေလတ်ဆတ်ဖြူဝင်းခြင်း စသည်တို့ဖြစ်ကြောင်း ဒေါက်တာခင်မောင်လွင်ကပြောသည်။

သည်းခြေကျောက်တည်ခြင်းနှစ်မျိုးရှိသည်ဖြစ်ရာ ပထမတစ်မျိုးဖြစ်သည့် ကိုလက်စထရောကျောက်တည်ခြင်း Cholesterol Stone သည်အဆီအစားများခြင်းကြောင့်ဖြစ်ပွားခြင်းဖြစ်ပြီး အဆိုပါအမျိုးအစားတွင် ဖြစ်ပွားသည့်ကျောက်မှာ အဆီကျောက်ဖြစ်သည့်အတွက်ဆေးသောက်၍ခြေဖျက်ရနိုင်ကြောင်း သိရသည်။

အခြားတစ်မျိုးဖြစ်သည့် သတ္တုဓာတ်များပါဝင်သည့်ကျောက်တည်ခြင်း Pigment Stone သည် မာကျောသည့်သတ္တုဓာတ်များဖြင့်ဖွဲ့စည်းထားသည့်ကျောက်ဖြစ်သဖြင့် အများစုမှာခွဲစိတ်ကုသမှုခံယူရလေ့ရှိကြောင်း သိရသည်။

Cholesterol Stone သည် အမျိုးသမီးများတွင် အဖြစ်များသည်။ အမျိုးသားများတွင် သည်းခြေကျောက်တည်ခြင်းဖြစ်ပွားပါက Pigment Stone အဖြစ်များကြောင်းသိရသည်။

သည်းခြေကျောက်တည်ခြင်းကိုဖြစ်ပွားစေသည့် အစားအစာများမှာ ဆီကျော်များ၊အချိုရည်များဖြစ်ကြောင်းသိရသည်။

ထို့အပြင် အရက်သောက်ခြင်း၊အသက်လေးဆယ်ကျော်သွေးဆုံးပြီးသည့် အမျိုးသမီးများလည်းဖြစ်ပွားတတ်ကြောင်း သိရသည်။

ပုံမှန်လမ်းလျှောက်ပေးခြင်း၊ ပန်းသီး၊ နာနတ်သီးစားခြင်း၊ ပဲပိစပ်၊ ပဲပုပ်စားသုံးပေးခြင်း စသည့်အချက်များသည် သည်းခြေကျောက်တည်ခြင်းအား ကာကွယ်နိုင်ကြောင်း သိရသည်။

# ကူးစက်ရောဂါများအတွက် သုတေသနဓာတ်ခွဲခန်းတစ်ခုတည်ဆောက်မည်

**ဝတ်ရည်**

**ရန်ကုန်၊ ဩဂုတ်- ၂၇**


ကူးစက်ရောဂါများအတွက် သုတေသနဓာတ်ခွဲခန်းတစ်ခုအား ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) တို့ ပူးပေါင်းတည်ဆောက်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုသုတေသနဓာတ်ခွဲခန်းတွင် အဓိကကူးစက်ရောဂါများဖြစ်နေသည့် တီဘီ၊ ငှက်ဖျား၊ အသည်းရောင်အသားဝါ၊ ဝမ်းပျက်ရောဂါများနှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများအား ပိုမိုသုတေသနလုပ်နိုင်ပြီး ရောဂါရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းများ ပိုမိုပြုလုပ်နိုင်ရန် ရည်ရွယ်ကြောင်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှသိရသည်။

သုတေသနဓာတ်ခွဲခန်းဆောက်လုပ်ရန် KOICA မှ အမေရိကန်ဒေါ်လာ သုံးသန်းထောက်ပံ့မည်ဖြစ်ပြီး မြန်မာ-ကိုရီးယားနှစ်နိုင်ငံပူးပေါင်းပြီး သုတေသနလုပ်ငန်းများနှင့်ဆေးသုတေသန လုပ်ငန်းပိုင်းဆိုင်ရာဝန်ထမ်းများအားကိုရီးယားနိုင်ငံသို့ပညာတော်သင်စေလွှတ်မည့် အစီအစဉ်များလည်းရှိကြောင်း ဩဂုတ် ၂၁ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

အဆိုပါကူးစက်ရောဂါများသည် နိုင်ငံအတွင်း ဖြစ်ပွားမှုများပြားနေသည့် ရောဂါများဖြစ်ပြီး ကိုရီးယားနိုင်ငံ၏ အဆင့်မြင့်သုတေသနနည်းပညာများ၊ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် ပိုမိုတိုးတက်လာစေနိုင်ကြောင်း သိရသည်။

Korea International Coorperation Agency (KOICA) က မြန်မာနိုင်ငံအတွင်း ကျန်းမာရေးဆိုင်ရာ နည်းပညာများ၊ သင်တန်းများ၊ စက်ပစ္စည်းများအား ၁၉၉၁ ခုနှစ်အချိန်ကတည်းက ကူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# နေပြည်တော်လယ်ယာမြေအချို့ဈေးခုန်တက်

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်-၂၆**

အင်အားကြီး ကုမ္ပဏီအချို့နှင့် ငွေကြေးတတ်နိုင်သော လုပ်ငန်းရှင်အချို့တို့က ဈေးကောင်းပေး၍ ဝယ်ယူလာသည့်အတွက် နေပြည်တော်ဒေသရှိ လယ်ယာမြေဈေးနှုန်းများ နှစ်ဆခန့်မြင့်တက်သွားကြောင်းဒေသခံလယ်သမားအချို့က ပြောသည်။

တစ်ဧကလျှင် ကျပ်သိန်း ၂၀ အထက်ဈေးဖြင့် အဆိုပါ ကုမ္ပဏီအဖွဲ့အစည်းနှင့် လုပ်ငန်းရှင်အချို့က အဆိုပြုကမ်းလှမ်းလာသော ဒေသများမှာ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ မြို့ရှောင်လမ်းဘေးမြေကွက်များနှင့်ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးဝဲယာမြေကွက်များဖြစ်ကြောင်းလည်း သတင်းရရှိသည်။

"ကျွန်တော်တို့ ရွာနားက လယ်တွေကို တစ်ဧက သိန်း ၂၀ ပေးပြီး ဝယ်မယ်လို့ ပြောလာကြတယ်။ ရောင်းတဲ့လူလည်းရှိတယ်။ မရောင်းချင်တဲ့လူလည်းရှိတယ်။ အချို့လည်း ခေတ်မီစိုက်ခင်းတွေအဖြစ် ဖော်ဆောင်နေကြတယ်။ နောက်ပြီး ကောလာဟလတွေကိုလည်း အမျိုးမျိုးကြားနေရတယ်" ဟု ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာမှ ရွာခံတစ်ဦးကပြောသည်။

ထို့အပြင် နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ သကြားစက်ရုံများတည်ရှိရာ နေရာတစ်ဝိုက်မှ လယ်ယာမြေများကိုလည်း တစ်ဧက ကျပ် ၂၅ သိန်းနှုန်းဖြင့် အပြီးအပိုင်သော်လည်းကောင်း၊ နှုန်းထားတစ်ခုဖြင့် ငှားရမ်း၍ လည်းကောင်း ကုမ္ပဏီက လယ်သမားများထံအဆိုပြုနေသည်။ လောလောဆယ်တွင် ညှိနှိုင်းနေဆဲဖြစ်ကြောင်း သကြားစက်ရုံဝန်ထမ်းတစ်ဦးကပြောသည်။

အဆိုပါအခြေအနေနှင့် ပတ်သက်၍ ဆန်စက်လုပ်ငန်းရှင်တစ်ဦးကလည်း "တချို့ကလည်း ရောင်းချင်တယ်။ တချို့လည်း မရောင်းချင်ကြဘူး။ ရောင်းပြီး အဲဒီငွေကို မထိန်းနိုင်ရင်တော့ နောင်မှာ လယ်ကူလီဖြစ်သွားမှာပဲ။ လက်တွေ့လည်းရှိနေတယ်။ မြေကွက်ရောင်းပြီး ကားဝယ်စီး အပျော်အပါးလိုက်စား၊အခုလပိုင်းပဲ ရှိသေးတယ်။ ဒုက္ခရောက်ကြတယ်။ အဲဒါကြောင့် လယ်သမားတွေအတွက် အဆင်အပြေဆုံးဖြစ်မယ့် နည်းလမ်းတစ်ခုကို သေချာစဉ်းစားစေချင်တယ်"ဟု သုံးသပ်ပြောကြားသည်။



**နေပြည်တော်အတွင်းရှိ လယ်ကွင်းများ**

ဓာတ်ပုံ-နေလင်းအောင်

# အရှိန်မထိန်းနိုင်သော ခရီးသည်တင်ယာဉ်က ဆိုင်ကယ်ဝင်တိုက်မှုကြောင့် လူတစ်ဦးသေ၊ ဆယ်ဦး ဒဏ်ရာရ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ် - ၁၈**

မုံရွာ-မန္တလေးအဝေးပြေး လမ်းမကြီးပေါ်တွင် မြောက်မှတောင်သို့ အရှိန်ပြင်းစွာမောင်းနှင်လာသော မဟာနွယ်အဆင့်မြင့်ခရီးသည်တင်ယာဉ်က ရှေ့မှ မောင်းနှင်နေသည့် Kenbo-125 ဆိုင်ကယ်အားအရှိန်မထိန်းနိုင်ဘဲ အနောက်မှ ပြင်းထန်စွာ တိုက်မိမှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ အဆိုပါယာဉ်တိုက်မှုသည်ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီ ၁၅ မိနစ်အချိန်က မုံရွာမြို့ ကုန်တင်ယာဉ်ရပ်နားစခန်းရှေ့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မုံရွာ-မန္တလေး အဝေးပြေးကားလမ်းမကြီးအတိုင်း မောင်းနှင်လာတဲ့ မုံရွာမှမန္တလေးမနက်ကိုးနာရီခရီးစဉ်ပြေးဆွဲတဲ့မဟာနွယ်အဆင့်မြင့်ခရီးသည်တင်ယာဉ်(အစိမ်းရောင်)၆က/၆၄၁၄ ကားက မုံရွာမြို့ကုန်တင်ယာဉ်ရပ်နားစခန်းရှေ့အရောက်လမ်းမှချိုးကွေ့ဖို့ကြိုးစားနေစဉ် အရှိန်မထိန်းနိုင်ဘဲ Kenbo-125 ဆိုင်ကယ်ကို နောက်မှဝင်တိုက်ပြီး က. ည. န ရုံးဝင်ပေါက်တောင်ဘက်တမာပင်ကိုအရှိန်နဲ့ဝင်တိုက်မိတာပါ။ ဆိုင်ကယ်နောက်မှာထိုင်လိုက်တဲ့ အသက် ၆၀ ဝန်းကျင်လူကြီးတစ်ဦးသေဆုံးသွားပြီး ဆိုင်ကယ်မောင်းသူက သတိမေ့နေတယ်။ ကားမောင်းသူ နဲ့ ခရီးသည်တွေလည်း ဒဏ်ရာရရှိတယ်လို့ သိရတယ်" ဟု မုံရွာမြို့ကုန်တင်ယာဉ်ရပ်နားစခန်းအနီး နေထိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်နောက်တွင်လိုက်ပါလာသူဦးတင်မြင့်အသက် ၆၀ နှစ်၊ ပြင်းထန်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူမှာ ပြင်းထန်ဒဏ်ရာကြောင့် သတိမေ့မြောနေကြောင်း သိရှိရသည်။ မဟာနွယ်ခရီးသည်တင်ယာဉ်မောင်းနှင့် ဆိုင်ကယ်ယာဉ်မောင်း၊ ခရီးသည်အပါအဝင် ၁၀ ဦး ဒဏ်ရာရရှိသဖြင့် ဒေသဆိုင်ရာတာဝန် ရှိသူများ ကိုယ်တိုင်ကြီးကြပ်၍ ဒဏ်ရာရရှိသူများအား မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရှိရသည်။ အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားစေခဲ့သော ခရီးသည်တင်ယာဉ်မောင်းနှင့် ဆိုင်ကယ်ယာဉ်မောင်းတို့အား မုံရွာမြို့၊ အမှတ်(၁)ရဲတပ်ဖွဲ့စခန်း(ပ)အမှတ်(ပ/၄၇၀/၂၀၁၁) ဖြင့် အမှုဖွင့်စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရှိရသည်။

# မန်းကုန်စည်ဒိုင်တွင် ပဲနှမ်းနေ့စဉ်ပေါက်ဈေးများကို LED ဆိုင်းဘုတ်များဖြင့် ပြသထား



**ညီညီဇော်**

**မန္တလေး၊ ဩဂုတ် - ၂၅**

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)တွင် ပဲနှမ်းများ၏ နေ့စဉ်ပေါက်ဈေးနှုန်းများကို အသင်းသားများ အလွယ်တကူနှင့် မှန်မှန်ကန်ကန်သိရှိနိုင်စေရန် LED ဆိုင်းဘုတ်များဖြင့် ကြေညာပေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရွှေဈေး၊ ငွေဈေး၊ ရန်ကုန်နှင့်နယ်စပ်ပေါက်ဈေးများနှင့် မိမိတို့အသင်းပေါက်ဈေးများကို နေ့စဉ် ဖော်ပြပေးသွားမည်ဖြစ်ပြီး ပြင်ပမှ သင်္ဘောအဝင်စာရင်း၊ အထွက်စာရင်း၊ နယ်စပ်ငွေလဲနှုန်း များနှင့် အသင်းသားများ သိသင့်သည့်သတင်းများကိုထုတ်ပြန်ပေးသွားမည်ဟု ၎င်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ နေ့စဉ်ပေါက်ဈေးနှုန်းများကို E Trade Myanmar ကုမ္ပဏီမှလည်း ပေးပို့ကူညီမည်ဟုသိရသည်။ ၎င်း LED ဆိုင်းဘုတ်သည် အလျား ၁၀၃ ပေ၊ အနံ ၃ ပေရှိပြီး ကုန်စည်ဒိုင်အဆောက်အအုံအတွင်းအရောင်းအဝယ်ပြုလုပ်ရာနေရာတွင် တပ်ဆင်ထားသည်။



7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# မိဘနှစ်ပါးလုံးရှိသူ ကလေးများ ဂေဟာ/သင်တန်းကျောင်းများသို့ အရောက်များလာ

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်- ၂၂**


မိဘမဲ့ဂေဟာနှင့်သင်တန်းကျောင်းများသို့ကလေးများရောက်ရှိလာမှုတွင်မိဘနှစ်ပါးလုံး စုံညီစွာ ရှိပါလျက်နှင့် ရောက်ရှိလာသည့် ကလေးဦးရေကအများဆုံးဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှညွှန်ကြားရေးမှူး (ကလေး/သူငယ်)ဦးမျိုးဆက်အောင်၏ လေ့လာစစ်တမ်းကောက်ယူတွေ့ရှိချက်စာတမ်းမှ သိရသည်။

စာတမ်းအရ ဂေဟာ/သင်တန်းကျောင်းများသို့ရောက်ရှိလာရသည့် ပုံစံငါးမျိုးခွဲထားပြီး မိဘနှစ်ပါးလုံးရှိလျက်နှင့်ရောက်ရှိလာသည့်ဦးရေ၅၅၀၉ဦး(၄၄ဒသမ၁ ရာခိုင်နှုန်း)၊ မိဘနှစ်ပါးလုံးမရှိသူက ၂၇၄၈ ဦး (၂၂ ရာခိုင်နှုန်း)၊ ဖခင်မရှိသူက၁၉၆၁ဦး(၁၅ဒသမ ၇ ရာခိုင်နှုန်း)၊ မိခင်မရှိသူက ၁၆၁၂ ဦး (၁၂ ဒသမ ၉ ရာခိုင်နှုန်း)နှင့်အခြား အခြေအနေဖြင့်ရောက်ရှိလာသူက ၆၆၃ ဦး (၅ ဒသမ ၃ ရာခိုင်နှုန်း)စသည်ဖြင့် အသီးသီးရှိကြောင်း သိရသည်။

မြန်မာဆာဗေးသုတေသနအဖွဲ့၏ ၂၀၁၀၊ ဒီဇင်ဘာ ၆ ရက်မှ ၂၀၁၁၊ ဇန်နဝါရီ ၁၆ ရက်အထိ ကွင်းဆင်းသုတေသနပြုချက်အရ မြန်မာနိုင်ငံ၌ အစိုးရမှ ဖွင့်လှစ်ထားသည့်ဂေဟာ/ကျောင်း၁၄ခု ရှိပြီးပုဂ္ဂလိကမှဖွင့်လှစ်ထားသည့် ဂေဟာ/ ကျောင်း ၁၃၃ ခု၊ စုစုပေါင်း၁၄၇ ခုခန့်ရှိကြောင်း၊ အဆိုပါ ကျောင်းများတွင် ဗုဒ္ဓဘာသာ ပရဟိတကျောင်း ၆၂ ကျောင်း၊ ခရစ်ယာန်ပရဟိတကျောင်း ၂၉ ကျောင်းနှင့် ဘာသာရေးမဟုတ်သော ပရဟိတကျောင်း ၅၆ ကျောင်းပါဝင်ကြောင်းလည်းသိရသည်။ အဆိုပါကျောင်းများတွင် မှတ်ပုံတင်ထားဆဲ ကျောင်း ၁၃ ကျောင်းပါဝင်ပြီး ကလေးဦးရေ ၃၀ မပြည့်ခြင်း၊ အဆောက်အအုံပြည့်စုံကောင်းမွန်မှုမရှိခြင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြည့်စုံမှု မရှိသေးခြင်း၊ ငွေကျပ်သိန်း ၂၀ ပြည့်ရန် လိုအပ်ခြင်းစသည့် အားနည်းချက်များကြောင့်မှတ်ပုံတင်ခြင်းမပြုရသေးသော ကျောင်း ၂၄ ကျောင်းပါဝင်နေကြောင်းလည်း လူမှုဝန်ထမ်း ဦးစီးဌာနမှပင် သိရသည်။ အထက်ပါ ဂေဟာ/သင်တန်းကျောင်း ၁၄၇ ခုအနက် ကလေးများ၏ လုံခြုံမှုအတွက် စနစ်တကျစီမံထားသောအရေအတွက်မှာ ၁၃ ခုသာရှိပြီး ယင်းအခြေအနေနှင့် ပတ်သက်၍ "ဒီလိုဒုက္ခရောက်နေတဲ့ကလေးတွေကိုလက်ခံပြီးပြုစုစောင့်ရှောက်တယ်ဆိုတာ မင်္ဂလာရှိတဲ့ အလုပ်ပါ။ ဒါပေမဲ့ ဒီနေ့ခေတ်မှာ လူကုန်ကူးတာ/လူမှောင်ခိုလုပ်တာတွေလည်းရှိနေတဲ့အတွက် အဲဒီလိုတွေ မဖြစ်ရအောင် စီမံထားသင့်တယ်"ဟု အငြိမ်းစားအရာထမ်းတစ်ဦးက အကြံပြုပြောကြားသည်။



## နှစ်ခါပြန်ရေလွှမ်းခြင်းကြောင့် ရခိုင်ဒေသတွင် စပါးအထွက်နှုန်း ထိခိုက်နိုင်



ဓာတ်ပုံ - ဥက္ကာကိုကို

**နိုင်စစ်တွေ**

**မြောက်ဦး၊ ဩဂုတ်- ၂၂**

ရခိုင်ပြည်နယ်မြို့နယ်များတွင် ဇူလိုင်လက တစ်ကြိမ် ဩဂုတ်လဆန်းပိုင်းတွင် တစ်ကြိမ်မြို့နယ်အချို့ရေလွှမ်းခံခဲ့ရသဖြင့် လာမည့်နှစ်စပါးရာသီအတွက်စပါးအထွက်ကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း ဒေသခံများကပြောသည်။

ဇူလိုင်လ ၁၉ ရက်မှ ၂၂ ရက်အထိကာလတွင်တောင်ကုတ်၊ သံတွဲ၊ ဂွ၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော် စသည့်ဒေသများ၌ ရေလွှမ်းမိုးခြင်းခံခဲ့ရပြီး မင်းပြားမြို့နယ်ရှိလယ်မြေအချို့မှာ ရေလွှမ်းခြင်းသာမက၊ ရွှံ့နွံများဖုံးလွှမ်းခြင်းခံရကြောင်းသိရသည်။ ပျက်စီးနစ်မြုပ်လယ်မြေများကိုပြန်လည်စိုက်ပျိုးခဲ့ကြရာ ဩဂုတ် ၈ ရက်၊ ၉ ရက်များတွင် တစ်ဖန် ရေလွှမ်းခြင်းခံခဲ့ရကြောင်း သိရသည်။ စိုက်ပျိုးချိန်နောက်ကျခြင်း၊ ပျိုးစပါးအခက်အခဲများကြောင့် ရေလွှမ်းခြင်းခံရသည့် လယ်မြေများအားကွက်ပြည့်စိုက်ပျိုးနိုင်ခြင်း မရှိ၍ လာမည့်နှစ်တွင် ရခိုင်ပြည်နယ်၏ စပါးအထွက်ကို သက်ရောက်မှုရှိလာနိုင်ကြောင်း သိရသည်။ ရေလွှမ်းနစ်မြုပ်ခြင်းခံရသည့်မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များမှာ ရခိုင်ပြည်နယ်အတွင်းစပါးစိုက်ဧကအများဆုံးမြို့နယ်များဖြစ်ပြီး ရခိုင်ပြည်နယ်၏စပါးကျီအဖြစ်တင်စားကြသောမြို့နယ်များလည်းဖြစ်သည်။






7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# မန်းရှိရပ်ကွက်တစ်ခုတွင်ရေပြန်မကျ၍ အိမ်ထောင်စုအချို့ရေလွတ်ရာ၌တဲထိုးနေရ

**ဦးလွင်**

**မန္တလေး၊ ဩဂုတ် - ၂၇**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြား၊ ၁၁ လမ်းနှင့် ၁၂ လမ်းကြား ပြည်ကြီးရန်လုံရပ်၊ အက်စစ် ၁ ရပ်ကွက်အတွင်း မိုးရေဝင်ရောက်မှုနှင့် ယင်းရပ်ကွက် ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးဆင်းမှုမရှိဘဲ ရပ်ကွက်အတွင်း ရေလှောင်ထားသကဲ့သို့ဖြစ်နေသောကြောင့် ရပ်ကွက်နေ အိမ်ထောင်စုအချို့ ရေလွတ်ရာ ၁၂လမ်းပေါ်သို့ ယာယီတဲဆောက်ပြီး ပြောင်းရွှေ့နေထိုင်ရကြောင်း ပြည်ကြီးရန်လုံရပ်နေသူများထံမှ စုံစမ်းသိရသည်။



ရေကြီးရေလျှံနေသော မန္တလေးမြို့တစ်နေရာအား ဩဂုတ် ၂၆ရက်က တွေ့ရစဉ်

ဓာတ်ပုံ - စိုင်းသာအောင်

ထိုကဲ့သို့ နေအိမ်နှင့်ကင်း၍ ရေလွတ်ရာလမ်းပေါ်သို့ ပြောင်းရွှေ့နေထိုင်ရခြင်းသည် ယခုလက်ရှိ အခြေအနေအရဆိုလျှင် ရက်ပေါင်း ၃၀ ကျော်ကြာမြင့်မည်ဖြစ်ကြောင်း ပြည်ကြီးရန်လုံရပ်ကွက်နေမစန်းအေးက ပြောသည်။

"ကျွန်မတို့နေတဲ့ အကွက် ၄၁၅၊ အက်စစ် ၁ ရပ်ကွက်အတွင်းကနေ ဒီ ၁၂လမ်းပေါ်ပြောင်းရွှေ့လာတာ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ကပါ။ ရေက ခါးလယ်အထိ ရောက်လာတော့ ဘယ်လိုမှ နေလို့မရတာနဲ့ ရေနဲ့လွတ်တဲ့ ဒီ ၁၂လမ်းပေါ် ပြောင်းရွှေ့နေထိုင်ရတာပါ။ ကျွန်မအတွေ့အကြုံအရဆိုရင် ရေက တစ်လလောက်နဲ့ကိုနေလို့ထိုင်လို့ရအောင် မကျပါဘူး။ ဒီ ၁၂လမ်းပေါ်မှာ တစ်လကျော်နေရမှာပါ"ဟုၛင်းကပြောကြားသည်။

မန္တလေးမြို့ပေါ်တွင်ဩဂုတ် ၁၇ ရက် နံနက်ပိုင်းအချိန်က မိုးရွာသွန်းမှုသည် မိုးရေချိန် ၅ ဒသမ ၈၇ လက်မရှိခဲ့သည်။ မိုးရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းလမ်းများနှင့် ရပ်ကွက်များအတွင်းရေဝင်ရောက်ခဲ့သည်။

မြေနိမ့်ပိုင်း ရပ်ကွက်ဖြစ်သည့် အကွက် ၄၁၅၊ အက်စစ် ၁ ရပ်ကွက်တွင် ရေများ ခါးလယ်အထိ ရောက်နေသောကြောင့် ရေနုတ်မြောင်းများမှ ရေစီးဆင်းမှုရှိစေရန် ၎င်းရပ်ကွက်နေ ပြည်သူများက ဆန္ဒရှိနေကြသည်။

"ရပ်ကွက်အတွင်းမှာခါးလယ်လောက်ရှိတဲ့ရေတွေက ဒီအတိုင်းထားရင် လအတော်ကြာမှာ။ အခုအခြေအနေက မြင်တဲ့အတိုင်း ရေလှောင်ကန်လို ဖြစ်နေတာ။ ၂နှစ်၊ ၃နှစ်အတွင်းမှာ ဒီနှစ် ပိုအဆိုးဆုံးပါ။ ရေစီးဆင်းသွားဖို့ သက်ဆိုင်ရာက လုပ်ပေးရင်အဆင်ပြေမယ်ထင်ပါတယ်။ ရေကထွက်ပေါက်မရှိသရွေ့ နောင်နှစ်မိုးရွာလည်း ဒီအတိုင်းဖြစ်နေဦးမှာပါ။ အဓိက ရေကခါးလယ်အထိရောက်နေတော့ ကျန်းမာရေးပြဿနာဖြစ်တဲ့ အိမ်သာ အသုံးပြုရတာခက်ခဲနေတယ်။ ထမင်းချက်တာကိုတောင်တစ်ခါတည်းနှစ်နပ်ပေါင်းချက်ရတယ်"ဟုထိုရပ်ကွက်အတွင်း ကိုးနှစ်ကြာ နေထိုင်သူ ဦးစိန်မွေးကပြောသည်။

အဆိုပါရပ်ကွက်၌ ရေဝင်ရောက်သည့် အဓိကနေရာများကို နေအိမ်အပေါ်ထပ်အမြင့်မှ တက်ကြည့်ပါက ရေနုတ်မြောင်းမှ အကာအရံများ ပိတ်ဆို့၍ ရေစီးဆင်းမှုမရှိဘဲ ရေလှောင်ကန်ကဲ့သို့ ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရကြောင်း သိရသည်။

# နေပြည်တော်တွင် အိမ်ထောင်စုစာရင်းနှင့် နေအိမ်ပိုင်ဆိုင်မှု စာရင်းများကောက်ယူ

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်- ၂၅**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိရပ်ကွက်နှင့် ကျေးရွာများတွင် နေထိုင်သောမိသားစုဦးရေနှင့်အိုးအိမ်ခြံမြေအခြေအနေများကိုယခုလအတွင်းကျယ်ကျယ်ပြန့်ပြန့်လိုက်လံကောက်ယူလျက်ရှိကြောင်း အခြေခံအုပ်ချုပ်ရေးဝန်ထမ်းအချို့နှင့် ဒေသခံများကပြောသည်။


ထိုကဲ့သို့စာရင်းကောက် ခြင်းကိုမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခွဲမှ ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအဆင့် တာဝန်ရှိသူများမှ အဖွဲ့ခွဲ၍ လိုက်လံဆောင်ရွက်နေခြင်းဖြစ်သည်။ အထူးသဖြင့် ယခင်ကတည်းက နေထိုင်ခဲ့သော ဒေသခံများ၊ ဝိုင်းခြံဝယ်ယူ၍ လာရောက်နေထိုင်သူများအား အိမ်ထောင်ဦးစီး၊ ဇနီးအမည်နှင့် အိမ်ပုံစံ အကျယ်အဝန်းတို့ကိုမျက်မြင်ကောက်ယူခြင်းဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကိုးရွာသပြေကုန်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

ယင်းကဲ့သို့ပင် နေပြည်တော်ပျဉ်းမနားမြို့နယ် သပြေလှရပ်ကွက်နေကိုနေစိုးဆိုသူကလည်း "ဒီမှာလည်း လွန်ခဲ့တဲ့ နှစ်ပတ်လောက် ကတည်းကကောက်ပြီးပြီ။ မိသားစုအရင်းနဲ့အိမ်ပုံစံပါပဲ။ နောက်ပြီး နယ်မြေတွေကိုမှတ်တိုင်စိုက်ပြီး ပိုင်းခြားသတ်မှတ်လိုက်ပါတယ်" ဟု ပြောကြားသည်။ အခြားမြို့နယ်များတွင်လည်း ထိုကဲ့သို့ပင်ဆောင်ရွက်လျက်ရှိကြောင်းလည်း ဆက်သွယ်သိရှိရသည်။

ယခုစိုက်ထူထားသော မှတ်တိုင်များတွင် အနီရောင်နှင့် အပြာရောင်နှစ်မျိုးရှိပြီး အပြာရောင်မှတ်တိုင်၏ ဧရိယာအတွင်းရှိ အိမ်များမှ လ/န ၃၉ဖြင့်နေထိုင်သော အိမ်များဖြစ်ပြီး အနီရောင်မှတ်တိုင်အတွင်းရှိနေအိမ်များမှာမူ ကျူးကျော်နေထိုင်သောအိမ်များအဖြစ် ပိုင်းခြားသတ်မှတ်ထားကြောင်း သတင်းရရှိသည်။

"လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်ကရေးဆွဲခဲ့တဲ့ မြေပုံနဲ့ တိုင်းတာဆိုတော့ ၇၀ ရာခိုင်နှုန်းလောက်က ကျူးကျော်တွေပဲဖြစ်နေတယ်။ ကားလမ်းဘေးက တိုက်အိမ်တွေတောင်ပါတယ်ဆိုတော့ မပြောနဲ့တော့ ဒေသခံ တွေအနေနဲ့ လ/န ၃၉ လုပ်ဖို့မသိတာလည်း ရှိတယ်။ သိသော်လည်းဆယ်ဂဏန်းလောက်ကုန်မှာမို့ မလုပ်နိုင်တာတွေရှိတယ်။ အဲဒါကြောင့် ဒီလိုဖြစ်ရတာ"ဟု ပါဝင်တိုင်းတာခဲ့သူဒေသခံဘွဲ့ရ လူလတ်ပိုင်းတစ်ဦးကပြောသည်။

# အသားတိုးကြက်မွေးမြူသူများ အရှုံးပေါ်



ဓာတ်ပုံ - လမင်းနိုင်

**နောင်မျိုးဆက်**

**လှိုင်ကော်၊ ဩဂုတ်- ၂၂**

အသားတိုးကြက်ခြံဖမ်းဈေး အဆမတန်ကျဆင်းခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်အများအရှုံးနှင့် ရင်ဆိုင်နေရကြောင်းလစဉ်အသားတိုးကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ကြက်ကခြံဖမ်းဈေးတစ်ပိဿာ ၂,၀၀၀ ကျော်ရုံပဲ ဒိုင်ကဖမ်းတယ်။ ဒီမှာ ကကြက်ပေါက်ဈေး နှုန်း၊ အစာဈေးနှုန်းက သယ်ယူစရိတ်မြင့်မားခြင်းကြောင့် အခုလို ခြံဖမ်းဈေးနှုန်းကျဆင်းချိန်မှာအရှုံးပေါ်တယ်။ အခုဆိုရင် ကြက်သုံးသုတ်လောက် ဆက်တိုက်ရှုံးနိမ့်တာကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဖို့ မလွယ်ကူတော့ပါဖူး" ဟု ခြံရှင်အမျိုးသမီးတစ်ဦးကပြောသည်။

တစ်နိုင်တစ်ပိုင် မွေးမြူသူများပြားခြင်း၊ ကြက်ပေါက်ဖြန့်ဖြူးသူများမှချိတ်ဆက်၍ မဖြန့်ဖြူးခြင်း၊ ဒေသမှထွက်ရှိသောကြက်များအား အခြားဒေသသို့ မဖြန့်ဖြူးနိုင်ခြင်းတို့ကြောင့် ယခုလိုအခက်အခဲမျိုးနှင့်ကြုံတွေ့နေရကြောင်း၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးသင့်ကြောင်းသို့မှသာ အသားတိုးကြက်မွေးမြူသူများ ရေရှည်ရပ်တည်နိုင်မည်ဖြစ်ကြောင်း အဆိုပါအမျိုးသမီးကပြောသည်။

# ဝက်သားပေါက်များ ဈေးကောင်း

**မိုးဇော်**

**ရေနံချောင်း၊ ဩဂုတ်- ၂၂**

ဝက်နားရွက်ပြာဖြစ်ပြီးနောက်ပိုင်း ကျင်းတက်ဝက်ခေါ် ၄၅ ရက်သား ဝက်သားပေါက်များရှားပါးသည့်အတွက် ဈေးကောင်းနေကြောင်း သိရသည်။

"ဝက်ငယ်ကျင်းတက်ကလက်ကျန်ဝက်ခြံတွေလောက်ပဲ ဝယ်ယူရနေတာပါ။ များများစားစားမရှိတဲ့အတွက် တစ်ရွာဝင်တစ်ရွာထွက်ဝယ်ကြရသူများပါတယ်။ ဝက်ဈေးက ကျင်းတက်တစ်ကောင် ၃၅,၀၀၀ ကျပ်ကနေ ၄၀,၀၀၀ ကျပ်ဝန်းကျင်ဝယ်နေရတယ်"ဟု ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။ ဝက်ရောဂါဖြစ်ပွားချိန်တွင် ဝက်ကြီးများ မျိုး(ဖီး)နဲ့ အတူသေဆုံးရခြင်းကြောင့် ဝက်ငယ်ကျင်း တက်ဝက်များရှားပါးရခြင်းဖြစ်သည်ဟု သိရသည်။

# စံချိန်တင် ရွှေဈေးမြင့်တက်မှုကြောင့် မုံရွာရွှေဆိုင်များ အရောင်းအဝယ်ကျဆင်း



**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၂၅**

မြန်မာ့ရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှင့်အတူ မြင့်တက်လာရာမှ ယခုနှစ်ဩဂုတ်လအတွင်းအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၇၃၀,၀၀၀ ဈေးဖြင့် စံချိန်တင်မြင့်တက်မှုကြောင့် မုံရွာရွှေဈေးကွက်၌ အရောင်းအဝယ်သိသိသာသာကျဆင်းလာကြောင်း မုံရွာဒေသခံရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဒီနှစ်ဆန်းပိုင်းမှာ ရွှေဈေးကတစ်ကျပ်သား ၆၈၂,၀၀၀ ကျပ်အထိစံချိန်တင်ဈေးတက်ခဲ့တယ်။ အဲဒီဈေးမှာရွှေဈေးတက်တယ်ဆိုပေမယ့်အရောင်းအဝယ်ကောင်းသေးတယ်။ အခု ရွှေဈေး ကျပ် ၇၃၀,၀၀၀ ကျော်မှာရွှေဈေးအမြင့်ဆုံးဖြစ်တာရောတောင်သူတွေကောက်ပဲသီးနှံဈေးမကောင်းတာရောကြောင့်မုံရွာမြို့ပေါ်ကရွှေဆိုင်တွေအရောင်းအဝယ်သိပ်မကောင်းဘူး။ ရွှေဈေးခြောက်သိန်းကျော်အထိရွှေဝယ်သူတွေကလက်ခံတယ်။ ရွှေဈေး ခုနှစ်သိန်းကျော်မှာ ရွှေဝယ်သူတွေကလက်မခံတော့ဘူး။ အမြင့်ဆုံးရွှေဈေးမှာ ရွှေဝယ်သူမရှိသလောက်နည်းတယ်။ ရွှေဆိုင်တွေကလည်း လက်ရှိရွှေဈေးမှာ အဝယ်လျော့တာတွေမဝယ်တာတွေလည်းရှိတယ်" ဟု မုံရွာမြို့ ဒေသခံရွှေလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုနှစ်ဩဂုတ်လဆန်းတွင် ကမ္ဘာ့ရွှေဈေးတစ် အောင်စလျှင် ၁,၇၉၃ ဒေါ်လာ၊ မြန်မာ့ရွှေဈေး တစ်ကျပ်သားလျှင် ၆၉၇,၀၀၀ ကျပ်ရှိခဲ့ရာမှ ဩဂုတ်လတတိယပတ်အတွင်းကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် ၁,၈၃၅ ဒေါ်လာ မြန်မာ့ရွှေဈေးတစ်ကျပ်သား ၇၃၅,၀၀၀ ကျပ်အထိမှာ သမိုင်းတစ်လျှောက်တွင် အမြင့်ဆုံးရွှေဈေးဖြစ်ကြောင်း မုံရွာဒေသခံရွှေလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# ဗဟိုသမဝါယမက မွန်ပြည်နယ်တွင် ကျပ်သိန်း ၁,၇၀၀ ကျော်ချေးငွေထုတ်ပေး

**မိုင်ခရိုစကုပ်**

**မော်လမြိုင်၊ ဩဂုတ်- ၂၂**

မွန်ပြည်နယ်(၁၀)မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဇူလိုင် ၁၉ မှ ၂၄ ရက် အတွင်း လယ်ယာကုန်ထုတ်အသင်း ၁၀ သင်းနှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်း တစ်သင်းတို့အား အသင်းသား ၅၁၄ ဦးဖြင့်ဖွဲ့စည်းခဲ့ပြီး လယ်စိုက်ဧက ၆၀၂၉ ဒသမ ၂ အား တစ်ဧကလျှင်ငွေကျပ်နှစ်သောင်းမှ လေးသောင်းအထိ စုစုပေါင်းငွေကျပ် ၁၇၅၈ ဒသမ ၂၁ သိန်းအား ဗဟိုသမဝါယမက ထုတ်ချေးပေးခဲ့သည်။ သမဝါယမ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ မွန်ပြည်နယ်ခရီးစဉ်တွင် မွန်ပြည်နယ်အတွင်းတစ်မြို့နယ်လျှင်အနည်းဆုံး လယ်ယာကုန်ထုတ်အသင်း၊ တစ်သင်းစီဖွဲ့စည်းဆောင်ရွက်ရန်နှင့် ကျိုက်ထီးဆောင်းဒေသတွင် လက်လုပ်လက်စားများ ငွေစု ငွေချေးအသင်းတစ်သင်းစီဖွဲ့စည်းဆောင်ရွက်ရန်နှင့် ချေးငွေရရှိရေးအတွက် မွန်ပြည်နယ် သမဝါယမအသင်းရုံးချုပ်မှတစ်ဆင့်ဗဟိုသမဝါယမအသင်းသို့ ဆက်လက်တင်ပြပြီး ဗဟိုသမဝါယမအသင်းက ချေးငွေများထုတ်ပေးမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

မွန်ပြည်နယ်တွင် လယ်စိုက်ဧက ၈၈၃,၄၃၀ ရှိပြီး ယခုနှစ်မိုးရာသီ၌ မိုးကြီးသဖြင့် လယ်ဧက ၆,၀၀၀ ကျော် ရေဖုံးလွှမ်းခဲ့ပြီး ၁၇၀၈ ဧကထိခိုက်ခဲ့သည်။ ရေကျချိန်တွင် ပျက်စီးလယ် မြေများအား မျိုးစပါးများအစားထိုးစိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီးလိုအပ်သည့် မျိုးစပါးများအချိန်မီရရှိရေးအတွက် တာဝန်ရှိသူများက ပံ့ပိုးကူညီပေးမည်ဟု သိရသည်။

# မူးမြစ်ရေကျော်မှုကြောင့် မိုးစပါးစိုက်ခင်း အပါအဝင် ငှက်ပျောနှင့် သဘော်စိုက်ခင်းအချို့ပျက်စီး

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၂၅**

မူးမြစ်ရေသည်ယခုဩဂုတ်လ ၁၀ ရက်မှစတင်မြင့်တက်လာပြီး စိုက်ခင်းများအတွင်း ဝင်ရောက်ခဲ့ရာမှ မူးမြစ်ရေဝင်ရောက်ချိန် ကြာမြင့်ခဲ့သဖြင့် မိုးစပါးစိုက်ခင်းအချို့နှင့် ငှက်ပျော၊သဘော်စိုက်ခင်းအချို့ပျက်စီးခဲ့ကြောင်းမူးမြစ်ဝှမ်းဒေသတောင်သူများပြောပြချက် အရသိရှိရသည်။

"မူးမြစ်ဝှမ်းတစ်လျှောက်မှာ မိုးစပါးစိုက်ခင်းတွေရော ငှက်ပျောနဲ့သဘော်စိုက်ခင်းတွေပိုများတယ်။ မူးမြစ်ရေကြီးချိန်မှာရေဝင်ချိန်ကြာတာကြောင့် စိုက်ခင်းတွေဆုံးရှုံးတာပိုများတယ်။ ပြီးခဲ့တဲ့နှစ်မူးမြစ်ရေကြီးချိန်မှာ စံချိန်တင်မူးမြစ်ရေကျော်ခဲ့တဲ့အတွက် ငှက်ပျောစိုက်ခင်းအများဆုံး ပျက်စီးခဲ့တယ်။ငှက်ပျောစိုက်ခင်းတွေ အသီးစထွက်ချိန်မှာဒီနှစ်မူးမြစ်ရေထပ်ကျော်တဲ့အတွက်ငှက်ပျောစိုက်ခင်းတွေထပ်ပျက်တယ်" ဟု


ဓာတ်ပုံ - မျိုးမင်းဦး

စစ်ကိုင်း ခရိုင်မူးမြစ်ကမ်းကျေးရွာဖြစ်သည့် ညောင်ပင်ဝန်းကျေးရွာ ဒေသခံ တောင်သူတစ်ဦးကပြောသည်။ မူးမြစ်ရေသည် ဩဂုတ်လ ၁၀ ရက်မှစ၍မြင့်တက်ခဲ့ပြီး ဩဂုတ်လ ၂၀ ရက် နောက်ပိုင်းတွင် ရေပြန်လည်ကျဆင်းလာကြောင်း မူးမြစ်ဝှမ်းဒေသခံများပြောကြားချက်အရသိရှိရသည်။ စိုက်ခင်းများအတွင်း မူးမြစ်ရေဝင်ရောက်ချိန်ကြာမြင့်သည့်အတွက် စိုက်ပျိုးပြီးစမိုးစပါးစိုက်ခင်းများ၊ငှက်ပျောနှင့်သဘော်သီးစိုက်ခင်းအချို့ပျက်စီးဆုံးရှုံးမှုပိုများကြောင်းသိရှိရသည်။

# လေးမြို့ မြစ်ရေလျှံ ကမ်းပါးပြိုမှုထပ်မံဖြစ်ပွား

**စွန်ရဲသား**

**မင်းပြား၊ ဩဂုတ်- ၂၂**

ဩဂုတ် ၁၆ ရက်က လေးမြို့မြစ်ရေလျှံလာမှုကြောင့် မင်းပြားမြို့နယ်ရှိ ပန်းမြောင်း၊ ပိုးဖြူကျွန်းအပါအဝင် အခြားကျေးရွာအချို့မှာ ကမ်းပါးပြိုဆင်းမှုများဖြစ်ခဲ့ကြောင်း ပန်းမြောင်းဒေသခံတစ်ဦးဖြစ်သူ ကိုစောထွန်းမောင်က ပြောကြားသည်။

အဆိုပါကမ်းပါး ပြိုကျမှုကြောင့် မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာ၌ကမ်းပါးအနီးရှိဈေးဆိုင် ၁၀ ဆိုင်ပျက်စီးဆုံးရှုံးခဲ့သော်လည်း လူအသေအပျောက်မရှိခဲ့ကြောင်း ဆိုသည်။

"မိုးရာသီဆိုရင် လေးမြို့ချောင်းရေတိုက်စားတာကြောင့် ကမ်းပါးမှမြေသားတွေပြိုကျတာတွေရှိပါတယ်။၁၉ ရက်မနက်ထိ တောင်ကမ်းကပိုပြီးပြိုကျတာများလာတဲ့အတွက် ကမ်းပါးအနီးက ဈေးဆိုင်တွေအခြေအနေကြည့်ပြီးရောင်းနေရတယ်။ အခုလိုကမ်းပါးပြိုကျမှုကြောင့် ပြီးခဲ့တဲ့ ဇူလိုင် ၂၀ ရက်ကလည်း အိမ်ငါးလုံးပျက်စီးဆုံးရှုံးခဲ့ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**မိုင်ခရိုစကုပ်**

**မော်လမြိုင်၊ ဩဂုတ်- ၂၂**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မွန်ပြည်နယ် လျှပ်စစ်စွမ်းအားပေးလုပ်ငန်းနှင့် မော်လမြိုင်မြို့နယ်ပညာရေးမှူးရုံး၏ ပူးပေါင်းစီစဉ်မှုဖြင့် မော်လမြိုင်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲများပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက်နံနက် ၁၀ နာရီအချိန်တွင် မော်လမြိုင်မြို့၊ ကွင်းရပ် ရပ်ကွက်ရှိတောင်ကုန်းအမက မူလွန်ကျောင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိ ပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်နန်းတင်ရီနှင့် ဆရာ၊ ဆရာမများ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများစုစုပေါင်း အင်အား ၅၀၀ ခန့်တက်ရောက်ခဲ့ကြပြီး မော်လမြိုင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးတိုးဝေက ပြည်သူများလျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိစေရန်နှင့် လျှပ်စစ်ဌာနမှ အသိပေးထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဆိုပါက လျှပ်စစ်အန္တရာယ်ကင်းဝေးပြီး မလိုလားအပ်သည့် လူမှုဒုက္ခများမှလည်းကင်းဝေးနိုင်မည်ဖြစ်ကြောင်း ပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲတက်ရောက်လာသူများအား လျှပ်စစ်အန္တရာယ်ကင်းဝေးရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

# ရေဝင်သဖြင့် မန္တလေးရှိ ပွဲရုံအချို့ပျက်စီးဆုံးရှုံးမှုကြုံ

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ် - ၂၇**

မန္တလေးမြို့တွင် ဩဂုတ် ၁၉ ရက်ညပိုင်းမှ ၂၀ ရက် နံနက်ခင်းအထိ သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် ပဲနှမ်းပွဲရုံများအတွင်းသို့လည်း ရေများ ဝင်ရောက်ခဲ့ပြီး ပဲနှမ်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

"ရေက ဩဂုတ် ၂၀ ရက်နေ့ မနက်ငါးနာရီလောက်ထိကိုပွဲရုံထဲမရောက်သေးဘူး၊ခြောက်နာရီကျော်ကျော်လောက်ကျတော့ ရေတွေတက်လာတယ်။ အိတ်တွေကလည်း အများကြီးလေ၊ တစ်နာရီအတွင်း ဘယ်လိုမှရွှေ့ပြောင်းဖို့ မဖြစ်နိုင်တာကြောင့်ပဲစင်းငုံ၊ဂျုံ၊မြေတောက်၊ နိုင်လွန်၊ စားတော်၊ ပဲရင်း၊ ပဲပုတ် အစရှိတဲ့ ပဲအိတ်ပေါင်း ၁,၄၀၀ လောက်ရေတွေစိုပြီး ပျက်စီးသွားတယ်"ဟုမဟာအောင်မြေမြို့နယ်ရှိ ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"စဖြစ်တဲ့နေ့ကဆို လူကို ဘယ်လိုကြီးဖြစ်သွားမှန်းကိုမသိတာ။ တစ်ခါမှလည်း ဒီလိုမဖြစ်ဖူးပါဘူး၊နေကလည်းမထွက်သေးတော့စိုတဲ့ ပဲတွေ ဒီအတိုင်းပုံထားတာမြင်တဲ့အတိုင်းပဲ။ ပွဲရုံထဲ ခြေချစရာကို မရှိတော့ဘူး"ဟု ၎င်းလုပ်ငန်းရှင်ကပြောသည်။


၄၁ လမ်း ကျောက်ဝိုင်းအနီးရှိ ပွဲရုံလုပ်ငန်းရှင် တစ်ဦးကလည်း "မိုးတအားများတော့ ရွှေတစ်ချောင်းရေလျှံလာပြီး ကျွန်တော်တို့ ပွဲရုံတွေထဲ ရေတွေဝင်လာတာပါ။ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး။ မနှစ်က ကျွဲဆည်ကန်ဘက်ကဂိုဒေါင်တွေရေမြုပ်တယ်။ ကျွန်တော်တို့ မမြုပ်ဘူး၊ ဒီနှစ်ကတော့ ကျွန်တော်တို့ ၈၄ လမ်းအနောက်ခြမ်းဘက် ရေတော်တော်ဝင်ပါတယ်။ ကျွန်တော်လည်း ဂျုံနဲ့ ပဲမျိုးစုံ အပိုင်း ၁၀၀ လောက်ဆုံးရှုံးပါတယ်"ဟု ပြောသည်။

မန္တလေးမြို့ ပဲနှမ်းကုန်သည်များအသင်းဝင်ထားသည့် ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းကလည်း ရေဘေးသင့်အသင်းသားများကို ကူညီထောက်ပံ့မှုများ ပြုလုပ်နေကြောင်းသတင်းရရှိသည်။ မိမိတို့ ပဲနှမ်းများ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၂၀ အထက်ရှိသူများကို တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ကူညီပေးကြောင်း ကုန်စည်ဒိုင် ဒုတိယဥက္ကဌ ဦးဌေးအောင်ကပြောသည်။ "မနှစ်ကတော့ ရေဝင်ပြီး ပစ္စည်းဆုံးရှုံးလို့ ထောက်ပံ့ပေးရတာ ငါးဦးရှိပါတယ်၊ ဒီနှစ်မှာတော့မနှစ်ကထက်ပိုပြီး ရေဝင်ရောက်မှုများလို့ ဆယ်ဦးဝန်းကျင် ထောက်ပံ့ပေးဖို့ရှိတယ်' ဟုယင်းပုဂ္ဂိုလ်ကပြောကြားသည်။

ကုန်စည်ဒိုင် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "တချို့ပွဲရုံ လုပ်ငန်းရှင်တွေကတော့ ထောက်ပံ့ကြေး မယူကြပါဘူး။ ထောက်ပံ့ကြေးကို အသင်းကြီးရန်ပုံငွေအတွက်ဆိုပြီး ပြန်လှူကြတာလည်းရှိပါတယ်။ ကုန်စည်ဒိုင်အနေနဲ့ကလည်းမိမိတို့အသင်းသားတွေရဲ့ သာရေးနာရေးကို တစ်ဖက်တစ်လမ်းကနေ ကူညီပေးတဲ့သဘောပါ"ဟုပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်ပြီး ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရသော ပွဲရုံအများစုသည်မန္တလေးမြို့၏လမ်းမကြီးတစ်ခုဖြစ်သော ၈၄ လမ်းအနောက်ဘက်ခြမ်းတွင် တည်ရှိသည်။





CORRIGENDUM

In the Trademark Cautionary Notice of SCHOTTEL appearing in this Journal of March 24, 2011, please read the correct Schottel GmbH in place of SCHOTTEL GmbH & Co.KG.

U Myint Lwin, Advocate
L.L.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs (Cardiff)
Myint.advocate@mptmail.net.mm
Ph: 371990 1.Sept.2011

7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# မြန်မာနိုင်ငံရှိ မလေးရှားသံရုံးက တစ်ပတ်လျှင် အလုပ်သမား ဗီဇာနှစ်ထောင် ထုတ်ပေးမည်



*မြန်မာနိုင်ငံရှိ မလေးရှားသံရုံးရှေ့တွင် ဗီဇာတန်းစီနေသူများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်- ၂၇**

မြန်မာနိုင်ငံရှိ မလေးရှားသံရုံးက စက်တင်ဘာ ၁၉ ရက်မှ စ၍ တစ်ပတ်လျှင် အလုပ်သမား ဗီဇာ နှစ်ထောင်ထုတ်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မလေးရှားသံရုံးရှိ တာဝန်ရှိသူများက ဩဂုတ်လ ၂၅ ရက်တွင် အေဂျင်စီအချို့ကို ခေါ်ယူ၍ အထက်ပါအတိုင်းပြောခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအစည်းအဝေးသို့တက်ရောက်ခဲ့သူ အေဂျင်စီများမှ တာဝန်ရှိသူများကပြောသည်။

"တစ်ရက်ကို ကုမ္ပဏီအခု ၂၀ နဲ့ ကုမ္ပဏီတစ်ခုကို ၂၅ ယောက်ဝင်ခွင့်ရမယ်။ တနင်္လာနေ့ကနေ ကြာသပတေးနေ့အထိ ၄ ရက်ထုတ်ပေးမယ်"ဟု အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူမိုးယံပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူက ပြောသည်။

မလေးရှားသံရုံးများတွင် မှတ်ပုံတင်ထားသော အေဂျင်စီ ၉၃ ခုရှိပြီး စက်တင်ဘာလ ၁၆ ရက်မှစ၍ အပတ်စဉ်သောကြာနေ့တိုင်းကုမ္ပဏီ ၈၀ အား သံရုံးအတွင်းမဲနှိုက်ပေးသွားမည်ဖြစ်သည်။

"ဒီအစီအစဉ်အတိုင်းဆိုရင် ကုမ္ပဏီတစ်ခုကိုတစ်ပတ်ရှစ်ကြိမ် ဗီဇာဝင်ခွင့်ရှိသွားပြီ"ဟု အစည်းအဝေးတက်ရောက်ခဲ့သူအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မဲနှိုက်မည့်နေ့တွင် Calling Visa အပြည့်အစုံ ယူလာရမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် စတင်မဲနှိုက်ရမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါအစီအစဉ်ကြောင့် အမှန်တကယ် Calling ကျထားသော အေဂျင်စီများအသက်ရှူချောင်သွားပြီး တစ်လတွင် အနည်းဆုံးလူတစ်ရာခန့် ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း အေဂျင်စီအသိုင်းအဝိုင်းကဆိုသည်။

ယခင်က အေဂျင်စီ တစ်ခုလျှင် လုပ်သား ၁၅ ဦးနှင့် တစ်ရက်လျှင် လူ ၂၀၀ကိုသာတစ်ပတ်လျှင်လေးရက်နှုန်းဖြင့် ဗီဇာထုတ်ပေးခဲ့ခြင်းဖြစ်သည်။

# နာမည်ပျက်စာရင်းဝင် အေဂျင်စီအမည်ကို သက်ဆိုင်ရာ အဖွဲ့အစည်းများထံ ပို့မည်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်- ၂၇**

နာမည်ပျက် (Black List) သတ်မှတ်ခံရသော ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ပါအကြောင်းကြားတော့မည်ဟု မြန်မာနိုင်ငံရှိ မလေးရှားသံရုံးမှ သံရုံးတာဝန်ခံက ပြောကြောင်းအေဂျင်စီအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

မလေးရှားသံရုံးတွင် ဩဂုတ်လ ၂၅ ရက်က အေဂျင်စီများနှင့် တွေ့ဆုံပွဲတွင်သံရုံးတာဝန်ခံက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူများက ပြောသည်။ "အရင်တုန်းက Black List ဖြစ်ရင် သံရုံးမှာပဲမှတ်ထားတာ။ ကျန်တဲ့အဖွဲ့အစည်းတွေဆီကိုမပို့ဘူး။ လာမယ့်တနင်္လာကစပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ မလေးရှားနိုင်ငံ အစိုးရဘက်ကိုပါ Black List ဖြစ်တဲ့ ကုမ္ပဏီနာမည်ကို ပို့တော့မယ်လို့ သံရုံးတာဝန်ရှိသူကပြောတယ်"ဟု အစည်းအဝေးတက်ရောက်ခဲ့သူတစ်ဦးကပြောသည်။

ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ CID အဖွဲ့နှင့် တစ်ပတ်တစ်ကြိမ်တွေ့ဆုံပြီး ပူးပေါင်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ "လူမှောင်ခိုကိစ္စတွေမဖြစ်အောင်နဲ့ မမှန်မကန်တဲ့နည်းနဲ့ဝင်နေတာတွေရှိတယ်ဆိုတာသိလို့ဆောင်ရွက်တာပါ"ဟု သံရုံးအရာရှိက ရှင်းပြကြောင်း အစည်းအဝေးတက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။

နာမည်ပျက်သွင်းခံရသော ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသောအုပ်ချုပ်မှုဒါရိုက်တာအပါအဝင်ဝန်ထမ်းအားလုံးကိုပါ အမည်ပျက်စာရင်းသွင်းမည်ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိတွင်သံရုံး၌ နာမည်ပျက်စာရင်းအဖြစ် သတ်မှတ်ခံရသော ကုမ္ပဏီသုံးခုရှိကြောင်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Zeta Mobile & Computer Accessories Sales & Services တွင်Sales & Marketing -(F-2 -Post)

**ဖုန်း-၀၉ ၇၃၁၈၉၉၆၆၊ ၀၁-၄၀၀၅၇၆**

---

Sales & Marketing Manager M/F (2)Posts, Deco-Land Co.,Ltd, No.3(C2), Ward-9, U Tun Nyo Street, Hlaing Thar Yar Industrial Zone(6),

**ဖုန်း-၇၂၁၅၇၈၊ ၃၇၀၈၃၇**

---

ကျား -၁ ဦး၊ ည ၆ နာရီမှ ၉ နာရီအထိ ကျောက်မြောင်းတွင် အလုပ်ဆင်းနိုင်သူဖြစ်ရမည်။

**ဖုန်း-၀၉၇၃-၀၄၉၅၄၃**

---

Marketing ကျွမ်းကျင် (အမျိုးသမီးဝန်ထမ်း) -၂ ဦး၊ အိမ်ခြံမြေ စိတ်ဝင်စားသူ -၂ ဦး နယ်မှလာသူဦးစားပေးမည်။

**ဖုန်း -၀၉ ၅၀၃၄၆၇၇၊ ၀၉-၇၃၀၇၇၉၀၉**

---

Project Coordinator/Translator Male (1)Post, Human Resources Development Department, Suntac Technologies Co.,Ltd,

**Ph; 652245, 652246**

---

Marketing Manager (ဘွဲ့ရ) ကျား/မ -၁ ဦး၊
Assistant Marketing Manager (ဘွဲ့ရ) ကျား/မ -၁ ဦး၊
ယာဉ်မောင်း (အိမ်ကား) ကျား-၁ ဦး၊
အမှတ်-၁၉၉၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်။

**ဖုန်း-၂၄၅၉၂၅၊ ၂၄၆၃၀၄**

---

အင်ဂျင်နီယာ-ကျား/မ(၁)ဦး၊ ရုံးဝန်ထမ်း-မ(၂)ဦး၊ သန့်ရှင်းရေးဝန်ထမ်း-မ(၁)ဦး၊ အထွေထွေလုပ်သား-ကျား(၁)ဦး၊ မြန်မာယူတာနီ ကုမ္ပဏီလီမိတက်၊ အမှတ်-F ၁၃/၁၅၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

**ဖုန်း-၃၉၃၀၅၁၊ ၃၉၄၈၂၄**

---

Oversea Job ဂျပန်နိုင်ငံတွင် လုပ်ကိုင်ရန်စက်ပိုင်းဆိုင်ရာကျွမ်းကျင်သော အင်ဂျင်နီယာ -ကျား (၂)ဦး၊ Apple Management Co.,Ltd, **Ph: 09 731 758 57**

---

၈ မိုင်လမ်းဆုံမီးပွိုင့်အနီးရှိ အင်တာနက်ဆိုင်တွင် 05:00PM-11:00PM ထိ၊

**ဖုန်း-၆၆၀၁၆၃**

---

The Trio Resources Co.,Ltd, AM Manpower Services
အမှတ်-၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား၊

**ဖုန်း-၀၉ ၅၁ ၁၅၁၅၆၊ ၀၉ ၈၆ ၂၇၇၈၆**

---

Cashier -မ(၁)ဦး၊ဂရင်းဝေးပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ၊ အမှတ်-၂၄၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၂၉၉၄၄၀၊ ၂၉၂၉၈၁**

---

စာရေးမ ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရ၊ အသက် ၂၀-၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူ ဖြစ်ရမည်။ **ဖုန်း-၀၉ ၄၉၂၃၇၇ ၁၅**

---

တက္ကသိုလ် ဟန်မင်းဦး ဓာတ်ပုံဗွီဒီယိုရိုက်ကူးတည်းဖြတ်ရေး လုပ်ငန်း အမှတ်-၂၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ **ဖုန်း-၂၂၇၁၉၉**၊ Photoshop ကျွမ်းကျင် -မ(၅)ဦး၊ ပညာသင်ဝန်ထမ်း -မ(၅)ဦး၊ ရုံးဝန်ထမ်း - မ(၅)ဦး

---

တက္ကသိုလ်ဟန်မင်းဦး ဓာတ်ပုံဗွီဒီယို ရိုက်ကူးတည်းဖြတ်သင်တန်းကျောင်းမှ လွယ်ကူလေ့လာဓာတ်ပုံဗွီဒီယို ရိုက်ကူးတည်းဖြတ်သင်တန်းအပတ်စဉ်အသစ်ကိုစက်တင်ဘာ(၁)ရက်တွင် ဖွင့်လှစ်မည်။ အမှတ်-၂၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ **ဖုန်း-၂၂၇၁၉၉**

---

Production Supervisor -ကျား (၃)ဦး၊
အမှတ်-၁၀၉၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်-၃၊ လှိုင်သာယာမြို့နယ်၊

**ဖုန်း-၆၈၅၂၃၃၊ ၆၈၅၆၅၈**

---

အမျိုးသမီးစက်ချုပ်ကျွမ်းကျင်ဝန်ထမ်းနှင့် လက်ချုပ်ဝန်ထမ်းအလိုရှိသည်။ Made moiselle Fashion အမှတ်-၇၃၊ မြေညီထပ်၊ ရောဝတီလမ်း၊ အလုံမြို့နယ်။

**ဖုန်း- ၂၁၁၃၈၉**

---

Sale Promotor (5)ဦး၊ Sale Supervisor (2)ဦး၊ Marketing Supervisor (2)ဦး၊ Security (2)ဦး၊ SP Gems & Jewellery, **No.30(A), Pyay Road, 7 Mile, Mayangone Tsp, Yangon.**

---

Counter ဝန်ထမ်း(မ)၊ အမှတ်-၉၊ အိုးဘိုလမ်း၊ ရွှေဘုန်းပွင့်ဘုရားအနီး၊ ပုဇွန်တောင်မြို့နယ်။

**ဖုန်း-၀၁ ၃၉၆ ၂၃၄**

---

ကွန်ပျူတာစာရင်းကိုင် -မ(၂) ဦး၊ အရောင်းဝန်ထမ်း -မ(၁)ဦး၊ အထည် Marketing -မ(၁)ဦး၊ အထွေထွေဝန်ထမ်း-ကျား(၁)ဦး၊ အမှတ်-A4၊ မြေညီထပ်၊ ယုဇနပလာဇာ၊ **ဖုန်း-၀၉ ၅၁ ၅၅၂၆၀**

---

Job Title: Education Counsellor, Location:Kamaryut, Start date: ASAP, Role: Work with Australian staff to counsel students and parents in relation to studying in Australia, Submit a letter of application to edulink.mm@ gmail.com.

---

စိုးစံ(လင်း)အိမ်ခြံမြေကုမ္ပဏီလီမိတက်မှမန်နေဂျာ -ကျား/မ(၂)ဦး၊ အိမ်ခြံမြေကျွမ်းကျင် -ကျား/မ (၁၀)ဦး၊ Marketing -ကျား/မ (၁၀)ဦး၊ ယာဉ်မောင်း-ကျား(၃)ဦး၊

**ဖုန်း-၅၁၀၆၀၀၊ ၅၁၀၉၅၀**

---

Korean Translator -M/F(10) Posts,
Computer Operator -M (5) Posts,
အမှတ်- ၉၁၀(ဘီ)၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၃၉၃၁၈၉၊ ၃၇၀၈၃၆-၈၃၉ (လိုင်းခွဲ-၈၁၆/ ၇၀၇)**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


ဘာပဲဖြစ်ဖြစ်သုံးလိုက်လို့ အဆင်မပြေပါဘူး။
Colgate
Proven
Cavity
Protection
ဖလိုရိုဒ်နှင့် ကယ်လ်ဆီယမ်အရည်ပါဝင်သည့် တစ်ခုတည်းသောဖော်မြူလာ
Colgate

Education

Vol.10, No.24 • SEPTEMBER 1, 2011

## ပညာရေးသတင်းတိုများ

### တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ခွင့် လျှောက်လွှာတင်ရမည့်ရက်သတ်မှတ်

**ရန်ကုန်၊ ဩဂုတ် - ၂၃**

လာမည့်တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့်ကျောင်းသားများအတွက် စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရမည့် အချိန်ကာလအား မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပြန်လိုက်သည်။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးတင်သွင်းရမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှဖြေဆိုရန် တင်သွင်းသူများသည် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများမှတစ်ဆင့် မြန်မာနိုင်ငံ စာစစ်အဖွဲ့ရုံးသို့အောက်တိုဘာ ၁၄ရက် နောက်ဆုံးထား၍ သတ်မှတ်ရက်အမီ တင်သွင်းရမည်ဖြစ်သည်။

### ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် စာမေးပွဲများ သုံးသုတ်ခွဲကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် - ၂၃**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်သင်တန်းနှင့် စာမေးပွဲများအား သုံးသုတ်ခွဲ၍ ကျင်းပမည်ဖြစ်ကြောင်းပြည်သူပိုင်သတင်းစာများတွင်ဖော်ပြထားသည်။ တက္ကသိုလ်ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်အတန်းတင်စာမေးပွဲများအား အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်ပြုလုပ်မည်ဖြစ်ပြီး အသေးစိတ်အချိန်ဇယားအား အဝေးသင်တက္ကသိုလ်ဌာနခွဲများတွင် ထုတ်ပြန်ထားမည်ဖြစ်ကြောင်းသိရသည်။

### ဗြိတိန်ပညာသင်ဆုတစ်ဆုလျှောက်ထားနိုင်

**ရန်ကုန်၊ ဩဂုတ် - ၂၇**

ဗြိတိန်နိုင်ငံတွင် အဆင့်မြင့်ပညာရပ်များ လေ့လာသင်ယူလိုသောကျောင်းသားများအတွက် Westminster International Scholarship အစီအစဉ်အား အောက်တိုဘာလကုန် နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း သိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားများအတွက် ကျောင်းလခ၊ နေထိုင်စားသောက်စရိတ်နှင့် လေယာဉ်ခများ ထောက်ပံ့သွားမည်ဖြစ်သော ပညာသင်ဆုအတွက် www.westminster.ac.uk တွင် ဝင်ရောက်လေ့လာနိုင်သည်။



# ကျူရှင်တွေကို ထိန်းညှိဖို့ ကျောင်းကောင်းကောင်းတွေလိုပါတယ်

ရန်ကုန်ပညာရေးတက္ကသိုလ်
ဒုတိယပါမောက္ခချုပ်(အငြိမ်းစား)
ဒေါက်တာမျိုးတင့်နှင့်အင်တာဗျူး

နေလင်းထွန်း

မြန်မာနိုင်ငံ၏ အခြေခံပညာရေးဖြစ်သော မူလတန်းမှ တက္ကသိုလ်ဝင်တန်းအဆင့် ပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် အစီအစဉ်အချို့ရှိနေကြောင်း ပညာရေးနယ်ပယ်နှင့် နီးစပ်သူများထံမှ ပြောဆိုသံများကြားနေရသည်။ လက်ရှိ အခြေခံပညာရေးနှင့် ပတ်သက်သော အကြောင်းအရာအချို့အား ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ၂၀၀၇ခုနှစ်မှ ၂၀၀၉ခုနှစ်ထိဒုတိယပါမောက္ခချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ဒေါက်တာမျိုးတင့်နှင့် တွေ့ဆုံ မေးမြန်းထားရာ မေးမြန်းချက်များထဲမှ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

**အခြေခံပညာရေးရဲ့ သင်ရိုးညွှန်းတမ်းကျင့်သုံးနေမှုအကြောင်း ပြောပြပေးပါ။**

သင်ရိုးဆိုတာက နိုင်ငံရေးနဲ့ စီးပွားရေးစနစ်ရဲ့ တောင်းဆိုချက်၊ လိုအပ်ချက်ကို သင်ရိုးထဲမှာ အမြဲဖော်ပြထားရတယ်။ ဒါက ဘယ်ပညာရေးစနစ်မှာပဲကြည့်ကြည့်ပါ။ လက်ရှိ သင်ရိုးညွှန်းတမ်းက နိုင်ငံတကာဂျီစီအီးအိုလယ်ဘယ်လ်ကို အခြေခံပြီးမြန်မာနိုင်ငံနဲ့ ကိုက်တာတွေကို ဆွဲထားတာပါ။ ဘာပဲဖြစ်ဖြစ် ဒီသင်ရိုးတွေက အသုံးတော့ဝင်နေပါတယ်။ သင်တဲ့ဆရာ၊ ဆရာမက သင်ရိုးကို ကြေညက်အောင် လေ့လာထားဖို့ပဲ လိုပါတယ်။ ဆရာတွေက သေသေချာချာ ကျကျနနသင်နိုင်မယ်ဆိုရင် သင်ရိုးညွှန်းတမ်းက မျှော်မှန်းထားတဲ့တတ်မြောက်မှု ကလေးတွေဆီကို ရောက်နိုင်ပါတယ်။

**ကျောင်းတွေရဲ့ သင်ထောက်ကူပစ္စည်းအသုံးပြုနိုင်မှုနဲ့ သင်ကြားမှုနည်းစနစ်တွေဘယ်လိုရှိပါသလဲ။**

သင်ထောက်ကူပစ္စည်းမသုံးနိုင်တာက သင်ကြားရေးမှာအဓိကအားနည်းတာပါပဲ။ သင်ထောက်ကူပစ္စည်းသုံးမယ်ဆိုရင် ပိုက်ဆံသုံးရတော့မယ်။ ဆရာတစ်ဦးချင်းအနေနဲ့ သင်ရိုးခေါင်းစဉ်တစ်ခုစီအလိုက် သင်ထောက်ကူလိုတယ်။ မာလ်တီမီဒီယာအခန်းတွေမှာလည်း ကွန်ပျူတာတစ်လုံးကို ဘယ်နှယောက်လောက် ဝိုင်းကြည့်နေလဲ။ တာဝန်ထမ်းဆောင်တဲ့အချိန်ကစပြီး ဆရာ၊ ဆရာမတွေက သင်ထောက်ကူပစ္စည်းနဲ့ ထိတွေ့ဖို့၊ သုံးနိုင်ဖို့က တော်ရုံတန်ရုံမလွယ်ပါဘူး။ အခုကျောင်းတွေကလည်း သူတို့ကိုပေးထားတဲ့အချိန်နဲ့ သင်ရိုးကို သတ်မှတ်ထားတဲ့ကာလအမီ သင်ကြားနေရတာပါ။ တချို့ဆရာတွေမှာ တခြားကိစ္စတွေ ဆောင်ရွက်နေရတာလည်း ရှိနေတယ်။ ဆရာတွေကို စာသင်ဖို့ပဲ အာရုံစိုက်နိုင်ဖို့ အားပေးရပါမယ်။ ကျောင်းပေါက်ဝထွက်ပြီး ဂိတ်စောင့်ရတာတို့၊ ဘာတို့က တစ်ကြိမ်တစ်ခါဆို မဆိုးသေးဘူးလေ။

**လက်ရှိ စာမေးပွဲစစ်ဆေးနေမှုအကြောင်း သုံးသပ်ပေးပါ။**

လက်ရှိစာမေးပွဲစနစ်က အခန်းဆုံးစစ်ဆေးမှုတွေလုပ်နေပါတယ်။ တကယ် ချမ်းသာတဲ့နိုင်ငံတွေမှာ ကျောင်းသား လေး၊ငါး၊ဆယ်ယောက်ကို သင်တဲ့နည်းစနစ်ပါ။ ဒီမှာကျောင်းသားက ၈၀ လောက်ရှိတယ်။ စာသင်ကြားတာမှာ ခက်ခဲမှုရှိတာတွေကို ရှာဖွေပြီး ပြန်သင်ကြားပေးတဲ့နည်းပါ။ အဲ့ဒါက ကျောင်းသားနည်းနည်းကို သုံးတဲ့ စစ်ဆေးနည်းပါ။ ဒီမှာကတော့ စာမေးပွဲဆိုတဲ့စနစ်ကြီး လွှမ်းမိုးနေတဲ့အတွက် ပျောက်ကွယ်သွားအောင်ဆိုတဲ့ ရည်မှန်းချက်တစ်ခုနဲ့ အလိုအလျောက် အတန်းတင်ပေးတဲ့စနစ်ကိုသုံးခဲ့တာပါ။ အခုအဲ့ဒီစနစ်ရဲ့ အားနည်းချက်ကိုတွေ့လာပြီ။ ပြင်ဖို့အတွက်လည်း စဉ်းစားနေကြပါပြီ။ ကလေးတွေက စာမေးပွဲရှိမှ စာလုပ်တာမျိုးရှိတဲ့အတွက်၊ အခုအခြေအနေက အချိန်တန်ရင် အောင်မှာမို့လို့ စာမလုပ်တာ ရှိနိုင်တာပေါ့။ ဒါကို ပြန်ပြင်ဖို့လုပ်နေကြပါတယ်။

**ဆရာ၊ ဆရာမတွေရဲ့ အားနည်းချက်၊ အားသာချက်ကို ပြောပြပေးပါ။**

သတင်းနဲ့နည်းပညာ အရမ်းဖွံ့ဖြိုးတိုးတက်နေတဲ့ခေတ်ကြီးမှာ ဖြစ်တဲ့အတွက် အများကြီးအသိအမြင်ရှိလာကြပါပြီ။ တစ်ခုပဲရှိတယ်၊ အဲ့ဒီသိသလောက်ကို အတန်းထဲမှာ အသုံးချလား။ အရင်းအမြစ်တွေကတော့ အများကြီးဖြစ်နေတဲ့အတွက် ခေါင်းစဉ်တစ်ခုကို သင်တော့မယ်ဆိုရင် ကျောင်းကသင်ရိုးထဲကထက် ပိုပြီးသင်နိုင်ပါတယ်။

**စာသင်ခန်းနဲ့ ကျောင်းသားပမာဏ ကွာဟချက်ရှိနေတဲ့အတွက် ဘယ်လိုပြင်ဆင်သင့်ပါသလဲ။**

အခြေခံသတ်မှတ်ချက်ကတော့ ဆရာတစ်ယောက်ကို ကျောင်းသား ၄၀ ရှိရမယ်ပေါ့။ ဒါပေမဲ့ အခု စာသင်ခန်းထဲကိုကြည့်ရင်ကျောင်းသားဦးရေကများနေတယ်။

**စာ(၂၂)သို့**

## သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးသုတေသနသိပ္ပံ ဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၂၇**

သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးသုတေသနသိပ္ပံ (Environment & Economic Research Institute)ကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံနည်းပညာမြို့သစ်ရှိ အမ်စီစီသင်တန်းကျောင်းတွင် တည်ထောင်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံရှိ Keio University၊ ထိုင်းနိုင်ငံရှိ Asian Institute of Technology တို့မှ ပံ့ပိုးကူညီထားကြောင်းသိရသည်။



အဆိုပါဌာနသည် အကြံဉာဏ်ပေးခြင်း၊ ပရောဂျက်စီမံချက်နှင့် စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲခြင်း၊ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း၊ မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံခြင်းနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ လျော့ပါးစေခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို အခမဲ့ဝန်ဆောင်မှု ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှုနှင့် စီပွားရေးဘာသာရပ်များလေ့လာသင်ယူမည့် ဘွဲ့လွန်ကျောင်းသားများအတွက် သုတေသနလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ရန်ရည်ရွယ်ထားသော သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးသုတေသနသိပ္ပံ စတင် ထူထောင်သည့် အခမ်းအနားအား ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

## စီးပွားရေး ဒီပလိုမာတက်ရန် IELTS အမှတ်နည်းသူများ Skype အင်တာဗျူး ဖြေဆိုတက်ရောက်နိုင်

**သီဟ**

ရန်ကုန်၊ဩဂုတ် - ၂၇

University of London မှချီးမြှင့်မည့် Diploma in Economic ဘာသာရပ်အား Singapore Insitiute of Management (SIM) တွင် IELTS ရမှတ်နည်းသူများအနေဖြင့် အွန်လိုင်းစာမေးပွဲတစ်ခုဖြစ်သည့် Skype Interview ဖြေဆို၍ တက်ရောက်နိုင်ကြောင်း သိရသည်။

IELTS ရမှတ် ၄.၅ရရှိသူ ကျောင်းသားကျောင်းသူများသည် လာမည့် စက်တင်ဘာ ၁ရက်မှနိုဝင်ဘာ ၁ ရက်အထိ လျှောက်ထားရမည်ဖြစ်ပြီး ဝင်ခွင့်လိုအပ်ချက်များကို ကျောင်းမှဆုံးဖြတ်သွားမည်ဖြစ်သည်။

Skype Interview အောင်မြင်သူများသည် အင်္ဂလိပ်စာသင်တန်းများအား သုံးလတစ်ဖြတ်စီဖြင့်နှစ်ကြိမ် တက်ရောက်ရမည်ဖြစ်သည်။ IELTS ရမှတ် ၅ရရှိထားသူများသည် ၂၀၁၂ ဇန်နဝါရီ ၁၇ မတိုင်ခင် ဝင်ခွင့်လျှောက်ထားရမည်ဖြစ်ပြီး အင်္ဂလိပ်စာသင်တန်းကို သုံးလတစ်ဖြတ်သာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီပလိုမာအတန်းပြီးဆုံးပါက University of London မှချီးမြှင့်မည့် Bachelor of Science(Hons) ဘွဲ့များအား Accounting and Finance, Banking and Finance, Economic and Finance အစရှိသည့် စီးပွားရေးဆိုင်ရာ ဘာသာရပ်များအား အထူးပြု၍ တက်ရောက်နိုင်ကြောင်း သိရသည်။

## စင်ကာပူ ရီပက်ဘလစ်ပိုလီကျောင်း ကျောင်းဝင်ခွင့်လွှာ လက်ခံမည့် နောက်ဆုံးရက်သတ်မှတ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၂၅**
စင်ကာပူနိုင်ငံရှိ ရီပက်ပလစ်ပိုလီကျောင်း၏ လာမည့်နှစ် ဧပြီလ ကျောင်းဝင်ခွင့်လျှောက်လွှာများအားစက်တင်ဘာလ၅ရက်နောက်ဆုံးလျှောက်ထားနိုင်ကြောင်း SYM ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။

ကျောင်းလျှောက်ထားလိုသော ကျောင်းသားများအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာရပ်ငါးခု ပျမ်းမျှရမှတ် ၇၀ ရာခိုင်နှုန်းနှင့်အထက် ရရှိထားရမည်ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု IELTS (သို့မဟုတ်) TOEFL လက်မှတ်ရရှိထားပါက ကျောင်းဝင်ခွင့်ရရှိရန် အခွင့်အလမ်းကောင်းကြောင်းသိရသည်။

ကျောင်းဝင်ခွင့်အတွက် ပဏာမရွေးချယ်ခံရသူများအနေဖြင့် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံတွင် ကျောင်းဝင်ခွင့်စာမေးပွဲသွားရောက်ဖြေဆိုရမည်ဖြစ်သော်လည်း သတ်မှတ်ကျောင်းသားအရေအတွက်ပြည့်မီပါက ပြည်တွင်း၌ စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။ စာမေးပွဲကြေးမှာ စင်ကာပူဒေါ်လာ ၈၀ဖြစ်သည်။

အဆိုပါကျောင်းတွင်မြန်မာကျောင်းသားများ လေ့လာသင်ယူနိုင်သော ဘာသာရပ်များမှာ Engineering၊ Applied Science၊ Information & Communication Technology၊ Technology for Art၊ Sport Health & Leisure၊ Hospitality Course၊ Culture & Communication တို့ဖြစ်ပြီး အသစ်တိုးချဲ့သင်ကြားမည့် ဘာသာရပ်များဖြစ်သော Diploma in Sport Coaching၊ Diploma in Mobile Software Development နှင့် Diploma in Consumer Behaviour and Research တို့ကို တက်ရောက်သင်ယူနိုင်ကြောင်းသိရသည်။

## စာရင်းကိုင်မဟာဘွဲ့ စင်ကာပူတွင် တက်နိုင်

သီဟ

**ရန်ကုန်၊ဩဂုတ် - ၂၇**
စာရင်းကိုင် ကျွမ်းကျင်ပညာရပ်ဆိုင်ရာမဟာဘွဲ့ Master of Professional Accounting အား စင်ကာပူနိုင်ငံရှိ Kaplan Higher Education တွင်တက်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါဘွဲ့အား ဩစတေးလျနိုင်ငံ Murdoch University မှချီးမြှင့်မည်ဖြစ်ပြီး Accounting for Manager, Quantitative Methods for Business, Law for Business, Business Finance, Economics and Business strategy အစရှိသည့် ဘာသာရပ်များအပါအဝင် ဘာသာရပ် ၁၂ ခုသင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MPA ဘွဲ့သည် CPA ဩစတေးလျနှင့် အခြားနိုင်ငံတကာအသိအမှတ်ပြု စာရင်းအင်းဆိုင်ရာအဖွဲ့အစည်းများမှအသိအမှတ်ပြုဘွဲ့တစ်ခုဖြစ်သဖြင့် ကျောင်းပြီးပါက အလုပ်အကိုင်ရှာဖွေရာတွင်လွယ်ကူနိုင်ကြောင်း Crown Education မှသိရသည်။

တက်ရောက်လိုသော ကျောင်းသားများအနေဖြင့် ဘွဲ့တစ်ခုခုရရှိထားရန်လိုအပ်ပြီး မိမိတို့သင်ယူခဲ့သည့် ဘွဲ့သည် အင်္ဂလိပ်ဘာသာဖြင့် သင်ယူခဲ့သည်ဟု အထောက်အထားပြနိုင်ပါက IELTS/TOEFL ရမှတ်များ တင်ပြရန် မလိုအပ်ကြောင်း သိရသည်။

သင်တန်းကာလ ၁၆ လကြာသင်ကြားရမည့် အဆိုပါ ဘွဲ့အတွက်ကုန်ကျစရိတ်မှာ စင်ကာပူဒေါ်လာ နှစ်သောင်းကျော်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

## စာ - ၂၁၊ ဒေါက်တာမျိုးတင့်နှင့်အင်တာဗျူး မှ

တစ်ခန်းကို ကျောင်းသား ၇၀၊ ၈၀ ထိဖြစ်နေတယ်။ သူငယ်တန်းကနေ ဆယ်တန်းထိ သင်တဲ့ကျောင်းတွေမှာ ကျောင်းသားတွေစုပြုံနေတယ်။ အဲဒီကျောင်းကြီးတွေနဲ့ ကပ်နေတဲ့ မူလွန်ကျောင်းတွေမှာ ကျောင်းသားဦးရေက နည်းနေတယ်။စာသင်ခန်းတွေမှာကျောင်းသားဦးရေ လျှော့ချဖို့က မနက်ကျောင်း၊ ညနေကျောင်းတွေ ခွဲသင်ဖို့ပါပဲ။ ကျောင်းအသစ်တွေ ဆောက်နိုင်ရင်တော့ ကောင်းတာပေါ့။ နောက်တစ်ခုက ဆရာ၊ ဆရာမတွေ များများခန့်ပေးဖို့ပါ။ အဲဒီအတွက် ဆရာတွေ များများ မွေးထုတ်ရမှာပေါ့။ ထူးချွန်တဲ့ ကျောင်းသားတွေ ပညာရေးတက္ကသိုလ်တွေကို ရောက်လာဖို့ ဆွဲဆောင်မှုတွေ လုပ်ရမှာပေါ့။

**ကျောင်းသားတိုင်းနီးပါး ပြင်ပကျူရှင်ကို မှီခိုနေတဲ့အပေါ် ဘယ်လို ထိန်းညှိသင့်ပါသလဲ။**

ကျူရှင်က အခုမှ မဟုတ်ဘူး။ဟိုအရင်တည်းက ရှိခဲ့တာပါ။ဘာလို့လဲဆိုတော့ ကျောင်းစာမကြေလို့ပါ။ ကျောင်းမှာ ကလေးက စာကောင်းကောင်းမကြေတော့ ကျူရှင်တက်ရတာပေါ့။ စာကြေတဲ့သူတွေကလည်း အမှတ်များများ ပိုရချင်တယ်။ ကျူရှင်ကို ထိန်းညှိနိုင်ဖို့ ကျောင်းကောင်းကောင်းတွေလိုပါတယ်။ ကျူရှင်ယူစရာမလိုလောက်အောင် သင်ပေးနိုင်တဲ့ကျောင်းတွေဖြစ်လာအောင် လုပ်ရမယ်။ ကျူရှင်ဆရာတွေကလည်းကိုယ်ပိုင်ကျောင်းတွေကနေ ကျောင်းသားတွေ တတ်အောင် သင်ပေါ့။


**-အချိန်ပေး ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

DANAR Management Service Employment Agency & ARAK Management Consultancy & HR Training Center
No .164 , Ground Floor , 37th Street , Kyauktada Township , Yangon ,Myanmar , Tel :01- 253808 , 01-391468 , 01-374119
Free fast visa & joining ticket, two years vocation ticket free , no agency fee,
၁။ U.A.E နိုင်ငံ No.1 biggest retail & Hypermarket Group Products such as Food Item , Fashion Clothes , Foot Wear , Home Applicant , Watches & Jewellary , Computer , Cosmetic , Electronic and .........etc များအတွက် အောက်ပါလုပ်ငန်းများအမြန်အလိုရှိသည်။
▲ Interview Date - 5th - 7th Sep 2011 ( Apply Now !!!)

| | | |
|---|---|---|
| 1.Sales/Cashiers | 200 | 1450-1600 Dhs |
| 2.Stockers/Checkers | 50 | 1450-1600 Dhs |
| 3.Butchers/Fish Mongers | 20 | 1450-1600 Dhs |
| 4.Receiving Clerk/Clerk(IT) | 20 | 1450- 1600 Dhs |
| 5.Data Entry | 15 | 1450-1600 Dhs |
| 6.Technician(maintenance) | 10 | 1450-1600 Dhs |
| 7.Baker/Pastry | 15 | 1450-1600 Dhs |

Required Big number,Good Chance to get good job,to join Biggest Group in UAE!!!

+ free accommodation+ free transportation , 8 hours /day ,6 days /week work , age 20-35 years old .
+free medical & free life insurance, yearly Bonus .
send CV to arakhr.myanmar@gmail.com



Technology
7DAY NEWS
Vol.10, No.24 • SEPTEMBER 1, 2011

# လက်ရှိနိုင်ငံအတွင်း အင်တာနက်အသုံးပြုနိုင်မှုအခြေအနေအပေါ် ပညာရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း

ယုဇနကိုကို

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်တက်လာပြီးနောက်ပိုင်းတွင် ပင်စင်စားများ၏ ခံစားခွင့်များကို တိုးမြှင့်ပေးခြင်း၊ ဝင်ငွေခွန်များကို လျှော့ချပေးလိုက်ခြင်းနှင့်အတူ အခြားသောဆက်နွယ်နေသည့်နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ရေးဆိုင်ရာများနှင့်ပတ်သက် သည့်အပြောင်းအလဲများကို တစ်ဆင့်ချင်း ပြုလုပ်ပေးရန် ပြောဆိုလာသည်။

ထိုကဲ့သို့သော အပြောင်းအလဲများတွင် သိသာထင်ရှားစွာ ပြောင်း လဲရခြင်းမရှိသေးသည့် အရာတစ်ခုမှာ ယခုခေတ်အခြေအနေအရ မရှိမဖြစ်လိုအပ်လာပြီဖြစ်သည့် အင်တာနက်သုံးစွဲမှုလွတ်လပ်ခွင့်နှင့်ဆက်သွယ်ရေးစနစ် အဆင့်အတန်းတို့ဖြစ်သည်ဟု နိုင်ငံ၏ ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် အသုံးပြုသူများကဆိုနေကြသည်။

ထို့အပြင် ယခုလက်ရှိ အချိန်ကာလတွင် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအဆောက်အဦတိုင်းတာမှုကိုယင်းနိုင်ငံ၏အင်တာနက်မြန်နှုန်းများနှင့်တိုင်းတာနေကြပြီဟုလည်းအထက်ပါကွန်ပျူတာပညာရှင်များက ဆိုကြသည်။

ထို့အတွက် လက်ရှိကာလတွင်မြန်မာနိုင်ငံ၏အင်တာနက်အသုံးပြုခွင့်လွတ်လပ်မှုနှင့်ဆက်သွယ်ရေးစနစ်အခြေအနေတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဥက္ကဋ္ဌဖြစ်ပြီး မန္တလေးမြို့တွင် ပုဂ္ဂလိကနည်းပညာကုမ္ပဏီတစ်ခုကိုပါတည်ထောင်ထားသူ ကွန်ပျူတာပညာရှင် ဦးရဲမြတ်သူနှင့် တွေ့ဆုံမေး မြန်းထားသည်များမှ ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အစိုးရသစ်အနေနဲ့ အခုလို အပြောင်းအလဲအချို့ရှိလာတဲ့ အချိန်မှာ အိုင်တီစီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနဲ့ရော၊ ကွန်ပျူတာပညာရှင် တစ်ဦးအနေနဲ့ပါ မြန်မာနိုင်ငံရဲ့ အင်တာနက်သုံးစွဲမှုလွတ်လပ်ခွင့်ကို ဘယ်လိုအပြောင်းအလဲတွေ ဖြစ်စေချင်ပါသလဲ။**

ကိုယ့်လူမျိုးကိုခက်အောင်လုပ်ထားရင်၊ မလုပ်တတ်အောင်၊ ထိတွေ့ခွင့်မရအောင်၊ ဈေးကြီးအောင်လုပ်ထားရင် ကျန်တဲ့နိုင်ငံတွေနှပ်သမျှ၊ အနိုင်ကျင့်သမျှခံကြရမှာဖြစ်လို့ ပိတ်ပင်မှုတွေ၊ စရိတ်ကြီးမြင့်မှုတွေကို လျှော့ချဖယ်ရှားပစ်ဖို့လိုပါတယ်။


မလုပ်သင့်တာလုပ်သူကိုဥပဒေအရအရေးယူတာမျိုးပဲ လုပ်ဖို့လိုတာပါ။ မဟုတ်ရင် တိုင်းပြည်စီးပွားရေးဘယ်တော့မှ နာလန်မထူနိုင်ပါဘူး။ နောက်သုံးစွဲသမျှ နှေးကွေးခြင်းကတိုင်းပြည်ရဲ့လုပ်အားတွေကိုဝါးမျိုသွားတာလို့မြင်ဖို့လိုပါတယ်။

**လက်ရှိ မြန်မာနိုင်ငံရဲ့ အင်တာနက်ဆက်သွယ်မှုကိုလွတ်လပ်စွာအသုံးပြုနိုင်ခွင့်နဲ့ပတ်သက်ပြီး သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

လောလောဆယ် Port တွေပိတ်ထားတာကြောင့်လိုင်းတွေကျပ်နေသလို Online ပေါ်မှာလည်း Data သုံးဖို့ခက်ခဲစေပါတယ်။ ဆိုက်တွေလိုက်ပိတ်ပစ်တာထက် Cyber Police တွေဖွဲ့ပြီး အလုပ်လုပ်စေချင်ပါတယ်။

**အခုလက်ရှိမြန်မာနိုင်ငံမှာ အသုံးပြုခွင့်မရတဲ့ (ဘန်းခံထားရတဲ့) ဝက်ဘ်ဆိုက်တွေမှာ တကယ် အသုံးပြုသင့်တဲ့ ဆိုက်မျိုးတွေ ပါဝင်နေပါသလား။**

အရင်ကတော့ .mm မဟုတ်ဘဲ အပြင်မှာလုပ်ထားတဲ့ htoo-taza ၊ mghal စတာတွေရဲ့ နည်းပညာဆိုက်တွေ၊ zawgyi.net လိုဆိုက်တွေပါ ပိတ်ထားခဲ့ပါတယ်။ အခုတော့ပြန်ပွင့်နေပါပြီ။ Apple တောင်ပိတ်ခံထားရဖူးပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**လတ်တလောအသုံးမပြုနိုင်သေးတဲ့ ဝက်ဘ်ဆိုက်တွေထဲမှာ ဘယ်လိုဆိုက်မျိုးတွေကို ဖွင့်ပေးစေချင်ပါသလဲ။ ဘာကြောင့်ပါလဲ။**

အဓိကကတော့ YouTube လိုဆိုက်မျိုးပါ။ သူ့ဆီမှာတစ်ကမ္ဘာလုံးက ပညာရပ်အစုံရဲ့ စာသင်ခန်းလက်ချာတွေ အကုန်ရှိပါတယ်။ တက္ကသိုလ်တစ်ခုလိုအားကိုးနိုင်ပါတယ်။ သူ့ကိုပိတ်ထားလည်းနေရာစုံမှာရုပ်ရှင်တွေကြည့်ရနေချိန်မှာ၊ လက်သန်းလောက်သော SD Card လေးနဲ့ ဖုန်းထဲကနေ လိုရာယူသွားနိုင်ချိန်မှာ၊ သန်းပေါင်းထောင်ချီတဲ့ထဲကနေ ရှာကြည့်မှရတဲ့၊ တချို့မကြည့်လိုတဲ့ဟာလေး တစ်ခုနဲ့ ဒါကိုပိတ်ထားတာ အဆင်မပြေပါဘူး။ လူအချို့က သူတို့ရဲ့ အလုပ်လုပ်နေကြောင်းပြဖို့အတွက်ကလေးနဲ့ ICT Industry သာမက အခြားစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတွေအတွက် ပါအနှောင့်အယှက်ဖြစ်နေတာပါ။

**Youtube လိုဝက်ဘ်ဆိုက်မျိုးကို ပြန်လည်အသုံးပြုနိုင်ခဲ့မယ်ဆိုရင် ဘယ်လိုအကျိုးအမြတ်တွေ၊ ဘယ်လိုအပြောင်းအလဲတွေရလာနိုင်မယ်လို့ သုံးသပ်ပါသလဲ။**

အစွမ်းထက်တဲ့ tool တစ်ခုဖြစ်လို့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍတွေအတွက် အလွန် အကျိုးရှိပါတယ်။ မလိုလားအပ်တာတွေကို သုံးတာတွေအတွက်တော့ သီးသန့်စဉ်းစားပေါ့။

**နိုင်ငံတကာမှာရော အစိုးရက ခွင့်မပြုတဲ့ ဝက်ဘ်ဆိုက်မျိုးတွေရှိပါသလား။ ရှိခဲ့ရင်ဘယ်လို ဆိုက်မျိုးတွေဖြစ်မလဲ။**

တရုတ်လိုနိုင်ငံမျိုးမှာ ပိတ်တယ်ဆိုတာတွေရှိပါတယ်။ သို့သော်သူတို့နေ့တဓူဝသုံးစွဲမှုကို ထိတစ်ခုခုမလုပ်စေချင်ရင် အခြားတစ်ခုအစားထိုးဖို့ စဉ်းစားပြီးမှ ပိတ်သလိုမျိုး . . . . ဥပမာ ပြောရရင် စင်ကာပူမှာ မကြည့်စေလိုတာ သုံးနေရင် သက်ဆိုင်ရာက ယဉ်ယဉ်ကျေးကျေးလှမ်းပြီးမသုံးဖို့ သတိပေးတာမျိုးတွေရှိတယ်။ အဓိကကတော့ Porn Site (ညစ်ညမ်းဆိုက်)တွေကို ပိတ်ကြတာများပါတယ်။

**မြန်မာနိုင်ငံရဲ့ အင်တာနက် လွတ်လပ်ခွင့်ကိုအစိုးရသစ်လက်ထက်မှာ ဘယ်လောက်အတိုင်းအတာအထိမျှော်မှန်းထားပါသလဲ။**

အရင်ကထက်တော့ တိုးတက်နေပါတယ်။ အစိုးရနဲ့ ပြည်သူယုံကြည်မှုဘယ်လောက်တည်ဆောက်နိုင်မလဲဆိုတာနဲ့လည်း ဆိုင်နေတယ်။ အလွဲသုံးစားလုပ်သူတွေကိုတော့ သုံးစွဲသူချင်းရှုတ်ချရမှာပါ။

**ပြည်တွင်းအင်တာနက်ဆက်သွယ်ရေးစနစ်လည်းပတ်ပုံနဲ့ပတ်သက်ပြီးလည်း သိချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အင်တာနက်ဆက်သွယ်ရေးစနစ်အဆင့်က အိမ်နီးချင်းနိုင်ငံတွေနဲ့နှိုင်းယှဉ်မယ်ဆိုဘယ်လိုအနေအထားမှာရှိနေပါသလဲ။**

မြန်မာပြည်မှာ iPstar တွေ၊ Broadband တွေပေါ်တော့ အမြန်နှုန်းရော၊ ဈေးနှုန်းပါ ယိုးဒယားနဲ့အတူတူပဲ။ အခုသူတို့ကအရင် 256Kb ၊ 10Mb၊ 20Mb တွေရနေချိန်မှာ ကျွန်တော်တို့က ပိုနှေး၊ ပိုပေးနေရပါတယ်။ စင်ကာပူက အမေရိကားကိုအမီလိုက်နိုင်ဖို့ 50Mb ကနေ 500Mb ကိုကူးပြောင်းဖို့အတွက် အိမ်ရာတော်တော်များများမှာ ဈေးပေါပေါနဲ့ စဖို့လုပ်နေပါပြီ။ ဘူတန်မှာ၊ နီပေါမှာ အစိုးရက တယ်လီဖုန်းမပေးနိုင်တဲ့တောင်ပေါ်ရွာတွေရဲ့ ဆက်သွယ်ရေးကိုအင်တာနက်ကနေပဲ အသုံးပြုနိုင်အောင်လုပ်ပေးထားပါတယ်။ အင်တာနက်ကအရောင်းအဝယ်ကို မိုဘိုင်းကနေတစ်ဆင့် ရွာကနေထိုင်သူတွေသုံးနိုင်နေပါပြီ။ မြန်မာပြည်ဆိုရင် ဘင်္ဂလားနယ်စပ်နဲ့ တရုတ်နယ်စပ်၊ ယိုးဒယားနယ်စပ်တွေမှာ လူတိုင်းကိုင်နိုင်နေပါတယ်။ နောက်ပိုင်း GSM ပေါ်လာရင်တော့ကောင်းလာမှာပါ။

**အစိုးရအနေနဲ့ လက်ရှိပြည်သူတွေ အသုံးပြုနိုင်နေတဲ့ အင်တာနက်လိုင်းအမျိုးအစားတွေနဲ့မြန်နှုန်းတွေကိုဘယ်လိုပြုပြင်ပြောင်းလဲသင့်တယ်လို့ထင်ပါသလဲ။**

နိုင်ငံတော်က ပေါ်လစီနဲ့ ထိန်းတဲ့ စံနှုန်းတွေရှိတဲ့အပေါ်မှာ နိုင်ငံသားတိုင်းအဆင့်ဆင့်လုပ်နိုင်ခွင့်ရှိဖို့လိုပါတယ်။ တစ်နိုင်တစ်ပိုင်ဝန်ဆောင်မှုတွေပေါ်ပေါက်လာသင့်ပါတယ်။ တိကျတဲ့ဆက်သွယ်ရေးဥပဒေလိုအပ်ပါတယ်။ အပြိုင်အဆိုင်တွေရှိသင့်ပါတယ်။

စာ(၂၄)သို့






7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

စာ(၂၃) - လက်ရှိနိုင်ငံအတွင်း အင်တာနက်အသုံးပြုနိုင်မှုအခြေအနေအပေါ် ပညာရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း မှ

လှုပ်ရှားပြောင်းလဲရ လွယ်တဲ့ ဆုံးဖြတ်ချက်တွေနဲ့ အလုပ်လုပ်နိုင်သူတွေကိုပဲဦးဆောင်စေသင့်ပါတယ်။

**အင်တာနက်ဆက်သွယ်မှုကို မရှိမဖြစ်၊ အဓိကမှီခိုသုံးနေရတဲ့စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ၊ ကျောင်းသားတွေနဲ့ အခြားသက်ဆိုင်သူတွေရဲ့လိုအပ်ချက်တွေကိုပြည်တွင်းရဲ့ အင်တာနက်ဆက်သွယ်ရေးစနစ်တွေက ဘယ်လောက်အတိုင်းအတာအထိဖြည့်ဆည်းပေးနိုင်တယ်လို့ထင် မြင်ပါသလဲ။**

အစိုးရကတော့ အစိုးရလှုပ်ရှားနိုင်သလောက် ဗျူရိုကရေစီအတွင်းကပဲ ရနိုင်မှာပါ။ ဆက်သွယ်ရေးက အင်ဂျင်နီယာတွေက စေတနာနဲ့ ကြိုးစားပေးနေကြတာတွေ့ရပါတယ်။ သို့သော် ပြောင်းလဲမှုများတဲ့၊ မရေရာတဲ့နည်းပညာနယ်ပယ်မှာ၊ အာမခံရခက်တဲ့အနေအထားမှာ ပညာရှင်ဝန်ထမ်းတွေနဲ့ အုပ်ချုပ်သူတွေအကြား ဆက်ဆံရေးကတော့ လေးလံစေတာတွေတော့တွေ့နေရပါတယ်။ တကယ်တော့ အင်ဂျင်နီယာဆိုင်ရာတွေအပြင် သတင်းအချက်အလက်ကိုကိုင်တွယ်မယ့် အစိုးရအဖွဲ့အစည်းထက်ထက်မြက်မြက်တစ်ခုလိုပါတယ်။ သူတို့ဟာ ပြင်ပရဲတွေ လူတွေကိုကာကွယ်သလို အကျိုးပြုသလို ကူညီသလို Visual World Online မှာလုပ်နိုင်ဖို့ ပြင်ပမှာ လူဆိုးတွေကိုထိန်းသိမ်းနိုင်သလို Online မှာလည်း ထိန်းသိမ်းနိုင်ဖို့လိုပါတယ်။

**နိုင်ငံတစ်နိုင်ငံရဲ့ အင်တာနက်စနစ်ကောင်းမွန်မှုဟာ အခုလက်ရှိအချိန်မှာဘယ်လောက်အတိုင်းအတာအထိ အရေးပါနေပါပြီလဲ။**

အခုနောက်ပိုင်းမှာ တိုင်းပြည်ရဲ့အခြေခံအဆောက်အဦကို Internet Speed နဲ့တိုင်းပါတယ်။ နိုင်ငံသားတိုင်းရဲ့ globalization ယှဉ်ပြိုင်နိုင်ခွင့်မှာ လူတိုင်း access လုပ်နိုင်ခွင့်နဲ့တိုင်းပါတယ်။ အာဖရိကမှာတောင် နှစ်စဉ်သန်းချီတဲ့ ပညာရေးသုံးစက်တွေနဲ့ တောကကလေးတွေ နိုင်ငံတကာ ပညာရေးထဲဝင်ဖို့ တိုးနေကြပါပြီ။ တိုးတက်တဲ့နိုင်ငံကြီးတိုင်း Speed အမြန်ဆုံးဖြစ်သလို သုံးစွဲမှုကုန်ကျစရိတ်လည်း အနည်းဆုံးပါ။

**ပြည်တွင်းရဲ့ အင်တာနက်ဆက်သွယ်ရေးစနစ်မှာမြန်နှုန်းတွေမြင့်လာမယ်၊အသုံးပြုခတွေ ပိုလျော့လာမယ်ဆိုရင်ဘယ်လိုနေရာတွေမှာဘယ်လိုအပြောင်းအလဲတွေဖြစ်လာနိုင်မယ်လို့ထင်ပါသလဲ။**

တိုင်းပြည်စီးပွားရေးမှာဆိုရင် ဆက်သွယ်ရေးစရိတ်တွေကျလာမယ်။ အမြတ်ကြီးစား ကြားခံတွေကကနေ တကယ့်ထုတ်လုပ်သူတွေနဲ့လုပ်ကိုင်ဆောင်ရွက်လာနိုင်မယ်။ ပြည်တွင်းဖြစ်တွေကိုပိုရအောင်ရောင်းဖို့ Value Added လုပ်နိုင်ဖို့ရှာဖွေအသုံးချနိုင်ကြမှာဖြစ်သလိုပြည်ပကနေလည်းတန်ဖိုးရှိတဲ့ Technical Transfer, Service Support တွေထိုက်ထိုက်တန်တန်ရရှိနိုင်မှာပါ။ ပညာရေးကတော့ ကမ္ဘာ့အဆင့်မီလူသားအရင်းအမြစ်ဖြစ်ဖို့ On-line ကိုမမြင်ဘူးလို့မရတော့ဘူး။ ကျန်းမာရေးအတွက်ဆိုရင်လည်း ကျေးရွာတွေအထိရောက်မှ သူတို့ကို နေရာစုံကနေ ကူညီဖို့လမ်းပွင့်သွားမယ်။ အရေးကြီးဆုံးကတော့တိုင်း ပြည်ရဲ့အချက်အလက်အမှန်မရဘဲ ဆုံးဖြတ်ချက်ချသူတွေ အမှန်သုံးသပ်လို့မရတော့ဘူး။ ရောဂါရှာဖွေရေး အချက်အလက်အပေါ် ဆရာဝန်တွေဆေးကုဖို့ ဆုံးဖြတ်သလို တိုင်းပြည်အကြောင်း သေချာသိနေဖို့လမ်းကြောင်းမှန်ကိုရွေးမိစေဖို့ ဒီစနစ်မရှိလို့ကိုမရဘူး။

**အစိုးရက e-Government ကို ဆောင်ရွက်မယ်ပြောပါတယ်။ အဲဒီလို အီလက်ထရွန်နစ် အစိုးရဖြစ်ပေါ်ဖို့အတွက်လက်ရှိ အသုံးပြုနေကြရတဲ့အင်တာနက်မြန်နှုန်းတွေက အလုပ်ဖြစ်မယ်လို့ထင်မြင်ပါသလား။**

မြန်နှုန်းဆိုတာထက် ယုံကြည်စိတ်ချတည်ငြိမ်တဲ့ အမြန်နှုန်းရှိဖို့လိုပါတယ်။ အင်တာနက်မရတောင် ပြည်တွင်းသတင်းဆက်သွယ်မှုလမ်းကြောင်းမြန်ဖို့လိုပါတယ်။ ဟိုင်းဝေးလမ်းမကြီးတွေလိုအပ်သလို Informaition Hight Way တွေအတွက် နေရာစုံအလုပ်ဖြစ်တဲ့ တကယ်သွားလို့ရတဲ့ ဆက်သွယ်မှုလမ်းကြောင်းလိုပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့နေရာမှာ အစစဈေးကြီးတာ၊ မဖွံ့ဖြိုးတာလိုဘဲ သတင်းလမ်းမကလည်းရှိဖို့လိုသလို မြန်ဖို့များ များသွားနိုင်ဖို့ ပိတ်မနေဖို့လိုပါတယ်။ e-Government အတွက်ဆိုရင်တော့ နည်းပညာအပြင် သတင်းအချက်အလက်နဲ့ လုပ်ထုံးလုပ်နည်း၊ အခြေခံအဆောက်အဦရှိပြီးဖြစ်ဖို့လိုပါမယ်။

**အိမ်နီးချင်းနိုင်ငံတွေက အစိုးရတွေက သူတို့ပြည်သူတွေ ကိုပေးနေတဲ့ အင်တာနက်ဝန်ဆောင်မှုတွေက ဘယ်လိုပုံစံမျိုးတွေဖြစ်မလဲ။**

အင်တာနက်သုံးဖို့ ဈေးကြီးပစ္စည်းတွေဝယ်ခိုင်းတဲ့ စနစ်မရှိတော့ဘူး။ လွယ်အောင်၊ မြန်အောင်၊ သက်သာအောင် ပေးထားတာတွေတွေ့ရတယ်။ တယ်လီဖုန်းအဆင့်လောက်ကိုတောင် မြန်မြန်ဆန်ဆန်စနစ်နဲ့ ပျံ့နှံ့အောင်ပေးနေပြီး အဆောက်အဦတိုင်းမှာ ဖိုက်ဘာနဲ့သက်သာအောင်လုပ်ပေးထားတယ်။ စင်ကာပူမှာ ကားရပ်တာ၊ ဘတ်စ်ကား လာတဲ့အချိန်ကစ ပြည်သူကိုအချိန်နဲ့တစ်ပြေးညီသိစေပါတယ်။ SMS နဲ့ အခမဲ့ငွေပေးယူနိုင်တာ အလုပ်လုပ်နိုင်တာတွေကိုဆင်းရဲတဲ့ နိုင်ငံတွေမှာပါရနေပါပြီ။ ဖုန်းနဲ့ပဲအရောင်းအဝယ်လုပ်နိုင်တာတွေကြောင့်တိုင်းသူပြည်သားအားလုံးဆိုတဲ့အထိ လှမ်းနိုင်နေပါပြီ။

**အစိုးရသစ်အနေနဲ့ မြန်မာနိုင်ငံရဲ့အင်တာနက်သုံးစွဲခြင်းလွတ်လပ် ပိုင်ခွင့်နဲ့ အင်တာနက်ဆက်သွယ်မှုစနစ်အဆင့်ကိုလက်ရှိကာလထက်လွတ်လပ်ခွင့်၊မြန်မြန်ဆန်ဆန် အသုံးပြုလာနိုင်ခွင့်တွေအဖြစ် ပြောင်းလဲပေးလိမ့်မယ်လို့ရော မျှော်လင့်ထားပါသလား။**

လက်ရှိကာလအတွင်းမှာ အခြားသောကြိုဆိုစရာ အပြောင်းအလဲတွေဖြစ်လာတဲ့အတွက် ဆက်သွယ်ရေးစနစ်တွေမှာလည်း ကောင်းသောပြောင်းလဲခြင်းတွေဖြစ်လာမယ်လို့ယုံကြည်ပါတယ်။ သမ္မတကြီးကိုယ်တိုင် Good Governance နဲ့ Clean Government ကိုပြောနေတော့ ဒီစနစ်တွေမရှိဘဲ လုပ်မရတဲ့အတွက် ဖြစ်လာမယ်လို့ယုံကြည်မိတာပါ။ သို့သော်ပြောင်းလဲမှုတိုင်းမှာ Resist ရှိနေတဲ့အတွက် ကြိုးစားအားထုတ်မှုရှိဖို့တော့လို အပ်မှာပါ။ အခုခေတ်မှာ ဒီဟာမရှိရင် ကမ္ဘာ့စည်းထဲဝင်မရနိုင်တော့ဘူးဆိုတဲ့အထိ နိုင်ငံစုံမှာလည်ဖြစ်နေတော့ ကျွန်တော်တို့လည်း ဒီလမ်းကြောင်းကို သွားနေတာသေချာလို့ မကြာခင်မှာပဲ ဖြစ်လာလိမ့်မယ်လို့ယုံကြည်ပါတယ်။ နိုင်ငံသား အားလုံးနဲ့ အစိုးရရဲ့စိတ်ကောင်းစေတနာကောင်းတွေနဲ့ ကိုယ့်တာဝန်ကိုယ်ယူပြီး အခက်အခဲတွေကို ကျော်ဖြတ်တည်ဆောက်သွားနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။



7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011



# တင်သွင်းကုန်များ၏ စားသောက်ကုန် အာမခံချက်စိစစ်စေလို

မေဝင်းမွန်

ရန်ကုန်၊ ဩဂုတ် – ၂၃

စားသောက်ကုန်ပစ္စည်းများတွင် စားသုံးသူကို အာမခံချက်ပေးနိုင်သည့် Distributor Registration မှာ အရေးပါသည့်အချက်တစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရက ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများကို စနစ်တကျစိစစ်ထိန်းချုပ်ပေးသည့် စနစ်မျိုးကို ကျင့်သုံးစေလိုကြောင်း ကုန်သွယ်မှုဆိုင်ရာကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ပြည်တွင်းထုတ်ကုန်အများစုမှာ အစိုးရက စိစစ်ဆောင်ရွက်ခြင်း၊ အခွန်ကောက်ခံခြင်း၊ ထိန်းချုပ်ခြင်းတို့ ဆောင်ရွက်သော်လည်း ပြည်ပကတင်ပို့သည့်ပစ္စည်းများကို တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေစစ်ဆေးခြင်းမရှိဟုသိရသည်။

"အခြားနိုင်ငံကို အိတ်စ်ပို့လုပ်မယ်ဆိုရင် သူတို့ရဲ့FDA မှာ အစစ်ဆေးခံရတယ်။ သူတို့နိုင်ငံထဲမှာရောင်းမယ်ဆိုရင် ဘယ်သူကနေတစ်ဆင့် ရောင်းမှာလဲဆိုပြီး မဖြစ်မနေမှတ်ပုံတင်ရတယ်။ အထုပ်တိုင်းမှာ ဒီလူကဒီပစ္စည်းကိုရောင်းပါတယ်ဆိုတာကိုကပ်ရတယ်။ သူတို့နိုင်ငံသားတွေနားလည်နိုင်မယ့် စာသားတွေ ပါရမယ်။ သူတို့နိုင်ငံမှာ ထုတ်ပြန်ထားတဲ့ဥပဒေနဲ့ညီညွတ်ရမယ် စတာတွေနဲ့ ထိန်းထားတယ်။ ဒီဈေးကွက်ကိုသေချာလုပ်မယ့်သူမှသာလျှင် သူတို့ရဲ့စည်းကမ်းချက်တွေအတိုင်းလိုက်လုပ်နိုင်မယ်။ အခွင့်ရေးသာသလိုလုပ်မယ့်သူကတော့ ဒါမျိုးတွေ လိုက်မလုပ်နိုင်ဘူး။ ဒုတိယတစ်ချက်က စားသောက်ကုန်ပဲဖြစ်ဖြစ်၊ ဆေးဝါးပဲဖြစ်ဖြစ်၊ လျှပ်စစ်ပဲဖြစ်ဖြစ် Mass Market ထဲကို တစ်ခုခုရောက်သွားတာနဲ့ ပစ္စည်းတိုင်းဟာ ချို့ယွင်းတတ်တယ်။ ချို့ယွင်းသွားတယ်ဆိုရင် ခုကဘယ်သူ့မှာမှတာဝန်မရှိဘူးဖြစ်နေတယ်" ဟုကုန်သွယ်မှုဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကပြောသည်။ "ပြည်တွင်းထွက်ကုန်တွေက ဆိုရှင်းတယ်။ တစ်ခုခုများဖြစ်ခဲ့တယ်ဆိုရင်ဘယ်သူထုတ်တယ်ဆိုတာပါတော့တန်းပြီးဘယ်သူဘယ်ဝါကိုအရေးယူတာမျိုးလုပ်လို့ရတယ်။ အခြားနိုင်ငံက ကုန်ပစ္စည်းကြောင့်ဝမ်းပျက်ဝမ်းလျှောဖြစ်တာပဲဖြစ်ဖြစ်၊ ကျန်းမာရေးထိခိုက်တာပဲဖြစ်ဖြစ်ဘာတာဝန်မှမရှိဘူး။ သူတို့Expiry date တွေပြင်လိုက်တာပဲဖြစ်ဖြစ်အကုန်လုပ်လို့ရနေတာပဲ။ အခြားနိုင်ငံကဝင်လာတာမျိုးကျတော့ ဘယ်သူ့သွားပြီးအရေးယူမလဲ။ စားသောက်ကုန်တွေတင်မကဘူး၊ ဆေးဝါးတွေဆိုရင်လည်းသုံးစွဲသူကို ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် Distributor Registration ဆိုတာသိပ်အရေးကြီးပါတယ်" ဟုအထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောသည်။



တရုတ်နှင့်ထိုင်းနိုင်ငံထုတ် စားသောက်ကုန်များက ပြည်တွင်းဈေးကွက်တွင် နေရာယူထားသည် ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## စာ-၇၊ အခွန်လျှော့လိုက်သော်လည်း ငွေလဲနှုန်းမတည်ငြိမ်သဖြင့် ပို့ကုန်လုပ်ငန်းအချို့ ရပ်နားထား မှ

ပို့ကုန်အခွန် လျှော့ပေးသော်လည်း ပို့ကုန်ရငွေတန်ဖိုးနှင့် ပြည်တွင်းဈေး မြင့်တက်မှုကြောင့် တင်ပို့မှု ရပ်နားရမလိုဖြစ်နေသည်။

"ဒီပုံစံအတိုင်းဆို ဆက်ပြီးတောင့်ခံဖို့မလွယ်ဘူး"ဟု အထက်ပါ ဆန်တင်ပို့သူကရှင်းပြသည်။

လက်ရှိ ပြည်ပသို့ တင်ပို့နေသည့် ၂၅ မှတ်ဆန်သည် ပြည်တွင်းဈေးကွက်တွင် တစ်အိတ်လျှင်ကျပ်၃,၀၀၀ ကျော်မှ ၁၄,၀၀၀ ကျပ်ထိ ဈေးမြင့်လာသည်။ သို့သော် ပြည်ပဈေးကွက်မှာ တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၀ ဝန်းကျင်သာဈေးရှိကြောင်း သိရသည်။

ပို့ကုန်အခွန်လျှော့ချမှုကြောင့်ထိခိုက်မှုအနည်းဆုံးပစ္စည်းမှာ ရာဘာဖြစ်နေပြီး လက်ရှိပို့ကုန်ရငွေတန်ဖိုးနှင့်ဆိုပါက ပြည်တွင်းဈေးမှာ RSS 5 အမျိုးအစား တစ်ပေါင်လျှင် ၁,၂၀၀ ကျပ်အောက်တွင်ရှိရမည်။ သို့သော် အခွန် ၈ ရာခိုင်နှုန်းသက်သာမှုကြောင့် ပြည်တွင်းရာဘာဈေးမှာ RSS 5 အမျိုးအစား တစ်ပေါင်လျှင်၁,၃၀၀ ကျပ်အထက်တွင် ဈေးရှိကြောင်း မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်က ဆိုသည်။

ပို့ကုန်ရငွေ ၁၀ ရာခိုင်နှုန်း (ကုန်သွယ်ခွန် ၈ ရာခိုင်နှုန်းနှင့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း) အခွန်ကောက်ခံခြင်းအားဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ပို့ကုန်အခွန် ၈ ရာခိုင်နှုန်းကို ဩဂုတ် ၁၅ ရက်မှစတင်၍ ခြောက်လပယ်ဖျက်ပေးသည်။ ယင်းအခွန်ငွေ ပယ်ဖျက်မှုနှင့်သက်ဆိုင်သည့် ပို့ကုန်များမှာ ဆန်၊ ပဲမျိုးစုံ၊ ရာဘာ၊ ပြောင်း၊ နှမ်း၊ ရေချိုနှင့်ရေငန်ထွက်ကုန်(ကန့်သတ်ထားသောကုန်စည်မပါ)၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတို့အပြင် ပုဂ္ဂလိက လက်ခစားလုပ်ငန်း(စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများ ပါဝင်သည်။

## စာ – ၈၊ "အချိန်ယူပြီး ပြင်ဆင်ရမှာက စိတ်ဓာတ်ပဲ။ အရေးကြီးတာက စိတ်ဓာတ်ကြံ့ခိုင်ဖို့ပဲ" မှ

ပိုလန်လို နိုင်ငံမျိုးဆိုရင် ဥရောပသမဂ္ဂ နိုင်ငံသစ်တွေထဲမှာ စီးပွားရေးအရမဟာအင်အားကြီး နိုင်ငံတစ်ခုဖြစ်လာတယ်။ စပိန်တို့ ဂရိတို့ဆိုတဲ့ အရင်နိုင်ငံဟောင်းတွေကိုတောင်သူကကျော်ပြီးတော့ စီးပွားရေးအရ အင်မတန်တောင့်တင်းခိုင်မာတဲ့နိုင်ငံဖြစ်လာတယ်။ တစ်ဖက်မှာလည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အရင်လုပ်တဲ့ အရှေ့အာရှက နိုင်ငံတွေဆိုလည်း ဒီမိုကရေစီမရသေးခင်မှာဘဲ စီးပွားရေးအရ အောင်မြင်မှုတွေအများကြီး ရသွားတယ်။ တရုတ်တို့ ဗီယက်နမ်တို့ဆိုတဲ့ နမူနာတွေလည်းရှိတယ်။ ဒါကတော့ အမျိုးမျိုးဖြစ်နိုင်တာပေါ့။ အရေးကြီးတာက ဖြစ်နိုင်တဲ့ဟာကို အရင်ဆုံးလုပ်ဖို့ပါ။ ဘယ်ဟာပြီးမှ ဘယ်ဟာလာရမယ်ဆိုတာ မဟုတ်ဘူး။ နှစ်ခုလုံး ပြိုင်တူလာလဲ ကောင်းနိုင်တာဘဲ။ အရေးကြီးတာကောင်းဖို့ ဖြစ်နိုင်တဲ့မဟာဗျူဟာတွေအားလုံးကို အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ပဲ။

**■ ဒေါက်တာဇော်ဦးဖတ်ခဲ့တဲ့အေအီးစီ(အာဆီယံစီးပွားရေးအသိုက်အဝန်း)ဆီက အဖွဲ့ဝင်သစ်များအတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများနဲ့ပတ်သက်ပြီး မေးချင်ပါတယ်။ အေအီးစီဆီက အခွင့်အလမ်းတွေရအောင် ဘာတွေပြင်ဆင်ထားပါသလဲ။**

အဓိကက အေအီးစီရဲ့ ရည်မှန်းချက်က တော်တော်ကြီးကျယ်ပြန့်တယ်။ ဥပမာ-တစ်ခုတည်းသောဈေးကွက်ရှိရမယ်။ နောက်ပြီးတော့အရင်းအနှီးတွေက တံခါးမရှိဓားမရှိသွားနိုင်ရမယ်။ အရင်းအနှီးနဲ့အတူ ကုန်ပစ္စည်းတွေကလည်း ကုန်သွယ်မှုမှာ လုံးဝအခွန်ကင်းလွတ်ခွင့်နဲ့ အခွန်မဟုတ်တဲ့ အတားအဆီးတွေပါ ကင်းလွတ်တဲ့ အဆင့်ထိဖြစ်ရမယ်။ နောက်ဆုံးပိတ်ကျွမ်းကျင်လုပ်သားတွေက နိုင်ငံတစ်ခုနဲ့တစ်ခု ကူးသန်းလုပ်နိုင်ရမယ်ဆိုတာတွေဖြစ်လာတယ်။ ဒါတွေကို ကြည့်လိုက်မယ်ဆိုရင် ကုန်သွယ်မှုလုပ်တဲ့အခါမှာ ကုန်ထုတ်လုပ်ငန်းတွေရဲ့ အနေအထားက ဘယ်လောက်ရှိပြီလဲ။ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ အင်အားကရော အခု ဘယ်လောက်ရှိနေပြီလဲ။ စာတမ်းဖတ်ပွဲမှာပြောသွားတယ်။ ခရီးသွားလာရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အားနည်းချက်တွေအများကြီး တွေ့ရတယ်။ နောက်တစ်ချက်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုရင်လည်း ဗီယက်နမ်က အခွန်ကင်းလွတ်ခွင့်ကို ငါးနှစ်ပေးတဲ့အတွက် ကျွန်တော်တို့က ဆယ်နှစ်ပေးမယ်ဆိုပြီး လုပ်လို့မရဘူး။ အားလုံးက တစ်ပြေးညီဖြစ်သွားပြီ။

အဲဒီအခါကျရင် ဗီယက်နမ်သွားမလား ကျွန်တော်တို့ဆီလာမလားဆိုပြီး အခြားစိန်ခေါ်မှုတွေအများကြီးရှိလာတယ်။ ဒါတွေ အများကြီးကို ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့အခါမှာ ကဏ္ဍပေါင်းစုံ လုပ်ရမယ့်အချိန်ရောက်လာပြီ။ အဲဒါတွေကိုပြိုင်တူလုပ်နိုင်ဖို့ ။ ၂၀၁၅ ကိုရွှေ့လို့မရဘူး။ လက်မှတ်ထိုးပြီးနေပြီ။ လုပ်ပေးရမယ့်ကတိကဝတ်ကလည်း ရှိနေပြီ။ အချိန်ကာလကြောင့်ရော၊ လုပ်ရမဲ့ကဏ္ဍပေါင်းစုံရဲ့ ကျယ်ပြန့်မှုကြောင့်ရော၊ ကျွန်တော်တို့မှာရှိတဲ့ စိန်ခေါ်မှုတွေကြောင့်ရော ဒီဟာကို အားလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ရမယ်လို့မြင်တယ်။ အေအီးစီကို ဝင်ဆန့်နိုင်ဖို့ဆိုတာက အေအီးစီက ကျွန်တော်တို့ဆီကိုလာနေတဲ့ အမြန်ရထားကြီးဖြစ်နေတယ်။ ကျွန်တော်တို့က သွားစီးနေတာမဟုတ်ဘူး။

**■ တခြား အာဆီယံနိုင်ငံတွေရဲ့ အေအီးစီအတွက် ပြင်ဆင်မှုကရောဘယ်လိုလဲ။**

မူလ အာဆီယံနိုင်ငံခြောက်နိုင်ငံကတော့ ဖိလစ်ပိုင်ကလွဲပြီးရင် ကျန်တဲ့ငါးနိုင်ငံကတော့ သူတို့က ဒီအပေါ်မှာ အားသာချက်တွေယူပြီး လုပ်ထားတာဆိုတော့ သူတို့က တော်တော်ပြင်ဆင်ထားပြီးသား။ ကုန်းတွင်းပိုင်းနိုင်ငံတွေထဲမှာဆိုရင် ထိုင်းက ဦးဆောင်သူဖြစ်အောင် အထူးကြိုးစားနေတာ။ ဟက်ဗ်ဆိုတဲ့အယူအဆကိုလုပ်နေတာ hub (ဗဟိုချက်)ဆိုတာ ဘီးဝင်ရိုးလိုပဲ။ သူက အလယ်မှာရှိမယ်။ ကျန်တဲ့သူတွေက အလယ်ကိုလာပြီး သူ့ဆီကတစ်ဆင့်လုပ်ဖို့ စဉ်းစားနေတာပေါ့။ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားအတွဲမျိုးမှာဆိုရင်လည်း ပင်လယ်ပိုင်းမှာ ရောက်နေတဲ့အထဲမှာသူတို့ကလည်းတစ်ခုဖြစ်အောင် လုပ်ဖို့ဆိုတာရှိတယ်။ ဒီကြားထဲမှာ နောက်က လိုက်တဲ့ဗီယက်နမ်က အများကြီးသာနေတယ်။ ကျန်တာက ကမ္ဘောဒီးယား၊ လာအိုနဲ့မြန်မာပဲကျန်မယ်။ ကျွန်တော်တို့က ပိုပြီးတော့ ရှေ့ကိုရောက်သင့်တာပေါ့။

**■ သမ္မတဦးသိန်းစိန်က အကြောင်းအမျိုးမျိုးနဲ့ အပြင်ရောက်နေတဲ့သူတွေ ပြန်လာနိုင်တဲ့အကြောင်းပြောတဲ့အပေါ်မှာ ဘယ်လိုမြင်ပါသလဲ။**

ပြုပြင်ပြောင်းလဲရေးလမ်းစပေါ်ပြီ။ ဒီလမ်းစကို ဘယ်လိုလျှောက်မယ်ဆိုတာပဲ။ လမ်းပြမြေပုံကောင်းတစ်ခု လိုကောင်းလိုမယ်။ ဘာကြောင့်လဲဆိုတော့ လုပ်စရာတွေက အများကြီး။ ဥပမာ-အေအီးစီမှာတင်ပဲ တွေ့နိုင်တယ်။ အချိန်ဇယားတွေက အများကြီး။ ဘယ်အချိန်မှာ ဘာလုပ်ပြီးဖြစ်ရမယ်ဆိုတာရှိပြီးသား။ လမ်းပြမြေပုံကို လုပ်နိုင်ပြီးစလုပ်ပြီဆိုရင်အလုပ်လုပ်ဖို့အတွက်ကတော့ လူငယ်တွေကပြန်လာမှာပဲ။

ဘာကြောင့်လဲဆိုတော့ တိုင်းပြည်အတွက်အင်မတန်အရေးကြီးတဲ့အချိန်မှာ ဘယ်နားကပဲလုပ်ပေးရပေးရ၊ လုပ်ပေးခွင့်ရှိတယ်ဆိုရင်တော့ လုပ်ပေးချင်တဲ့သူတွေအများကြီးရှိတယ်လို့ ကျွန်တော်ထင်တယ်။

**■ ABSDF ခေါင်းဆောင်ဘဝကနေ ပညာရှင်တစ်ဦးဖြစ်လာအောင် ဘယ်အချက်တွေက အဓိကတွန်းအားပေးခဲ့တာလဲ။**

ကျွန်တော်တို့ အားလုံးကတော့ မြန်မာပြည်ကိုကောင်းစေချင်ကြတာပဲ။ ချစ်ကြတာပဲ။ ကျွန်တော်တို့လည်းကောင်းမယ်ထင်လို့လုပ်ခဲ့တာပဲ။ အခုလည်း ကောင်းဖို့လမ်းစတွေပေါ်လာပြီဆိုတော့ အကောင်းဆုံးလုပ်ဖို့ ပြန်လာတာပါ။

**■ ဆရာရော ပြန်လာဖို့ရှိလား။**

အဆင်သင့်ပါပဲ။

**■ သမ္မတဆီက ဒီလိုသတင်းစကားကြားရတော့ ဘယ်လိုခံစားရလဲ။ ဒါမှမဟုတ် ကြိုသိထားလား။**

ကြိုမသိထားဘူး။ အင်မတန်မှလည်း ဝမ်းသာပါတယ်။

**■ ဦးတို့ရဲ့ ထိုင်းအခြေစိုက်ဗဟုအဖွဲ့အစည်းအကြောင်း နည်းနည်းပြောပေးပါ။**

နိုင်ငံခြားမှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားပြီး အလုပ်လုပ်နေကြတဲ့သူတွေကိုကျွန်တော်တို့အရွယ်တွေစုပြီးတော့ တစ်ခုခုလုပ်ပေးဖို့တော့ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ သီးခြားအလုပ်တွေတော့ရှိကြတာပေါ့။ အားလုံးပေါင်းပြီး နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် စွမ်းရည်မြှင့်ပေးတဲ့ကိစ္စကို ဦးစားပေးပြီး လုပ်ပေးပါတယ်။ ဘာလို့လဲဆိုတော့ လွန်ခဲ့တဲ့အနှစ် ၂၀လောက်က ထွက်လာတဲ့အခါမှာ အဲလိုလုပ်ပေးမယ့်သူတွေမရှိခဲ့ဘူး။ မရှိခဲ့တဲ့အတွက် ကျွန်တော်တို့ တော်တော်များများ အချိန်တွေကုန်ခဲ့ရတာရှိတယ်။ ကြိုးစားခဲ့ရတာရှိတယ်။ ဒီမှာ(မြန်မာနိုင်ငံတွင်) အခြေစိုက်တဲ့ အင်န်ဂျီအိုတွေ၊ စီဘီအိုတွေနဲ့လည်း အပြင်ကနေ တတ်နိုင်သလောက် ကူညီပေးတယ်။ ကြီးကြီးမားမားလှုပ်ရှားနေတဲ့အဖွဲ့အစည်းတွေကို နောက်ကနေ ဘယ်လိုကူညီရမလဲအမြဲစဉ်းစားပြီး လုပ်ပေးနေပါတယ်။ သက်တမ်းအားဖြင့် ငါးနှစ်လောက်ရှိပါပြီ။

**■ လူငယ်တွေကို စွမ်းရည်မြှင့်ပေးတဲ့ကိစ္စကို ဦးစားပေးလုပ်တာဆိုတော့ ဒီနေ့ မြန်မာလူငယ်တွေ အဓိကအားနည်းချက်က ဘာတွေလို့ထင်လဲ။ ဘာကို အဓိက ဖြည့်ဆည်းသင့်တယ်လို့ ထင်ပါလဲ။**

အားလုံးကတော့ ကြိုးစားရင်ဖြစ်နိုင်တာချည်းပါပဲ။ တချို့ကတော့ အချိန်တိုတို အတွင်းမှာ တည်ဆောက်ယူလို့ရတဲ့ဗဟုသုတတွေ၊ ကျွမ်းကျင်မှုတွေရှိမယ်။ ဒါပေမဲ့ အချိန်ယူပြီးပြင်ဆင်ရမှာက စိတ်ဓာတ်ပဲ။ အရေးကြီးတာက စိတ်ဓာတ်ကြံ့ခိုင်ဖို့ပဲ။ များများပြင်ဆင်ထားဖို့ပါ။ အခက်အခဲတွေအများကြီးရှိနိုင်သလို အခွင့်အလမ်းများလာရင်လည်း စိတ်ဓာတ်ကြံ့ကြံ့ခံနိုင်ဖို့ အရေးကြီးတယ်။

**■ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေကိုရော ဘယ်လိုမြင်ပါသလဲ။**

တစ်ဆင့် တက်ပြီ။ အရွေ့တစ်ခုတော့ ရှိသွားပြီလို့ပြောရမှာပေါ့။

**■ တချို့ကတော့ အစိုးရက အခုလုပ်နေတဲ့ ဖြေလျှော့မှုတချို့က ၂၀၁၄ အာဆီယံဥက္ကဋ္ဌဖြစ်ချင်လို့ လုပ်နေတာဆိုပြီး ဝေဖန်တာတွေရှိတယ်။ ဦးကရော ဘယ်လိုမြင်ပါသလဲ။**

အဲဒါရော မကောင်းဘူးလား။ ရာထူးရရေးအတွက် အားလုံး လုပ်လိုက်လို့ တစ်တိုင်းပြည်လုံး ကောင်းသွားတယ်ဆိုလည်း ကောင်းသွားတာပေါ့။ တစ်ခါတစ်ခါကျတော့ ဘယ်ကပဲ ကောင်းကောင်း ကောင်းသွားဖို့အရေးကြီးတယ်။ မြန်မာတွေအားလုံး ဒီ့ထက်ပိုပြီးကောင်းတာကို ကျွန်တော်မြင်ချင်တယ်။ မမြင်ရတာကြာပြီလေ။

**■ နောက်ဆုံးမေးချင်တာက လွန်ခဲ့တဲ့နှစ် ၂၀ ကျော်ကာလအတွင်းမှာ ဒီလိုအချိန်ကို ကြုံခဲ့ဖူးလား။**

မကြုံဖူးဘူး။ အခုအချိန်က ကျွန်တော် ရင်ခုန်နေရတဲ့အချိန်ပါပဲ။

■ အခုလိုအချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# မြန်မာလိုတော့ ရေးလိုက်မိပါပြီ

မောင်သာချို



(တစ်)

အားလုံးအတွက် ပညာရေး (Education for All)၊ ပညာလူ့အဖွဲ့အစည်း (Knowledge Society)၊ ပညာခေတ် (Knowledge Age)၊ ထာဝစဉ် သင်ယူလေ့လာနေသည့် လူ့အဖွဲ့အစည်း (Learning Society) စသော အသံဗလံများကို နေရာတိုင်းမှာ ကြားနေရသည့်အတွက် သည်နေ့ခေတ်လောက်ပညာကို ဆာလောင်မွတ်သိပ် အငမ်းမရဖြစ်နေသောခေတ် မရှိဟုပင် ပြောရလောက်မည်ထင်ပါသည်။ ပုဂ္ဂလိကကျောင်းတွေက ဟိုနားတစ်ကျောင်းသည်နားတစ်ကျောင်း၊ နိုင်ငံတကာရှိ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်ပေးမည့် အကျိုးဆောင် ကုမ္ပဏီတွေက ဟိုနားတစ်ခုသည်နားတစ်ခု၊ နိုင်ငံတကာ ပညာရေးမိတ်ဆက်ဟောပြောပွဲတွေက ဟိုနားတစ်ပွဲသည်နားတစ်ပွဲနှင့် အပြိုင်ကြဲနေကြသောကာလကြီးထဲ၌ International School တွေကလည်း မြို့ကြီးပြကြီးများ၊ အထူးသဖြင့် ရန်ကုန်လို မြို့ကြီးများ၌ မိုးဦးကျမှာမှိုများထွက်ပြူလာကြသလို ထွက်ပေါ်လာကြပါသည်။ International School ဟု ဆိုကတည်းက ပြည်တွင်းစာမေးပွဲများနှင့် လားလားမှမသက်ဆိုင်၊ GCE (A)လို နိုင်ငံတကာ စာမေးပွဲကိုဝင်၊ နိုင်ငံတကာတက္ကသိုလ်များသို့ ချိတ်ဆက်တက်ရောက်စသည်ဖြင့် ရည်မှန်းထားသောကျောင်းများဖြစ်ကြောင်း ထင်ရှားပါသည်။ သည်ကျောင်းများ၌ အချို့ International School တွေက မြန်မာစာဘာသာရပ်ကို လုံးဝထည့်သွင်းသင်ကြားခြင်းမရှိပါ။ စာမေးပွဲ ဖြေဆိုသောအခါ မပါဝင်သော ဘာသာရပ်ဖြစ်သဖြင့် သူတို့ ထည့်သွင်းမသင်ကြားခြင်းမှာ ယုတ္တိတန်ပါသည်။ အချို့ကမူ Pre-School လေးနှစ်နှင့် Primary ခြောက်နှစ် စုစုပေါင်း ၁၀ နှစ် ကလေးအသက် ၁၂နှစ်လောက်ရောက်သွားသည်အထိ မြန်မာဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးပါသည်။

တစ်နေ့ကျွန်တော်ထို International School ကလေးတစ်ကျောင်းရှိရာဆီရောက်သွားပါသည်။ ဆရာမသုံးလေးယောက်က ညည်းပါသည်။ အချို့မိဘများက မြန်မာစာသင်ကြားပေးနေသည်ကို လုံးဝမကျေနပ်ကြောင်း၊ မြန်မာစာအချိန်ရောက်လျှင် သူတို့၏ သားသမီးများကို စာသင်ခန်းအပြင်သို့ ထွက်ခွင့်ပေး၍ ဆော့ကစားခွင့်ပေးစေလိုကြောင်း ကလေးမိဘတွေကလည်း မြန်မာဘယ်လိုများ ဖြစ်ကုန်ကြပါလိမ့်။ မြန်မာစာအချိန်မှာ သူတို့ကလေးတွေ မြန်မာစာ၊ မြန်မာစကားနှင့် မရင်းနှီးစေဖို့ အခန်းအပြင်ကို ထုတ်ပေးထားရလေမတဲ့။ ဩော်. . . ။

(နှစ်)

သင်၏ မျိုးသား၊ စာစကားလည်း တောင်းဆိုတတ်ကြသဖြင့် စိတ်ညစ်ရကြောင်း ညည်းခြင်းဖြစ်ပါသည်။ ဆရာမတို့က မိခင်ဘာသာစကား (Mother Language) တတ်ကျွမ်းခြင်းသည် နိုင်ငံခြားဘာသာစကားတစ်ခုကို သင်ရာ၌ ပိုမို၍ထိရောက်ကြောင်း ဆွဲဆောင်နားချနေကြရသည်ဟု ဆိုပါ၏။ ဆရာမကလေးတွေ ပြိုင်တူသက်ပြင်းချတော့ ကျွန်တော်လည်း သူတို့နှင့်အတူသက်ပြင်းချရပါသည်။

ကျွန်တော်လည်း မြန်မာ၊ ဆရာမကလေးတွေလည်းမြန်မာ၊ ကလေးတွေကလည်း မြန်မာ၊ ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။

ဒါကကွယ်လွန်သူဆရာဇော်ဂျီ၏ 'သင်သေသွားသော်' ကဗျာထဲက စာသားတစ်ပိုင်းတစ်စပါ။ ကိုယ်ပြောသည့်စကားနှင့် ကိုယ်ရေးသည့်စာကို ကြီးပွားအောင်လုပ်ဖို့က ကိုယ့်ကိစ္စပါတဲ့။

၁၉၃၀ မေလ ၃၀ ရက် တို့ဗမာအစည်းအရုံးကိုတည်ထောင်စဉ် သခင်ဘသောင်းတို့ ထုတ်ပြန်ခဲ့သည့် ကြွေးကြော်သံက ဤသို့ဖြစ်ပါသည်။

ဗမာပြည်သည် - တို့ပြည်
ဗမာစာသည် - တို့စာ
ဗမာစကားသည် - တို့စကား
တို့ပြည်ကို - ချစ်ပါ
တို့စာကို - ချီးမြှင့်ပါ
တို့စကားကို - လေးစားပါ. . တဲ့။

အခု ဘယ်လိုဖြစ်ကုန်ကြတာလဲမသိ။

(သုံး)

တောင်ကိုရီးယားနိုင်ငံ၌ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကျွမ်းကျင်ရန်အလို့ငှာ အင်္ဂလိပ်ကျေးရွာ ၁၀ ရွာတည်ထောင်ကြောင်း သတင်းတွေထဲမှာဖတ်ရပါသည်။ ၂၀၁၀ ပြည့်နှစ်က တောင်ကိုရီးယားနိုင်ငံ ချေဂျူးကျွန်းပေါ်တွင် English My Town အမည်ဖြင့် အင်္ဂလိပ်လိုပဲ ပြောကြရေးကြရမည့် မြို့တစ်မြို့တည်ထောင်ကြောင်း သတင်းကိုလည်း ဖတ်ခွင့်ရပါသည်။ စင်ကာပူတွင်လည်း အင်္ဂလိပ်စကား အသံထွက်ပီသစေရန်အတွက် ကလေးတို့၏လျှာများကို ခွဲစိတ်ပြုပြင်သူတွေများလာသဖြင့် ဝန်ကြီးချုပ်လီကွမ်ယုလက်ထက်က သတိပေးစကားဆိုခဲ့ရကြောင်းကိုလည်း ကြားသိခွင့်ရခဲ့ပါသည်။ ရုရှားတွင်ကား ဝန်ထမ်းများနှင့် မီဒီယာသမားများ အင်္ဂလိပ်အသံထွက် တစ်ခါမှားလျှင် ရူဘီ ၁,၀၀၀ (ဒေါ်လာ ၃၀) ဒဏ်ရိုက်မည်ဖြစ်ကြောင်းကို ဘာသာစကား ကော်မရှင်မှ တက်ယာနာပီထရိုဗာက ထိုစဉ်က သမ္မတပူတင်ထံ ဥပဒေမူကြမ်းရေးတင်ခဲ့ကြောင်း သတင်းကိုလည်းဖတ်ခဲ့ရပါသည်။

ကမ္ဘာပတ်လည် ဆက်သွယ်မှုလွယ်ကူလျင်မြန်လာစေရန်အတွက် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားသင်ကြားမှု တိုးမြှင့်ခြင်းကို အပြစ်ဆိုစရာ အလျဉ်းမရှိပါ။ သို့သော် မိခင်ဘာသာစကားနှင့် စာပေကိုသင်ယူခြင်းသည် အလကားဟူသော စိတ်ဓာတ်များ မိဘများကိုယ်တိုင်၌ ရှိနေ၊ ထိုစိတ်မျိုးကို မိမိ၏ သားသမီးများထံသို့လည်း စီးဆင်းဝင်ရောက်စေသည်ကမူ အန္တရာယ်ဟု ကျွန်တော်မြင်မိပါသည်။

(လေး)

စာရေးဆရာကိုတာက True News ဂျာနယ်(၃-၅-၁၁)၌ 'မြန်မာစာကို အရိုအသေမတန်ကြရန်' ဆိုသော ဆောင်းပါးတစ်ပုဒ်ရေးခဲ့ရာ စင်ကာပူပညာရေးဝန်ကြီး Dr. Ng Eng Hen က ဝန်ကြီးချုပ် Lee Hsein Loong ထံ တင်သွင်းရသည့် အစီရင်ခံစာကလေးကို ဖော်ပြပေးထားခဲ့ပါသည်။ ဆရာများ၊ ကျောင်းသားများ၊ ဘာသာစကားပညာရှင်များ၊ မီဒီယာသမားများအပါအဝင် မိဘပေါင်းနှစ်ထောင်ခန့်ကိုတွေ့ဆုံပြီးနောက် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ မလေးရှား စသည့်နိုင်ငံများသို့ပါ ကွင်းဆင်းလေ့လာကာ မိခင်ဘာသာစကားသင်ကြားရေးကော်မတီ၏ အစီရင်ခံစာအဖြစ် တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ တစ်ဆင့် ကူးယူကောက်နုတ်ဖော်ပြပါရစေ။

Mother tongue language has to be a living language for students, to be used and valued, and not just to be taken as an examination subject.

မိခင်ဘာသာစကားသည် ကျောင်းသားများအတွက် ရှင်သန်နေသောဘာသာစကားဖြစ်ရမတဲ့။ အသုံးလည်းချ တန်ဖိုးလည်းရှိရမတဲ့။ စာမေးပွဲမှာ ဖြေဆိုရမယ့်ဘာသာဖြစ်လို့ သင်နေရတာမျိုး မဖြစ်စေရပါတဲ့။

We must do our utmost to maintain our linguistic heritage and advantage.

သူတို့ရဲ့ ဘာသာစကား အမွေအနှစ်နဲ့ အရေးပါမှုကို သူတို့ အတတ်နိုင်ဆုံး ထိန်းသိမ်းသွားကြလေမတဲ့။

အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား သင်ယူခြင်းက အပြစ်မဟုတ်ပါ။ သင်ကို သင်ယူရမယ့်ကိစ္စဖြစ်ပါသည်။ သို့သော် မြန်မာစာက သင်စရာမလိုသောစာ၊ မြန်မာစကားက မပြောသင့်သောစကားအဖြစ် ကျောင်းတွေ၊ ကျောင်းသားတွေ ခံယူလာခြင်းမျိုးမျှသာ မဟုတ်ဘဲ မိဘတွေကပါ ခံယူလာကြခြင်းကမူ အလားအလာကောင်း၏ မကောင်း၏ တွေးချင့်ချိန်စရာဖြစ်ပါသည်။

ဩော်. . . သည်ဆောင်းပါးကို မြန်မာလို ရေးနေမိတာကိုက ကျွန်တော့်မှာ အပြစ်တစ်ခုများ ဖြစ်နေခဲ့လေပြီလား မသိပါလေတော့။ ။

# သွန်သင်ခြင်းမှသည် ဆုံးမခြင်းပန်းတိုင်ဆီသို့

အာဝါသ

အိမ် တစ်အိမ်၊ ဒါမှမဟုတ် မိသားစုတစ်ခုမှာ သားသမီးမလိမ္မာရင် အုပ်ထိန်းသူမိဘနှစ်ပါးဟာ စိတ်လည်းညစ်၊ မျက်နှာလည်းငယ်ကြရတဲ့အပြင် ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့မေးငေါ့မှုကိုပါခံကြရတယ်။ 'သားသမီး မကောင်း မိဘခေါင်း' လို့ဆိုရိုးရှိတယ်မဟုတ်လား။

သားသမီးအလိမ္မာတွေကြောင့် မိဘဂုဏ်တက်ပြီး မျက်နှာရတာတွေလည်းရှိပေမယ့်အချို့မိဘတွေဟာ ကိုယ့်သားသမီးလိမ္မာယဉ်ကျေးအောင် စာပေဗဟုသုတအပါအဝင် သွန်သင်ဆုံးမမှုတွေ အားနည်းရုံသာမကဘူးကိုယ်ကိုယ်တိုင်ကလည်း ပေါ့ပေါ့နေပေါ့ပေါ့စားဘဝနဲ့ မိဘကောင်းအင်္ဂါရပ်တွေ ကင်းမဲ့နေတတ်တယ်။ အများအားဖြင့် အရပ်ထဲမှာ ထစ်ခနဲရှိဆူပူရန်ဖြစ်တာ၊ ထစ်ခနဲရှိမူးယစ်သောင်းကျန်းတာ ဘယ်သူတွေလဲမေးရင် အဲဒီလိုမိဘကမွေးတဲ့သားသမီးတွေပဲ စာရင်းပေါက်တာတွေ့ရလေ့ရှိတယ်။ ဒီတော့လည်းအပြောခံရတော့မှာပေါ့။ 'လူမိုက်သားရမ်းကား' လို့လေ။ မိဘက တော်ပါကောင်းပါလျက်နဲ့ သားသမီးညံ့နေဆိုးနေရင်ပဲဖြစ်ဖြစ်၊ မိဘညံ့ဖျင်းတဲ့အတိုင်း သားသမီးလိုက်ညံ့ရတယ်ပဲဆိုဆို မိဘဆိုတာ သားသမီးတွေလိမ္မာရေးခြားရှိအောင်စီမံအုပ်ချုပ်ဖို့ဝတ္တရားရှိတာမို့မိဘရဲ့ သိက္ခာအနိမ့်အမြင့်ဟာ သားသမီးတွေအကောင်းအဆိုးပေါ် မှာပဲ လုံးလုံးတည်နေလိမ့်မယ်လို့ဆိုရပါမယ်။

နိုင်ငံတစ်နိုင်ငံကို မိသားစုတစ်ခုဆန်ဆန် နှိုင်းပြပုံဖော်ကြည့်စို့ဆိုရင် အုပ်ချုပ်သူအစိုးရဟာ မိဘနဲ့တူပြီးတိုင်းသူပြည်သား လူအများက သားသမီးတွေသဖွယ် ဖြစ်ပါလိမ့်မယ်။ အများရဲ့ လေးစားအားကျလောက်တဲ့ စံပြမိသားစု၊ တစ်နည်းအားဖြင့် စံပြနိုင်ငံတစ်နိုင်ငံဖြစ်ဖို့အတွက် အစိုးရရဲ့ လမ်းညွှန်ကွပ်ကဲမှုနဲ့ နည်းပေးသွန်သင်မှုတွေကောင်းရမယ့်အပြင် သားသမီးတွေဖြစ်တဲ့ အုပ်ချုပ်ခံပြည်သူလူထုကလည်း စောင့်စည်းနာခံမှုတွေနဲ့အတူယုံယုံကြည်ကြည်၊ ညီညီညွတ်ညွတ်ပူးပေါင်း ပါဝင်အားထုတ်ကြဖို့လိုမှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ဇူလိုင်လ ၂၈ရက်နေ့ကတော့ အသိအလိမ္မာနည်းပါးသူသားသမီးဆိုးအချို့ကြောင့် ကျန်တဲ့ညီအစ်ကိုမောင်နှမတွေအတွက်ရော၊ အမိမြန်မာနိုင်ငံတော်ကြီးတစ်ခုလုံးအတွက်ပါအရှက်ရ မျက်နှာပျက်စရာဖြစ်ရပ်တစ်ခုပေါ် ပေါက်ခဲ့ရတယ်။ အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း မြန်မာ-အိုမန်ဒုတိယအကျော့ဘောလုံးပွဲမှာ မျိုးချစ်စိတ်အရေခြုံလူရမ်းကားပရိသတ်တွေရဲ့ မိုက်လုံးကြီးမှုကိုအကြောင်းပြုပြီးကွင်းထဲမှာ ဘောလုံးရှုံးနေရာက နိုင်ငံနဲ့လူမျိုးဂုဏ်သိက္ခာပါ ထပ်ဆင့်အဆုံးအရှုံးခံလိုက်ရတယ်။ ပြောရရင်နောက်ဆက်တွဲထိခိုက်ဆုံးရှုံးရမှုတွေက နည်းတာမဟုတ်ပါဘူး။ ဥပဒေစည်းကမ်းနဲ့အညီ အာဏာကုန်လွှဲအပ်ခြင်းခံထားရသူ ဒိုင်လူကြီးအဆုံးအဖြတ်ကို မကျေနပ်လို့ပေါက်ကွဲရတာပါဆိုဦးတော့ ကိုယ့်နိုင်ငံကိုယ့်အသင်းဘက် မျိုးချစ်စိတ်အခြေခံနဲ့ အားပေးဖို့ ရောက်လာကြတဲ့ ပရိသတ်ဟာ ကွင်းထဲကိုအရက်ပုလင်းပါ သယ်ဆောင်လာတယ်ဆိုကတည်းက အခြေမလှရင် ရမ်းကားဖို့အသင့်ဆိုပြီး ကြိုတင်ပြင်ဆင်ထားရာ ရောက်မနေဘူးလား။ ပြောတော့ မျိုးချစ်စိတ်၊ တကယ်သက်သေပြလိုက်တာက မျိုးဖျက်လုပ်ရပ်ပါပဲ။ ရှုံးရတာချင်းအတူတူ အိုမန်မြေ အဝေးကွင်းမှာသွားပြိုင်တုန်းက ဘာပြဿနာမှမဖြစ်ခဲ့ဘဲ ကိုယ့်မြေပေါ် အိမ်ရှင်အနေနဲ့ပြိုင်ရတဲ့အလှည့်ကျခါမှ ပိုတောင်သဘောထားကြီးပြရမယ့်အစား အခုလိုဖြစ်ရတာ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းထဲက ဥပမာလိုမြန်မာတွေဟာ ရှုံးရင်ဒီတိုင်းပဲလားလို့ အထင်လွဲစရာဖြစ်နေတော့တာပေါ့။ မကြာခင်မှာ မိဘ



သိက္ခာ၊ ညီအစ်ကိုမောင်နှမနဲ့နိုင်ငံ့ဂုဏ်ကိုပြသဖော်ဆောင်ရမယ့်ဆီးဂိမ်းဆိုတာကြီးက နီးသထက်နီးလာပြီမို့ တိုင်းပြည်မျက်နှာအိုးမည်းသုတ်တဲ့လုပ်ရပ်တွေခုကတည်းက ဆင်ခြင်ကြဖို့ကောင်းပါပြီ။

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ယနေ့ကာလဟာ တိုင်းပြည်မှာ အလှည့်အပြောင်းတွေဖော်ဆောင်လို့စနစ်ကောင်းတစ်ခုဆီ ဦးတည်ချီတက်သွားကြတော့မယ့် အချိန်အခါလည်းဖြစ်ပါတယ်။

စာ(၃၁) သို့

7 DAY NEWS JOURNAL

# Current Affairs

Vol.10, No.24 • SEPTEMBER 1, 2011

# ရေထွက်ကုန် အအေးခန်းစက်ရုံအချို့ကုန်ကြမ်းအဝယ်ရပ်ကာပိတ်ရန်ပြင်ဆင်

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ် - ၂၃**

အမေရိကန် ဒေါ်လာလဲလှယ်နှုန်း ၇၀၀ ကျပ်အောက်သို့ ကျဆင်းလာနေသောကြောင့် ပြည်ပသို့ ရေထွက်ကုန်တင်ပို့နေသော အအေးခန်းစက်ရုံ အားလုံးနီးပါး ကုန်ကြမ်းအဝယ်ရပ်ကာ စက်ရုံများပိတ်ရန်ပြင်ဆင်နေရကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"တော်တော်များများ စက်ရုံပိတ်ဖို့ ပြင်ဆင်နေတယ်။ ကျွန်တော်တို့ကိုပိတ်ဖို့မနေ့ကသတင်းပို့ထားပါတယ်" ဟုဂျီအက်ဖ်ဒီအိုင်ပုစွန်အအေးခန်းစက်ရုံပိုင်ရှင် ဦးမျိုးညွန့်က ပြောသည်။

ထို့ကြောင့် အအေးခန်းစက်ရုံဝန်ထမ်းခန့်ခြင်းအား ရပ်တန့်ပြီး ဩဂုတ် ၂၂ ရက်မှစတင်၍ ဝန်ထမ်းလျှော့ချကာ ကြိုပို့ယာဉ်များလည်း တဖြည်းဖြည်းဖြုတ်ချနေပြီဖြစ်ကြောင်း ၎င်းကပြောသည်။

"စက်ရုံတွေမှာ ကုန်ကြမ်းအပြည့်အဝ မရခဲ့ဘဲ စက်စွမ်းအားပြည့် မလည်ပတ်နိုင်ခဲ့တာ ငွေကြေး အခက်အခဲကြောင့်လည်းလွန်ခဲ့တဲ့လေးလလောက်ကတည်းကအခက်ခဲတွေဖြစ်နေတာပါ" ဟု ရွှေယမုံအအေးခန်းစက်ရုံပိုင်ရှင်ဦးထွန်းအေးက ပြောသည်။

ထို့ကြောင့် လပွတ္တာမြို့နယ် ၃ မိုင်မြို့သစ်ရှိ ၎င်းပိုင်အအေးခန်းစက်ရုံအချို့မှာ ရပ်တန့်ခဲ့ရသည်။

"ပြည်ပကို ဈေးတိုးတောင်းလည်းမရတော့တတ်နိုင်သလောက်တောင့်ခံသေးတယ်။ ပိုက်ဆံဈေးကျတာရပ်ရင်တော့ မဆိုးပါဘူး" ဟုပြည်ပသို့ရေထွက်ကုန်တင်ပို့နေသော လုပ်ငန်းရှင်တစ်ဦးကလည်းပြောသည်။

အမေရိကန်တစ်ဒေါ်လာလဲလှယ်နှုန်းမှာ ကျဆင်းမှုမြန်ဆန်နေသောကြောင့် နိုင်ငံတော်မှ ပို့ကုန်ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခဲ့သော်လည်း အချိန်ကိုက်မဟုတ်၍ ပေးကားပေး မရဖြစ်ရကြောင်း ၎င်းကပြောသည်။

"ငွေလဲနှုန်းက ရှစ်ရာခိုင်နှုန်းလျှော့ပေးတာကို ကာမိရင် အိုကေပါတယ်။ အခုဟာက ငွေလဲနှုန်းက ဆက်တိုက်ကျနေတာနဲ့ အမျှ ကျွန်မတို့က မလုပ်နိုင်တော့ဘူး" ဟုအဏ္ဏဝါဒေဝီအအေးခန်းစက်ရုံပိုင်ရှင် ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အအေးခန်းစက်ရုံများ ရုတ်တရက်ရပ်လိုက်ပါက ယင်းစက်ရုံများကို မှီခိုနေရသည့်အလုပ်သမားများကိစ္စသည်လည်း အရေးကြီးလာမည်**

အအေးခန်းစက်ရုံအများစုသည်ရန်ကုန်မြို့တွင်တည်ထောင်ထား၍ ယခုအခါ စက်ရုံလည်ပတ်ရပ်တည်နိုင်ရေး အခြေအနေမကောင်းတော့ဘဲ ငါးတင်၊ ငါးချဆိပ်ကမ်းများမှာလည်း ကုန်ဝယ်နည်းသောကြောင့် ကုန်တင်၊ ကုန်ချအလုပ်သမားများ အလုပ်အကိုင်နည်းပါးလာနေပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

စက်ရုံများ ရပ်တန့်လိုက်ပါက အလုပ်သမားများကိစ္စ စနစ်တကျ ညင်ညင်သာသာစီစဉ်ဖို့လိုကြောင်း ဦးထွန်းအေးကလည်း ပြောသည်။

## စာ - ၉၊ နှစ်ယောက်တည်းကမ္ဘာမှသည်… မှ

"ဖအေဆူမှာစိုးလို့သူက အိမ်မပြန်ရဲဘူး။ သမီးရဲ့အဒေါ်ကလည်း ကြောက်ပြီးတော့ တောကို ခေါ်သွားပြီးထားမယ်။ ကလေးမွေးမယ်ပေါ့။ ဦးက ချက်ချင်းခေါ်ခိုင်းပြီး ပြဿနာကို အတတ်နိုင်ဆုံး မှန်မှန်ကန်ကန်ဖြစ်အောင် ဖြေရှင်းဖို့ပြောရတယ်။ ဖြစ်လာပြီးမှ ဘာမှမတတ်နိုင်ဘူး။ ဒီအတိုင်းပစ်ထားရင် ကိုယ့်သားသမီးပဲဘဝပျက်ရမယ်။ ဗိုက်ထဲကကလေးက ဦးတို့ရဲ့ အပြစ်မရှိတဲ့ မြေးပါ" ဟု ဖခင်ဖြစ်သူက တည်ကြည်လေးနက်စွာအဖြစ်အပျက်တို့ကို ပြန်ပြောင်းပြောပြနေသည်။

သမီးဖြစ်သူကိုပြန်ခေါ်ပြီး ကလေးဖခင်ဆိုသူကို ဆက်သွယ်စုံစမ်းကာတွေ့ဆုံရန် ကြိုးစားသော်လည်း တစ်ဖက်ကမိသားစုများ၏ တွေ့ဆုံညှိနှိုင်းပေးရန်ငြင်းဆန်ခြင်းခံခဲ့ရသည်။

နောက်ဆုံးတွင် တရားရုံးကို ဦးတိုက်လျှောက်ကာ ပုဒ်မ ၄၁၇ ဖြင့် တရားစွဲဆိုခဲ့သည်အထိဖြစ်ခဲ့ရသည်။

"လူ့လောကမှာ ကောင်းတဲ့သူ၊ မကောင်းတဲ့သူဆိုတာသီးသန့်စီရှိပါတယ်။ အသက် ၁၈ နှစ်ကျော်ပြီးလို့ ၈၀ နှစ်ပဲဖြစ်ပါစေ၊ ဥပဒေရှိပါတယ်။ သက်သက်မဲ့ဖျက်ဆီးလိုစိတ်နဲ့ အနိုင်ကျင့် ဖျက်ဆီးတာမျိုးက သည်းမခံသင့်တဲ့ကိစ္စပါ" ဟု သမီးဖြစ်သူကိစ္စကို အမှုရင်ဆိုင်ရန်အထိ ဆုံးဖြတ်ခဲ့ရခြင်းကို ရှင်းပြသည်။

တကယ်တော့ ထိုမိသားစုက ဖုံးဖုံးဖိဖိနှင့် အဖြစ်အပျက်မျိုးစုံ အချိုးအကွေ့မျိုးစုံ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် သမီးရှင်များထဲမှ ခွဲထွက်ကာ အမှန်တရား အတွက်၊ နောက်ထပ် အမျိုးကောင်းသမီးများအတွက် မိသားစုအရှက်နှင့် သိက္ခာကိုခင်းကာ ဥပဒေအရ ရင်ဆိုင်ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။

ထိုကဲ့သို့သော အဖြစ်အပျက်များက လူငယ်တို့၏ ကိုယ်ခံအားနှင့်လည်း ဆိုင်ကြောင်း စာရေးဆရာလည်းဖြစ် အရွယ်ရောက်သမီးနှစ်ဦးဖခင်လည်းဖြစ်သည့် စာရေးဆရာမောင်သာချိုက ယခုလိုသုံးသပ်သည်။

"ကိုယ်ခံအားဆိုတာ စာပေဗဟုသုတပဲ။ ဒါကြောင့် ကလေးတွေ ခံစားချက်နှင့် ဉာဏ်ရည်ဉာဏ်သွေး မပြိုပျက်ရအောင် မိဘတွေအနေနဲ့ လေ့ကျင့်ပေးရမယ်။ မိဘတွေကလည်းသားသမီးတွေနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပေးရမယ်။ တကယ်တော့ ဆိတ်ကွယ်ရာနေရာဆိုတည်းက မကောင်းဘူးလေ"

ဆရာမောင်သာချိုကပင် မိသားစုနှင့် ဆွေမျိုးများကြား အရှက်တကွဲနှင့် ဇာတ်သိမ်းခဲ့ရသည့် လူငယ်စုံတွဲတစ်တွဲ အကြောင်းကိုလည်း ဥပမာပေးရင်း ဆက်လက်ပြောပြသည်။

"ဟိုတလောက တကယ့် အဖြစ်အပျက်တစ်ခုပါ။ လူငယ်စုံတွဲ တစ်တွဲက အလိုတူအလိုပါတည်းခိုခန်းကိုသွားကြရင်းကနေ ကောင်မလေးကို နောက်ဆုံး ဆေးရုံပို့လိုက်ရတယ်အထိ ဖြစ်ပျက်ပြီး နှစ်ဖက်လူကြီးတွေလည်း ဆေးရုံရောက်လာ၊ မိန်းကလေးရှင်တွေလည်းအရှက်ရပေါ့။ ဒါပေမဲ့ကောင်မလေးက လူကြီးတွေ ရှေ့မှာပဲ ဒီကောင်လေးနဲ့ ပေးစားတာကို လက်မခံဘူးတဲ့။ သူတော်တော်ကြောက်သွားပုံရတယ်" ဟု ချစ်သူရည်းစားနယ်ကျွံသည့်ကိစ္စတွင် ဆေးဝါးသုံးစွဲခဲ့သည့်အတွက် အရှက်တကွဲဖြစ်ရသည့် မိန်းကလေးရှင်မိသားစုတစ်စုကြောင်းကို ဥပမာပေးပြောပြခြင်းဖြစ်သည်။

ထိုကဲ့သို့သော ခြေလွန်လက်လွန်ကိစ္စများက ဖြစ်ပြီးသွားသော်လည်း မိသားစု၏ နွေးထွေးစွာလက်တွဲခေါ်ယူခြင်းကြောင့် ဘုရင့်နောင်ရှိ မိသားစုက အမျိုးသမီးငယ်လို ကလေးကို လုံခြုံချောမွေ့စွာ မွေးဖွားနိုင်သူများရှိသလို အချို့လည်း မိသားစုကို မပြောရဲ မဆိုရဲဖြင့် ဖြစ်သလိုရင်ဆိုင်ဖြေရှင်းရင်း အသက်ဆုံးရှုံးရသည်အထိပင်ရှိကြသည်။ တချို့မှာလည်းတစ်ယောက်တည်းဖြစ်သလို ဖြေရှင်းလိုက်ကြ၍ ကလေးမရှိတော့သော်လည်း မလုံခြုံသည့်လိင်ဆက်ဆံမှုမှ ရောဂါကူးစက်ခံရကာ လူမှု၊ စီးပွားတစ်လျှောက်လုံး ဆုံးရှုံးကြရသူများလည်း ရှိသည်။ မိဘနှင့်သားသမီးကြား ပွင့်လင်းမှုအားနည်းခြင်း၊ ယဉ်ကျေးမှုအရလိင်ကျန်းမာရေးဆိုင်ရာ ပညာပေးခြင်းများက အကန့်အသတ်နှင့် ရှိနေခြင်းတို့ကလည်း ထိုအဖြစ်အပျက် ဇာတ်လမ်းများနောက်ကွယ်မှ အရေးကြီးသောအကြောင်းရင်းတစ်ခု ဖြစ်နေကြောင်းလည်း အိတ်ချ်အိုင်ဗီပညာပေးလုပ်ငန်းနှင့် အကူအညီပေးလုပ်ငန်းတွင် ဦးဆောင်လုပ်ကိုင်နေသော မဖြူဖြူသင်းက သုံးသပ်စကားဆိုသည်။

"လူငယ်တွေက မလုပ်ဖူးတာတွေ မသိတာတွေကို ပိုပြီး စူးစမ်းချင်ကြတယ်။ အဲဒါသဘာဝပဲ။ ဒါကြောင့် လူငယ်တွေကိုယ်တိုင်ရော၊ မိသားစုတွေပါ အလေ့အထတွေပြောင်းဖို့လိုပါတယ်။ အခုခေတ်မှာ မသိလို့မတတ်လို့ မရတော့ဘူး။ သိအောင်ကြိုးစားရမယ်။ ပြီးတော့ကာကွယ်ရမယ်" ဟု မဖြူဖြူသင်းက သူတွေ့ခဲ့ရသည့် အိတ်ချ်အိုင်ဗီ ကူးစက်ခံလူငယ်လူနာများထံမှ ကြားခဲ့ရသည့် ဇာတ်လမ်းအဖုံဖုံကို ခြုံငုံသုံးသပ်ရင်း အဓိက အကြောင်းရင်းတစ်ခုဖြစ်သည့် မိဘနှင့်သားသမီးကြား ပွင့်လင်းမှုလိုအပ်ချက်ကို ထောက်ပြပြောဆိုသည်။

ဆိတ်ကွယ်ရာနေရာရောက်ကြရရင်း လူမှုရေး၊ ကျန်းမာရေးပြဿနာများ ရင်ဆိုင်ကြုံတွေ့ကြကာ လူငယ်ဘဝအညွန့်တုံးရသည်များနှင့်ပတ်သက်ပြီး တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်ကာ လက်ထပ်မည်ဆိုပြီးအတူနေ ကာမလိမ်လည်ရယူခံရသည့်အမှုများကိုကူညီဆောင်ရွက်ပေးနေသော ဦးဝိုင်ဆာ့ကအမျိုးသမီးငယ်များ သတိပြုသင့်သည့် ကာမလှုံ့ဆော်ဆေးဝါးများနှင့် ပတ်သက်ပြီးလည်း အကြံပြုစကားဆိုသည်။

"ကာမလိမ်လည်ရယူခံရမှုကြောင့်မိန်းကလေးတွေအတွက် တအားနစ်နာပါတယ်။ ပီကေလိုဟာမျိုးကျွေးရင်တောင် ဂရုစိုက်ရပါမယ်။ ကော်ဖီမစ်လိုဟာမျိုးကိုလည်း သတိထားရပါမယ်။ ပြီးတော့ဆိတ်ကွယ်တဲ့နေရာနောက်ဆုံးပန်းခြံလိုနေရာမျိုးမှာတောင် လူသူဝေးပြီး ချောင်ကျတဲ့နေရာတွေက အန္တရာယ်ရှိပါတယ်" ဟု သတိပြုအကြံပေးသည်။ အချို့သော ခြေလွန်လက်လွန်မှုများက မိန်းကလေးဘက်မှ အလိုတူအလိုပါမဟုတ်ဘဲ ပတ်ဝန်းကျင်၊ ဆေးဝါးစသည်တို့၏စေ့ဆော်မှုကြောင့်ဖြစ်သည်ဟုဆိုသော်လည်း အချို့ကိစ္စများတွင် အမျိုးသမီးလေးများကိုယ်တိုင် သဘောတူလက်ခံပြီးမှ ခြေလွန်လက်လွန်ဖြစ်ပြီး ဖြေရှင်းကြရသည်များလည်း ရှိသည်။

နှစ်ယောက်တည်း သီးသန့်ဖြစ်သည့်ဆိုင်များနှင့်ပတ်သက်ပြီး ရန်ကုန်မြို့နေ လူငယ်တစ်ဦးက "အမှန်က အဲဒီလိုသီးသန့်နေရာတွေက သိပ်ပြီးမရင်းနှီးကြချိန်မှာတည်းခိုခန်းလိုနေရာမျိုးကို တန်းခေါ်သွားဖို့ အဆင်မပြေသေးလို့ ပထမအဆင့်အနေနဲ့သွားကြတာ။ သာမန်လူငယ်တွေသွားကြတာပါ" ဟု သူ့ပတ်ဝန်းကျင်အတွေ့အကြုံများအရ ပြောပြသည်။

ကျန်းမာရေးဆိုင်ရာစစ်တမ်းများအရ တဖြည်းဖြည်းပြောင်းလဲလာသည့် အစားအသောက်နှင့်လူနေမှုပုံစံတို့ကလည်း အမျိုးသမီးငယ်များ၏ အပျိုဖော်ဝင်ချိန်ကာလကို ယခင် ၁၄ နှစ် ၁၅ နှစ်နှင့် နှိုင်းယှဉ်ပါကစောလာနေကြောင်း ဆိုသည်။ ယခုဆိုလျှင် ပျမ်းမျှ အပျိုဖော်ဝင်သည့်နှစ်မှာ အသက် ၁၀ နှစ်နှင့် ၁၁ နှစ်ကြား ဖြစ်လာသည်ဟုဆို၏။

ထို့အတူ မိန်းကလေးငယ်များ၏ အပျိုစင်ဘဝအပေါ် ခံယူမှုကလည်း ပြောင်းလဲလာသည့်ခေတ်၊ ပတ်ဝန်းကျင်လူနေမှု ပုံစံတို့နှင့်အတူ ပြောင်းလဲလာသည်ဟုဆိုကြသည်။

"လွန်ခဲ့တဲ့ ငါးနှစ်ကနဲ့ အခုမတူတော့ဘူး။ မိန်းကလေးတချို့က အပျိုစင်ဘဝကို သိပ်ပြီး ဂရုမစိုက်ကြတော့ဘူး။ တချို့လည်း ဖုံးမရဖိမရမဖြစ်အောင် နေကြတယ်ပေါ့။ တချို့လည်း ပြဿနာတွေဖြစ်ကြ၊ ရောဂါတွေရကြနဲ့ပတ်ဝန်းကျင်မှာ ကြားနေကြရတာပဲ" ဟု အသက် ၂၈ နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးက ယနေ့ခေတ် အမျိုးသမီးငယ်အချို့၏ နေထိုင်မှုပုံစံကို ထင်မြင်ချက်ပေးပြောဆိုသည်။

သီးသန့်ရှိသည့် နှစ်ယောက်တည်းကမ္ဘာနေရာများမှသည် ပို၍လွတ်လပ်သော နေရာများသို့ ရောက်ရှိကာ မိမိလူမှုပတ်ဝန်းကျင်တွင် ခေါင်းမဖော်ရဲသည့် အဖြစ် မျိုး ဘယ်လိုမိဘမျိုးကမျှ လိုချင် လိမ့်မည်မဟုတ်ကြောင်း အမှုရင်ဆိုင်နေသည့် ဘုရင့်နောင်မှ သမီးရှင်ဦးကြီးကဆိုသည်။

"ဦးလိုမိဘတွေ၊ ဒီလိုကိစ္စမျိုးတွေကို ဖုံးဖိပြီးနေလာခဲ့သူတွေ လိမ်လည်လှည့်ဖျားမှုတွေကို ဥပဒေဘောင်အတွင်းက ရင်ဆိုင်စေချင်တယ်။ တစ်ဖက်ကသားရှင်မိဘတွေကိုလည်း ကိုယ်ချင်းစာစေချင်တယ်။ လူငယ်တွေ ဘဝသင်ခန်းစာတွေကိုလည်း သိစေချင်တယ်" ဟု သမီးနှင့်ရင်းပြီး ကြုံတွေ့ခဲ့ရသည့်သူ့အတွေ့အကြုံကို သမီးရှင်ဖခင်တစ်ယောက်ဖြစ်သော်ငြား ရဲရဲဝံ့ဝံ့ပင် ဖြစ်ကြောင်းကုန်စင်ကို ထုတ်ဖော်ပြောပြဝေမျှသည်။ သူ့ရည်ရွယ်ချက်က သူ့သမီးငယ်ကိုကြည့်ကာ အခြားသမီးရှင်မိသားစုဝင်များသင်ခန်းစာတစ်ခု၊ ပညာပေးစရာတစ်ခုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေလိုခြင်းဖြစ်သည်။

ယခုတော့ အမှုရင်ဆိုင်ရင်းကလေးပင်မွေးပြီးလို့ ၇လပင်ရှိပြီဖြစ်သည်။ ရုံးချိန်းစုစုပေါင်း ၃၁ ချိန်းကို လူမမယ်ကလေးငယ်နှင့်အတူ ဖြတ်သန်းခဲ့ရင်း စီရင်ချက်ချမည့်ရက်ကိုငံ့လင့်နေရုံသာရှိတော့သည်။

7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011



## စားသုံးသူကာကွယ်ရေးဥပဒေမူကြမ်းရေးဆွဲ

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၈**

မြန်မာနိုင်ငံအတွက် စားသုံးသူ ကာကွယ်ရေးဥပဒေမူကြမ်းကို ရေးဆွဲနေပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။

“ပြည်တွင်းမှာထုတ်တဲ့ပစ္စည်းပဲဖြစ်ဖြစ်၊ ပြည်ပမှာ ထုတ်တဲ့ ပစ္စည်းပဲဖြစ်ဖြစ် ဘယ်နိုင်ငံမှာမဆို စာသုံးသူများအကာအကွယ်ပေးရေးဥပဒေဆိုတာရှိပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ အချိန်နဲ့တစ်ပြေးညီ ပြုစုတင်ပြပြီးတော့ မူကြမ်းအဖြစ် လာမယ့် လွှတ်တော်အသီးသီးမှာ တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် အနေအထားရှိပါတယ်”ဟု ဒေါက်တာပွင့်ဆန်းက နေပြည်တော်၌ ယနေ့သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

၂၀၁၅တွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေ အစီအစဉ်စတင်တော့မည်ဖြစ်သည့်အတွက် စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းကျင့်သုံးရန်မှာ ပိုမိုအရေးကြီးလာကြောင်းလည်း ၎င်းက ရှင်းပြသည်။

# လေကြောင်းလိုင်းဖြတ်သန်းခကောက်ခံခွင့် ပုဂ္ဂလိကသို့ လွှဲပေးမည်မဟုတ်

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၈**

**မြန်မာနိုင်ငံပေါ်သို့ဖြတ်သန်းသွားသော နိုင်ငံတကာလေကြောင်းလိုင်းများအား လေကြောင်းဖြတ်သန်းခကောက်ခံသည့်လုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးသွားရန် အစီအစဉ်မရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။**

နေ့စဉ် မြန်မာနိုင်ငံပေါ်သို့ လေယာဉ်အစင်း ၄၅၀ကျော်ဖြတ်သန်းလျက်ရှိပြီး လေကြောင်းလိုင်းဖြတ်သန်းခမှာ တစ်ရက်လျှင်ဒေါ်လာ၁၆,၀၀၀ကျော်၊တစ်နှစ်လျှင် ဒေါ်လာသန်း ၆၀ ကျော် ရရှိနေသည်။ လေကြောင်းလိုင်းဖြတ်သန်းခကောက်ခံခြင်းလုပ်ငန်းမှာ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းဖြစ်၍ ပုဂ္ဂလိကသို့ လွှဲပေးရန်အစီအစဉ်မရှိကြောင်း ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။

“ဒါကို ရှင်းရှင်းလင်းလင်း ပြောရရင် အချုပ်အခြာအာဏာကြောင့်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လေပိုင်နက်ကို ဖြတ်သန်းပြီးတော့ ဝန်ဆောင်မှုပေးလို့ ရတာဖြစ်ပါတယ်။ ဘယ်ပုဂ္ဂလိကကိုမှ ပေးလို့မရပါဘူး။ တချို့ပုဂ္ဂလိက လိုချင်တဲ့လူလည်တွေ ရှိကောင်းရှိနိုင်ပါတယ်”ဟုဦးဉာဏ်ထွန်းအောင်ကပြောကြားသည်။

နိုင်ငံတကာလေကြောင်းလိုင်းဖြတ်သန်းခများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးတော့မည်ဟုသတင်းဂျာနယ်တစ်စောင်တွင် ဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ မေးမြန်းခဲ့ခြင်းအပေါ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ တည်နေရာမှာ လေယာဉ်ပျံသန်းမှုတွင်လည်း အဓိက လမ်းဆုံနေရာ၌ ရှိနေသည်။ မြောက်ဘက်တွင် ဟိမဝန္တာတောင်တန်းနှင့် တောင်ဘက်ရှိ ပင်လယ်ပြင်ပေါ်မှ မပျံသန်းလိုသောလေကြောင်းလိုင်းများစွာက မြန်မာနိုင်ငံပေါ်ရှိ လမ်းကြောင်း ၁၃ ခုမှ နေ့စဉ် ပျံသန်းနေသည်။ ထိုသို့ပျံသန်းနေခြင်းကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်း ၉၀ က စောင့်ကြည့် ဝန်ဆောင်မှုပေးရသည်။

# နေပြည်တော်လေဆိပ်ကို မြန်မာနိုင်ငံ၏ ဗဟိုလေဆိပ်ပြုလုပ်ရန် အစီအစဉ်မရှိ

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၈**

နေပြည်တော်လေဆိပ်ကိုပြည်တွင်း၊ပြည်ပလေကြောင်းလိုင်းများအားလုံး ဆင်းသက်ရမည့်မြန်မာနိုင်ငံ၏ဗဟိုလေဆိပ်အဖြစ်ပြုလုပ်သွားရန် အစီအစဉ်မရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ကပြောကြားသည်။

နေပြည်တော်လေဆိပ်ကို မြန်မာနိုင်ငံ၏ လေဆိပ်အားလုံးတွင် အဓိကဗဟိုလေဆိပ်အဖြစ် ပြုလုပ်သွားရန် အစီအစဉ်ရှိပြီး နိုင်ငံတကာလေကြောင်းလိုင်းများအားလုံး ဆင်းသက်မည်ဟု ကောလာဟလအချို့ထွက်ပေါ်ခဲ့ဖူးသည်။ ယင်းနှင့်ပတ်သက်၍ ဦးဉာဏ်ထွန်းအောင်က “ဒီမိုကရေစီစနစ်မှာ Market Demand (ဈေးကွက်ရဲ့ တောင်းဆိုမှု)ပေါ်မှာပဲ မူတည်ပါတယ်။ မလုပ်ပါဘူး(အဓိကလေဆိပ်အဖြစ်)။ ဒီမိုကရေစီခေတ်မှာ လုပ်လည်း မလုပ်ကောင်းပါဘူး။ ခရီးသည်တွေများလာတယ်၊ တောင်းဆိုလာတယ်ဆိုရင်တော့ ဆင်းပေးရမှာပေါ့။ နိုင်ငံတော်အစိုးရက ပြည်သူလူထုရဲ့ စိတ်ညစ်ညူးအောင်လုပ်ဖို့ အကြောင်းမရှိပါဘူး။ ဒီမိုကရေစီအစိုးရလက်ထက်မှာ”ဟု ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ယနေ့ နေပြည်တော် တွင် သတင်းထောက်များနှင့်တွေ့ ဆုံစဉ်ပြောကြားသည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# နိုင်ငံပိုင် စက်ရုံ ကိုးရုံ ပုဂ္ဂလိကသို့ စတင်ငှားရမ်းလုပ်ကိုင်ခွင့်ပြု

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၈**

အမှတ်(၁) စက်မှုဝန်ကြီးဌာနပိုင် စက်ရုံကိုးရုံကို ပုဂ္ဂလိကသို့ငှားရမ်းလုပ်ကိုင်ခွင့်ပြုသည့်စနစ်ဖြင့် စက်တင်ဘာ ၁ ရက်မှစ၍ လုပ်ကိုင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကပြောကြားသည်။

ယခင်က နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကိုပုဂ္ဂလိကသို့ရောင်းချသည့်ပုံစံကျင့်သုံးခဲ့ရာမှ ယခုကဲ့သို့ငှားရမ်းလုပ်ကိုင်ခွင့်ပြုခြင်းနှင့် ပတ်သက်၍ ဦးစိုးသိန်းက အောက်ပါအတိုင်းရှင်းပြသည်။

“ပထမဆုံး နိုင်ငံပိုင်ရုံတွေကို ပုဂ္ဂလိကပိုင်တွေလုပ်ပေးတယ်။ ပုဂ္ဂလိကပိုင်ပေးတဲ့အခါကျတော့ ပိုက်ဆံတွေ သိပ်မသွင်းနိုင်ဘူး။ မသွင်းနိုင်ခဲ့အခါကျတော့ အရစ်ကျနဲ့သွင်းခိုင်းတယ်။ ဒါလည်း သိပ်မသွင်းနိုင်ကြပြန်ဘူး။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကများတော့ အခုနည်းနည်းအသွင်ပြောင်းလိုက်တယ်။ စက်ရုံတွေကို ပုဂ္ဂလိကကို ငှားရမ်းလိုက်တယ်။ ငါးနှစ်၊ ဆယ်နှစ်၊ ၁၅ နှစ်၊ နှစ် ၃၀ ငှားလိုက်တယ်။ စက်ရုံက လုပ်သားခတွေကို ပုဂ္ဂလိကကပေးရမယ်။ သူ့ရဲ့ကုန်ကြမ်းတွေဝင်မယ်၊ ကုန်ထုတ်မယ်ဆိုရင် နိုင်ငံတော်အနေနဲ့ အများကြီးသက်သာသွားမယ်။ နိုင်ငံတော်အနေနဲ့ဘတ်ဂျက်သက်သာသွားရင် နိုင်ငံဖွံ့ဖြိုးရေးအတွက် ကျန်းမာရေး၊ ပညာရေးတို့ကိုပိုသုံးနိုင်မယ်။ အခုတော့စက်မှုကဏ္ဍက နိုင်ငံတော်အတွက်ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်။ ဒီဝန်ထုပ်ကိုဖြည်းဖြည်းဖြည်းလျှော့သွားရမယ်”

ရှေ့ပြေးစီမံကိန်းအနေဖြင့် စက်တင်ဘာ ၁ ရက်မှ စတင်၍ ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုလိုက်သော စက်ရုံများတွင် ဒိုင်းမွန်းအချိုရည်စက်ရုံ၊ ဒဂုံအချိုရည်စက်ရုံ၊ စစ်တောင်းစက္ကူစက်ရုံ၊ ဘီးလင်းသကြားစက်ရုံ၊ သန်လျင်မှ အထည်ချုပ်စက်ရုံနှစ်ရုံ၊ ထီးစက်ရုံတစ်ရုံစသောစက်ရုံတို့ပါဝင်သည်။

နောက်ပိုင်းတွင်လည်း အခြားစက်ရုံများကိုပါ ပုဂ္ဂလိကနှင့်ညှိနှိုင်း၍ ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အစီအစဉ်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

# နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်မည့်အပေါ် မပူပန်ကြဘဲ မိမိတို့၏ လုပ်ငန်းများကိုသာ အာရုံစူးစိုက်လုပ်ကိုင်ကြရန် ပြည်ထောင်စုဝန်ကြီးတိုက်တွန်း


**အားမာန်**

**နေပြည်တော်၊ ဩဂုတ်-၂၈**

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်မည့် ကိစ္စအပေါ်တွင် ပူပန်မနေကြဘဲ မိမိတို့၏လုပ်ငန်းများကိုသာ အာရုံစူးစိုက်လုပ်ကိုင်သွားကြရန် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့၏ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တိုက်တွန်းပြောကြားလိုက်သည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းကို တစ်ခုတည်းသော နှုန်းအဖြစ် သတ်မှတ်တော့မည်ဆိုခြင်းအပေါ် လုပ်ငန်းရှင်များက ပူပန်မှုများရှိသည်။ လက်ရှိတွင် အမေရိကန်ဒေါ်လာနှင့် ပို့ကုန်ရငွေဈေးနှုန်းများ ရှိသင့်သောနှုန်းထက် ပိုမိုကျဆင်းနေခြင်းကြောင့် စီးပွားရေးလုပ်ငန်း အများစု လုပ်ငန်းများ မလုပ်နိုင်ဘဲ ရပ်ထားကြသည်။ ထို့ကြောင့် ငွေလဲနှုန်း သတ်မှတ်သောအခါ ဒေါ်လာတန်ဖိုးကို ဈေးကွက်ပေါက်ဈေးထက် များစွာလျှော့ချသတ်မှတ်မည့်အပေါ် ပူပန်နေကြခြင်းဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်များ ကြား၌လည်း နိုင်ငံခြားငွေလဲနှုန်းနှင့် ပတ်သက်၍ လောလောဆယ် ကောလာဟလမျိုးစုံထွက်ပေါ်လျက်ရှိသည်။

“တစ်ခုတည်းသော ငွေဖလှယ်နှုန်းသတ်မှတ်တဲ့နေရာမှာ ပြည်ပပို့ကုန်၊ သွင်းကုန်ဆောင်ရွက်သည့် လုပ်ငန်းများ ထိခိုက်မှုမရှိစေရန် လည်းကောင်း၊စားသုံးသူများအနေနဲ့ ထိပါးမှုမရှိစေရန် လည်းကောင်း၊ လက်ဝယ်ရှိနိုင်ငံခြားငွေကိုင်ဆောင်ထားသူများနဲ့ လက်ဝယ်ပြည်တွင်းသုံးငွေ ကိုင်ဆောင်ထားသူများအနေနဲ့ ထိပါးမှုမရှိစေရန်လည်းကောင်း၊ နိုင်ငံတော်၏ကုန်ထုတ်လုပ်မှု၊ကုန်သွယ်မှုနှင့် ငွေရေးကြေးရေး ကဏ္ဍများတွင် ထိပါးမှုမရှိစေရန်လည်းကောင်း အဘက်ဘက်မှ ဘက်စုံ၊



ထောင့် စိစစ်ညှိနှိုင်းပြီးမှ အစိုးရကဆောင်ရွက်မှာဖြစ်ပါတယ်”ဟု ဦးစိုးသိန်းက နေပြည်တော်၌ ဩဂုတ် ၂၈ရက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ လက်ရှိပြည်တွင်းဈေးကွက်တွင်ဒေါ်လာတန်ဖိုးပြန်တက်လာစေရန် ဦးစိုးသိန်းက ဇုန်ကားများအပေါ် ကောက်ခံသောဒဏ်ကြေးကို ကျပ်ငွေအစားဒေါ်လာဖြင့်ပေးသွင်းခွင့်ပြုခဲ့သည်။ ထိုသို့ ပြုလုပ်ပြီးနောက် ဒေါ်လာဈေးများ အနည်းငယ်ပြန်တက်လာခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်များအားလုံး လုပ်ငန်းများကောင်းစွာလည်ပတ်နိုင်သော ငွေလဲလှယ်နှုန်းမှာ လက်ရှိအခြေအနေတွင် တစ်ဒေါ်လာလျှင် ၉၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်းရှိမှ အဆင်ပြေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် မီးရထားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ကပြောသည်။






7DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

## စာ – ၁၃၊ စရိတ်မျှပေးကျန်းမာရေးနှင့် နိုင်ငံ့ကျန်းမာရေးအသုံးစရိတ် မှ

ထိုကဲ့သို့အစိုးရက ငွေကြေးစိုက်ထုတ်ပြီးထားရှိပေးထားသည့် ဆေးဝါးများအားထိုက်သင့်သည့်နှုန်းထားဖြင့် လူနာများ ဆေးဝါးကုသနိုင်ရန် ဆောင်ရွက်ထားသော်လည်း လက်ရှိအချိန်တွင် ဆေးရုံများ၌ရှိသည့် ဆေးဆိုင်မှ ဆေးဝါးများကိုအပြင်ပေါက်ဈေးအတိုင်း ဝယ်ယူအသုံးပြုနေရကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် ဆေးရုံများ၌ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ဓာတ်မှန်ရိုက်ခ ECG စမ်းသပ်ခ ဓာတ်ခွဲခန်းစမ်းသပ်ခမှရရှိသော ရန်ပုံငွေစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းနှင့် ဆေးရုံဆေးပဒေသာပင်မှရရှိသော အတိုးငွေနှစ်ရပ်ပေါင်းရန်ပုံငွေနိုင်ငံတော်မှထောက်ပံ့ထားသောဆေးဝါးတို့ဖြင့် ဆင်းရဲသောလူနာများကိုအခမဲ့စောင့်ရှောက်ပေးနေကြောင်းဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကပြောကြားထားသည်။

“ဆေးရုံတွေအတွက် ချပေးတဲ့ငွေကြေးဆိုတာမျိုးမရှိပါဘူး။ ဆေးရုံတွေကအပြင်မှာ အလှူခံလို့ရတဲ့ငွေကြေးနဲ့သက်သာလို့ဆင်းသွားတဲ့လူနာတွေကလှူဒါန်းတဲ့ငွေကြေးစုပေါင်းပြီးဆေးပဒေသာပင်လုပ်ထားတယ်။ အဲဒီငွေကြေးများပြားတဲ့ဆေးရုံတွေက ဆေးဝါးကုသဖို့ မတတ်နိုင်တဲ့သူတွေကို အခမဲ့ဆေးကုသတာမျိုးလုပ်နိုင်ပေမယ့် ငွေကြေးနည်းပါးတဲ့ ဆေးရုံတွေကတော့ အဲလိုမျိုးမလုပ်နိုင်ကြဘူး”ဟု ရန်ကုန်ဆေးရုံသစ်ကြီးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆေးရုံများတွင် အဆိုပါစက်ကိရိယာများအသုံးပြုခြင်းမှရရှိလာသောငွေကြေးများကိုအစိုးရဘဏ်သို့ဆေးရုံအုပ်ကြီးကအပတ်စဉ်ငွေသွင်းရပြီး ထိုပမာဏအားစစ်ဆေးပြီးထိုစက်များတွင်အသုံးပြုသည့် ဆေးများသာ ပြန်လည်ထုတ်ပေးခြင်းကြောင့် ဆေးရုံများ၌ငွေကြေးရရှိမှုနည်းပါးနေခြင်းကလည်း လူနာများအား အပြည့်အဝဝန်ဆောင်မှုမပေးနိုင်သည့်အကြောင်းအရာများတွင် ပါဝင်ကြောင်း ၎င်းကဖြေကြားခဲ့သည်။

ထိုအကြောင်းများကြောင့် ဆေးရုံရောက်သည့်အခါ လူနာများမှာတံတားပေါက် အစောင့်မှအစ သန့်ရှင်းရေးဝန်ထမ်းများအပါအဝင်ငွေကြေးပေးရခြင်း၊ ဆေးဝါးကုသရေးတွင် အသုံးပြုရသည့်ပစ္စည်းများအားလိုအပ်သမျှအကုန်ဝယ်ယူရခြင်း စသည့်အခက်အခဲများ ရင်ဆိုင်နေရကြောင်း အစိုးရဆေးရုံမှကျန်းမာရေးအရာထမ်းတစ်ဦးက ပြောသည်။

“တချို့ဆေးရုံတွေမှာကတော့ ဆေးရုံအုပ်တွေက တင်းတင်းကျပ်ကျပ်ကိုငွေကြေးတောင်းတာတားမြစ်ထားပေမယ့်တချို့ဆေးရုံတွေကတော့ဆေးရုံကလည်းဘာမှမလုပ်ပေးနိုင်တဲ့အခါအဲလိုတောင်းနေတာကိုမသိချင်ယောင်ဆောင်နေရတာတွေရှိတော့နေထိုင်မကောင်းလို့ဆေးရုံရောက်လာသူတွေမှာ အရမ်းကိုငွေကုန်ကြေးကျများကြရတယ်”ဟု ရန်ကုန်ဆေးရုံသစ်ကြီးမှ တာဝန်ရှိသူကဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးအတွက်အသုံးပြုသည့်ဘတ်ဂျက်သည် ၂၀၀၉-၂၀၁၀ ခုနှစ်တွင်ကန်ဒေါ်လာ ၁၁၀ သုံးစွဲခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြီး ထိုအသုံးစရိတ်သည် နိုင်ငံသားတစ်ဦးအတွက် တစ်နှစ် နှစ်ဒေါ်လာ သက်ရောက်မှုရှိကြောင်း အဆိုပါထုတ်ပြန်ချက်အရသိရသည်။ ထိုနှစ်ဘဏ္ဍာရေးနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်သည် ၅၁ ရာခိုင်နှုန်းရှိပြီး ကျန်းမာရေးအသုံးစရိတ်နှင့်ယှဉ်လျှင် ၁၇ဆခန့်ပိုများပြားနေကြောင်းပြည်သူ့ခေတ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၅၁)တွင်ဒေါက်တာဒေါ်မြင့်မြင့်ခင်က တိုင်းပြည်၏ရသုံးငွေ(ဘတ်ဂျက်)အမည်ဖြင့်ရေးသားထားသည်။

နိုင်ငံတကာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်တွင်လည်း မြန်မာနိုင်ငံသည်ကျန်းမာရေး အသုံးစရိတ်သုံးစွဲမှု အနည်းဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ကြောင်း ဖော်ပြထားသည်။

အခြေခံအဆောက်အဦပံ့ပိုးမှုနှင့်ပတ်သက်ပြီး နိုင်ငံတစ်ဝန်းတွင် ဆေးရုံကြီးငယ် ၉၂၉ ရုံတည်ဆောက်ပေးခဲ့ကြောင်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကပြောကြားခဲ့သည်။

ပြည်သူများ၏ကျန်းမာရေးအခြေအနေမှာအဆပေါင်းများစွာဆိုးရွားနေပြီး လက်ရှိအခြေအနေတွင်ကျန်းမာရေးစရိတ်မတတ်နိုင်သူတစ်နေ့တခြားတိုးပွားလာသဖြင့်ပရဟိတကျန်းမာရေး ဆေးခန်းများတွင်လူနာများများပြားလာနေသည့်အတွက် နိုင်ငံတွင်းကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးမြင့်တင်ပေးရန် လိုအပ်ချက်မှာ သိသာနေကြောင်း ဒေါက်တာဒေါ်မြင့်မြင့်ခင်၏ အဆိုပါပြည်သူ့ခေတ်ဂျာနယ်တွင်ရေးသားထားသော ဆောင်းပါး၌တွေ့ရသည်။

ယခု ၂၀၁၁-၂၀၁၂တွင် ကျန်းမာရေးကဏ္ဍအတွက်အသုံးပြုရန် ဘတ်ဂျက်ကို ၇ ဒသမ ၆ ထရီလီယံကျပ် အသုံးပြုမည်ဟု ပြဋ္ဌာန်းထားချက်အားဇန်နဝါရီ ၂၇ ရက်တွင် စတင်ကြေညာခဲ့ပြီး ထိုငွေကြေးသည် ယခင်နှစ်က အသုံးပြုခဲ့သည့်ငွေကြေးထက်အဆများစွာ များပြားနေသည်။

ယခုကျင်းပနေသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အမတ် ဦးတင်ယုက တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိဆေးရုံများ၌ ဆေးဝါးလုံလောက်စွာဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် စပ်လျဉ်းပြီးမေးမြန်းရာတွင် ကျန်းမာရေးဝန်ကြီးဒေါက်တာဖေသက်ခင်က ကမ္ဘာပေါ်ရှိဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် ပြည်သူလူထုအားရာနှုန်းပြည့်အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခြင်းမရှိသေးကြောင်း၊ ဆေးရုံသို့လာရောက်ပြသသည့် လူနာများအားဆေးဝါးလုံလောက်စွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လူဦးရေနှင့် လိုအပ်သည့်အခြေခံဆေးဝါးများ၏ တန်ဖိုးအားတွက်ချက်ထားပြီး ၂၀၁၁-၂၀၁၂အတွက် ဆေးဝါးများဝယ်ယူခြင်းနှင့်စက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းမှု အတွက်ခွင့်ပြုထားသည့်ရန်ပုံငွေဖြင့် ဆေးရုံများသို့အခြေခံဆေးဝါးများ ပံ့ပိုးပေးနိုင်ရန်စီစဉ်နေကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် ကျန်းမာရေးနှင့် ပတ်သက်ပြီး ဘတ် ၃၀စီမံကိန်းချမှတ် ဆောင်ရွက်နေကြောင်းလည်းသိရသည်။

မြန်မာနိုင်ငံသည် ငါးနှစ်အောက်သေဆုံးမှုအများဆုံးနိုင်ငံများစာရင်းတွင်ပါဝင်နေသေးပြီး တီဘီရောဂါဖြစ်ပွားမှုတွင်လည်း အပူပိုင်းဇုံအဖြစ်သတ်မှတ်ခံထားရကြောင်းသိရသည်။

TRADEMARK CAUTION

PN

KHIN MAUNG CHO & Associates

Dated: Sept. 1, 2011

technology နှင့် software

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# Chicken Soup


CHICKEN SOUP

တရှုပ်ရှုပ် ငိုကြွေးနေတဲ့ မိန်းကလေးငယ်တစ်ယောက်ဟာ ချာ့ကျောင်းတံခါးဝနားမှာ ရပ်နေရှာတယ်။ အထဲမှာ လူတွေကများလွန်းနေလို့ အထဲကိုသူဝင်လို့မရဘူးဖြစ်နေတယ်လေ။ ဒါနဲ့သူလည်း စိတ်လျှော့လိုက်ပြီးပြန်လှည့်ထွက်သွားတယ်။ လမ်းမှာ ဘုန်းတော်ကြီးတစ်ပါးနဲ့ မျက်နှာချင်းဆိုင်ဆုံမိကြတယ်။ ဘုန်းတော်ကြီးက ကလေးမကလေးကို တစ်ချက်ကြည့်လိုက်တော့ ပေတီပေစုတ်ထဲကကလေးမကလေးဖြစ်နေတာတွေ့ရတယ်။ကောင်မလေးက ဘုရားကျောင်းထဲဝင်ချင်တာ မဝင်ရလို့ငိုနေတယ်ဆိုတာလည်းသိရော ဘုန်းကြီးက သူ့ကိုလက်ဆွဲပြီး ဘုရားကျောင်းထဲမှာ နေရာတစ်နေရာရှာပေးလိုက်တယ်လေ။ သူလာချင်တဲ့ဆန်းဒေးစကူးလ်ကိုလာခွင့်ရလို့ ဒီကလေးမလေး အရမ်းပျော်သွားတယ်။ ဒါနဲ့ကလေးမကလေးဟာ အဲဒီညဘက်အိပ်ရာဝင်တော့ အရင်တုန်းက သူ့လိုပဲ ဘုရားရှိခိုးကျောင်းကို သွားခွင့်မရခဲ့တဲ့ ဘဝတူကလေးတွေအကြောင်း ပြန်ပြီးစဉ်းစားမိတယ်။

နောက် နှစ်နှစ်လောက်အကြာမှာ ဒီကလေးမကလေးဟာ ဆင်းရဲသား တိုက်တန်းလျားတစ်ခုမှာသေလုမျောပါးလဲလျောင်းနေခဲ့ရတယ်။ကလေးမလေးရဲ့မိဘတွေက ကလေးမကလေးကို ခင်မင်ရင်းနှီးတဲ့ ဘုန်းတော်ကြီး တစ်ပါးကိုခေါ်ပြီး သေခါနီး နောက်ဆုံးစီစဉ်စရာရှိတာတွေကို စီစဉ်ခိုင်းတယ်။

ကလေးမကလေးဆုံးသွားပြီးတဲ့နောက်မှာသူ့ရဲ့သေးကွေးပိန်ချုံးနေတဲ့အလောင်းကလေးကို ဖယ်ရှားလိုက်တော့ အိပ်ရာအောက်ကနေ စုတ်ပြတ်နွမ်းရိနေတဲ့ ပိုက်ဆံအိတ်ကလေးတစ်အိတ်ကိုသွားတွေ့တယ်လေ။ ဒီပိုက်ဆံအိတ်ကလေးက သူများသုံးပြီး မလိုချင်လို့ စွန့်ပစ်ထားတာကို အမှိုက်ပုံထဲကနေ ဒီကလေးမကလေးရှာတွေ့ထားတာ ဖြစ်နိုင်တယ်။ ပိုက်ဆံအိတ်ကလေးထဲကိုဖွင့်ကြည့်လိုက်တော့ အထဲမှာ အကြွေ ၅၇ ဆင့်နဲ့ စာရွက်အစုတ်ကလေးတစ်ခုကိုတွေ့ရတယ်။ စာရွက်ကလေးပေါ်မှာလည်းကလေးလက်ရေးကလေးနဲ့အခုလိုရေးထားသေးတယ်။ ‘ဘုရားသခင်၊ တပည့်တော်မရဲ့ ဒီလှူဒါန်းငွေဟာ ဘုရားကျောင်းမတက်နိုင်တဲ့ကလေးတွေအတွက် ဆန်းဒေးစကူးလ်မှာနေရာပိုပေးနိုင်အောင်ဘုရားရှိခိုးကျောင်းကလေးတစ်ခုဆောက်လုပ်ဖို့အတွက်ဖြစ်ပါတယ်ဘုရား’ လို့ရေးထားတယ်။ ဒီကလေးမကလေးဟာ ဆန်းဒေးစကူးလ်ကိုတက်ခွင့်ရပြီးကတည်းက နှစ်နှစ်လုံးလုံးဒီပိုက်ဆံကလေးကို စုဆောင်းထိန်းသိမ်းထားခဲ့တယ်ဆိုတာ သိခဲ့ရတယ်။

ကလေးမကလေးထားခဲ့တဲ့စာကို ဘုန်းတော်ကြီးက မျက်ရည်အဝိုင်းသားနဲ့ ဖတ်ရင်းသူဘာလုပ်ရမယ်ဆိုတာကို အလိုလိုသိသွားခဲ့တယ်။ သူဟာ အဲဒီစာကလေးနဲ့ အနီရောင်ပိုက်ဆံအိတ်အစုတ်ကလေးကို ဘုရားကျောင်းကိုယူသွားပြီး ကလေးမကလေးရဲ့ဇာတ်လမ်းကိုပြောပြတယ်။ ဒီကလေးမလေးရဲ့ကြည်ညိုသဒ္ဓါတရားနဲ့ကိုယ်ကျိုးမငဲ့မှုတို့ကို အလေးအနက်ထားပြီး သူ့လူတွေကို ပြောပြတယ်။ တစ်ဆက်တည်းမှာပဲသူ့ရဲ့ဂေါပကလူကြီးတွေကို ကလေးမကလေးရဲ့ ဆန္ဒအတိုင်း ဆင်းရဲသားကလေးငယ်တွေ ဆန်းဒေးစကူးလ်ကိုလာနိုင်ဖို့ ဘုရားရှိခိုးကျောင်းအကြီးတစ်ခုဆောက်နိုင်ဖို့ အပြင်းအထန်ကြိုးစားကြပေတော့လို့ညွှန်ကြားလိုက်တယ်။ ကလေးမကလေးရဲ့ထူးခြားတဲ့စေတနာသဒ္ဓါတရားကနေစတဲ့ဇာတ်လမ်းက ဒီမှာတင်ဆုံးသွားတာမဟုတ်ဘူး။ သတင်းစာတစ်စောင်က ဒီဇာတ်လမ်းကိုကြားသွားပြီး သူ့သတင်းစာမှာ ဒီအကြောင်းကို ရေးတယ်။ ဒီအကြောင်းကို အိမ်ခြံမြေပွဲစားကြီးတစ်ယောက်က ဖတ်မိသွားပြီးဘုရားကျောင်းအသစ်ဆောက်ဖို့အတွက်ဒေါ်လာငွေထောင်ပေါင်းများစွာတန်တဲ့ မြေကွက်ကြီးတစ်ခုကို ရောင်းပေးမယ်လို့ကမ်းလှမ်းတယ်။ ဘုရားကျောင်းဘက်ကလည်း သူ့မြေကွက်ကိုလိုချင်ပေမယ့် အဲဒီပေါက်စျေးကိုတော့မပေးနိုင်ဘူးလို့ အကြောင်းပြန်တော့ သူက ဒီမြေကွက်ကြီးကို ပိုက်ဆံ ၅၇ ဆင့်ထဲနဲ့ရောင်းမှာဖြစ်တယ်လို့ အကြောင်းပြန်ခဲ့တယ်။




ဒီလိုနဲ့တစ်ယောက်စကားတစ်ယောက်နား ဆင့်ကမ်းပြီး ဘုရားကျောင်း ကြည်ညိုသူတွေက သူ့ထက်ငါအားတက်သရောလှူဒါန်းကြတယ်။ အနီးအဝေးဒေသ အမျိုးမျိုးကအလှူရှင်တွေဆီကနေ ချက်လက်မှတ်တွေတဖွဲဖွဲနဲ့ရောက်လာခဲ့တယ်။ ငါးနှစ်လောက်ကာလအတွင်းမှာပဲ ကလေးမကလေးရဲ့ မတည်လှူဒါန်းငွေ ၅၇ ဆင့်ကို အစွဲပြုပြီး ဘုရားရှိခိုးကျောင်းဆောက်ဖို့ အလှူငွေဒေါ်လာနှစ်သိန်းခွဲလောက်အထိ ကောက်ခံရရှိခဲ့တယ်။ အဲဒီကာလတုန်းက(နှစ်ဆယ်ရာစုအစပိုင်းကာလကတုန်းက)ဒီငွေပမာဏဆိုတာ နည်းနည်းနောနောပိုက်ဆံ ပမာဏမဟုတ်ဘူး။ကလေးမကလေးရဲ့ကိုယ်ကျိုးမဖက်တဲ့ သဒ္ဓါတရားကလေးက ကြီးမားတဲ့ အလှူဒါနတွေကို နှိုးဆော်ပေးနိုင်ခဲ့တယ်။

တကယ်လို့များ စာဖတ်သူတွေ ဖီလာဒဲလ်ဖီးယားကိုရောက်ခဲ့မယ်ဆိုရင်အဲဒီမှာတမ်ပဲလ်ဘက်ပတစ်ဘုရားကျောင်းကြီးဆိုတာကို မြင်ဖူးတယ်ရှိအောင် လာကြည့်လှည့်ပါ။ စုစုပေါင်းလူသုံးထောင့်သုံးရာလောက်တစ်ပြိုင်နက်တည်း ဝတ်ပြုနိုင်တဲ့ ဘုရားကျောင်းကြီးဖြစ်ပါတယ်။ ပြီးတော့ ကျောင်းသားပေါင်းရာနဲ့ချီပြီး စာသင်ကြားနေကြတဲ့ တမ်ပဲလ်တက္ကသိုလ်ကြီးလည်းရှိတယ်။ နောက်ပြီး ဆမာရီတန်ဆေးရုံကြီးရယ်၊ ကလေးတွေရာနဲ့ချီပြီး ဆန်းဒေးစကူးလ်တက်နိုင်တဲ့ရောမဆန်းဒေးစကူးလ်ကျောင်းကြီးရယ်ရှိသေးတယ်။ ဒီတော့ ဟိုးအရင်ရာစုတစ်နှစ်ကျော်ကလိုဆန်းဒေးစကူးလ်တက်ချင်လျက်နဲ့နေရာမရလို့ ငိုပြီးပြန်လှည့်သွားရတဲ့ ကလေးတစ်ယောက်မှမရှိစေရလောက်အောင်လုံလောက်တဲ့ အဆောက်အအုံအခင်းအကျင်းတွေရှိနေခဲ့ပါပြီ။ တမ်ပဲလ် ဘက်ပတစ်ဘုရားကျောင်းကြီးရဲ့ ရောမခန်းဆောင်ကြီးတွေထဲက အခန်းတစ်ခန်းမှာ ကလေးမကလေးတစ်ယောက်ရဲ့ ချစ်စရာကောင်းတဲ့မျက်နှာကလေးတစ်ခုကို ပန်းချီကားအဖြစ်ရေးဆွဲထားတာကိုတွေ့ရလိမ့်မယ်။ သူကတော့ အင်မတန်ဆင်းရဲနွမ်းပါးနေတဲ့ကြားကဘုရားကျောင်းဆောက်ဖို့အတွက်ရည်စူးထားတဲ့ သူ့ရဲ့ကိုယ်ပိုင်ပိုက်ဆံကလေး ၅၇ ဆင့်ကိုသေသည်အထိ သဒ္ဓါတရားကြီးမားစွာနဲ့ ထိန်းသိမ်းသွားခဲ့တဲ့ ကလေးမကလေးရဲ့ ပန်းချီပုံပဲဖြစ်ပါတယ်။ ကလေးမကလေးရဲ့ ဘေးမှာ ကလေးမကလေးရဲ့ မိတ်ဆွေဘုန်းတော်ကြီးဒေါက်တာရပ်ဆယ်ကွန်ဝဲလ်ရဲ့ ပုံတူကိုပါ ဘေးချင်းယှဉ်ပြီးချိတ်ဆွဲထားတာကိုတွေ့ရလိမ့်မယ်။ အဲဒီဘုန်းတော်ကြီးက သူတို့ရဲ့ အလှူဇာတ်ကြောင်းတွေကို ကျောက်မျက်ရတနာဧကများဆိုပြီး စာအုပ်တစ်အုပ်ရေးထားခဲ့ပါသေးတယ်။ ။

*Ref: '57 CENTS GOES A LONG WAY' by Richard D'Andrea Dover*

## စာ-၂၆၊ သွန်သင်ခြင်းမှသည် ဆုံးမခြင်းပန်းတိုင်ဆီသို့ မှ

လုပ်ထား၊ ဟထားတဲ့ ဒီမိုကရေစီတံခါးဝကို အိုးစည်ဗုံမောင်းတွေနဲ့လှမ်းဝင်ရမယ့်အစား အကျင့်ဟောင်း၊ စရိုက်ဟောင်းတွေ ထွေးပိုက်သယ်ဆောင်ပြီး မီးတုတ်ကိုင်ဝင်သွားခဲ့မယ်ဆိုရင် ကိုယ်ကိုယ်တိုင်အတွက်ရော၊ တိုင်းပြည်နဲ့လူမျိုးအတွက်ပါ ဘယ်လိုမှ ကောင်းနိုင်မှာမဟုတ်တဲ့အပြင် ကိုယ့်အိမ်ကိုယ် မီးပြန်ရှို့တာနဲ့တူပါလိမ့်မယ်။ ဘောလုံးပွဲတစ်ပွဲက ရှုံးနိမ့်ရင်းဆန်ခတ်ဖြစ်မှုဟာ နိုင်ငံတကာမှာလည်းဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝပဲလို့ အချို့က ပုံတူကူးချပြောနေကြပေမယ့် မြန်မာနိုင်ငံလို ဗုဒ္ဓအဆုံးအမနဲ့ဗုဒ္ဓတရားတွေဦးထိပ်ထားပြီး ယဉ်ကျေးမှုအစဉ်အလာနှိုင်းစရာ ရှားလှပါတယ်ဆိုတဲ့ ဒေသသားတွေ ဒီလောက်ထိ ကျူးလွန်အတင့်ရဲလာကြတာ ‘ပြာပူမကြောက်သူတွေမို့လား’ မေးချင်စရာပါပဲ။

‘အမျိုးအနွယ်ကို ကောင်းစွာစောင့်ရှောက်တတ်သောအမျိုးကောင်းသားတို့သည် မိမိကိုယ်တိုင် ဆင်းရဲနွှင့်ကြုံရသော်လည်း အမှုယုတ်တို့ကိုမပြုတတ်’ ဆိုတဲ့ လောကနီတိလာ အဖိုးတန်ဩဝါဒမျိုးရှိနှင့်ထားတဲ့ မြန်မာလူမျိုးများနေထိုင်ရာမြန်မာနိုင်ငံဖြစ်နေတာမို့ ရှက်လည်းရှက်မိ၊ အံ့လည်းအံ့ဩရသလောက် မချိတင်ကဲဖြစ်စိတ်နဲ့ ပြောလိုက်ရတာကို ဂုဏ်သရေရှိလူကြီးမင်းများ ခွင့်မလွှတ်နိုင်တောင်နားလည်သည်းခံစေချင်တယ်။ သုဝဏ္ဏသတင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေရချိန်မှာပဲ ဩဂုတ်လ ပထမပတ်မှာထွက်ခဲ့တဲ့ဂျာနယ်တစ်စောင်ထဲ လူအုပ်နဲ့ ဝိုင်းရိုက်တဲ့ဖြစ်ရပ်မျိုးတွေ မကြာခဏ ကြုံတွေ့ရတတ်လို့ယာဉ်တိုက်မှုဖြစ်တဲ့အခါယာဉ်မောင်းအချို့ အခင်းဖြစ်ကိစ္စအပေါ် လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်ယူမှုက ရှောင်လွှဲပြီး ထွက်ပြေးနေရခြင်းဖြစ်တယ်လို့ ဌာနအကြီးအကဲတစ်ဦး ထုတ်ပြောတာကို ဖတ်လိုက်ရသလို ဟိုဘက်နှစ်ထဲတုန်းက 7Day ဂျာနယ်မှာ ဖော်ပြတဲ့ မိမိဆောင်းပါးတစ်ပုဒ်နဲ့ စပ်လျဉ်းပြီး အောင်မြင်ရေးနဲ့ ဘာသာရပ်ဆိုင်ရာဆောင်းပါးတွေ အဆက်မပြတ်ရေးသားနေသူမိတ်ဆွေ စာရေးဆရာတစ်ယောက်က သူ့အမြင်၊ သူ့ခံစားချက်တွေ ဖွင့်ဟပြောပြခဲ့ဖူးတာကိုလည်းပြန်သတိရမိပါတယ်။ လိုရင်းကိုပြောရမယ်ဆိုရင် အဲဒီဆောင်းပါးမှာ မိမိရေးသားခဲ့တာက ကိုယ်တွေ့အဖြစ်တစ်ခုကို အခြေခံလို့မြန်မာပြည်သူတွေ အကျင့်ကောင်းစရိုက်ကောင်းတွေလျော့ပါးကျဆင်းလာနေတဲ့အကြောင်း ဦးတည်ဖော်ပြပြီး အဆုံးသတ်မှာ ‘နိုင်ငံပြုပုဂ္ဂိုလ်များ များများမြန်မြန်ပေါ် ထွန်းလာနိုင်ပါစေ’ ဆိုတဲ့ ဆုတောင်းလေးနဲ့ ပိတ်ခဲ့တာပါ။ ဒါကိုသူကဒီဆောင်းပါးမျိုးများများရေးဖို့ တစ်ဖက်ကတိုက်တွန်းခဲ့သလိုရေးသလောက် အကျိုးသက်ရောက်မှုရှိရအောင် သမိုင်းထဲက သင်ခန်းစာယူစရာအဖြစ်အပျက်တွေကိုလည်း နိုင်ငံနဲ့လူမျိုးအကျိုးအတွက် လွတ်လွတ်လပ်လပ်ပြန်ဖော်ထုတ်တင်ပြခွင့်ရချင်တယ်လို့ ညည်းတွားပြောဆိုသွားခဲ့တာပါ။

သူပြောတာ အမှန်ပဲလို့ခုချိန်မှာ ကျွန်တော် ပိုပြီးထောက်ခံနေမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုဆို တိုင်းပြည်မှာ ဖြစ်ပေါ်ပြောင်းလဲမှုတစ်ခုရှိလာပြီဆိုတာနဲ့ စာနယ်ဇင်းမီဒီယာသမားတွေရဲ့ ထောက်ပြဝေဖန်မှု၊ စိစစ်သုံးသပ်မှုတွေ လက်မနှေးဘဲ ရေးသားဖော်ပြပေးကြတာ အရင်ထက် တွေ့နေရလို့ပါပဲ။ စာနယ်ဇင်းဆိုတာ အစိုးရရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံအလွဲအချော်တွေလောက်ပဲ ထောက်ပြထိုးနှက်တဲ့အလုပ်သက်သက်ကိုသာ ကွက်လုပ်တာမဟုတ်ဘဲ မြန်မာ-အိုမန်ဘောလုံးပွဲက လူထုပရိသတ်ရဲ့ မှားယွင်းမှုလိုပြည်သူတွေဘက်က ပျက်ကွက်မှု၊ အားနည်းချို့ယွင်းမှုတွေကိုလည်း သမာသမတ်ကျကျဖော်ထုတ်တည့်မတ်ပေးတတ်တာ လွတ်လပ်တဲ့မီဒီယာရဲ့ ရပ်တည်ချက် အစစ်အမှန်ဖြစ်ကြောင်း သက်သေခံနေပြီမဟုတ်လား။


ဒီနေရာမှာ မိမိရဲ့ ကိုယ်ပိုင်သုံးသပ်ချက်အမြင်တစ်ခုကို ရိုးရိုးသားသားထုတ်ဖော်တင်ပြချင်ပါတယ်။လွန်ခဲ့တဲ့နှစ် ၂၀ကျော်ကာလတုန်းက မြန်မာနိုင်ငံမှာ သမိုင်းဝင်ထင်ရှားလှပါတယ်ဆိုတဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ထက်အဆများစွာ ပြင်းထန်ကြီးမားတဲ့ဖြစ်ရပ်ကြီးတစ်ခု ပေါ်ပေါက်ခဲ့တာ အားလုံးလည်း သိခဲ့ပြီးသားကိစ္စပါ။ ထိုစဉ်က အဲဒီ့အုံကြွမှုကြီးကို တစ်ဖွဲ့ တစ်ပါတီအာဏာရှင်စနစ်ဖျက်သိမ်းပစ်ပြီး ဒီမိုကရေစီအစိုးရခေတ်ဆီ ရည်မျှော်ကြွေးကြော်မှုတွေနဲ့ စတင်ခဲ့ကြတာဖြစ်ပေမယ့် နောက်ပိုင်းမှာတော့ အကြမ်းဖက်လုယက်သတ်ဖြတ်မှုတွေ၊ သွေးထွက်သံယိုမှုတွေနဲ့ ဇာတ်သိမ်းမလှဖြစ်ခဲ့ရတယ်။ ဒါကြောင့်လည်း ကမ္ဘာမှာ မြန်မာဆိုတာ ကြောက်စရာသတ္တဝါတွေအလား ထင်မှတ်မှားရလောက်အောင်ပုံရိပ်ဆိုးတွေသာအမြတ်ရလိုက်ကြတယ်။ ကိုယ့်နောက်မှာ အခုလည်း ဖြစ်ပျက်နေတဲ့ကမ္ဘာ့အနှံ့က အရေးအခင်းတွေအတွင်း လူလူချင်း လမ်းပေါ် ခေါင်းဖြတ်သတ်တာမျိုး မကြားမိခဲ့ဘူး။

ဒါနဲ့ပတ်သက်ပြီး သမိုင်းရေးနေတာမဟုတ်လို့ အချက်အလက်စုံကိုထည့်သွင်းဖော်ပြဖို့ မဖြစ်နိုင်ပေမယ့် အဓိက ပြောလိုခြင်းအကြောင်းက ထုတ်ယူရမယ့် ယုံကြည်လက်ခံလောက်တဲ့ ဆင်ခြင်စရာ သင်ခန်းစာတွေ အခုထိတိုင် လုံလုံလောက်လောက်၊ ထိထိရောက်ရောက် အရင်းအတိုင်း ပညာပေးဖြန့်ဝေမပေးနိုင်ကြသေးတာဘဲ။ ဟိုတုန်းက ဖြစ်ပျက်ကြုံတွေ့ဖူးတဲ့ ခက်ထန်ခါးသီးခဲ့ရမှုတွေကို ကနေ့ကာလရဲ့ လွတ်လပ်ပွင့်လင်းလာမှုတွေအတိုင်း အစိုးရပိုင်းနဲ့ စာနယ်ဇင်းမီဒီယာတွေက ရှုထောင့်စုံ၊ အမြင်စုံ ဆင်ခြင်သုံးသပ်ပြီး အသိမှန်၊ အမြင်မှန်တွေ သွန်သင်ချပြပေးနိုင်ခဲ့မယ်ဆိုရင် အခုဖြစ်သွားတဲ့ သုဝဏ္ဏအရေးအခင်းမျိုးနဲ့ ဥပဒေမဲ့ မဆင်မခြင်ဝိုင်းရိုက်တာမျိုးတွေ ဖြစ်လာစရာအကြောင်းမမြင်တဲ့အပြင် ရှိပင်ရှိနေစေဦးတော့အတော်လေး(ပျောက်သလောက်)စိတ်အေးရတဲ့ အခြေအနေအထိတိုးတက်ပြောင်းလဲနေပြီဆိုတာ သံသယဖြစ်စရာ လိုပါဦးမလား။

မိဘမျက်နှာ အိုးမည်းသုတ်ခံရတယ်ဆိုတဲ့ကိစ္စကို စဉ်းစားသုံးသပ်ကြည့်တော့ အချော့လည်းမရ၊ အခြောက်လည်းမရတဲ့ သားသမီးမျိုးအချို့တွေလောက်သာ ကျူးလွန်တတ်တာတွေ့ရမှာပါ။ အုပ်ချုပ်မှုကောင်း၊ သွန်သင်မှုကောင်းနဲ့ စေတနာကောင်းတွေ ကိန်းအောင်းနေတဲ့ စံပြမိဘမျိုးမှာတော့ သားသမီးတွေဟာ အထူးတလှယ် ဆုံးမနေစရာမလိုဘဲတောင် လိမ္မာနေတတ်သေးတယ်။ နားဝင်အောင် မသွန်သင်၊ မရှင်းပြဘဲ ရိုက်နှက်ဆဲဆိုဆုံးမခြင်းဟာ သားသမီးတွေ လိမ္မာရေးခြားဖြစ်ဖို့ကိစ္စမှာ အန္တရာယ်ရှိတဲ့အတားအဆီးတစ်ခုလို့ ပညာရှင်တွေက အကြံပြုထောက်ပြကြတယ်။ ဒီအယူအဆဟာ ပြည်သူနဲ့ အစိုးရ နှစ်ဖက်အတွက်ဆိုလည်း ထည့်သွင်းစဉ်းစားသတိပြုရမယ့် အချက်ဖြစ်နိုင်ပါတယ်။

တစ်ထောင့်က ပြောင်းကြည့်ရင် ‘ဘမျိုးဘိုးတူ’ ဆိုတဲ့ ဆိုရိုးစကားကို မေ့ထားလို့ မသင့်ပြန်ဘူး။ ဗီဇလည်းကောင်း၊ အစဉ်အလာလည်းကောင်း၊ အမျိုးအနွယ်လည်းကောင်းခဲ့ကြတဲ့ မြန်မာတွေပင်ကိုယ်က ဆိုးကြတာမဟုတ်ပါဘူး။ ဘုရင့်နောင်နဲ့ အနော်ရထာဟာ မြန်မာကြီးတွေပဲ။ ဦးအောင်ဆန်းနဲ့ ဦးသန့်တို့ ခန့်ထည်ကြီးမြတ်ခဲ့ကြသလောက် ဘကြီးမှိုင်းတစ်ယောက်ကဖြင့်အမျိုးပျောက်မှာ စိုးကြောက်လိုက်ရတာ။ ဦးဥတ္တမနဲ့ ဦးဝိစာရ ဘွဲ့မည်တွင်တဲ့ တို့အရှင်နှစ်ပါး အမျိုးသားကောင်းစားရေးအတွက် အသက်ပေးစတေးသွားကြဖူးသလို၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့က အနု၊ အယဉ်တွေ သင်ကြားပြသပေးသွားတယ်။ မျိုးရိုးနဲ့ဇာတိ အစဉ်အလာမည့်ကြတာမို့ ကောင်းမွန်တဲ့ သွန်သင်ပညာပေးခြင်းကသာအလိမ္မာတိုးနိုင်ပါတယ်။ လိုအပ်ရင် ဆုံးမတယ်ဆိုတာက နောက်တစ်ဆင့်လုပ်သင့်တဲ့ကိစ္စပေါ့။ တစ်မိသားစုလုံး ဂုဏ်တင့်ကောင်းစားဖို့ မိဘကရော၊ ညီအစ်ကိုမောင်နှမအချင်းချင်းကပါ ပွင့်ပွင့်လင်းလင်း ညှိနှိုင်းတိုင်ပင်ပြီး ဝိုင်းဝန်းသွန်သင်၊ ပြုပြင်၊ ဆုံးမပေးကြမယ်ဆိုရင် မလိမ္မာသေးတဲ့ အိုးမည်းသုတ်သူတွေ တဖြည်းဖြည်း ပျောက်ကွယ်သွားလိမ့်မယ်လို့ ယုံကြည်ယူဆမိပါတယ်။ ။

7DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011



# ငိုတတ်ကြပါစေ

■ စိုးညွန့်ဝေ(လှိုင်ကော်) ■

ဆရာမောင်ခင်မင်(ဓနုဖြူ)၏ ဆောင်းပါးတစ်ပုဒ်ကို ဖတ်ဖူးပါသည်။ 'မှုန်ပြာရီမှိုင်း' ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခု အကြောင်းဖြစ်ပါသည်။ မစွမ်းမသန်ဖြစ်နေသောဖခင်ပြေငြိမ်းအတွက် လိုအပ်နေသည့်ချိုင်းထောက်တစ်ခုဝယ်ပေးနိုင်ရန်သားလူမမယ်လေးက သူ့စိတ်ကူးနှင့်သူ စီးကရက်ရောင်းပြီး ငွေရှာသည်ကို အမေလုပ်သူမေသန်းနုကသိသွားသောအခန်းဖြစ်သည်။ အမေက "ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ"ဟု ကရုဏာဒေါသောမေးသောအခါ သားကလေးက "အဖေ့အတွက် ချိုင်းထောက်ဝယ်ပေးချင်လို့ပါ" ဟူ၍ ထစ်ထစ်ငေါ့ငေါ့နှင့် ငိုပြီး ပြောပုံသည် ပရိသတ်ရင်ထဲငြိခနဲဖြစ်သွားပြီး ကရုဏာရသကိုထိထိကလေးခံစားလိုက်ရကြောင်း ဆရာက သုံးသပ်ပြပါသည်။ ဆရာက ထိုသို့ ခံစားနေရစဉ်မှာပင် မလှမ်းမကမ်းရှိ အိမ်တစ်အိမ်မှ ရုပ်မြင်သံကြားကြည့်နေသောလူငယ်တစ်စု၏ ဝေါခနဲရယ်သံနှင့်အတူ "ချိုင်းထောက်ဝယ်ချင်လို့တဲ့ဟေ့"ဟူ၍ လှောင်ပြောင်လိုက်သည့် အသံကိုကြားလိုက်ရသည်ဟု ဆိုပါသည်။ ထို့ကြောင့် "ကျွန်တော့်အဖို့ သနားစရာရသ အပြည့်အဝပေးသော ထိုဇာတ်ကွက်သည် သူတို့အဖို့တော့ ရယ်မောလှောင်ပြောင်စရာ ဖြစ်နေပါပြီကော"ဟု စိတ်မသက်မသာခံစားလိုက်ရပုံကိုရေးသားထားပါသည်။

ဆရာ့ဆောင်းပါးကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် သနားစရာရှိ၍မှ မသနားတတ်၊ ကိုယ်ချင်းစာစရာရှိလို့မှ မစာနာတတ်သော ယနေ့ခေတ် လူငယ်အချို့ကို အလန့်တကြားပြေး၍ သတိရလိုက်မိပါသည်။ "အလန့်တကြား" ဟု သာမန်မျှသုံးလိုက်ခြင်းမဟုတ်ပါ။ တကယ့်ကို ထိတ်လန့်သွားမိ၍ ဖြစ်သည်။ သနားခြင်း၊ စာနာခြင်း ပျောက်ကွယ်သွားသော ကမ္ဘာကြီးကို စိတ်ကူးကြည့်ရုံနှင့် ဘယ်လောက်အရုပ်ဆိုးအကျည်းတန်သွားမည်ကို မှန်းဆနိုင်ပါသည်။ ပိုဆိုးသည်က သနားကရုဏာ သက်စရာကိုပင် လှောင်ပြောင်ရယ်မောပစ်သည်အထိ လူတို့၏ နှလုံးသားများ ခက်ထန်ကြမ်းကြုတ်လာကြခြင်းဖြစ်သည်။ ကရုဏာရသချို့ယွင်းလာမှုသည် နျူကလီးယားစစ်ပွဲ၊ အဏုမြူစစ်ပွဲများ ခြိမ့်ခြိမ့်သဲ၍ သွေးညှီနံ့ ဖုံးလွှမ်းသော သုသာန်တစ်စပြင်ဖြစ်လာဖို့ လမ်းစများပေလားဟုလည်း အတွေးလက်တံရှည်နေမိပါသည်။ သို့သော် ကျွန်တော်တစ်ယောက်တည်း အလန့်တကြားဖြစ်နေခြင်းတော့ မဟုတ်တန်ရာပါ။ ဟောပြောပွဲ အတော်များများတွင်လည်း စာရေးဆရာအတော်များများက လူငယ်အများစု၏ ရသ ခံစားမှုကင်းမဲ့လာပုံ အကြောင်းများကို ပြောကြ၊ ဟောကြသည်ကို နားထောင်နေရသည်။ မဂ္ဂဇင်းစာမျက်နှာတွေမှာလည်း ရုပ်ဝတ္ထုပစ္စည်းအရှိန်အဟုန်ဖြင့် တိုးတက်လာသည်နှင့်အမျှ စိတ်ဓာတ်ရေးရာ ဆုတ်ယုတ်ချို့ယွင်းလာကြပုံအကြောင်းတွေကို ဖတ်ရှုနေရသည်။ ရည်ရွယ်ချက်ကတော့ နှလုံးသားအာဟာရပြည့်ဝရေးအတွက်ရသအနုပညာကောင်းများကို ခံစားတတ်ကြစေရန်၊ ထိုမှတစ်ဆင့် လောကကို အလှဆင်နိုင်ကြရန်ပင် ဖြစ်ပါသည်။

ထိုကဲ့သို့ရသခံစားမှု နှိုးဆော်ခြင်းများ ပြုလုပ်လာကြချိန်တွင် ကျွန်တော်သည်လည်း အုတ်တစ်ချပ်၊ သဲတစ်ပွင့်စာမျှ ပါဝင်လိုစိတ်ဖြစ်မိပါသည်။ သို့သော် မိမိ၏ ကလောင်ဝိတ်ကမကြီးလေတော့ ဟောပြောပွဲများ၊ စာမျက်နှာများတွင် ပါဝင်ဆောင်ရွက်နိုင်ဖို့မစွမ်းသာပါ။ ထို့ကြောင့် ကိုယ်လက်လှမ်းမီရာ စာသင်ခန်းထဲက တပည့်လေးတွေကိုသာ ဗဟိုပြုရပါတော့သည်။ ပို၍ကံကောင်းသည်မှာ ကျွန်တော်ကမြန်မာစာသင်သော ဆရာတစ်ယောက်ဖြစ်နေခြင်းပင်ဖြစ်ပါသည်။

ဤသို့ဖြင့် အထက်တန်းမြန်မာစာ ပြဋ္ဌာန်းချက်ပါ ဦးဖိုးကျား၏ "မင်းကတော်" ဝတ္ထု၊ "မိတဆိုးရှင်ပြု"ဝတ္ထုလိုမျိုး၊ စလေဦးပုည၏'ဆဒ္ဒန်ဆင်မင်း"၊ မင်းဘူးဦးသြဘာသ၏ ဝေဿန္တရာဇာတ်တော်ကောက်နုတ်ချက်မျိုးသည် ကျွန်တော့်အတွက် တပည့်လေးတွေ၏ နှလုံးသားစက်ဝန်းသို့ ကရုဏာရသမြားများ ပစ်လွှတ်နိုင်ဖို့ လက်နက်ကောင်းများဖြစ်လာပါတော့သည်။ ကျွန်တော်က ထိုဇာတ်လမ်းမျိုးကို ဇာတ်ကြောင်းပြောရုံမျှမသင်။ အသံနေ အသံထားနှင့် အပြောင်းအလဲ လုပ်၍ပြောသည်။ နဂိုအနုပညာဗီဇအခံကလည်း ရှိထားသဖြင့် လွမ်းသံ၊ ဆွေးသံနှောသည်။ ငိုသံ၊ ရှိုက်သံများကိုလည်း အကွက်ဆိုက်တိုင်း ထည့်တန် ထည့်သည်။ ကြည့်ခဲ့ဖူးသော နောက်ပိုင်းဇာတ်ထုပ်များ၊ နားထောင်ဖူးသော ကွက်စိပ်စာပြောများနှင့် နာမည်ကျော်ဓမ္မကထိက ဆရာတော်များ၏ တရားတော်များသည် ဤနေရာတွင်များစွာ အထောက်အကူပြုနေပါတော့သည်။ ရည်ရွယ်ရင်းမှာ သူတို့တွေကို စာမေးပွဲဖြေဖို့ စာသင်နေရသည်ဟူသော အတွေးမျိုးပျောက်ပြီး အနုပညာတစ်ရပ်ကို လေ့လာခံစားနေသည်ဟူသော စိတ်မျိုးပေါ်ပေါက်လာစေလိုခြင်းဖြစ်သည်။

ကျွန်တော့်စမ်းသပ်ချက် အောင်မြင်သည်ဟု ခပ်ကြွားကြွားပင် ဆိုရမလား မသိပါ။ သူတို့လေးတွေသည် စာသင်ခန်းထဲမှ တစ်ဆင့် ကျွန်တော်ဆွဲခေါ်လိုသောဇာတ်လမ်းထဲသို့ရောက်လာကြသည်။ နှလုံးသားနှင့် ခံစားချက်တိုက်ဆိုင်မိသောအခါ အချို့ကျောင်းသားတွေမျက်ရည်ဝိုင်းကြသည်။ အချို့ကျောင်းသူတွေ မျက်ရည်ကျကြပါသည်။ ရိုးသားစွာဝန်ခံရလျှင် သူတို့လေးတွေ မျက်ရည်ကျကြသည်ကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲကြိတ်ပြီး ပီတိဖြစ်နေမိတာကတော့ အမှန်ဖြစ်ပါသည်။ ထိုတပည့်လေးတွေကို ကျွန်တော်စိတ်ချသွားပါပြီ။ စာမေးပွဲအောင်ဖို့ မအောင်ဖို့ထက်၊ ဘွဲ့ရဖို့ မရဖို့ထက် သနားစာနာတတ်သော အသိစိတ်လေးကိန်းဝပ်သွားခြင်းဖြင့် နှလုံးသား ရိုင်းပျကြမ်းတမ်းသူများ ဖြစ်မလာနိုင်သည်မှာ သေချာသွားသောကြောင့် ဖြစ်သည်။ နှလုံးသားယဉ်ကျေးသူသည် လောကကို ဖျက်ဆီးသူ မဖြစ်နိုင်ဟုလည်း တစ်ထစ်ချ ယုံကြည်မိ၍ ဖြစ်ပါသည်။ ဆရာအောင်သင်း၏ "စာသင်ခြင်းသည် စိတ်သင်ခြင်း"ဟူသော အဆိုအမိန့်ကိုလည်း သတိရမိပြန်ပါသည်။ ကလေးများ၏ စိတ်ကို ကိန်းဂဏန်းများ၊ သီအိုရီများနှင့် အချက်အလက်များ သက်သက်ဖြင့်ပြုပြင်၍ မရစကောင်းပါ။ ထိုကိန်းဂဏန်း၊ သီအိုရီများကိုအခြေခံ၍ ဆရာကစိတ်ကူးဉာဏ်ကွန့်မြူးလျှင် ကွန့်မြူးသလောက် ဖြန့်ကြက်ပြီး ရသခံစားမှုနှင့် ကြံဆတွေးမြင်ခြင်းများ ထည့်သွင်းပေးနိုင်မှသာ စိတ်ကို သင်ရာရောက်မည်ဟု ယူဆမိပါသည်။

အမှန်က စိတ်သည်ပင် နှလုံးသားဟုဆိုရာ ရောက်ပါသည်။ အမှားကို အမှားမှန်းသိ၍ ရွံ့စရာကို ရွံ့မုန်းတတ်သော၊ အမှန်ကို အမှန်မှန်းသိ၍ ကြည်နူးစရာကို ကြည်နူးတတ်သော နှလုံးသားပိုင်ရှင်များဖြစ်ရေးကား အရေးကြီးလှပါသည်။ ထိုအထဲမှာ သနားစရာကို သနားစာနာတတ်သော နှလုံးသားရှိခြင်းသည်ပို၍ အဆင့်အတန်းမြင့်သည်ဟု ဆိုနိုင်ပါသည်။ သနားစိတ်မရှိဘဲ ကိုယ်ချင်းစာစိတ်မထားနိုင်ပါ။ ကိုယ်ချင်းစာစိတ်မထားဘဲ သူတစ်ပါးကို ဖေးမမပေးနိုင်ပါ။ ဖေးမစာနာမှုကင်းသောလူ့လောကသည် ကြီးနိုင်ငယ်ညှဉ်း တိရစ္ဆာန်လောကနှင့် အဘယ်မှာ ထူးတော့မည်နည်း။

ထို့ကြောင့် ကျွန်တော်သည် စာသင်ခန်းထဲက တပည့်လေးတွေကို သနားစိတ်ဖြင့် စာနာတတ်လာစေလိုသည်။ စာနာစိတ်ဖြင့် ဖေးမတတ်လာစေလိုသည်။ လောကဓံကို မျက်ရည်မလွယ်စေလိုသော်လည်း ကရုဏာစိတ်ဖြင့် မျက်ရည်ကျတတ်ခြင်းကို မူ သဘောကျနေမိသည်။ သို့သော် စိုးရိမ်မိတာတစ်ခုတော့ ရှိသည်။ စာသင်နေရင်း တပည့်တစ်ယောက်က "ဆရာငိုစရာပြောတာကလည်း ရယ်ရလိုက်တာ"ဟု ပြောလာမည့်နေ့ကိုဖြစ်ပါသည်။ ။

## JOKE

### ယောကျာ်းနှင့် မိန်းမ

ယောကျာ်းက အလုပ်ကိုကြိုးကြိုးစားစားလုပ်ပါက မိန်းမက သူ့ကို ဂရုမစိုက်ဘူးဟုစွပ်စွဲသည်။ အလုပ်ကို ကြိုးကြိုးစားစား မလုပ်ပါက အသုံးမကျတဲ့လူဟုအပြောခံရသည်။

အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအား ကျော်၍ ရာထူးတိုးမြှင့်ခံရပါက လိင်ခွဲခြားမှုဟုအပြောခံရသည်။ အမျိုးသမီးတစ်ဦးက အမျိုးသားတစ်ဦးကိုကျော်၍ ရာထူးတိုးပါက တူညီသောအခွင့်အရေးရခြင်းဖြစ်သည်။

အမျိုးသမီးတစ်ယောက်ဝတ်ပုံစားပုံကို အမျိုးသားက ဝေဖန်ပါက လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုဖြစ်သည်။ ဆိတ်ဆိတ်နေပါကလည်း ခံစားချက်မရှိသူဟုအပြောခံရသည်။

### ကျေးဇူးပြု၍ နားဆင်ပါ

လေယာဉ်စီးပါက လေယာဉ်မယ်(သို့မဟုတ်)လေယာဉ်မောင်များသည် ခရီးသည်များအား ဘေးကင်းလုံခြုံရေးအချက်များ ရှင်းပြရာတွင် စိတ်ဝင်စားမှုရရှိရန် စိတ်ကူးကွန့်မြူး၍ ပြောတတ်ကြသည်။ ၎င်းတို့ထဲမှအချို့မှာ "လူကြီးမင်းတို့ရဲ့ ချစ်သူကို စွန့်ခွာဖို့နည်းလမ်းပေါင်း ၅၀ လောက်ရှိနိုင်ပါတယ်။ ဒါပေမဲ့ အရေးပေါ်အခြေအနေမှာ ဒီလေယာဉ်ထဲက ထွက်ဖို့တော့ နည်းလမ်းလေး သွယ်ပဲရှိပါတယ် . . . "

"ကျွန်တော်တို့ရဲ့ ထိုင်ခုံတွေကို ရေပေါ်မှာ ပေါလောပေါ်နိုင်အောင်စီမံထားပါတယ်။ တကယ်လို့ ကျွန်တော်တို့ လေယာဉ် ရေထဲကို အရေးပေါ် ဆင်းသက်ခဲ့ရရင် အဲဒီ့ထိုင်ခုံကို လူကြီးမင်းတို့ ဝမ်းမြောက်ဝမ်းသာယူဆောင်သွားနိုင်ပါတယ်"

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လုထွင့်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနှစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဉက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ မန္တလေးသတင်းထောက်များ- စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ နယ်သတင်းထောက်များ- မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။
7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၀ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business
7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

## ဘဲဥဈေးမြင့်တက်

သန်းဌေး

**ရန်ကုန်၊ ဩဂုတ် - ၂၃**

ဘဲအကောင်ဖောက်သည့်ရာသီဖြစ်သောကြောင့် ဘဲဥလက်ကားဈေးနှုန်းများမြင့်တက်နေကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။


"ဘဲဥက ရန်ကုန်ကို တစ်နေ့ အလုံးရေ ၆၈၀,၀၀၀ ဝင်ပေမယ့် အကောင်ဖောက်ရာသီဖြစ်လို့ ဘဲဥဈေးနှုန်းမြင့်တက်တာပါ"ဟု ၎င်းကပြောသည်။

ယခုနှစ် မိုးရာသီအစကာလများက လက်ကားဈေးနှုန်းမှာ ဘဲဥတစ်လုံးလျှင် ၈၀ ကျပ်မှ ၉၀ ကျပ်အတွင်းတွင် ဖြန့်ချိခဲ့သော်လည်း ယခု ၁၀၇ ကျပ်သို့ ရောက်ရှိသွားသည်။

"အရင်က တစ်လုံး ၁၀၀ ဝယ်နေကျ၊ အခုတော့ ၁၂၀ ပေး ဝယ်ရတယ်။ ကြက်ဥကတော့ အလုံးသေးတစ်လုံး ၁၀၀ ပါပဲ" ဟု အိမ်ထောင်ရှင်မတစ်ဦးက ပြောသည်။

ယခုနှစ်ဆန်းပိုင်းက မြန်မာဘဲဥအား တရုတ်နိုင်ငံသို့ တင်ပို့ရန်ကြိုးပမ်းခဲ့ခြင်း၊ တရုတ်နိုင်ငံမှ ကြက်နှင့် ကြက်ထွက်ပစ္စည်း ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းခဲ့မှုများနှင့် ယခုဖြစ်စဉ်မှာ ပတ်သက်ခြင်းမရှိကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦး ကပြောသည်။

မိုးရာသီအကုန်တွင်မူ ဘဲဥ၊ ကြက်ဥဈေးနှုန်းများ ပုံမှန်ပြန်ဖြစ်လာဖွယ်ရှိကြောင်း၎င်းကပြောသည်။



ကြက်ဥ၊ ဘဲဥက အထူးသဖြင့် ရန်ကုန်နေ ဝန်ထမ်းမိသားစုများအတွက် အားထားရာ အမြန်ဟင်းတစ်ခုဖြစ်နေသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၁၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၆၆၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၅၉၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၄ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၂ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၇၅၅ | ကျပ် |

၂၀၁၁ ဩဂုတ် ၂၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် ဩဂုတ် ၂၆ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၀၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၈၉၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၆၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၈၆၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၆. ၁၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၀၂၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၉. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၈၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၉၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၂၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀. ၀၀ | ဒေါင် | ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၀. ၉၄၅၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၂၈. ၇၉၈၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၆ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၉၇. ၃၀၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၃၆၀ |
| ငွေ | ၁ အောင်စ | ၄၁. ၀၀၁ |
| ကြေးနီ | ပေါင် | ၄၁၁. ၇၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၃၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဩဂုတ် ၂၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။


## ခရမ်းချဉ်သီး ဈေးကျဆင်းခြင်းကြောင့် အင်းထဲရှိတောင်သူများ ချေးငွေမျှော်

အိဖြူမွန်

**ရန်ကုန်၊ ဩဂုတ် - ၁၄**

ခရမ်းချဉ်သီးဈေးနှုန်းများ စံချိန်တင်ကျဆင်းခဲ့ပြီး ခရမ်းချဉ်သီး အဓိကစိုက်ပျိုးသော အင်းလေးကန်ခြံစိုက်တောင်သူများ ကျပ်သိန်းချီဆုံးရှုံးခဲ့သောကြောင့် လာမည့်နှစ်စိုက်ပျိုးရာသီတွင် ပြန်လည်စိုက်ပျိုးရန် ချေးငွေများလိုအပ်လျက်ရှိသည်ဟုအင်းလေးကန်ခြံစိုက်တောင်သူများက ပြောသည်။

ဆုံးရှုံးမှုများသည့် ကျွန်းမျောအလံပိုင်ဆိုင်မှုပေါ် မူတည်၍ ကျပ်ငါးသိန်းမှကျပ်သိန်း ၂၀ ဝန်းကျင်ဆုံးရှုံးမှုများရှိကြောင်း၊ ယင်းသို့ဆုံးရှုံးရခြင်းမှာ ခရမ်းချဉ်သီးဈေးနှုန်းသည်ယခင်နှစ်များက ၁၆ ပိသာဝင်တစ်တင်းလျှင်၇,၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အကြားရှိသော ဈေးနှုန်းမှ ယခုနှစ်တွင် ၁,၀၀၀ ကျပ်သို့ မကြုံစဖူး ဈေးကျခဲ့ကြောင်းအင်းခြံစိုက် တောင်သူများကပြောသည်။



ဓာတ်ပုံ - အိဖြူမွန်

ယင်းသို့ ဈေးကျဆင်းမှုကြောင့်အင်းခြံစိုက်သူအချို့သည် သယ်ယူပို့ဆောင်စရိတ်က ခရမ်းချဉ်ပေါက်ဈေးထက် သုံးဆကွာဟနေ၍ ခရမ်းချဉ်သီးကိုခူးယူခြင်းမရှိဘဲ အင်းခြံအလိုက်ပစ်ထားကြကြောင်း၊ယခုနှစ်ခရမ်းချဉ်သီးဈေးကျဆင်းမှုသည်အချိန်ကာလတစ်လကျော် နှစ်လအထိပင်ရောက်ရှိနေသောကြောင့် တောင်သူများ ပို၍အထိနာကြောင်းအင်းခြံစိုက်သူ ကေလာကျေးရွာသားတစ်ဦးက ပြောသည်။

"စားဝတ်နေရေး ကျပ်တည်းတယ်။ ကုန်သည်ဆိုတာ ရှုံးတာမြတ်တာ ကြုံနေကျဆိုပေမယ့် ဒီနှစ်လိုမျိုး တစ်ခါမှ မကြုံဖူးဘူး။

စာ(၃၄)သို့



7DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# ကမ္ဘာ့ရွှေဈေးမြင့်လာသော်လည်း ပြည်တွင်း ရွှေဈေးပြန်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၂၄**

ကမ္ဘာ့ရွှေဈေးနှုန်းများ ဆက်လက်မြင့်တက်နေသော်လည်း အမေရိကန်ငွေလဲလှယ်နှုန်း ကျဆင်းနေခြင်းကြောင့်ပြည်တွင်းရွှေဈေးနှုန်းများမတက်ဘဲ အကျဘက်တွင်ရှိနေခြင်းဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များကပြောသည်။

"ပြည်တွင်းရွှေဈေးက ကမ္ဘာ့ဈေးတက်လို့ လိုက်တက်တယ်ဆိုပေမယ့် ဒီရက်ပိုင်းမှာ ကမ္ဘာ့ရွှေဈေးဒေါ်လာ ၁၀၀ နီးပါးတက်သွားတာတောင် ပြည်တွင်းဈေးကလိုက်မတက်ဘူး။ အနိမ့်ဈေးပဲဖြစ်နေတယ်" ဟုလုပ်သက်ရင့် ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဩဂုတ် ၂၃ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၉၁၅ ဒေါ်လာအထိမြင့်တက်ခဲ့သော်လည်း ယင်းနေ့တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၉၄,၀၀၀ ကျပ်သာရှိသည်။ ထိုနေ့၌ အမေရိကန်ငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၆၈၀ ကျပ်ရှိသည်။

ပြီးခဲ့သည့်ရက်ပိုင်းတွင်ပြည်တွင်းရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၀၅,၀၀၀ ကျပ်ဖြစ်ချိန်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၈၃၅ ဒေါ်လာသာရှိခဲ့သည်။ ထိုအချိန်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၇၂၅ ကျပ် ရှိခဲ့သည်။

ထို့ကြောင့် လက်ရှိကာလတွင်ကမ္ဘာ့ရွှေဈေးသည် ရက်ပိုင်းအတွင်း၌ တစ်အောင်စပေါ်တွင် ဒေါ်လာ ၁၀၀ နီးပါးမြင့်တက်



ဓာတ်ပုံ - ဈေးအောင်မြင့်(အေဖ်ပီ)

သည့်တိုင် အမေရိကန်ငွေလဲလှယ်နှုန်းကျနေခဲ့ခြင်းကြောင့် ပြည်တွင်းဈေးမှာ ယခုကဲ့သို့ နိမ့်နေခဲ့ခြင်းဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များကပြောသည်။

"ကမ္ဘာ့ဈေးက တက်နေသေးတော့ ပြည်တွင်းဈေးက ငွေဈေးမြင့်လာတာနဲ့ ဈေးကဆက်တက်ဦးမှာပဲ" ဟုရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိဈေးနှုန်းများအရ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ဈေးနှုန်းထက် တစ်ကျပ်သားပေါ်တွင် ကျပ် ၂၀,၀၀၀ နီးပါးဈေးနိမ့်နေသေးကြောင်း သိရသည်။

ဩဂုတ်လ ၂၄ ရက်၌ ၁၅ ပဲရည်မှာတစ်ကျပ်သားလျှင် ၆၅၆,၈၀၀ ကျပ်ရှိသည်။

ပြည်တွင်း ရွှေဈေးနှုန်းများမှာယခုကဲ့သို့ ဈေးငြိမ်နေချိန်တွင် ဈေးကွက်၏ ဝယ်လိုအား ရောင်းလိုအားများမှာလည်း နည်းနေကြောင်းရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။





# ထားဝယ်အိမ်ခြံမြေဈေးကွက် ပြန်လည်ငြိမ်သက်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၂၄**

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဖြစ်ပေါ်လာခြင်းကြောင့်အိမ်ခြံမြေဈေးများ တစ်ဟုန်ထိုးမြင့်တက်ခဲ့သည့် ထားဝယ်မြို့၌ ယခုလပိုင်းအတွင်း အိမ်ခြံမြေဈေးကွက်ငြိမ်သက်လျက်ရှိကြောင်း အိမ်ခြံမြေအကျိုးဆောင် လုပ်ကိုင်သူများနှင့် ဒေသခံများမှသိရသည်။

ထားဝယ်မြို့ရှိအိမ်ခြံမြေများအား ရေရှည်ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူသူ များပြားလာခြင်းကြောင့် ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်နှင့်မန္တလေးမြို့တို့မှ အများဆုံးလာရောက်ဝယ်ယူကြကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောသည်။

"ပေ ၄၀×ပေ ၈၀က ကျပ်သိန်း ၂၀၀ ဖြစ်သွားတယ်။ဟိုးအရင်က ကျပ်ဆယ်သိန်းအောက်မှာရှိတာပါ။ ရင်းနှီးမြှုပ်နှံဖို့အတွက်ဝယ်ကြတာများတယ်။ အခုကတော့ အရောင်းအဝယ်မဖြစ်တော့ဘူး။ ခေါ်ဈေးပဲရှိတယ်။ မြေဈေးကွက်အေးနေတာ နှစ်လလောက်ရှိပြီ။ ရောင်းမယ့်သူကလည်း အောက်ဈေးနဲ့ မရောင်းတော့ဘူး။ ဝယ်မယ့်သူကလည်း မဝယ်တော့တာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားခဲ့ကြသည့် အိမ်ခြံမြေဈေးကွက်အရောင်းအဝယ်အေးနေခြင်းသည် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းလုပ်ငန်းများ အရှိန်နှေးနေခြင်းကြောင့်လည်းဖြစ်နိုင်ကြောင်း ဒေသခံများကသုံးသပ်သည်။

လက်ရှိ ထားဝယ်မြို့ အိမ်ခြံမြေဈေးနှုန်းသည် မြေနေရာနှင့် အကျယ်ဝန်းပေါ် မူတည်၍ ကျပ်သိန်းထောင်ဂဏန်းမှ သောင်းဂဏန်းထိ ဈေးခေါ်လျက်ရှိနေသော်လည်း ဝယ်ယူမည့်သူနည်းပါးနေခြင်းဖြစ်သည်။

## စာ(၃၃) - ခရမ်းချဉ်သီး ဈေးကျဆင်းခြင်းကြောင့် အင်းထဲရှိတောင်သူများ ချေးငွေမျှော် မှ

ဒီကျွန်းမျောမှာလည်း ခရမ်းချဉ်သီးပဲစိုက်လို့ရတာလေ။ အခြားသီးနှံပြောင်းစိုက်လို့လည်းမရဘူး။ အလံအများကြီးပိုင်တဲ့သူအတွက် အရှုံးသက်သာတယ်ဆိုပေမယ့်လည်းအလံသိပ်မရှိတဲ့သူကတော့ နောက်ထပ်ရာသီမှာ ပြန်စိုက်ဖို့အတော်ကြိုးစားရမယ်' ဟုအလံ ၁၀၀၀စိုက်ပျိုးထားသူ အင်းခြံစိုက်တောင်သူတစ်ဦးကပြောသည်။

အလံ ၁၀၀ လျှင် (ပေ ၁၀၀၀) စိုက်ပျိုးမှုရင်းနှီးမြှုပ်နှံငွေ ကျပ်တစ်သိန်းရှိသောကြောင့် အင်းခြံစိုက်သူ တောင်သူတစ်ဦးလျှင် ကျပ်တစ်သိန်းအထက် ငွေထုတ်ချေးပါက အဆင်ပြေနိုင်ကြောင်းမြေနီကုန်းကျေးရွာသားတစ်ဦးက ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

## 7DAY BOOK REVIEW

ရာပြည့်စာအုပ်တိုက် တည်ထောင်ခြင်း(၁၆)နှစ်မြောက် အမှတ်တရထုတ်ဝေသောစာအုပ်ဖြစ်သည်။ လွန်ခဲ့သောနှစ်တစ်ရာကျော် ၁၉၀၁ နှင့် ၁၉၀၉ ခုနှစ်တို့တွင် ပထမတွဲနှင့် ဒုတိယတွဲအဖြစ် ထွက်ရှိခဲ့ဖူးသော်လည်း ထိုစဉ်က ၅၅ အုပ်စီသာ ကန့်သတ်ထုတ်ဝေခဲ့ခြင်းကြောင့် ပျံ့နှံ့မှုနည်းပါးခဲ့ပြီး သမိုင်းသုတေသီများအဖို့ အလွန်ရှားပါးနေသောစာအုပ်လည်းဖြစ်သည်။ ကျောက်စာဝန်တော်စိန်ခို




### ■ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ

ပြုစုသည့် **လွှတ်တော်အမှတ် အသား(လွှတ်တော်မှတ်တမ်း)** ဆိုသည့် စာအုပ်နှင့် အမည်ဆင်တူသယောင်ရှိသော်လည်း အနှစ်သာရအားဖြင့် မတူကွဲပြားသောစာအုပ်ဖြစ်သည်။

ယခုစာအုပ်တွင်ကုန်းဘောင်ခေတ် မြန်မာမင်းများလက်ထက် လွှတ်တော်၌ မှတ်တမ်းတင်ခဲ့သော နိုင်ငံခြားဆက်ဆံရေးနှင့် ပတ်သက်သည့်အပြန်အလှန်ပေးစာများ၊ ရောဝတီ မီးသင်္ဘော အရေးကိစ္စ၊ နိုင်ငံခြားသို့သွားရောက်သော မြန်မာပညာတော်သင်များအကြောင်း၊ ဘုံဘေဘားမားသစ်ကိစ္စ၊ မြန်မာ-အင်္ဂလိပ် နယ်ခြားမှတ်တိုင်အမှုအရေးများ စသည်ဖြင့် အကြောင်းအရာ အဖုံဖုံကို ဖတ်ရှုရမည်ဖြစ်ပါသည်။

အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအပြီး၁၈၂၆ခုနှစ်မှစ၍ သီပေါမင်းပါတော်မူချိန် ၁၈၈၅ ခုနှစ်အတွင်း မန္တလေး ရတနာပုံလွှတ်တော်၌ မြန်မာနှင့် အင်္ဂလိပ်တို့၏ ဆက်ဆံရေးအခြေအနေကို ရုံးဝင်စာ၊ ထွက်စာဆိုသလိုမျိုးမှတ်တမ်းတင်ခဲ့မှုများအား စုစည်းထားခြင်းဟုလည်းဆိုနိုင်သည်။ မြန်မာနိုင်ငံတွင် စက္ကူမပေါ်မီ ပေ၊ ပုရပိုက်များဖြင့် မှတ်တမ်းတင်လေ့ရှိရာ ပုရပိုက်များ၌ အကြမ်းရေးပြီးမှသာ ပေထက် တင်လေ့ရှိခဲ့သည်။ ထိုရှေးပုရပိုက်များတွင်မြန်မာမင်းလက်ထက်အုပ်ချုပ်ပုံ၊ မြို့ရွာစစ်တမ်း၊ အခွန်ကောက်ခွန်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးများကို မှတ်တမ်းတင်လေ့ရှိရာ ထိုမှတ်တမ်းများကို ခုနှစ်၊ သက္ကရာဇ်နှင့်တကွ ဖော်ပြထားသည်ဖြစ်၍ ခိုင်လုံသောသမိုင်းအထောက်အထားဟု သတ်မှတ်နိုင်ပြီး အကြောင်းတစ်စုံတစ်ရာအား ပြန်လည်ကြည့်ရှုလိုပါက သမိုင်းပညာရှင်၊ သမိုင်းသုတေသီများအတွက် အလွန်အသုံးဝင်သောစာအုပ်ဟုလည်း ဆိုနိုင်ပါသည်။ထို့အပြင်ယခုလိုလွှတ်တော်စနစ်ကို ကျင့်သုံးနေသော နိုင်ငံရေးခေတ်တွင် နိုင်ငံရေး စိတ်ပါဝင်စားသူများ၊ နိုင်ငံရေးသမားများ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရှေးယခင်က မြန်မာဘုရင်တို့ လွှတ်တော်၌ မည်သို့မှတ်တမ်းတင်ခဲ့ပုံ၊မည်သို့ရေးသားခဲ့ပုံတို့ကို လေ့လာသိရှိနိုင်မည့် စာအုပ်လည်းဖြစ်ပေသည်။ ရာပြည့်စာအုပ်တိုက်က ထိုလွှတ်တော်မှတ်တမ်းများတွင် ပါဝင်သော မြန်မာသက္ကရာဇ်များကို အင်္ဂလိပ်ခရစ်နှစ်ဖြင့် ပြန်လည်တွက်ချက်ကာ အပတ်တကုတ် စုစည်း၍ နှစ်ပေါင်းတစ်ရာကျော်မှ ထပ်မံထုတ်ဝေလိုက်ခြင်းဖြစ်သည်။ တန်ဖိုး ၈,၀၀၀ ကျပ်ဖြစ်ပါသည်။

## Knowledge

### အရေပြားဆဲလ်ကို ပရင့်ထုတ်နိုင်မယ့် Bio-Printer

ပရင်တာမှစာရွက်ထုတ်သည့်နည်းပညာမျိုးဖြင့် အပူလောင်ဒဏ်ရာနေရာတွင် အရေပြားဆဲလ်အသစ်များထုတ်လုပ်ပေးသည့်စက်မျိုးကို စိတ်ကူးဖြင့်ပုံဖော်ကြည့်ပါ။ အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းရှိ Wake Forest Institute မှ သုတေသီများအဖွဲ့သည် Bio-Printer ခေါ် အထက်ပါလုပ်ငန်းစဉ်မျိုး ဆောင်ရွက်ပေးနိုင်သည့် ပရင်တာကိုတီထွင်နိုင်ခဲ့ကြသည်။ Bio-Printer တွင်ဒဏ်ရာ၏အနေအထားကိုစကင်န်ဖတ်ကြည့်ရှုနိုင်မည့်လေဆာပါဝင်ပြီး ကွန်ပျူတာစနစ်ဖြင့်ဒဏ်ရာပေါ်တွင် အရေပြားဆဲလ်များ ဖျန်းပေးသည့်ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါပရင်တာကိုကြွက်များဖြင့်သာ စမ်းသပ်ဆောင်ရွက်ထားဆဲဖြစ်ပြီး စမ်းသပ်ချက်အရ Bio-Printer အသုံးပြုပြီးပါက ဒဏ်ရာမှာပုံမှန်ထက်နှစ်ပတ်ခန့်စောကာ ပျောက်ကင်းနိုင်သည်ဟုဆိုသည်။ ၎င်းပရင်တာမှာခန္ဓာကိုယ်တစ်နေရာမှအရေပြားကိုယူကာအရေပြားအစားထိုးခြင်း ဆောင်ရွက်ပေးနိုင်သဖြင့် နာကျင်မှုပါခံစားရမည့်အခြေအနေမျိုးဖြစ်သည်ဟုသိရသည်။ Bio-Printer ဖြင့်လူနာ၏အရေပြားဆဲလ်ကိုရှင်သန်အောင်ဆောင်ရွက်နိုင်မည့်အပြင် ပရင်တာတွင်အရေပြားဆဲလ်ပြန်ဖြည့်ခြင်း(Refill) လုပ်နိုင်ရန်အတွက်လည်း ဓာတ်ခွဲခန်းတွင်ဆဲလ်များ တိုးပွားအောင်ဆောင်ရွက်ထားနိုင်မည်ဖြစ်သည်။ "ဆဲလ်တွေကိုရှစ်ပတ်လောက် ရှင်သန်အောင်လုပ်ထားပြီးပြီဆိုရင် ခန္ဓာကိုယ်တစ်ခုလုံးကို အရေပြားဆဲလ် ပရင့်လုပ်နိုင်ပါတယ်" ဟု Wake Forest Institute မှဒါရိုက်တာဒေါက်တာအန်တိုနီယိုအထယ်လာကဆိုသည်။

*—Source:Reader's Digest*

## တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၃၁ မှ စက်တင်ဘာ ၆ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ငွေကြေးကံကောင်းမည်။ ခါတိုင်းထက်ပို၍ငွေဝင်မည်။ အသုံးစရိတ်လည်းမြင့်မားနေမည်။ စီးပွားကံတိုးတက်မည်။ သို့သော် အလွယ်တကူတိုးတက်ခြင်းမျိုးမဟုတ်ဘဲ ရန်နှင့်ယှဉ်ပြီးမှ အောင်မြင်မှုရနိုင်သောအခါဖြစ်သည်။ သူတစ်ပါးကြောင့် မိမိရည်မှန်းထားသည်များ နှောင့်နှေးမည်။ မိသားစုအတွင်း စိတ်အနှောင့်အယှက်များကြုံမည်။ စိတ်ပန်း၊ လူပန်းဖြစ်ရတတ်သည်။ ရန်အတိုက်အခံများမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အဖက်ဖက်မှ ကောင်းသောကာလဖြစ်သည်။ မမျှော်လင့် မထင်မှတ်ထားသောအခက်အခဲကြားမှ တိုးတက်မည်။ သူတစ်ပါးတွင် ကြားဝင်၍ တာဝန်ယူပေးခြင်း၊ အာမခံခြင်းများ တတ်အားသမျှရှောင်ကြဉ်ပါ။ ဤကာလအတွင်း ကိုယ်တိုင်ကိုယ်ကျပြဿနာဖြစ်သည်ဟူ၍မရှိ သူများပြဿနာများ ဖြေရှင်းပေးနေရမည်။ ရန်နှင့်ယှဉ်ပြီး ဆောင်ရွက်ရတတ်သည်။ ငွေကြေးကံကောင်းမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အလွန်သတိထားရမည့်ကာလဖြစ်သည်။ ပဋိပက္ခများ၊ အညံ့ဆိုးများလွှမ်းမိုးနေသည်။ သူတစ်ပါးကြောင့် မိမိအကြံပျက်တတ်သည်။ မိမိအပေါ် အလိုအလျောက် မနာလိုသောစိတ်ဝင်ကာ လိုက်လံနှောင့်ယှက်နေသူများနှင့်ကြုံမည်။ မတော်တဆထိရှတတ်သည်။ အရာရာကို သတိနှင့်ယှဉ်ပြီးလုပ်ပါ။ ကျန်းမာရေးအညံ့ကြုံပါက ချက်ချင်း ဆေးကုသမှုခံယူပါ။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရည်မှန်းထားသည်များ အဆင်ပြေမည်။ ဥစ္စာတိုးပွားမည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ ကာလအတန်ကြာ နှောင့်နှေးနေသည်များကို အပြီးသတ်ဆောင်ရွက်နိုင်မည်။ သူတစ်ပါးနှင့်မတူသော ပြဿနာမျိုးကို မိမိရင်ဆိုင်ရတတ်သည်။ လုပ်ငန်းတူ၊ ကိစ္စတူများ ဆောင်ရွက်ရင်း ပြဿနာအခက်အခဲများရှိတတ်သည်။ အတူတွဲလုပ်သူများနှင့် စကားများရတတ်သည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လုပ်ငန်းသစ်များ ချဲ့ထွင်၍အောင်မြင်မည်။ စီးပွားရေးတွင် ကံကောင်းမည်။ ကာလအတန်ကြာ ကြိုးစားဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်များရရှိမည်။ တစ်ကြိမ်တစ်ခါမှ ဆောင်ရွက်ဖူးခြင်းမရှိသေးသည့်အလုပ်အကိုင်များကိုဆောင်ရွက်ရမည်။ ရုတ်တရက် ပေါ်ပေါက်လာသောအခြေအနေကို အသုံးချ၍ အလုပ်တိုးတက်ခြင်းရရှိမည့်ကာလဖြစ်သည်။ စိတ်ပင်ပန်းရမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်အနှောင့်အယှက်ဖြစ်မည်။ ရန်များမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ သူတစ်ပါးကြောင့် မိမိတွင် နာမည်သိက္ခာထိခိုက်ခြင်းများဖြစ်မည်။ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှား၍ ငွေကုန်တတ်သည်။ မတော်တဆထိခိုက်မှုအန္တရာယ်ဖြစ်တတ်သည်။ ငွေလိမ်ခံရတတ်သည်။ အပျောက်အရှများမည်။ ကာလအတန်ကြာဆောင်ရွက်ထားသည့်ကိစ္စများ ကြိုးစားဆောင်ရွက်သော်လည်း စိတ်အနှောင့်အယှက်များခြင်းရှိမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

သစ္စာမဲ့သောသူများ၊ စကားမတည်ကြည်သူများနှင့်တွေ့ရမည်။ နောက်ဆုံးအခြေအနေရောက်မှ ကပ်၍ ဒုက္ခပေးသောသူများနှင့်ကြုံတွေ့မည်။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လုပ်သောသူများနှင့်တွေ့မည်။ ငွေကြေးကိစ္စများတွင် အနှောင့်အယှက်များစွာကြုံပြီးမှ ဝင်လာမစဲ တသဲသဲဖြစ်မည်။ ထိုသို့ ကြုံတွေ့ပြီးနောက် အောင်မြင်ခြင်း၊ အဆင်ပြေခြင်းသို့ ဦးတည်ကံကောင်းမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ခက်ခဲသည့်ပြဿနာများကို ပြေလည်အောင် ဖြေရှင်းနိုင်မည်။ စိတ်ချမ်းမြေ့ရမည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်ခုပေါ်မည်။ သူတစ်ပါးထက် သာအောင်ဆောင်ရွက်နိုင်မည့်ကာလဖြစ်သည်။ လက်လွှတ်ထားသည့် ရပိုင်ခွင့်များ လက်ဝယ်ပြန်ရမည်။ ခက်ခဲသည့်ပြဿနာများကိုဖြေရှင်းနိုင်မည်။ သူတစ်ပါးနှင့်မတူ ဆန့်ကျင်သည့်ရှုထောင့်မှ ဆောင်ရွက်လိုက်သည်များမှ ထူးခြားစွာအောင်မြင်မည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရည်မှန်းချက်အောင်မြင်မည်။ ငွေဝင်မည်။ ပေါ်လာသည့်အခွင့်အလမ်းများနှင့် အခြေအနေများကို စနစ်တကျသုံးသပ်ကာ လက်တွေ့အသုံးချ၍ အောင်မြင်မှုများရယူပါ။ ဥစ္စာကံ၊ စီးပွားကံတိုးတက်မှုများဖြစ်ထွန်းမည်။ အလိုရှိရာ၊ ဆန္ဒရှိရာများ ဆောင်ရွက်အောင်မြင်မည်။ ကျန်းမာရေးတွင် မထင်မှတ်ဘဲ အညံ့အဆိုးများကျရောက်နိုင်သည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အတွေ့အကြုံသစ်များရရှိမည်။ စိတ်အနှောင့်အယှက်များကြုံမည်။ နာရေးကိစ္စ၊ လူမှုရေးကိစ္စများအတွက် အချိန်ပေးနေရမည်။ ကိုယ်နှင့်ပတ်သက်သည့်ဝန်းကျင်အတွင်း ချူချာသူများ တစ်ဦးပြီးတစ်ဦးပေါ်မည်။ ဆွေမျိုးမကင်းသူထဲမှဖြစ်စေ၊ မိတ်ဆွေရင်းထဲမှဖြစ်စေ နာရေးကိစ္စကြုံက ထီထိုးပါ။ ထီပေါက်တတ်သည်။ ကောင်းခြင်း၊ တိုးတက်ခြင်းများဖြစ်ပေါ်နိုင်သည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လုပ်သမျှအောင်မြင်၍ ဘဝတိုးတက်မည့်ကာလဖြစ်သည်။ မိမိကိုယ်မိမိ မှန်းမထားသောအောင်မြင်မှုရမည်။ အများကလည်း ကိုယ့်အပေါ် ကောင်းစွာ နေရာပေး၍ဆက်ဆံမည်။ ငွေကြေးကံ၊ အလုပ်စီးပွား ကံများထင်ထင်ရှားရှား တိုးတက်မည့်ကာလဖြစ်သည်။ မိမိအပေါ် ကူညီပေးသူများပေါ်ထွန်းမည်။ ယှဉ်ပြိုင်လာသူများကိုအောင်နိုင်မည်။ ပညာအတတ်နှင့်ပတ်သက်၍ အောင်မြင်မှုရရှိမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်ချမ်းမြေ့မည်။ ကြံစည်သမျှ အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ရန်အနှောင့်အယှက်များကြားမှ တိုးတက်မည်။ မိမိအပေါ် ဒုက္ခပေးသူများ မည်မျှများပြားစေ၊ အားလုံးကိုကျော်လွှားနိုင်မည့်ကိန်းကြုံမည်။ ဘဝတိုးတက်ခြင်း၊ ကံမြင့်မားခြင်း၊ လိုရာအောင်မြင်ခြင်းကြုံမည်။ စိတ်ချမ်းမြေ့စရာများတွေ့ကြုံမည်။ မိသားစုနှင့်ပတ်သက်သည့်သတင်းစကားကောင်းများ ကြားသိရမည်။

7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# အနက်ရောင် စီးပွားရေး၏ ကုန်ကျစရိတ်

ကြည်နေဝင်းမင်း



အိန္ဒိယနိုင်ငံတွင် ခြစားမှုတိုက်ဖျက်ရေးဥပဒေ (Jan Lokpal Bill) အား လက်ခံရေး မစ္စတာအန်နာ ဟာဇာရေး၏ အစာငတ်ခံဆန္ဒပြမှုနှင့် ၎င်းအား ထောက်ခံသည့် လူထုဆန္ဒပြပွဲများက အစိုးရကို အခက်အခဲဖြစ်စေခဲ့သည်။ ကန့်ကွက်ဆန္ဒပြမှုများ တိုးပွားလာခြင်းမှာ ခြစားမှုကို ဆန့်ကျင်ခြင်းဟု ရှုမြင်ကြသည်။ သေချာသည်ကတော့ ပြည်သူလူထုသည် ၎င်းတို့နေ့စဉ်ကြုံတွေ့နေရသည့် အနှောင့်အယှက်ပေးမှုများကို စိတ်ကုန်နေကြပြီဖြစ်သည်။ ယင်းကို ပုံမှန်ရှုမြင်နိုင်ရန် အိန္ဒိယနိုင်ငံတွင် ကြီးမားသော အနက်ရောင်စီးပွားရေးကိုကိုင်တွယ်ခြင်းမှ လူ့အဖွဲ့အစည်းအတွက်ရရှိမည့် အကျိုးကျေးဇူးများကို နားလည်နိုင်ရန်အရေးကြီးပါသည်။

အချို့သော လူများကလည်း အနက်ရောင်စီးပွားရေးသည် အလုပ်နေရာများနှင့် ကုန်ထုတ်လုပ်မှုကို ဖြစ်ပေါ်လာစေသည်ဟု စောဒကတက်ကြသည်။ ဥပမာအားဖြင့် အနက်ရောင် ဝင်ငွေများကို အသုံးပြု၍ ဈေးများတွင် ကုန်ပစ္စည်းအများအပြား ဝယ်ယူကြသည်ဟု ၎င်းတို့က ပြောကြသည်။ ယင်းမှနေ၍ အလုပ်အကိုင်နှင့်ကုန်ထုတ်လုပ်မှု တိုးတက်စေသည်ဟုဆိုသည်။ ထို့အပြင် အနက်ရောင်စီးပွားရေးသည် ထုံးတမ်းစဉ်လာ မဟုတ်သည့် အလုပ်အကိုင်များကို ပေါ်ထွက်လာစေပြီး ဆင်းရဲသားများကို အထောက်အကူဖြစ်စေသည်ဟု ဆိုသည်။ အချို့ကဆိုလျှင်ငွေမည်းအမြောက်အမြား လည်ပတ်နေခဲ့၍ အိန္ဒိယနိုင်ငံသည် ၂၀၀၈ ခုနှစ်စီးပွားပျက်ကပ်၏ ရိုက်ခတ်မှုမှ လွတ်မြောက်ခဲ့သည်ဟုပင် ဆိုကြသည်။ အချို့ကလည်းလာဘ်ပေးငွေကို အလုပ်မြန်မြန်ပြီးမြောက်သည့် "အမြန်ကြေး" ဟုညီမျှခြင်းချကြသည်။ ဤအရာများအားလုံးတွင် အမှန်တရားအချို့ရှိပါသည်။ သို့သော် အနက်ရောင်စီးပွားရေး၏ ဆိုးကျိုးများက ကောင်းကျိုးများထက် ပို၍အလေးသာသည်ကိုမြင်တွေ့နိုင်ပါသည်။

အိန္ဒိယနိုင်ငံတွင် အနက်ရောင်စီးပွားရေး အများစုမှာ "မြေကြီးကျင်းတူးခြင်းနှင့် မြေပြန်ဖို့ခြင်း"နှင့်ဆင်တူသည်။ ဆိုလိုသည်မှာတစ်ဦးက နေ့ဘက်တွင် ကျင်းတူး၍ နောက်တစ်ဦးက ညဘက်တွင်မြေပြန်ဖို့ခြင်း ဖြစ်သည်။ နောက်နေ့တွင် ရလဒ်မှာ သုညသာဖြစ်၍ လူနှစ်ဦးအားလစာရှင်းပေးလိုက်ရသည်။ ဥပမာအားဖြင့် ဆိုပါက မကောင်းတကောင်း ခင်းထားသော လမ်းများ ရေနှင့်အတူ မျောပါခြင်း သို့မဟုတ်ပါက မိုးရွာပြီးချိန်တွင် လမ်းအပေါက်များဖြစ်လာ၍ ထပ်ခါထပ်ခါ ပြင်ဆင်ရန်လိုအပ်ခြင်း ဖြစ်သည်။ ထို့အတွက်လမ်းအသစ်များ ပေါ်ထွက်လာမည့်အစား ချထားပေးသော ဘတ်ဂျက်ငွေအများအပြားမှာပြုပြင်ထိန်းသိမ်းရေးအတွက်သာ အသုံးပြုနေရသည်။ ကျောင်းသားများကျူရှင်လာတက်စေရန် ဆရာများက ကျောင်းတွင် စာကောင်းကောင်းမသင်ကြ။ မိသားစုများမှာ အပိုငွေကြေး အကုန်အကျခံရရုံသာမက ကျောင်းသားများမှာ ကျောင်းစာတွင် စိတ်မပါဘဲ သင်ယူလိုစိတ်မရှိကြတော့။ ယင်းမှာ ကျောင်းသားများ၏ တီထွင်ဖန်တီးနိုင်စွမ်းနှင့် အနာဂတ်ကို ထိခိုက်ပါသည်။

သန်းပေါင်းများစွာသော တရားရင်ဆိုင်နေရသူများ၊ ၎င်းတို့၏ မိသားစုများ၊ မိတ်ဆွေများ၊ ရှေ့နေများ၊ နေ့စဉ်တရားရုံးသို့ လာရောက်နေကြရပုံကိုစဉ်းစားကြည့်ပါ။ အများအားဖြင့် အမှုတစ်ခုစစ်ဆေးကြားနာသည်မှာ မိနစ်အနည်းငယ်သာကြာပါသည်။ သီတင်းပတ်ပေါင်းများစွာ၊ လပေါင်းများစွာ ကြာမြင့်သည့် နောက်ထပ် ရက်ချိန်းတစ်ခုကို ကြေညာလိုက်ပြီး အိမ်ပြန်ကြပါသည်။ တရားမျှတမှု ဖြစ်စေခြင်းအား အကန့်အသတ်မရှိ နှောင့်နှေးစေရုံသာမက အချိန်များ၊ ငွေများ ဆုံးရှုံးပြီး ရှေ့နေခ၊ ခရီးသွားလာခ အစရှိသဖြင့် ကုန်ကျစရိတ်များကို ဖြစ်ပေါ်စေပါသည်။

လအနည်းငယ်အတွင်း ဖြေရှင်းနိုင်သည့် အမှုကိစ္စများမှာ နှစ်ပေါင်းများစွာ ကြာမြင့်သည်သာမက ကုန်ကျစရိတ်များလည်း ဆပွားလာသည်။ အချိန်ဆွဲထားသောတရားမျှတမှု၏ ကုန်ကျစရိတ်မှာ တိုက်ရိုက်ကုန်ကျသလို၊ သွယ်ဝိုက်၍လည်း ကုန်ကျသည်။ မျှော်လင့်ချက်မဲ့လာသော ရိုးသားသူများက အခြားနည်းလမ်းများကိုအားကိုးတော့သည်။ ယင်းအဖြစ်အပျက်များက လူမှုတရားမျှတမှုအယူအဆကို ထိုးနှက်ပြီး လူ့အဖွဲ့အစည်းကို အားနည်းစေသည်။ ၎င်းကုန်ကျစရိတ် (ပေးဆပ်ရမှု) များကို ငွေကြေးဖြင့် တိုင်းတာ၍မရနိုင်ပါ။ သို့သော် ကြီးကျယ်ပါသည်။

အနက်ရောင်စီးပွားရေးကြီးထွားလာသောကြောင့်လည်း မက်ခရိုနှင့် မိုက်ခရိုအဆင့်မှာပင် ပေါ်လစီများ ကျရှုံးသည်။ စီမံကိန်းများ၊ ငွေကြေးပေါ်လစီနှင့် ဘဏ္ဍာရေးပေါ်လစီများမှာ လိုချင်သောရလဒ်များကို မဆုပ်ကိုင်နိုင်။ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေဖြန့်ဝေရေး ရည်မှန်းချက်များမပေါက်မြောက်။ အကြောင်းမှာကုန်ကျစရိတ် ဖြစ်ပေါ်သော်လည်း အကျိုးရလဒ်များ မထွက်ပေါ်၍ဖြစ်သည်။

နိုင်ငံစီးပွားရေးမှာ အရင်းအမြစ်မချို့တဲ့သော်လည်း အရင်းအမြစ်မလုံလောက်မှု ကြုံရသည်။ ရင်းနှီးမြှုပ်နှံမှု အများအပြားမှာ ဖြုန်းတီးမှုဆန်သော အကျိုးအမြတ်မရှိသည့် လမ်းကြောင်းများသို့ ရောက်ကုန်သည်။ ရွှေကို ကိုင်ထားခြင်း၊ နိုင်ငံခြားတွင် အိမ်ရာဝယ်ယူထားခြင်းမျိုးဖြစ်သည်။ ငွေပင်ငွေရင်းများ ထွက်ပြေးမှုမှာ အလုပ်အကိုင်အလားအလာနှင့် စီးပွားရေးကုန်ထုတ်လုပ်မှုကို လျော့ကျစေသည်။ နိုင်ငံခြားသို့ ရောက်ရှိသွားသည့် ငွေပင်ငွေရင်းမှာ အိန္ဒိယနိုင်ငံတွင် ဝင်ငွေဖန်တီးခြင်းမရှိဘဲ နိုင်ငံခြားမှာပင် ဝင်ငွေဖန်တီးသည်။ ငွေပင်ငွေရင်းမလုံလောက်ဟု ယူဆခံရသော နိုင်ငံမှာ ငွေပင်ငွေရင်းများနိုင်ငံခြားသို့ တင်ပို့နေသည်။

ရင်းနှီးမြှုပ်နှံ ငွေများ ယူဆောင်လာစေရန် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအား လိုက်လျောမှုများ ပေးနေရသည့် နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု ရရှိသည်ထက် နိုင်ငံမှရင်းနှီးမြှုပ်နှံငွေထွက်သွားသည်ကပိုများသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကိုတန်ဖိုးကြီးကြီးပေးဆပ်ရယူနေရသည်။ အိန္ဒိယနိုင်ငံ၏ ပေါ်လစီများနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၏ပြုသမျှ နုနေရသည်မှာ လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံ၏ စီးပွားရေးသမားများနှင့် နိုင်ငံရေးသမားများက နိုင်ငံခြားသို့ ငွေပင်ငွေရင်း အမြောက်အမြား ထုတ်ယူသွား၍ဖြစ်သည်။ ကုန်ကျစရိတ်မှာ မနည်းမနောဖြစ်သည်။

တိုက်ရိုက်နှင့် သွယ်ဝိုက်ကုန်ကျစရိတ်များမှာ ပေါ်လစီ ကျရှုံးမှုများ၊ အကျိုးအမြတ်မဖြစ်ထွန်းသော ရင်းနှီးမြှုပ်နှံမှု၊ နှေးကွေးသည့် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ဖြစ်နိုင်ခြေရှိသော အလားအလာထက် ပိုမိုနိမ့်ကျသော ဖွံ့ဖြိုးတိုးတက်မှုများဟုဆိုနိုင်သည်။ အနက်ရောင်စီးပွားရေးကြောင့်သာ မဟုတ်လျှင် အိန္ဒိယစီးပွားရေးသည် ၁၉၇၀ ပြည့်နှစ်များမှစ၍ အနည်းဆုံး နှစ်စဉ် ငါးရာခိုင်နှုန်းခန့် ကြီးထွားလာနိုင်သည်။ သို့ဆိုလျှင် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာရှစ်ထရီလီယံရှိစီးပွားရေးကြီး ဖြစ်နေလောက်ပြီ။ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနေရာဖြစ်သည်။ တစ်ဦးချင်းဝင်ငွေမှာ ယခုထက် ခုနစ်ဆနီးပါး များပြားနေပြီး ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဆိုသည်ထက် အလယ်အလတ်အဆင့် ဝင်ငွေရရှိသည့်နိုင်ငံ ဖြစ်နေလောက်ပါပြီ။ ကုန်ကျစရိတ်မှာ ဤမျှလောက် ကြီးမားပါသည်။

အနက်ရောင်စီးပွားရေးကြောင့် "မှုမှန်အခြေအနေများက မှုမမှန်ဖြစ်လာပြီး၊ မှုမမှန်အခြေအနေများက မှုမှန်" ဖြစ်လာသည်။ ဖြစ်သင့်တာတွေ မဖြစ်ဘဲ မဖြစ်သင့်တာတွေက ထပ်ခါထပ်ခါ ဖြစ်ပေါ်နေသည်။ လျှပ်စစ်ဗို့အား ပုံမှန် ၂၂၀ ရရှိနေသင့်သော်လည်း ဗို့အား ၁၇၀ (သို့မဟုတ်) ၂၇၀ ရရှိနေသည်။ လျှပ်စစ်ပစ္စည်းများ လောင်ကျွမ်းကုန်သည်။ ဈေးကြီးသော ဗို့အားထိန်းစက်များ လိုအပ်လာသည်။ ယင်းမှငွေကြေး ကုန်ကျစရိတ်များ ပေါ်ထွက်လာသည်။ ပြုပြင်ထိန်းသိမ်းစရိတ်များ မြင့်တက်လာသည်။

ပိုက်ရေမှာ သောက်သုံးရေဖြစ်သင့်သည်။ သို့သော် ရေပိုက်များ စနစ်တကျ မချထား၍ ရေဆိုးများ စိမ့်ဝင်လာသောကြောင့် ရေ၏ အရည်အသွေးမှာ တစ်သမတ်တည်းမရှိ။ ထို့အတွက် လူအများက ရေသန့်ဝယ်သောက်ရသည်။ အပိုကုန်ကျစရိတ်များစွာဖြင့် ရေသန့်စက်များ၊ ရေကျိုချက်သောက်ခြင်းများ ပြုရသည်။ သို့တိုင် လူအများနေထိုင်မကောင်းဖြစ်ကြသည်။ အိန္ဒိယနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ရောဂါပိုး ၇၀ ရာခိုင်နှုန်းခန့်မှာ မသန့်ရှင်းသောရေနှင့် ဆက်စပ်နေသည်။ ထို့အတွက်ဆေးရုံတက်ခြင်း၊ ကုသခြင်းအတွက် ထပ်မံ၍ ကုန်ကျစရိတ်များဖြစ်ပေါ်လာသည်။ လူအများမကျန်းမာမှုနှင့်တွဲဖက်၍ ကုန်ထုတ်လုပ်မှု လျော့ကျလာသည်။ အထူးသဖြင့် ဆင်းရဲသားများကသားကောင်များဖြစ်သည်။ ပြည်သူ့ဆေးရုံများတွင် လူများပြည့်ကျပ်၍ ဆရာဝန်များမှာ မနိုင်ဝန်ထမ်းရသည်။ အနက်ရောင်စီးပွားရေး၏ ကုန်ကျစရိတ်များ ဖြစ်ပါသည်။

*—Ref: The Cost of the black economy. By: Aran Kumar The Hindu*

TRADEMARK CAUTION
BATU, KECAMATAN CIKARANG SELATAN,
Kyt

APPLE MANAGEMENT CO., LTD
Overseas Job




# ကဏန်းဝယ်ယူစုဆောင်းသူများ အစုဖွဲ့ဖွဲ့စည်း

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ် - ၂၃**

ကဏန်းဝယ်ယူစုဆောင်းသူများ အစုအဖွဲ့ကို ဧရာဝတီတိုင်းဒေသကြီးလပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ဩဂုတ် ၁၈ ရက်က ဖွဲ့စည်းခဲ့ကြောင်းလပွတ္တာ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ဝင်းက ပြောသည်။

ကဏန်းထောင်ဖမ်းသည့်ရေလုပ်သားများ၏ ဘဝမြှင့်တင်ရေးအားစုစည်းညီညွတ်စွာဆောင်ရွက်နိုင်ရန်နှင့် ကဏန်းဝယ်ယူစုဆောင်းသည့်လုပ်ငန်းရှင်များ၏ အခက်အခဲများကို စုပေါင်းဖြေရှင်းနိုင်ရေးအတွက် အဆိုပါအဖွဲ့ကို ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးဦးကျော်မင်းက ပြောသည်။ ဒီရေတောများတွင် ရောင်းတန်းမမီသေးငယ်သောကဏန်းများအား အသားတိုးမွေးမြူရေးနှင့်သင့်တော်သော နေရာများတွင်ကဏန်းဘဏ် ထူထောင်ရန်မှာကြားခဲ့ကြောင်းအဆိုပါ အစုအဖွဲ့ဖွဲ့စည်းသည့် အခမ်းအနားသို့တက်ရောက်ခဲ့သူ တစ်ဦးက ပြောသည်။

အလားတူအစုအဖွဲ့များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဩဂုတ်လအတွင်းတွင် ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း ကိုယ်တိုင်ဖွဲ့စည်းပေးခဲ့သော ဦးတင်ဝင်းက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမော်လမြိုင်ကျွန်းမြို့နယ်၊ လင်းဆွဲ၊ မယ်ဇလီကျေးရွာတွင် ငါးသလောက်ဖမ်းဆီးရေး အစုအဖွဲ့၊ ပြင်စလူကျေးရွာအုပ်စု ကွကွကလေးကျေးရွာတွင် ကဏန်းထောင်ဖမ်းသည့်ရေလုပ်သားများ အစုအဖွဲ့၊ လပွတ္တာမြို့နယ် အမှတ်(၁) ရပ်ကွက်တွင် ဝင်းပိုက် ငါးဖမ်းအစုအဖွဲ့နှင့်ဩဂုတ် ၂၀ ရက်တွင် မော်လမြိုင်ကျွန်းနယ်၌ ငါးရှဥ့်အစုအဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၁၄ ပေ ဒိုင်နာယာဉ်များ တင်နိုင်သည့်အလေးချိန် ငါးတန် ထပ်မံလျှော့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၂၆**

၁၄ ပေ ဒိုင်နာယာဉ်များ ကုန်တင်နိုင်သည့်အလေးချိန်ကိုငါးတန်အထိထပ်မံလျှော့ချမည်ဖြစ်ကြောင်း သက်ဆိုင်ရာ ကုန်စစ်ဆေးရေးကတ္တားဂိတ်များက သတိပေးပြောကြားမှုများ ပြုလုပ်နေသည်ဟု ကုန်တင်ယာဉ်မောင်းများကပြောသည်။

“တရားဝင် လက်ကမ်းစာစောင်နဲ့ ထွက်တာတော့မဟုတ်ဘူး။ ဒါပေမဲ့ ဒီရက်ပိုင်းမှာကတ္တားဂိတ်တွေက ၁၄ ပေ ဒိုင်နာတွေ ဆယ်တန်ပဲတင်ရတော့မယ်၊ ပိုမတင်ရဘူးဆိုတာပြောနေတယ်။ သူတို့ကိုမေးကြည့်တော့ စာထွက်တာတော့မဟုတ်ဘူး။ ညွှန်ကြားချက်နဲ့လုပ်တာပါလို့ပြောတယ်” ဟုကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

၁၄ ပေ ဒိုင်နာယာဉ်များမှာ ယခင်က ယာဉ်+ကုန် ၁၅ တန်အထိတင်ဆောင်နိုင်သော်လည်း ယခု ဆယ်တန်သာ တင်ဆောင်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းကားများအနေဖြင့် ယခင်က အိတ်ရေ ၂၂၀ အထိ တင်ဆောင်နိုင်ခဲ့သော်လည်း ယခု သတ်မှတ်ချက်ကြောင့်အိတ်ရေ ၂၀၀သာတင်ဆောင်နိုင်တော့မည်ဖြစ်သည်။

ယင်းသတ်မှတ်ချက်နှင့်ပတ်သက်၍ လှိုင်သာယာတိုးဂိတ်နှင့် ဗိုလ်မြတ်ထွန်းတံတား တို့၌ ဆောက်လုပ်ရေးဌာနမှ စစ်ဆေးရေးဂိတ်များတွင် လက်မှတ်ထိုးခိုင်းကာ အရေးယူမှုများ ပြုနေကြောင်း ကုန်တင်ယာဉ်မောင်းတစ်ဦးကပြောသည်။

သို့သော်၁၄ပေဒိုင်နာယာဉ်များအနေဖြင့် ကုန်တန်ဆာခများတက်၍ ယူဆောင်ခြင်း မပြုရဘဲ လက်ရှိသတ်မှတ်ချက်က ယာဉ်မောင်းများအတွက် အဆင်မပြေနိုင်ခြင်းကြောင့် ကားအချို့ ပြေးဆွဲမှုရပ်နားမှုများပင်ရှိနေသည်။



# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775)Processor | 54,400 |
| Intel P4 Core i5 3.2 GHz (1,156,650) Processor | 129,800 |
| Intel P4 Core i7 2.93 GHz (1156,870) Processor | 219,700 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 85,500 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 214,600 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 44,200 |
| MSI H55M-E32 (1156) | 63,800 |
| ASUS P8H67 (B3)(1155) | 97,200 |
| ASUS P8H61-MLE (B3) (1155) | 65,300 |
| ASUS P8H67MLE | 83,400 |
| Gigabyte P67A-UD3 (B3) (1155) | 126,900 |
| Gigabyte G41MT-S2P (775) | 45,000 |
| Gigabyte H55M- S2V (1156) | 72,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 34,800 |
| 1 GB DDR2 (800) Kingston | 13,100 |
| 2 GB DDR2 (800) Kingston | 19,600 |
| 4 GB DDR3 (1333) Kingston | 19,600 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 6,000 |
| Memory Stick Adata 4 GB | 6,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 7,000 |
| Memory Stick Sony 4 GB | 8,000 |
| Memory Stick Sony 8 GB (C003) | 13,500 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 11,000 |
| Memory Stick Imation 16 GB | 21,000 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA)(Light Scribe) | 22,500 |
| Liteon DVD Writer (SATA)(Light Scribe) | 23,900 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဩဂုတ် (၂၇) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဩဂုတ် (၂၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၅၀ |
| ဘိလပ်မြေ(ယိုးဒယား ကျောက်ဆူး) | တစ်အိတ် | ၄,၅၅၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၅ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ(အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၂၇)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၇,၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀- ၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၄,၅၀၀-၅,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဩဂုတ် (၂၇) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၂၀-၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၅၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀- ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၅၀၀-၂,၅၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၈၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၂၀၀-၂,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၈၀၀-၄,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၈,၀၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၈,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၆,၀၀၀- ၂၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |

ဩဂုတ်(၂၆)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ -၁၈၀ |
| စူဇူကီး ဝက်ဝွန် $R^+$ | - | ၇ခ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဝစ/၈ဆ | ၂၂၀ |
| စူဇူကီး R-(2Way) | CNG ၂ယ | ၁ဂ/၂ဂ | ၁၈၅ |
| တိုယိုတာ(လီမိတက်) | ၈၈ | ၈က | ၃၀၀-၃၁၀ |
| တိုယိုတာ(ဖင်ကောက်) | ၉၂ | ၇က/၈က | ၄၅၀-၄၆၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၉ | ၄ဂ | ၈၁၀ |
| ဆပ် | ၉၉ | ၄ဂ/၅ဂ | ၁,၁၀၀- ၁,၃၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ/၅ဂ | ၁,၀၂၀ -၁,၁၀၀ |

ဩဂုတ် (၂၆) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Aug (21) | Aug (22) | Aug (23) | Aug (24) | Aug (25) | Aug (26) | Aug (27) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ဝန်ဆောင်မှု**

PC & Notebook ပြုပြင်ခြင်း၊ Window၊ Software၊ Games Install လုပ်ခြင်း၊ Virus သတ်ခြင်း၊ အင်တာနက်ချိတ်ဆက်ခြင်း၊ Wireless Configuration၊ အင်တာနက်သင်တန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးသည်။

**ဖုန်း-၀၉-၅၁၂၈၅၁၈**

**ရောင်းမည်**

ရွှေပြည်သာမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊မြရတနာလမ်း၊ဝန်ထမ်းကြီးများရိပ်သာ၊RC နှစ်ထပ်တိုက်၊ အိမ်အမှတ်(၃၀/၆၄)၊ရေမီး၊ဂရန် အမည်ပေါက်။ ကျပ်သိန်း-၈၀၀ (ညှိနှိုင်း) **ဖုန်း-၀၅၃-၃၄၂၇၀**

**သင်တန်း**

English Speaking & Grammar အခြေခံမှစ၍သင်ပေးသည်။

**ဖုန်း-၀၉-၄၉၃၃၆၀၄၈**

**တိုက်ခန်းရောင်းမည်**

တာမွေမြို့နယ်၊ဓမ္မဝိဟာရလမ်း (ကျားကွက်သစ်လမ်းအနီး)၊(၆) လွှာ(ညာ)၊ အမှတ်(၅၁)၁၂ပေခွဲ× ၅၅ ပေ၊ ကိုယ်ပိုင်မီတာ။
ကျပ် သိန်း-၁၂၀ (ညှိနှိုင်း)

**ဖုန်း-၀၉-၇၃၁၇၀၁၁၈**

**သင်ကြားပေးသည်**

1. Grade X, XI (Home Service)
2. IELTS, Interview (2 Weeks) (Home Service) (3 Months)
3. IGCSE, BCA (6 Months) (Home Service)

**ဖုန်း-၀၉-၅၁၃၂၃၃၃**

**သင်တန်း**

GOOD CHOICE ကွန်ပျူတာပညာဒါန၊ လုပ်ငန်းခွင်ဝင်တန်း။
ဖုန်း-၂၄၁၉၆၇၊၀၉-၄၉၃၂၁၃၀၅

**အိမ်ခြံမြေအကျိုးဆောင်**

တိုက်ခန်း၊လုံးချင်း၊မြေကွက်၊ကွန်ဒိုဂိုဒေါင်များ၊ရောင်းဝယ်ငှားရမ်းခြင်းများအားပြည်တော်သစ်မှဝန်ဆောင်မှုပေးပါသည်။
ဖုန်း-၇၂၂၆၈၂၊ ၀၉-၅၀၅၁၇၈၅

**ဝန်ဆောင်မှု**

Air-Con တပ်ဆင်(ဆေးကြော) မည်ဆိုလျှင် ခိုင်ခံ့သပ်ရပ်၍ ဈေးနှုန်းမှန်ကန်ပြီး ထူးခြားတဲ့(အခမဲ့) ဝန်ဆောင်မှုများပါရရှိမည့်အောင်ကောင်းဆက်နဲ့သာဆက်သွယ်ပါ။
ဖုန်း-၀၉-၅၄၁၈၁၄၄၊ ၅၄၂၀၇၈

**အိမ်လာသင်မည်**

၁ တန်းမှ ၈ တန်း(ဘာသာစုံ)
၉ တန်း (သင်္ချာ၊ ဓာတု၊ ရူပ)
၁၀ တန်း(ဓာတု၊ ရူပ)
ဆရာကြီးဦးသန်းဦးB.Sc၊BA.Ed၊B.Ed၊ ဖုန်း-၀၉-၅၁၇၆၆၂၂

**ဝန်ဆောင်မှု**

Golden Dragon Trading မှ Premium Diessel (အဆင့်မြင့်ဒီဇယ်) ကို စက်ရုံ၊ကုမ္ပဏီ၊လုပ်ငန်းများသို့ အရောက်ပို့ဝန်ဆောင်မှုပေးနေပါပြီ။ ဖုန်း-၀၉-၇၃၀၀၇၂၆၇

**ဈေးညှိရောင်းမည်**

မိုးကုတ်-မတ္တရာလမ်းမကြီး၊လူနေဆိုင်ခန်း(နှစ်ထပ်)၊ နှစ်ခန်းတွဲ။

**ဖုန်း-၀၉-၇၃၀၀၇၂၆၇**

**SMART Body Fitness**

ခန္ဓာကိုယ် အချိုးကျကျလှပ၍ ကျန်းမာရန် တာဝန်ယူပါသည်။ အဝလွန်(ပေါင်၂၀၀)အထက်များအတွက် အာမခံဖြင့်သင်ကြားပေးသည်။ ဖုန်း-၂၉၈၅၃၈၊

**IT Development Training**

Basic Office, Advanced Office, DTP, Graphic Design, Webdesign, C#.net Programming, Practical Hardware တို့အား သင်ကြားပေးသည်။ **ဖုန်း-၄၀၀၁၆၃**

**သင်ကြားသည်**

C#.Net Programming Language နှင့် On Job Training with C#.net အထူးသီးသန့်သင်သည်။

**ဖုန်း-၀၉-၇၃၀၅၁၆၂၀**

**ပြင်ဦးလွင်မြေရောင်းမည်**

ရပ်ကွက်ကြီး(၁၄)၊ ပေ ၆၀ × ပေ ၁၇၀၊ သိန်း-၁၅၀၊ မိုးကုတ်လမ်းဘေး(၁၀ ဧက)၊ တစ်ဧက- ကျပ် ၂၅ သိန်း။ ဖုန်း-၀၉-၅၁၄၆၄၁၇

**On Job Training**

စာရင်းကိုင် အတွေ့အကြုံမရှိသောသူများအတွက် လုပ်ငန်းခွင် အတွင်း လက်တွေ့စာရင်းရေးဆွဲနိုင်ရန်သင်ကြားပေးသည်။

**ဖုန်း-၀၉-၅၁၃၆၃၆၈**

**De Mon (Guitar Training)**

- Basic, Vamp (Metal Style), Lead
- Speed & Thrash Metal Method, Finger Style Picking

**ဖုန်း-၀၁-၂၀၅၁၅**

**အိမ်လိုက်သင်သည်**

ရွှေစကားမန္တလေးကွန်ပျူတာ I-Office, Advanced Excel Course, DTP Course, MYOB Software, Peach Tree Software သင်ကြားပေးသည်။

**ဖုန်း-၀၉-၉၁၀၀၄၉၈၈**

**ဂျာမန်ဘာသာစကားပြော**

ဂျာမနီ ညှော်လမ်းညွှန်လုပ်ငန်းအတွေ့အကြုံ၁၂နှစ်ရှိသည့်ဆရာသင်ကြားပေးမည်။ ညှော်လမ်းညွှန်ဖြစ်လိုသူများအား တစ်ဦးချင်း (သို့) အဖွဲ့လိုက်သင်ကြားသည်။

**ဖုန်း-၀၉-၅၀၁၄၂၃၀**

**ထက်မြတ်ပညာရေးနည်းပြ**

၈၊၉၊၁၀ တန်း ဘာသာစုံ အိမ်သင်ဝိုင်း၊ Primary 1-6/ Sec 1-2 ကျောင်းသားများအတွက်ဘာသာစုံသင်ကြားပေးသည်။
ဖုန်း-၂၉၆၉၃၄၊၀၉-၇၃၁၃၃၂၇၅

**ရောင်းရန်ရှိသည်**

BMB Karaoke (Model - DAR - 300) စက်တစ်လုံး၊ Jamo Speaker (8 inches) လေးလုံး၊ Bose Speaker နှစ်လုံး၊ Shinko DVD သုံးချပ်တွဲ စက်တစ်လုံး၊ Aluminium 4 inches Frame ချောင်းများ၊ 3 inches pump နှင့် Honda အင်ဂျင် 5.5 HP

**ဖုန်း-၀၁-၅၄၉၉၄၃**

**အမြန်ရောင်းမည်**

ရန်ကင်း၊ မဥ္ဇူလမ်းသွယ် (ပေ ၆၀ ပတ်လည်) - ၂၇၀၀ သိန်း၊
တ/ဥ၊ သခင်ဖိုးလှကြီးလမ်း (ပေ ၄၀ × ပေ ၆၀) - သိန်း ၆၀၀၊
သဃက၊ စိန်ပန်းလမ်း (ပေ ၆၀ ပတ်လည်) - ၂၉၀၀ သိန်း 2RC
ဖုန်း-၇၂၂၆၈၂၊ ၀၉-၅၀၅၁၇၈၅

**ဝန်ဆောင်မှု**

အဝေးပြေးကားလက်မှတ် အိမ်အရောက်ဝန်ဆောင်မှုပေးသည်။ Natural Grace Travels & Tours Co., Ltd၊ ဖုန်း-၀၉-၇၃၁၁၂၀၇၅

**ကိုလတ်စာပေ**

မဂ္ဂဇင်း၊ ဝတ္ထု၊ ကာတွန်းသစ်၊ကျ၊ဟောင်းရောင်း-ဝယ်သည်။
ဖုန်း-၃၇၄၅၄၂၊ ၀၉-၅၀၂၀၀၆၈

**Guide လုပ်ပေးသည်**

Grade-11 များအတွက် ဂုဏ်ထူးထွက်ရန် Special Guide လုပ်ပေးမည်။ **ဖုန်း-၀၉၇၃၀၄၇၀၁၅**

**အမျိုးသမီးအလှပြင်ဆိုင်**

ခင်ရတနာအမျိုးသမီးအလှပြင်ဆိုင် တိုက်-၅၊ရတနာလမ်း၊ရတနာအိမ်ရာ၊ သာကေတ။

ဖုန်း-၀၉-၅၀၀၈၁၉၁

**ရောင်းရန်ရှိသည်**

သုံးတန် ကရိန်းကားရောင်းရန်ရှိသည်။ မီးစက် 250 KVA Open ရောင်းရန်ရှိသည်။

**ဖုန်း-၀၉-၇၃၁၅၄၃၉၂**

**ယာဉ်မောင်းအလိုရှိသည်**

ကရိန်းနှင့်ကားတွဲလျက်မောင်းနိုင်သူ(၃)ဦး။ **ဖုန်း-၀၉-၅၄၀၆၈၈၀**

**အိမ်အရောက်သင်သည်**

၅တန်းမှ ၈တန်းအထိ Study Guide လုပ်ပေးသည်။ ၉တန်း၊၁၀ တန်း ဇီဝဗေဒအထူးသင်သည်။

**ဖုန်း-၆၄၁၅၈၈**

**ဆက်သွယ်နိုင်သည်**

ဘွဲ့ရပြီး English ကို မေ့နေသူများ၊ လုံးဝမတတ်သေးသူများ၊ အခြေခံကိုလိုချင်သူများ ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၁၃၁၅၅၄

**သင်ကြားပေးသည်**

Professional Study Guide Group မူကြိုမှ၁၀တန်းသင်ကြားပေးသည်။
ဖုန်း-၀၁-၂၂၂၂၆၇

**ရောင်းမည်**

တ/ဥက္ကလာပ၊ ရတနာလမ်း၊ ပေ ၆၀ × ပေ ၅၀၊ ထောင့်ကွက်၊ RC နှစ်ထပ်၊ မီတာနှစ်လုံး၊ ဖုန်းပါ။
ဖုန်း-၀၉-၅၀၁၂၆၈၄

**ဝန်ဆောင်မှု**

စတီရီယိုခေတ်ဦးမှ ၂၀၀၅ ခုနှစ်အထိ သီချင်းများ စီးရီးအလိုက်စုဆောင်းထားသည်။

**ဖုန်း-၀၉-၇၃၁၄၇၉၀၄**

**သင်တန်း**

ခေတ်မီဂျပန်စင်တီမီတာနည်းဖြင့် သင်ကြားပေးသည့် အပ်ထည်များကိုလည်း စိတ်တိုင်းကျ ချုပ်လုပ်ပေးသည်။ **ဖုန်း- ၀၉-၅၁၄၆၄၄၁**

**NCCE Computer Services**

Computer Service & Network
ရန်ကင်း TTC ကျောင်းရှေ့။
**ဖုန်း-၀၉-၈၆၃၂၀၅၀၉-၇၃၀၅၂၆၅၉**

7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

## စာ-၅၊ သွင်းကုန်များနှင့် ဈေးမယှဉ်နိုင်တော့သဖြင့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ အခက်တွေ့လာ မှ

အခုကအဲဒီ ပစ္စည်းကိုပဲ ကျပ်နှစ်သောင်းလေးထောင်ပဲ ရှိတော့တယ်”ဟုအထက်ပါအသင်းမှတာဝန်ရှိသူကဆိုသည်။

လက်ရှိ အနေအထားတွင် သွင်းကုန်ဖြစ်သည့် တရားဝင်နှင့် မှောင်ခိုနှစ်ခုစလုံးမှပြည်တွင်းထုတ်ဈေးကွက်အပေါ် သက်ရောက်မှုရှိနေပြီး စားသောက်ကုန်ကဏ္ဍတွင် လုပ်ကိုင်နေသူများ၏အဆိုအရ ဈေးကွက်အခြေအနေကောင်းသူ မရှိဘဲခက်ခက်ခဲခဲနဲ့ရပ်တည်နေရသည်ဟုသိရသည်။

“ကျွန်တော်တို့က Product Marketing။ သူတို့က Commodity Marketing။မတူဘူး။ တချို့က အိတ်စပို့လုပ်ဖို့ အကြံပြုကြတယ်။ အဲဒါကလည်းလွယ်လွယ်လုပ်လို့ မရပါဘူး။ ပြည်တွင်းဈေးကွက်တောင်မှ ပျောက်နေပြီဆိုတော့မှ အိတ်စ်ပို့ကတော့မစဉ်းစားနဲ့တော့ဖြစ်နေတယ်။ အပြင်လည်းထွက်လို့ မရအတွင်းမှာလည်း ချောင်ပိတ်အရိုက်ခံနေရတဲ့အခြေအနေမျိုးဖြစ်နေပါတယ်” ဟုအထက်ပါလုပ်ငန်းရှင်ကဆက်လက်ပြောသည်။

“စားသောက်ကုန်လုပ်ငန်းရှင်တွေ၊ အခြားစက်မှုကုန်ထုတ်လုပ်ငန်းတွေရေရှည်ရပ်တည်နိုင်ဖို့ ၂၀၁၅ ခုနှစ်မရောက်ခင်မှာပဲအခြေအနေကတော်တော်ဆိုးလာတယ်။ ဒီကြားထဲမှာ Tax တွေကလည်းကုန်သွယ်ခွန်ကိုIMF(နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့) က အကြံပြုထားတဲ့အတိုင်း ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိမြှင့်ဖို့လည်းရှိနေတယ်။ အဲဒါကိုပဲအခွန်ကောက်မယ်ဆိုရင်ပြဿနာမရှိပေမယ့် အခြားဟာတွေပါတွဲပြီး ၃၀ ရာခိုင်နှုန်းလောက်ကောက်မယ်ဆိုရင်ဘာမှဆက်မလုပ်နိုင်ဘဲ စက်ရုံရပ်ရမယ့် အနေအထားဖြစ်လာလိမ့်မယ်” ဟုမြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

“စားသောက်ကုန်ကဏ္ဍရဲ့ Impact ၆၀ရာခိုင်နှုန်းလောက်က မှောင်ခိုဈေးကွက်ရဲ့ဆိုးကျိုးရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ မှောင်ခိုဈေးကွက်ဝင်လာတဲ့ပစ္စည်းတွေ ရပ်တန့်သွားရင်သို့မဟုတ် သိသိသာသာ လျော့နည်းသွားတယ်ဆိုရင် အတိုင်းအတာတစ်ခုအထိ Recovery ပြန်လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ဘတ်ဈေးကတစ်နှစ်အတွင်းမှာပြန်ကြည့်မယ်ဆိုရင် ၃၄ ဘတ်ကနေ ၂၉ဘတ်ကိုကျသွားတယ်။ မြန်မာကျပ်ငွေသည်လည်း ၆ လအတွင်း ၅၀ ရာခိုင်နှုန်းလောက် ပြုတ်သွားတယ်။ နိုင်ငံတစ်ခုနဲ့တစ်ခုကုန်သွယ်ရာမှာ Cross Rate ဆိုတာရှိတယ်။ အဲဒါကို မူတည်ပြီးဘယ်နိုင်ငံရဲ့ငွေကြေးပိုနာလဲ ပိုသာလဲဆိုတာထွက်လာတယ်။ဒေါ်လာကိုအခြေခံပြီးတွက်ချက်တဲ့အခါ ဘတ်ကျတာက ၁၀ ရာခိုင်နှုန်းလောက်ပဲရှိပေမယ့်မြန်မာကျပ်ငွေက ၅၀ ရာခိုင်နှုန်းလောက်ရှိနေတော့ ၄၀ ရာခိုင်နှုန်းကွာဟမှုရှိတော့ သူတို့က ဈေးလျှော့လိုက်တဲ့အခါကိုယ်တွေဘက်ကဘယ်လိုမှ မခံနိုင်ဘူးဖြစ်သွားတယ်” ဟု စားသောက်ကုန်ထုတ်လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

လက်ရှိအနေအထားတွင် လုပ်ငန်းရှင်များက ပထမအဆင့်ဈေးလျှော့ခြင်းကိုစတင်လုပ်ဆောင်လျက်ရှိပြီး၊ဈေးကွက်အနေအထားအရလူလျှော့ခြင်း၊အရည်အသွေးလျှော့ခြင်းများပြုလုပ်သွားမည်ဖြစ်ကာနောက်ဆုံးစက်ရုံပိတ်သည့်အဆင့်အထိဆောင်ရွက်သွားရန်ပင် ပြင်ဆင်နေကြပြီဖြစ်ကြောင်း သိရသည်။

ကုန်သွယ်မှု(Trading)ကို လူအင်အား၊ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ဖြင့် ကျစ်လျစ်စွာဆောင်ရွက်နိုင်သော်လည်း အဆောက်အအုံ၊မြေ၊ စက်ပစ္စည်း၊ ရာနှင့်ချီသောဝန်ထမ်း၊အခွန်စသည်တို့ဖြင့် လုပ်ဆောင်နေရသည့် ထုတ်လုပ်မှု (Manufacturing) ပိုင်းတွင်ရေရှည်ရပ်တည်လုပ်ဆောင်နိုင်ရေးအတွက်စနစ်ကျသောကုန်သွယ်မှုမျိုးလိုအပ်လာကြောင်း စက်မှုကုန်ထုတ်လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

TRADEMARK CAUTION

SCHICK

TRADEMARK CAUTION

PERSON'S FOR MEN

## စာ(၄၁) ရောဝတီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများက မြစ်ကိုထိခိုက်မှုရှိ၊ မရှိပညာရှင်များ ,,ထောင့်မျိုးစုံမှသုံးသပ်နေ မှ

ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ကျွမ်းကျင်သူများ၏ ဝေဖန်သုံးသပ်ချက်အရ EIA သည် ယခုလက်ရှိတွင် ကောက်ယူနေသော (sample )နမူနာထား စာရင်းကောက်မှုနှင့်ကောက်ယူထားပါက ပိုမိုအသေးစိတ်ကျသော အချက်အလက်များဖြင့် ကောက်ယူသင့်ကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်ခဲ့ပါက ဟူသော သံသယ၏ အကျိုးဆက်ကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

“လောလောနဲ့အရေးတကြီးလုပ်ဖို့မကောင်းဘူး။ အချိန်ယူပြီးလုပ်ဖို့ကောင်းတယ်။ မှားပြီးပြင်ဖို့ခက်တယ်။ မှားခဲ့ရင်ကော ဘယ်လို ကာဗာဖြစ်အောင်လုပ်ရမလဲဆိုတာ စဉ်းစားသင့်တယ်” ဟု ဖရီဒါအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းက ပြောသည်။

နမူနာကောက်မှုဆိုသည်မှာ ဥပမာ-ကချင်ပြည်နယ်၏သစ်ပင်အနေအခြေကို ကောက်ယူဆိုပါတောအားလုံးကို အသေးစိတ်မကောက်ယူဘဲ ယင်းဒေသ၏ ၁၀ ရာခိုင်နှုန်းကိုတွက်ချက်၍ ကောက်ယူခြင်းဖြစ်သည်။ယင်းသို့ကောက်ယူမှုသည်မှားသည်၊မှန်သည်ပြောရန် ခက်ခဲသောအခြေအနေဖြစ်သည်။

မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်သော ဖြစ်နိုင်ခြေရှိသည့် ရေအလေးချိန်ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်မှုများ၊ အခြေအနေများ၊ ရေဝေရေလဲ ဒေသ၏ သစ်တောပြုန်းတီးမှု ဖြစ်ပေါ်လာမည် နုန်းပို့ချမှု ဝန်အားကို dam မှ ခံနိုင်ရည်ရှိ၊ မရှိတို့ကို ကြိုတင်ပြင်ဆင် စဉ်းစားသင့်ကြောင်း ထောက်ပြပြောဆိုကြသည်။

တရုတ်နိုင်ငံ အစိုးရမှ သတ်မှတ်ထားသော ရေအားလျှပ်စစ်စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိ၊မရှိလေ့လာခြင်းနည်းဗျူဟာသည် မတည်ဆောက်မီ သဘာဝပတ်ဝန်းကျင်ကိုလေ့လာသုံးသပ်ရသည်။ ယင်းနောက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု EIA ကို ပထမအဆင့်လေ့လာရသည်။

ယင်းကို (Project Preliminary EIA) ဟုခေါ်သည်။ ပတ်ဝန်းကျင်ထိခိုက်မှုရှိပြီး အကျိုးမြတ်ရှိနေပါက ထပ်မံ၍ (Project EIA )ကို ထပ်မံလုပ်ရသည်။ ယင်း Project EIA သည် ထိခိုက်မှုများနေပါက တည်ဆောက်မည့် အစီအစဉ်ကို ဖျက်သိမ်းရသည်။ ထိခိုက်မှုနည်းပြီး အကျိုးအမြတ်များပါက ဆောက်လုပ်ရေးလုပ်ငန်းကို စတင်ကြသည်။

အဆင့်ဆင့်လုပ်ဆောင်ရသော EIA သည် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် အခြေအနေမူလရှိပြီးသား အချက်အလက်တို့ကိုမူတည်၍ တစ်နှစ်မှ သုံးနှစ်အထိ ကြာမြင့်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအချို့က ဧရာဝတီမြစ်ဆုံစီမံကိန်းသည် ဧရာဝတီမြစ်အထက်ပိုင်းသာမက ဖြတ်သန်းစီးဆင်းရာ ဧရာဝတီမြစ်အောက်ပိုင်းအထိ EIA နှင့် (Social Impact Assegement) SIA တို့ကို လေ့လာသင့်ကြောင်း ထောက်ပြပြောဆိုကြသည်။

မြစ်ဆုံ စီမံကိန်း၏ တရုတ်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်ရှိသည်။ နိုင်ငံတကာ EIA စံနှုန်းအရဒေသတွင်း စီမံကိန်း ဖော်ဆောင်မှုကြောင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုပြန်လည်လုပ်ဆောင်ရန် စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုမှာ (၂ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်း) အကြားတွင်ရှိသည်။

မြစ်ဆုံစီမံကိန်း မစတင်မီ ၁၉၉၀ မှ ၂၀၀၅ ခုနှစ်အတွင်း ကောက်ယူရရှိသော ကောင်းကင်ဓာတ်ပုံများအရ မေခမြစ်နှင့် မေလိခမြစ်ဖျားခံရာ ရေဝေရေလဲဒေသများတွင် သစ်တော ပြုန်းတီးသည့် ၉ ခုနှစ်သိန်းကျော် ရှိသည်။

ဧကခြောက်သိန်းမှာ တောပျက်၊တောညံ့များဖြစ်ပြီး ဧကတစ်သိန်းမှာစိုက်ပျိုးမြေအဖြစ်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ဧရာဝတီမြစ်၏ နှစ်စဉ် သဲနုန်းပို့ချမှုမှာ ပျမ်းမျှတန်သန်းပေါင်း ၂၈၀ ခန့်ရှိသည်။ ယခင်နှစ်များက သဘာဝပတ်ဝန်းကျင်ပညာရှင်အချို့နှင့် ဧရာဝတီမြစ်ပေါ်တွင် ရေယာဉ်မောင်းသောဝါရင့်ရေယာဉ်မှူးများ၏ ပြောကြားချက်အရ မြစ်ရေနည်းလာပြီးမြစ်ကြမ်းပြင်ထုထည်မြင့်လာ၍ သဲသောင်ဖြစ်ထွန်းမှုများ ပိုမိုများကြောင်း ထို့ပြင် စည်းကမ်းမဲ့ ရွှေတူးဖော်တူးသူများ၏ တိုက်ရိုက်စွန့်ပစ်မြေဆီအနှစ်များကြောင့် ဧရာဝတီမြစ်အခြေအနေမှာ ယိုယွင်းလာကြောင်း သုံးသပ်ပြောသည်။

ဩဂုတ်လ ၂ရက်နေ့သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက “မြစ်ဆုံစီမံကိန်းကိစ္စဆက်လုပ်၊မလုပ်ကိစ္စကလည်း ကျွန်တော်တို့အမျိုးသားအကျိုးစီးပွားအတွက် အစစအရာရာကိုချိန်ဆပြီးတော့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီနေ့အခါမှာ KIO ရော၊ အခြားအဖွဲ့အစည်းကရော စီမံကိန်းလုပ်ရင် ဘာဖြစ်မယ်၊ညာဖြစ်မယ်အမျိုးမျိုးပြောနေကြပါတယ်။ အယူအဆအမျိုးမျိုးလည်း ရှိကြပါတယ်။ နိုင်ငံတော်အစိုးရကလည်း ကိုယ့်ပြည်သူတွေ ဒုက္ခရောက်အောင်၊ ကိုယ့်ဧရာဝတီမြစ်ကြီး ပျက်စီးသွားအောင် ဘယ်တော့မှလုပ်မှာမဟုတ်ပါဘူး” ဟု ပြောကြားခဲ့သည်။

Gandamar Whole Sale

Environment
7DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# ဒီရေတောဂေဟစနစ်များ ကောင်းမွန်လာသဖြင့် မိကျောင်းအသိုက်များ ပိုမိုတွေ့ရှိ

**ရန်ကုန်-ဩဂုတ် ၂၇**

မိန်းမလှကျွန်းဘေးမဲ့တောအတွင်း ဒီရေတော ဂေဟစနစ်များ ပိုမိုကောင်းမွန်လာသဖြင့်ထိုနေရာ၏ အဓိကမျိုးစိတ်ဖြစ်သော ရေချိုရေငန်စပ်မိကျောင်းအသိုက်များ ယခင်နှစ်များကထက်ပိုမိုတွေ့ရှိလာရကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ရေချိုရေငန်မိကျောင်း(Crocodylus Porosus) များ အသိုက်ပြုလုပ်ချိန်ဖြစ်သော ဇွန်၊ ဇူလိုင်လများတွင် ဘေးမဲ့တောအတွင်းစစ်တမ်းများကောက်ယူခဲ့ရာ အသိုက်ငါးခုခန့်တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး ဘေးမဲ့တောအတွင်း အသိုက်များထပ်မံရှိနိုင်သေးသည်ဟု ခန့်မှန်းရကြောင်းဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သတင်းထုတ်ပြန်သည်။



မိကျောင်းတိုက်တစ်ခုကို လေ့လာနေကြစဉ်

ဓာတ်ပုံ - မိန်းမလှကျွန်းဘေးမဲ့တော

ယခုနှစ်တွင် မိကျောင်းအသိုက်များ ပိုမိုတွေ့ရှိလာရခြင်း အဓိကအကြောင်းရင်းမှာ ဘေးမဲ့တောအတွင်းရှိ ဒီရေတောဂေဟစနစ်ပိုမိုကောင်းမွန်လာခြင်းကြောင့်ဖြစ်ပြီး မျိုးထိန်းသိမ်းရန် ဘေးမဲ့တောအတွင်းပြန်လွှတ်ထားသောမိကျောင်းများ အရွယ်ရောက်လာသဖြင့် ယင်းတို့ အသိုက်ပြုလုပ်လာနိုင်ခြင်းကြောင့်လည်းဖြစ်ကြောင်း မိန်းမလှကျွန်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှသိရသည်။

မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း ယခု တွေ့ရှိထားသော မိကျောင်းအသိုက်များမှာလာမည့် စက်တင်ဘာလကုန်နှင့်အောက်တိုဘာလယ်တို့တွင် သားပေါက်မည်ဖြစ်ကြောင်း သိရသည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်အတွင်းတည်ရှိသောမြန်မာနိုင်ငံ၏ အကြီးဆုံး ဒီရေတောဧရိယာဖြစ်ပြီးမျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသောရေချိုရေငန်မိကျောင်းများကို အဓိကထိန်းသိမ်းစောင့်ရှောက်ထားရာနေရာဒေသလည်းဖြစ်သည်။

# ဧရာဝတီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများက မြစ်ကိုထိခိုက်မှုရှိ၊ မရှိ ပညာရှင်များ ရှုထောင့်မျိုးစုံမှ သုံးသပ်နေ

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၂၀**

မြစ်ဆုံစီမံကိန်း မစတင်မီ ဧရာဝတီမြစ်ရေဝေရေလဲဒေသရှိ ပတ်ဝန်းကျင်ပြောင်းလဲမှုများနှင့်မေလိခနှင့် မေခမြစ်အပေါ် အကောင်အထည်ဖော် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်း ခုနစ်ခုသည် ဧရာဝတီမြစ်အား ထိခိုက်မှုရှိ၊မရှိကိုပြည်တွင်းရှိဝါရင့်သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်သူအချို့က ရှုထောင့်မျိုးစုံမှ ဝေဖန်သုံးသပ်လျက်ရှိကြသည်။

ရေအားလျှပ်စစ် စီမံကိန်း ခုနစ်ခုတည်ဆောက်ရေးအတွက် တရုတ်နိုင်ငံမှ သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်သူများနှင့် ပြည်တွင်းရှိ BANCA အသင်းတို့ပူးပေါင်း၍ EIA (Environment Impact Assegement) ကို ၂ နှစ်အကြာပြုလုပ်ခဲ့သည်။ EIA ပြုလုပ်ပြီးအချိန်တွင်မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်သော EIA ကို ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသင်းအဖွဲ့များနှင့် ဆွေးနွေးခဲ့ကြသည်။ ဝေဖန် သုံးသပ်သူ အချို့သည်ယင်းဆွေးနွေးပွဲတွင် တက်ရောက်ခဲ့သူများ ဖြစ်သည်။



ဧရာဝတီမြစ်ဆုံရှိ လျှပ်စစ်စီမံကိန်းဆောက်လုပ်ရေးလုပ်ငန်းခွင်မြင်ကွင်း

ဓာတ်ပုံ - အေးမြကျော်


BANCA မှ ခေါ်ယူသော တွေ့ဆုံဆွေးနွေးပွဲတွင်ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအများစုက EIA သည် လိုအပ်မှုများစွာရှိသေးကြောင်း ထောက်ပြပြောဆိုခဲ့သည်။

“နိုင်ငံတကာက အသိအမှတ်ပြုထားတဲ့ ရှားပါးမျိုးစိတ်ပါ စာအုပ် (IUCN Red Book) နဲ့ စာအုပ်တစ်ခုတည်းနဲ့တော့ တိုင်းတာကြည့်လို့ မရဘူး။ ဆိုလိုတာက ဒီ dam ဆောက်မယ့်နေရာမှာ ရှားပါးမျိုးစိတ် မရှိပေမယ့်လည်း ကမ္ဘာမှာ ဘယ်နေရာမှ မရှိတဲ့ မြန်မာမျိုးရင်းလည်း ဟုတ်တယ်။ မျိုးပွားနိုင်တဲ့ အခြေအနေလည်း မရှိတော့ဘူး။ ဒါဆိုရင် ဒီမျိုးစိတ်ကို ကမ္ဘာမှာရှိနေတဲ့ အတွက်ကြောင့် ရှားပါးမျိုးစိတ်လို့ သတ်မှတ်လို့ရတယ်။ အဲလိုမျိုးရော အသေအချာ လုပ်ထားသလား” ဟု ကချင်ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းလုပ်ဆောင်နေသူ Ecodev မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူကပြောသည်။

EIA လုပ်ထားသော ရလဒ်ကို ယခုအချိန်ထိ ရှင်းလင်းတိကျသော အသေးစိတ်အချက်များကို တရားဝင် ထုတ်ပြန်ထားခြင်းမရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျွမ်းကျင်သူများအတွက် အငြင်းပွားစရာကိစ္စရပ်တစ်ခု ဖြစ်လာသည်။

မြစ်ဆုံစီမံကိန်းများနှင့် ပတ်သက်ပြီး EIA လုပ်သည့် အဖွဲ့တွင် ပါဝင်သူတစ်ဦးက ယင်းစီမံကိန်းများကြောင့် ဧရာဝတီမြစ်အား မထိခိုက်နိုင်ဟု အကြမ်းဖျင်းဖြေကြားခဲ့သည်။ စာ(၄၀) သို့

Environment Cartoon











Tourism

7DAY NEWS JOURNAL

Vol.10, No.24 · SEPTEMBER 1, 2011

# မဟာမဲခေါင် ခရီးသွားလုပ်ငန်းဆွေးနွေးပွဲ ပုဂံတွင် ကျင်းပမည်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်- ၂၇**

ခြောက်နိုင်ငံ မဟာမဲခေါင်ခရီးသွားလုပ်ငန်းဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၇၊ ၂၈ နှင့် ၂၉ ရက်များတွင် နန်းမြင့်တာဝါ၌ပြုလုပ်သွားရန် စီစဉ်ထားကြောင်း ပုဂံဟိုတယ်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌဦးဇော်ဝိတ်က ပြောသည်။

"ဖွင့်ပွဲကို မြင်းခင်းသဘင်နဲ့ဖွင့်ဖို့ စီစဉ်ထားပါတယ်"ဟု ဦးဇော်ဝိတ်က ဆိုသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသို့ တိုက်ရိုက်လေကြောင်း ပျံသန်းရေးကိစ္စနှင့် ဗီဇာကင်းလွတ်ခွင့်ကိစ္စများပါ ထည့်သွင်းဆွေးနွေးသွားမည်ဟုသိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကူညီပေးထားသော မဲခေါင်ခရီးသွားလုပ်ငန်းဌာနရုံးမှ တာဝန်ရှိသူအချို့ တက်ရောက်မည်ဖြစ်သည်။ ထို့အပြင် အခြားသော မဲခေါင်ခရီးသွားလုပ်ငန်းတွင်ပါဝင်သော ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားကိုယ်စားလှယ်နှစ်ဦးစီတက်ရောက်မည်ဖြစ်သည်။

# ပုဂံရှိ ဘုရားငါးဆူတွင် အဆင့်မြင့်အိမ်သာများ ဆောက်လုပ်မည်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၂၅**

ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ပုဂံဒေသရှိ သမိုင်းဝင်ဘုရားငါးဆူတွင် ဘုရားဖူးဧည့်သည်များအဆင်ပြေစေရေးအတွက် အဆင့်မြင့် အိမ်သာများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဗူးဘုရား၊ လောကနန္ဒာ၊ ရွှေစည်းခုံဘုရားအပါအဝင် အခြားထင်ရှားသော ဘုရားနှစ် ဆူတွင်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပုဂံဒေသ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"ကျွန်တော်တို့ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ညှိပြီးရင် ဆောက်လုပ်မှာပါ" ဟု ပုဂံဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါအိမ်သာများကို ACE ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်ပေးရန်အစီအစဉ်ရှိကြောင်း သိရသည်။

# ဗုဒ္ဓဂါယာခရီးစဉ် ဘုရားဖူးခရီးသည်များလာပြီး ဝန်ဆောင်မှု အပြိုင်အဆိုင်ပေးလာ

**မေဝင်းမွန်**

**ရန်ကုန်၊ ဩဂုတ် – ၂၄**

ဗုဒ္ဓနယ်မြေမဇ္ဈိမဒေသ၊ ဗုဒ္ဓဂါယာခရီးစဉ်မှာ တစ်နှစ်ထက်တစ်နှစ် ဘုရားဖူးသူ များလာသည့် အလျောက် ဘုရားဖူးပို့ဆောင်ရေး ကုမ္ပဏီများက အပြိုင်အဆိုင် ဝန်ဆောင်မှုများနှင့် ပို့ဆောင်မှုများရှိလာကြောင်း သိရသည်။

ယခင်က ဘုရားဖူးရာသီတွင် အများဆုံးဘုရားဖူးအရေအတွက် ၂၀၀၀ ခန့်သာရှိရာမှ ပြီးခဲ့သည့်နှစ်အတွင်းကဘုရားဖူးအရေအတွက် ပျမ်းမျှ ၈၀၀၀ နီးပါးရှိလာသည်ဟုသိရသည်။ အောက်တိုဘာလမှစတင်ကာ လာမည့်နှစ်ဧပြီလပထမပတ်အထိပို့ဆောင်ပေးမည့် ဗုဒ္ဓဂါယာခရီးစဉ်အတွက်ဘုရားဖူးပို့ဆောင်ရေး ကုမ္ပဏီများက စတင်လက်ခံဆောင်ရွက်နေပြီဖြစ်ပြီး ဈေးကွက်ယှဉ်ပြိုင်မှုအတွက် ဝန်ဆောင်မှုအပြိုင်ပေးခြင်းဖြင့် ဆောင်ရွက်သည်ဟု ဆိုသည်။

ဗုဒ္ဓဂါယာသီးသန့်ခရီးစဉ်မှာ ပုံမှန် ၁၂ ရက်ကြာမြင့်ပြီး ကာလကတ္တား၊ နယူးဒေလီမြို့သို့ဝင်ရောက်လည်ပတ်မည်ဆိုပါက ၁၄၊ ၁၅ ရက်ကြာမြင့်ကာ ဘုရားဖူး ပို့ဆောင်သည့်ဝန်ဆောင်ခများမှာ ခရီးစဉ်နှင့်ခရီးသွားကုမ္ပဏီအလိုက်ကျပ်ခြောက်သိန်းခွဲမှကိုးသိန်းအထိ သတ်မှတ်ပို့ဆောင်သည်ဟု သိရသည်။

'နိုင်ငံခြားငွေတွေ ဈေးကျတော့မြန်မာဘုရားဖူးတွေအတွက် ပိုပြီး ကောင်းသွားတာပေါ့။ ဒီနှစ်မှာတော့ ဝန်ဆောင်မှုစရိတ်တွေ လျှော့ထားပါတယ်။ ၁၂ ရက်ခရီးကိုမနှစ်ကကိုးသိန်းဆိုဒီနှစ်ရှစ်သိန်းနဲ့ ပို့ဆောင်ပေးပါတယ်။ ဘုရားဖူးတွေကတော့ တစ်နှစ်ထက်တစ်နှစ်ပိုတိုးလာပါတယ်" ဟုနီလာအပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ဗုဒ္ဓဂါယာခရီးစဉ်တွင်သံဝေဇနီယလေးဌာနသို့သွားရောက်ဖူးမြော်ရမည်ဖြစ်ပြီး အိန္ဒိယ လေကြောင်းလိုင်း၊ အမ်အေအိုင်လေကြောင်းလိုင်းတို့ဖြင့်သွားရောက်လေ့ရှိကာ အိန္ဒိယနှင့်နီပေါနှစ်နိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၊ ရခိုင်ကျောင်း၊ အင်တာနေရှင်နယ်ကျောင်း စသည်များတွင် တည်းခိုလေ့ရှိကြသည်။

"ဒီနှစ်မှာအခြေအနေပိုကောင်းတယ်။ ဧည့်သည်အသစ်တွေပိုပြီးများတယ်။ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းတွေလည်း ပိုပြီးများလာတော့ အဖွဲ့တွေစုစည်းပြီး အိန္ဒိယမှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံမှာပဲဖြစ်ဖြစ် အဖွဲ့လေးတစ်ခုဖွဲ့ပြီး အစစအရာရာညှိနိုင်းပြီးလက်တွဲဆောင်ရွက်သွားရင်ဘုရားဖူးတွေအတွက် ပိုအဆင်ပြေသွားမယ်ထင်ပါတယ်။ လက်ရှိဘုရားဖူးအနေအထားအရ လာမယ့်ကာလတွေမှာအလားအလာပိုကောင်းမယ်လို့ ခန့်မှန်းပါတယ်" ဟုရန်ကုန်ဗုဒ္ဓဂါယာဘုရားဖူး ပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဗုဒ္ဓဂါယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းတွင် သာသနာရေးဝန်ကြီးဌာနအသိအမှတ်ပြုအောင်ချမ်းသာ၊ ရန်ကုန်၊ မေသူမောင်ဘုရားဖူးပို့ဆောင်ရေးကုမ္ပဏီများအပြင် ဘုရားဖူးပို့ဆောင်ရေးကုမ္ပဏီ ၂၅ ခုခန့်ကပို့ဆောင်ပေးလျက်ရှိသည်။




ဗုဒ္ဓဂါယာက ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ အထူးစိတ်ဝင်စားသည့် ပြည်ပခရီးသွားဒေသတစ်ခုဖြစ်သည်
ဓာတ်ပုံ – မေဝင်းမွန်




























7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# သက်ဆင်နှင့်ပတ်သက်၍ အငြင်းပွားမှုရှိနေစဉ် ယင်လပ်ခ်က ပါလီမန်တွင် ပေါ်လစီမိန့်ခွန်းပြောကြား

**ဘန်ကောက်၊ ဩဂုတ် - ၂၃**
ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ် ယင်လပ်ခ်ရှင်နာဝါထရာက သူမ၏ အစိုးရပေါ်လစီအစီအစဉ်နှင့် ပတ်သက်၍ ပါလီမန်တွင် မိန့်ခွန်းပြောကြားခဲ့သော်လည်း ယင်းမိန့်ခွန်းကို သူမ၏အစ်ကိုပြည်ပြေး၏ လှုပ်ရှားမှုများအပေါ် အငြင်းပွားမှုက အရိပ်မိုးသွားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

သက်ဆင်ရှင်နာဝါထရာ ရာထူးမှဖြုတ်ချခံရပြီး နိုင်ငံရေးမငြိမ်မသက်မှုများ နှစ်ပေါင်းများစွာ ရှိခဲ့ပြီးနောက် နိုင်ငံ၏ စီးပွားရေးတိုးတက်အောင်လုပ်ဆောင်၍ ရင်ကြားစေ့ရေးကြိုးပမ်းမည်ဟု ဝန်ကြီးချုပ်ယင်လပ်ခ်က ကတိပြုပြောကြားသည်။

မူးယစ်ဆေးဝါးပြဿနာနှင့် လူကုန်ကူးမှုကိစ္စရပ်များကိုလည်း ကိုင်တွယ်သွားမည်ဟု ဥပဒေပြုအမတ်များအား ယင်လပ်ခ်က ကတိပြုပြောကြားသော်လည်း ၎င်း၏ မူဝါဒအစီအစဉ်များတွင် အသေးစိတ်အချက်အလက်များ မပါရှိသလောက်ပင်ဖြစ်ကြောင်း သတင်းများ၌ဖော်ပြသည်။

ယင်လပ်ခ် အလျင်အမြန် အာဏာရရှိလာခြင်းမှာ သက်ဆင် ပြန်လည်ထင်ရှားလာခြင်းအမှတ်အသားလည်းဖြစ်သည်။ ၂၀၀၁ မှ ၂၀၀၆ ခုနှစ်အထိ ထိုင်းနိုင်ငံကို ဦးဆောင်ခဲ့ပြီး ရာထူးမှဖြုတ်ချခံခဲ့ရသူ သက်ဆင်သည် ခြစားမှုအတွက် ထောင်ဒဏ် ၂ နှစ်ကျခံရခြင်းကိုရှောင်လွှဲနိုင်ရန် ယခုအခါ ဒူဘိုင်းတွင်နေထိုင်လျက်ရှိသည်။


Photo- Getty Images

မစ္စတာသက်ဆင်သည် ယခုသီတင်းပတ်အတွင်း ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး မြေငလျင်နှင့် ဆူနာမီဘေးဒဏ်သင့်ရာဒေသများသို့ သွားရောက်ကြည့်ရှုမည်ဖြစ်သည်။ လောလောဆယ် ထိုင်းနိုင်ငံသို့ ပြန်လာရန် အစီအစဉ်မရှိကြောင်းနှင့် ၎င်း၏ ညီမ အစိုးရအဖွဲ့တွင် ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း ဩဂုတ်လ ၂၃ ရက်တွင် သက်ဆင်ကပြောကြားသည်။ —*Ref: AFP*

# နှမဖြစ်သူ၏ နိုင်ငံရေးတွင် ဝင်စွက်မှုမရှိကြောင်း သက်ဆင်ငြင်းဆို

**တိုကျို၊ ဩဂုတ် - ၂၃**
ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်က ၎င်းသည် နှမဖြစ်သူ ယင်လပ်ခ်၏ ထိုင်းနိုင်ငံရေးအုပ်ချုပ်မှုတွင် ပါဝင်ခြင်းမရှိသကဲ့သို့ ၎င်းကြောင့် ပြဿနာများ ဖြစ်ခဲ့သည်ဆိုပါက တိုင်းပြည်သို့ပြန်လာရန် အစီအစဉ်မရှိကြောင်း တိုကျိုမြို့၌ပြောကြားသည်။

တိုကျို၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သက်ဆင်က "ကျွန်တော်ဟာ ပြဿနာတွေရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့မယ်ဆိုရင် ထိုင်းကိုပြန်ဖြစ်မယ်လို့မထင်ပါဘူး။ ကျွန်တော်ဟာ ပြဿနာတွေထဲမပါဘူးဆိုမှ အတိအကျပြန်ဖြစ်မှာပါ"ဟုဆိုသည်။

ဂျပန်နိုင်ငံသို့ သက်ဆင် အလည်အပတ်ရောက်လာခြင်းသည် ၎င်း၏ နှမဖြစ်သူ ယင်လပ်ခ် အာဏာရအပြီး နှစ်လအကြာတွင်ဖြစ်ကာ ဝေဖန်သူများအကြား နိုင်ငံတကာမြင်ကွင်းတွင် သက်ဆင်နေရာယူလာမည်လားဟူသော သံသယများဖြစ်စေခဲ့သည်။ သို့သော် သက်ဆင်က ၎င်းသည် ယင်လပ်ခ်နှင့် နီးစပ်သောဆက်သွယ်မှုရှိသော်လည်း ယင်လပ်ခ်၏ နိုင်ငံရေးတွင် ဝင်မစွက်ဖက်ကြောင်းငြင်းဆိုသည်။ ၎င်းက "ကျွန်တော်တို့ဟာ မိသားစုဝင်တွေအဖြစ် အချိန်ပြည့်အဆက်အသွယ်ရှိပါတယ်။ သူမဟာ ကျွန်တော့်လောက် လူတွေကိုမသိပေမယ့် ဒါဟာပုံမှန်ဖြစ်နေကျပါ။ ဒါပေမဲ့ သူ့မှာ ကျွန်တော့်ရဲ့ စွက်ဖက်မှုမပါဘဲ တိုင်းပြည်ကိုဦးဆောင်နိုင်တဲ့ ကိုယ်ပိုင်အခွင့်အရေးရှိပါတယ်။ သူအကြံဉာဏ်လိုရင်တော့ ကျွန်တော့်ဆီ ဖုန်းဆက်ပြီး အကြံဉာဏ်တောင်းပါတယ်"ဟု ပြောသည်။ ငလျင်ဒဏ်မှ ပြန်လည်ရုန်းထလာသော ဂျပန်နိုင်ငံကို ထိုင်းနိုင်ငံအနေဖြင့် ကူညီသင့်ကြောင်း သက်ဆင်က ပြောကြားခဲ့သည်။ —*Ref: AP*

# အလုပ်နေရာများအတွက် နိုင်ငံသားများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း မလေးရှားအရာရှိကြီးပြောကြား

**ပူထရာဂျာယာ၊ ဩဂုတ် - ၂၄**
မလေးရှားနိုင်ငံ ဝန်ကြီးဌာနရှစ်ခုနှင့် ဆက်စပ် အေဂျင်စီများက လစ်လပ်နေသည်ဟု စာရင်းသွင်းထားသည့် အလုပ်နေရာ ၁,၀၅၁,၄၂၇ နေရာရှိကြောင်းနှင့် ယင်းနေရာများတွင် မလေးရှားနိုင်ငံသားများကိုခန့်အပ်သွားမည်ဖြစ်ပြီး ကျန်နေရာများကိုသာ အစိုးရအစီအစဉ်အရ လွတ်ငြိမ်းချမ်းသာခွင့်ရထားသည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ကမ်းလှမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

မလေးရှားနိုင်ငံတွင် ကုန်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေး အစရှိသည့် လုပ်ငန်းကဏ္ဍငါးမျိုးတွင် အလုပ်သမားများ လိုအပ်လျက်ရှိသည်။

နိုင်ငံတကာကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးဌာန တစ်ခုတည်းမှာပင် အလုပ်နေရာ ၂၇၅,၇၂၃ နေရာ လစ်လပ်နေကြောင်းနှင့် ယင်းမှာ လိုအပ်ချက်အမြင့်ဆုံးဝန်ကြီးဌာနဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အကြီးတန်းလက်ထောက်အတွင်းရေးမှူး ဒါကွတ်အယ်ဝီအီဘရာဟင်က ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန အတွင်းရေးမှူးချုပ်ဦးဆောင်သည့် 6P လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်အစည်းအဝေးတွင် ယခုအချက်အလက်များထွက်ပေါ်လာခြင်းဖြစ်ကြောင်း မလေးရှားအရာရှိကြီးက ပြောကြားသည်။

6P အစီအစဉ်အရမလေးရှားနိုင်ငံတွင် တရားဝင်နှင့် တရားမဝင် အလုပ်သမား နှစ်သန်းကျော် မှတ်ပုံတင်ခဲ့ကြောင်းသိရသည်။

—Ref:






7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

## Leader's Profile

# စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာရန်ပုံငွေအဖွဲ့ (IFAD) အကြီးအကဲ ကာနာယိုအက်ဖ်အန်ဝမ်ဇီ



ရဲမင်း

ကာနာယိုအက်ဖ်၊အန်ဝမ်ဇီသည် ကုလသမဂ္ဂ၏ အထူးအေဂျင်စီတစ်ခုဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံတကာရန်ပုံငွေအဖွဲ့(IFAD)၏ပဉ္စမမြောက်ဥက္ကဋ္ဌဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာကွန်ဖရင့်၏ ဆုံးဖြတ်ချက်ရလဒ်အဖြစ် IFAD အား ၁၉၇၇ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသား အန်ဝမ်ဇီသည် ၁၉၇၁ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ အီဘာဒန်တက္ကသိုလ်မှ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကင်းဆက်ပြည်နယ်မှ စိုက်ပျိုးရေးလုပ်ငန်း ပိုးမွှားများ အထူးပြုဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်။ အန်ဝမ်ဇီသည် ပါရဂူဘွဲ့ရရှိပြီးချိန်မှာပင် အပူပိုင်းဒေသ စိုက်ပျိုးရေး နိုင်ငံတကာအင်စတီကျူ့ဒ်တွင် သုတေသီတစ်ဦးအဖြစ် စတင်ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့သည်။

၁၉၇၉ မှ ၁၉၉၆ ခုနှစ်အထိ သဲကန္တာရတစ်ပိုင်းပူပြင်းခြောက်သွေ့သည့်ဒေသများအတွက် စိုက်ပျိုးသီးနှံ နိုင်ငံတကာသုတေသနအင်စတီကျူ့ဒ်(ICRISAT)တွင် အကြီးတန်းအရာရှိတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ဒေါက်တာဝမ်ဇီသည် ၁၉၉၆ မှ ၂၀၀၆ ခုနှစ်အထိ အာဖရိကဆန်စပါးဌာန (WARDA) တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ယင်းဌာနတွင်တာဝန်ထမ်းဆောင်စဉ်အတွင်း အာဖရိကစိုက်ပျိုးမြေနှင့် အထူးသင့်လျော်ပြီး မိုးခေါင်ရေရှားမှုနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် အထွက်တိုးစပါးမျိုးကိုဖော်ထုတ်နိုင်ခဲ့သည်။ ယခင်က အနောက်အာဖရိကနှင့်သာ သက်ဆိုင်သည့်အဖွဲ့အစည်းအား အာဖရိကတစ်တိုက်လုံးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းဖြစ်လာရန် ချဲ့ထွင်ဖွဲ့စည်းခဲ့သည်။

ဒေါက်တာဝမ်ဇီသည် ၂၀၀၇ ခုနှစ်တွင် IFAD သို့ ရောက်ရှိတာဝန်ထမ်းဆောင်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ၂နှစ်ကြာတာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင်မူ IFAD ၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၅ နိုင်ငံက ဒေါက်တာဝမ်ဇီအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ရာ ၂၀၀၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါက်တာဝမ်ဇီသည် သုတေသနစာတမ်းပေါင်းအများအပြားရေးသားထုတ်ဝေခဲ့သည်။ သိပ္ပံပညာဆိုင်ရာအဖွဲ့အစည်းအများအပြားတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သလို သုတေသနဌာနအများအပြား၏ အမှုဆောင်ဘုတ်အဖွဲ့များတွင်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဆင်းရဲသားလူဦးရေ၏ ၇၅ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်ရာ ယင်းနိုင်ငံများ၌ ကျေးလက်ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအတွက် IFAD က ရည်မှန်းချက်ထားရှိသည်။ ဒေါက်တာဝမ်ဇီ ဥက္ကဋ္ဌလက်ထက်တွင် IFAD သည် နိုင်ငံအလိုက် အစီအစဉ်မန်နေဂျာများကိုတိုးမြှင့်ခန့်ခဲ့ပြီး ၎င်း၏ ရုံးများကိုလည်း တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေးသည် အဓိကကျသည့် အစိတ်အပိုင်းဖြစ်ကြောင်း သိရှိလာရန် ဒေါက်တာဝမ်ဇီက ကြိုးပမ်းခဲ့ပြီး တစ်ပိုင်တစ်နိုင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ကျေးလက်ပြည်သူများ၏ လိုအပ်ချက်များကို ကမ္ဘာတစ်ဝန်း အစိုးရများက နားလည်အသိအမှတ်ပြုရေးကို ထောက်ခံအားပေးခဲ့သည်။ ၂၀၁၀ပြည့်နှစ် စားနပ်ရိက္ခာဖူလုံရေး ကမ္ဘာလုံးဆိုင်ရာအစီအစဉ် ကောင်စီ၏ အစည်းအဝေးတွင်လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

—Ref: Wikipedia

## နောက်ကျောဖုံး - အိုင်ရင်းဟာရီကိန်းမုန်တိုင်း နယူးယောက်မြို့အား ဝင်ရောက်မွှေနောက် မှ



ပွာတိုရီကိုမှ ကော်နက်တီကတ်ပြည်နယ်အထိ တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် အနည်းဆုံးလူပေါင်း ၁၈ ဦးသေဆုံးပြီး ခန့်မှန်းခြေ ကန်ဒေါ်လာ သုံးဘီလီယံဖိုးခန့် ပျက်စီးခဲ့ကာ နေအိမ်ပေါင်း လေးသန်းခန့်မှာ လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။ ဗာဂျီးနီးယားနှင့် မြောက်ကယ်ရိုလိုင်းနားပြည်နယ်တို့တွင် လူ ၁၀ ဦးသေဆုံးခဲ့သည်။

အရှေ့ဘက်ကမ်းခြေတစ်လျှောက်ဖြတ်သန်းလာခဲ့သောမုန်တိုင်းအား ဩဂုတ် ၂၈ ရက်တွင် အပူပိုင်းမုန်တိုင်းအဆင့်သာရှိတော့သည်ဟု အဆင့်လျှော့ချခဲ့သော်လည်း နယူးယောက်မြို့လူထု ပို့ဆောင်ရေး ရထားစနစ်ကို ရပ်နားထားခဲ့ရပြီး လေယာဉ်ခရီးစဉ်ထောင်ပေါင်းများစွာကိုလည်း ဖျက်သိမ်းခဲ့ရသည်။

"နယူးယောက်နဲ့ နယူးဂျာစီဒေသအထိတော့ မုန်တိုင်းရဲ့ အဆိုးဆုံးအခြေအနေ ကျော်လွန်သွားပြီလို့စိတ်ချလက်ချပြောနိုင်ပါတယ်" ဟု ပြည်တွင်းလုံခြုံရေးဌာနအတွင်းရေးမှူး မစ္စနာပိုလီတာနိုက ပြောကြားသည်။

ကြိုတင်ပြင်ဆင်မှုများကြောင့် လူ့အသက်ဆုံးရှုံးမှု လျှော့ချနိုင်ခဲ့ကြောင်း၊ သို့သော် မြစ်ရေလျှံနေခြင်းများ အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

သမ္မတအိုဘားမားက ဟာရီကိန်းအိုင်ရင်းဝင်ရောက်နိုင်သော ပြည်နယ် ၁၁ ပြည်နယ်တွင် အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နယူးယောက်မြို့တွင်လည်းမြေနိမ့်ပိုင်း၌ နေထိုင်သည့်လူပေါင်း ၃၇၀,၀၀၀ အား ပြောင်းရွှေ့နေထိုင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

—*Ref: Reuters*

## ထိပ်တိုက်ရင်ဆိုင်မှုများကြောင့် သီရိလင်္ကာတွင် လူတစ်ရာကျော်ကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ကိုလံဘို၊ ဩဂုတ် - ၂၃**

သီရိလင်္ကာရဲတပ်ဖွဲ့သည် မကြာသေးမီက နိုင်ငံမြောက်ပိုင်း ဂျက်ဖနာတွင် ရဲတပ်ဖွဲ့ဝင်များနှင့် လူအုပ်စုတစ်ခုအကြား ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားပြီးနောက် လူပေါင်းတစ်ရာကျော် အားဖမ်းဆီး ထားကြောင်းသိရသည်။

ဂျက်ဖနာမှ တာဝန်ရှိသူတစ်ဦး၏ အဆိုအရ တမီးလ်လူမျိုးများပါဝင်သော ဒေသတွင်းမှ လူများသည် အမျိုးသမီးများအား စော်ကားတတ်သည့် လမ်းသရဲတစ်ဦးကိုတွေ့ခဲ့မိကြောင်း၊ ထို့နောက် ၎င်းတို့သည် အဆိုပါလူဆိုးကို ရဲတပ်ဖွဲ့က ခိုလှုံခွင့်ပေးထားသည်ထင်၍ ရဲများအားကျောက်တုံးနှင့်ပစ်ပေါက်ရာမှ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ကြောင်းဆိုသည်။ ထို့နောက် ရဲတပ်ဖွဲ့သည် အခြေအနေကိုထိန်းသိမ်းရန် စစ်တပ်ကိုခေါ်ယူခဲ့ပြီး အကြမ်းဖက်လူအုပ်အား ဖြိုခွဲခဲ့ကြောင်းသိရသည်။

ဂျက်ဖနာမှ တမီးလ်သတင်းစာ၏အဆိုအရ ဒေသခံများသည် ထိပ်တိုက်ရင်ဆိုင်မှုများအတွင်း စစ်တပ်မော်တော်ယာဉ်များကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ဂျက်ဖနာတွင် ဖမ်းဆီးခဲ့သူများကို မကြာမီ ရုံးတင်စစ်ဆေးသွားမည်ဟု သတင်း၌ ဖော်ပြသည်။

—*Ref: Xinhua*

## နောက်ကျောဖုံး - ဂျပန်နိုင်ငံတွင် ငါးနှစ်အတွင်း ဆဋ္ဌမမြောက်ဝန်ကြီးချုပ် ရွေးချယ်ရာ ဘဏ္ဍာရေးဝန်ကြီးအနိုင်ရ မှ

ရွှေ့ပြောင်းနေထိုင်နေရသည့် လူတစ်သိန်းအရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

ဆူနာမီဘေးဒုက္ခနှင့် ချူကလီးယားအကျပ်အတည်းအား အစိုးရ၏ ကိုင်တွယ်ပုံကို ဝေဖန်မှုနှင့်နိုင်ငံရေး အတွင်းတိုက်ပွဲများအပေါ် စိတ်ပျက်မှုများ ရင်ဆိုင်နေရသည့် ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်သည် ၁၅ လကြာ တာဝန်ထမ်းဆောင်ပြီးနောက် ရာထူးမှနုတ်ထွက်တော့မည်ဖြစ်သည်။

လက်ရှိ အာဏာရ ဂျပန်ဒီမိုကရက်တစ်ပါတီ ပါလီမန်အမတ် ၃၉၈ ဦးသည် ဩဂုတ်လ ၂၉ရက်တွင်ပါတီ၏ ခေါင်းဆောင်သစ်ကို ရွေးချယ်ရန် မဲခွဲဆုံးဖြတ်ကြမည်ဖြစ်သည်။ ယင်းမဲခွဲမှုတွင် လူထုကလိုလားသော ထိပ်တန်းသံတမန်ဆေဂျိမေဟာရာနှင့် ပါတီ၏ ဩဇာကြီးမားသူ ခေါင်းဆောင် အီချိရိုအိုဇာဝါက ထောက်ခံသည့် စီးပွားရေးဝန်ကြီး ဘန်ရီကိုင်အီဒါတို့ ထိပ်တိုက်တွေ့ဖွယ်ရှိကြောင်းသိရသည်။

ပထမအကြိမ် မဲပေးမှုတွင် မည်သူတစ်ဦးတစ်ယောက်မျှ ထောက်ခံမဲ ၂၀၀ မရရှိနိုင်သည့်အတွက် မဲခွဲဆုံးဖြတ်မှုမှာ နှစ်ဦးတည်းထိပ်တိုက်မဲခွဲမှုဆီသို့ရောက်သွားဖွယ်ရှိကြောင်းသိရသည်။ ဂျပန်ဒီမိုကရက်တစ်ပါတီသည် ဩဇာကြီးမားသော အောက်လွှတ်တော်ကိုထိန်းချုပ်ထားသည်ဖြစ်ရာ မဲခွဲမှုတွင် အနိုင်ရရှိသူသည် ဝန်ကြီးချုပ်ဖြစ်လာရန် သေချာသလောက်ဖြစ်ကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

နောက်ဆုံးရရှိသည့်သတင်းအရ ယှဉ်ပြိုင်သူငါးဦးထဲမှ ဘဏ္ဍာရေးဝန်ကြီး ယိုရှိဟီကိုနိုဒါသည် ဂျပန်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်အဖြစ် ရွေးချယ်ခံလိုက်ရကြောင်း ယိုမီယူရီသတင်းစာက ဖော်ပြသည်။ ဒုတိယအချီ မဲခွဲမှုတွင် ယိုရှိဟီကိုနိုဒါက စီးပွားရေးဝန်ကြီး ဘန်ရီကိုင်အီဒါအပေါ် ၂၁၅ မဲ၊ ၁၇၇ မဲဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

—*Ref: AP/Yomiuri*

TRADEMARK CAUTION
PT. TARAKUSUMA INDAH a Company incorporated in REPUBLIC OF INDONESIA at JL. WARU BLOK F2 NO. 2B-2C, DELTA SILICON II, LIPPO CIKARANG, DESA BATU, KECAMATAN CIKARANG SELATAN, KABUPATEN BEKASI, REPUBLIC OF INDONESIA is the Owner and Sole Proprietor of the following Trademark
INK
Reg: 4771/6/2011
In respect of : Int'l class 9 :" Helmets"
Fraudulent imitation or unauthorized use of the said Trade-marks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
Ph : 371990
1 Sept.2011

7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# "တရုတ်နဲ့ ပတ်သက်လို့ သောကဖြစ်စရာ ဘာအကြောင်းမှ မရှိပါဘူး

## တရုတ်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္ဖုယင်းနှင့် တွေ့ဆုံခြင်း

ကျော်မျိုး



ယခုအခါ အာရပ်နွေဦးနဲ့ ဥရောပဘဏ္ဍာရေးအကျပ်အတည်းတို့ဟာ လတ်တလောအလှုပ်ခတ်ဆုံး ကမ္ဘာ့သတင်းတွေ ဖြစ်နေပေမယ့် ကမ္ဘာ့လူဦးရေအများဆုံးနဲ့ စီးပွားရေးတိုးတက်မှု အမြန်ဆုံး တရုတ်ပြည်အကြောင်းကိုတော့ အနောက်မီဒီယာတွေဟာ မေ့ကြမှာ မဟုတ်တာ သေချာပါတယ်။ တရုတ်ဟာ လုံခြုံရေးကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကမ္ဘာ့ရေးရာတွေမှာ ဩဇာပိုမိုကြီးမားလာနေသလို ၂၁ ရာစုကို တရုတ်ရာစုအဖြစ် သတ်မှတ်ချင်သူ အနောက်ပညာရှိတွေကိုလည်း ပိုမိုထွက်ပေါ်လာစေပါတယ်။ တရုတ်ဟာ တောင်တရုတ်ပင်လယ်ကျွန်းစုများ အရေးမှာ အာဆီယံအဖွဲ့ဝင် အိမ်နီးချင်းနိုင်ငံတွေနဲ့ အငြင်းပွားမှုများ ရှိနေဆဲဖြစ်ပြီး အနောက်အုပ်စုကတော့ တရုတ်ရဲ့ အင်အားကြီးထွားလာမှုကို ခြိမ်းခြောက်မှုတစ်ရပ်အဖြစ်ရှုမြင်နေဆဲပါ။ ဒါပေမဲ့ မကြာမီက စပိုင်းဂဲလ်အင်တာဗျူးမှာတော့ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖူယင်း(၅၈နှစ်)က အမေရိကန်နဲ့ ဥရောပအနောက်အုပ်စုဟာ စစ်အေးခေတ် စဉ်းစားပုံအဟောင်းက ရုန်းမထွက်နိုင်လို့ တရုတ်ကို ရန်သူလိုမြင်နေတာလို့ဆိုခဲ့ပါတယ်။

ယင်းအင်တာဗျူးမှာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖူယင်းနဲ့ စပိုင်းဂဲလ်တို့မေးမြန်းပြောဆိုသမျှထဲကမှ တရုတ်ရဲ့ အနေအထားအကြောင်း ဆွေးနွေးမှုများကို ယခုပြန်လည်ကောက်နုတ်ဖော်ပြပေးလိုက်ပါတယ်။ မေးမြန်းသူက ဆူဆန်ကိုဘယ်လ်ဖြစ်ပါတယ်။

**မဒမ်ဖူယင်းရှင့် လက်ရှိမှာ နိုင်ငံအနည်းငယ်က တရုတ်ပြည်ထက် အနောက်တိုင်းကို စိတ်ဝင်စားနေပြီး တခြားနိုင်ငံ အနည်းငယ်ကလည်း ဒီလိုပဲ အနောက်တိုင်းကို သတိပေးနေရပါတယ်။ အခုတော့ ဝန်ကြီးတို့ဟာ နိုင်ငံရဲ့ ပထမဆုံး လေယာဉ်တင်သင်္ဘောကို ရေချခဲ့ပြီတဲ့။ ဘာကြောင့် တရုတ်ပြည်ဟာ လက်နက်တပ်ဆင်ဖို့ လိုအပ်နေတာပါလဲ။**

ပင်လယ်ထဲသွားမယ့် ပထမဆုံးလေယာဉ်တင်သင်္ဘောကို ကြည့်ရတာ တရုတ်ပြည်မှာ စိတ်လှုပ်ရှားစရာကောင်းတဲ့အဖြစ်အပျက်ပါပဲ။ ဒီလိုမျိုးကိုလည်း တရုတ်ပြည်သူတွေ တောင့်တခဲ့တာကြာပြီ။ ပြည်သူတွေက ဒါကို တရုတ်တပ်မတော်ရဲ့ တိုးတက်မှုမှာသဘာဝကျတဲ့ ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်ထားပါတယ်။ ဒါပေမဲ့ ဒီလေယာဉ်တင်သင်္ဘောဟာ ပြန်လည်ပြင်ဆင်ထားတဲ့ တစ်ပတ်ရစ်သင်္ဘောတစ်စင်းသာဖြစ်ပြီး သိပ္ပံသုတေသနနဲ့ စစ်ရေးလေ့ကျင့်ရေးကိစ္စတွေအတွက်သာ အသုံးပြုနိုင်ပါလိမ့်မယ်။ အဲဒါဟာ လက်နက်အပြည့်အစုံတပ်ဆင်ထားတဲ့ ပြည့်စုံတဲ့ လေယာဉ်တင်သင်္ဘောတစ်စင်းတော့ လုံးဝမဟုတ်သေးပါဘူး။ ဒါ့ကြောင့် တရုတ်ပြည်ဟာ လေယာဉ်တင်စစ်သင်္ဘောကြီးတွေ အများအပြားကိုပိုင်ဆိုင်ထားတဲ့ အမေရိကန်နဲ့ အခြားနိုင်ငံတွေရဲ့ နောက်မှာ ရှိနေဆဲပါပဲ။

**စစ်ရေးအသုံးစရိတ်ကို ထပ်တိုးဖို့ထက် ငွေကို တိုင်းပြည်ရဲ့ အခြားကဏ္ဍတွေမှာ သုံးဖို့ရောရှိပါသလား။**

ကျွန်မတို့မှာ ကာကွယ်ရေးတပ်ဖွဲ့တွေ ဖွံ့ဖြိုးဖို့ထက် အဓိကဖွံ့ဖြိုးဖို့ ဦးစားပေးထားတဲ့ ကဏ္ဍတွေအများကြီးရှိနေပါတယ်။ အဓိကအလေးအထားဆုံးက စီးပွားရေးဖွံ့ဖြိုးမှုရှိဖို့ လူတွေကောင်းမွန်စွာနေထိုင်နိုင်ဖို့နဲ့ ချမ်းသာကြွယ်ဝမှုကို မျှဝေနိုင်ရေးတွေဖြစ်ပါတယ်။ ကျွန်မသမီးရဲ့ မျိုးဆက်ဟာဆိုရင် ဒီတိုင်းပြည်မှာ ဝတ်မွတ်ခေါင်းပါးမှုဒဏ် မခံစားရဖူးတဲ့ပထမဆုံး မျိုးဆက်ဖြစ်ပါတယ်။ ဒါဟာ မယုံကြည်နိုင်လောက်တဲ့ တိုးတက်မှုပါ။ တရုတ်စစ်ရေးအင်အားအပေါ် ရှင်တို့ပူပန်နေမှုဟာ ကျွန်မတို့ကြားမှာ အတွေးအခေါ်ရေးအရ ခြားနားထားတဲ့ စစ်အေးခေတ်တွေးပုံမျိုးနဲ့ တိမ်သလ္လာဖုံးနေလို့ပါပဲ။ ရှင်တို့ ဂျာမန်တွေက အမေရိကန်နဲ့ ပြင်သစ်လို လေယာဉ်တင်စစ်သင်္ဘောကြီးတွေ ရှိတဲ့ မဟာမိတ်တွေနဲ့ ပတ်သက်လို့ သိပ်စိတ်မပူပေမယ့် တရုတ်မှာ တစ်စီးတည်းရှိနေတာကျတော့ ပိုပြီးစိတ်ပူနေတယ်နော်။

**တရုတ်ပြည်ဟာ သူ့ရဲ့ အကျိုးစီးပွားတွေကို ကာကွယ်ဖို့အတွက် ဘယ်လိုရွေ့ဆက်သွားဦးမှာလဲ။ တောင်တရုတ်ပင်လယ်အတွင်း ကျွန်းစုတွေ ပိုင်ဆိုင်မှု အငြင်းပွားနေတဲ့ ကိစ္စအတွက် တရုတ်ရဲ့လေသံဟာ နည်းနည်းတင်းမာလာနေပါတယ်။**

ကျွန်မတို့လည်း ဒီလိုမျိုးချဲ့ကားပြောဆိုတာတွေ ဘာကြောင့်ဖြစ်ရသလဲလို့ သိချင်နေမိပါတယ်။ ဒီကိစ္စမှာပါဝင်တဲ့ နိုင်ငံတွေအားလုံးဟာ ၂၀၀၂ မှာ ကြေညာခဲ့တဲ့ တောင်တရုတ်ပင်လယ်အတွင်းပါဝင်သော နိုင်ငံများပူးပေါင်းဆောင်ရွက်ရေး ကြေညာချက်အပေါ် အခြေခံလို့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ထားပြီးပါပြီ။ ဒါပေမဲ့ ဒီကိစ္စဟာ စကားလုံးတွေနဲ့အငြင်းပွားနေတာပါ။ တကယ်ဖြစ်နေတာက တောင်တရုတ်ပင်လယ်အတွင်းရေကြောင်းသွားလာမှုပိတ်ဆို့နေခြင်းဟာငြိမ်းချမ်းစွာဖြစ်နေဆဲဖြစ်ပြီး စစ်ဖြစ်နေတာ၊ ပဋိပက္ခဖြစ်နေတာမျိုးတွေ မရှိပါဘူး။

**အမေရိကန်တွေကတော့ တရုတ်ရဲ့ရည်ရွယ်ချက်တွေနဲ့ ပတ်သက်လို့တကယ်သံသယရှိနေကြပါတယ်။ ပါကစ္စတန်ဟာလည်း ဘင်လာဒင်ကို ဖမ်းဆီးတဲ့စစ်ဆင်ရေးမှာ ပျက်ကျခဲ့တဲ့ အဆင့်မြင့်နည်းပညာသုံး အမေရိကန်စစ်ရဟတ်ယာဉ်ရဲ့ အစိတ်အပိုင်းတွေကို တရုတ်ဆီပို့ပေးခဲ့တယ်လို့သတင်းထွက်နေပါတယ်။ ဒါဟာ အမှန်ဟုတ်၊ မဟုတ် ဝန်ကြီးအနေနဲ့ အတည်ပြုပေးနိုင်ပါသလား။**

တရုတ်နဲ့ပါကစ္စတန်နှစ်ဖက်စလုံးဟာ ဒီကောလာဟလကို ငြင်းဆန်ပြီးသွားပါပြီ။ ဒီကိစ္စမှာအရေးကြီးဆုံးလို့ ကျွန်မထင်တာက တရုတ်နဲ့ အမေရိကန်ဟာ ရန်သူတွေလားဆိုတဲ့မေးခွန်းပါ။ ကျွန်မတို့စစ်ဖြစ်နေကြတာလား။ တစ်ဦးနဲ့တစ်ဦး တိုက်ခိုက်ဖို့ စစ်ပြင်နေကြတာလား။ ဒီနည်းလမ်းမျိုးတော့ကျွန်မတို့ မမြင်မိပါဘူး။ အမေရိကန်ဟာ တရုတ်ကို လက်နက်ရောင်းချခွင့်ပိတ်ပင်ထားတာဟာလည်း လုံးဝမိတ်ဆွေမဆန်ပါဘူး။ ကျွန်မတို့မှာ အမေရိကန်ကိုခြိမ်းခြောက်ဖို့ ရည်ရွယ်ချက် မရှိသလို အမေရိကန်ကိုလည်း ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ကျွန်မတို့ မမြင်မိပါဘူး။ အနောက်တိုင်းဟာ တရုတ်ပြည်ကို စစ်အေးခေတ် စဉ်းစားပုံနဲ့ စဉ်းစားနေတယ်။ အဲဒါကတရုတ်ပြည်ကို ပဟေဠိအများကြီးဖြစ်စေပါတယ်။

**တရုတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေးစားနေတဲ့ ဂျာမန်အတော်များများကလည်း ဝန်ကြီးတို့တိုင်းပြည်ကို မိတ်ဖက်ပါတနာ အဖြစ်ထက် ပြိုင်ဘက်နိုင်ငံ တစ်နိုင်ငံအဖြစ်မြင်နေကြပါတယ်။ အဲဒါကိုရော ဝန်ကြီးနားလည်နိုင်ပါသလား။**

ဒီအချက်ကိုမေးလို့ ကျေးဇူးတင်မိပါတယ်။ အကြောင်းက ဒီကိစ္စဟာ ကျွန်မစိတ်ထဲမှာ အချိန်အကြာကြီးရှိနေခဲ့တာမို့လို့ပါ။ တရုတ်ရဲ့တိုးတက်မှုဟာ တိုင်းပြည်မှာရှိနေတဲ့ လူတွေကို ဆင်းရဲတွင်းထဲက ဆွဲတင်ပေးနိုင်ခဲ့တယ်လို့ အခြေခံအားဖြင့် လက်ခံရင် တရုတ်ဟာ မှန်ကန်တဲ့အရာကို လုပ်နေတာလို့ ရှင်တို့ သဘောတူရပါမယ်။ ဒါ့အပြင် တရုတ်မှာ ကွဲပြားခြားနားတဲ့ နိုင်ငံရေးစနစ်တစ်ရပ်ရှိတယ်ဆိုတာကိုလည်းလက်သင့်ခံရပါမယ်။ အနောက်နိုင်ငံတွေထင်တာကတော့ သူတို့မှာသာ အလုပ်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှိပြီး ဒီမိုကရေစီကျတယ်လို့ ထင်တာဖြစ်ပါတယ်။ ဒီစနစ်က နိုင်ငံအချို့အတွက် အလုပ်ဖြစ်ပါတယ်။ ဒါပေမဲ့ ဘဏ္ဍာရေးအကျပ်အတည်းကို ယခုလိုရင်ဆိုင်လာ ရချိန်မှာတော့ ဒီစနစ်တွေဟာ အခက်အခဲတွေကိုလည်း တွေ့ကြုံနေကြရပါတယ်။ အနောက်တိုင်းဟာ သိပ်ပြီးဂုဏ်မောက်ခဲ့ပါတယ်။ အဆုံးတစ်နေ့မှာတော့ ဒီမိုကရေစီတစ်ခုတည်းက စားပွဲပေါ် အစားအသောက်တွေတင်မပေးနိုင်ပါဘူး။ ဒါဟာ အရှိတရားပါပဲ။

**ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အနောက်တိုင်းဟာ အရှုံးနဲ့ အဆုံးသတ်သွားတော့မှာလား။**

ရှင်တို့လည်း လက်ရှိမှာ အခက်အခဲတွေကြုံတွေ့နေတာပဲ။ ဒါပေမဲ့ ဥရောပနဲ့ အမေရိက ဟာ အတိတ်တုန်းကလည်း အခက်အခဲတွေကြုံခဲ့ပြီး အမြဲပြန်ထလာနိုင်ခဲ့တာပါပဲ။ ကျွန်မတို့အားလုံး အပြန်အလှန်မှီခိုနေကြရတာ။ ရှင်တို့ ရှုံးနိမ့်မှုဟာ ကျွန်မတို့ရဲ့ ပန်းတိုင်မဟုတ်ပါဘူး။ ကျွန်မတို့ဟာ တစ်လှေတည်း စီးနေကြတာပါ။ အမှန်တော့ အနောက်တိုင်းစီးပွားရေးတွေ အခက်အခဲကြုံနေရတာကို ကျွန်မတို့လည်း စိုးရိမ်နေပါတယ်။

**ဝန်ကြီးဟာမြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်၊ မြောက်ဆူဒန်သမ္မတ အိုမာအယ် ဘာရှီးယားတို့နဲ့ နီးစပ်တဲ့ဆက်ဆံရေးရှိထားပါတယ်။ ဒါနဲ့ပတ်သက်လို့ဝန်ကြီးရဲ့ ဒဿနအမြင်ကဘာပါလဲ။**

အခြားနိုင်ငံတွေကို စိုးမိုးဖို့၊ အဲဒီလိုစိုးမိုးဖို့ကြိုးစားသူတွေကို အားပေးဖို့ဆိုတာမျိုးတွေကို ဘယ်တော့မှမလုပ်သင့်ဘူးလို့ ကျွန်မတို့သမိုင်းမှာ ကြုံရတဲ့ ဒုက္ခတွေက သင်ပေးထားပါတယ်။ ကျွန်မတို့ဟာလုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နေရာရထားပြီး ဆူဒန်က ဒါဖာမှာလည်း ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် တရုတ်တပ်သားတွေရာနဲ့ ချီရှိနေပါတယ်။ ကိုယ်မကြိုက်တဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ဦးကိုကြုံရတိုင်း အဲဒီနိုင်ငံကိုသွားပြီး စွက်ဖက်နေမယ်ဆိုရင် ကသောင်းကနင်းဖြစ်ရပ်တွေဆီ ဦးတည်သွားပါလိမ့်မယ်။

**တရုတ်ပြည်ကိုစီးပွားရေးစူပါပါဝါနိုင်ငံအဖြစ် ရှုမြင်ခံလာရမှုတွေအပေါ် ဝန်ကြီး တုန်လှုပ်မိပါသလား။**

ဟင့်အင်း။ ကျွန်မတို့ကိုယ့်ကိုယ်ကိုယ် စူပါပါဝါလို့ မမြင်မိပါဘူး။ ရှင်တို့ဟာလည်း တရုတ်ပြည်မှာ အမေရိကန်လို၊ ဆိုဗီယက်ယူနီယံလို ပုံစံမြင်ရဖို့ မရှိပါဘူး။ ရှင်တို့အနေနဲ့ ကြီးမားလှတဲ့ လူဦးရေနဲ့အတူ ယဉ်ကျေးမှုအရ ပြည့်ဝနေ၊ ပျော်ရွှင်နေတဲ့ တရုတ်ပြည်ကိုပဲမြင်ရတော့မှာပါ။ ကမ္ဘာကြီးအတွက် မိတ်ဆွေဖြစ်လာမှာပါ။ တရုတ်နဲ့ပတ်သက်လို့သောကဖြစ်စရာ ဘာအကြောင်းမှ မရှိပါဘူး။

*—Ref: The West has become very conceited Interview with China's Vice Minister of Foreign Affair, Fu Ying.*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.24 • SEPTEMBER 1, 2011



ဓာတ်ပုံ - FFS

## ကျော်သူ ပြောတဲ့ ပရဟိတလုပ်ငန်းအကြောင်း

ချမ်းခိုက်ခိုက်

**အများအကျိုးပြုတဲ့လုပ်ငန်းတွေထဲကမှ လူတစ်ယောက်သေဆုံးတဲ့အခါ သေဆုံးသူမိသားစုရဲ့ အပူကို ဝေမျှခံစားပြီး လိုအပ်တဲ့ အကူအညီကို ထိထိ ရောက်ရောက်ပေးနိုင်တဲ့ နာရေးကူညီမှုအသင်းက လူထုရဲ့ အားကိုးယုံကြည်မှုနဲ့ လက်ခံမှုကိုရရှိပြီး ဆယ့်တစ်နှစ်နီးပါးတိုင် ရပ်တည်လှုပ်ရှားနေပါတယ်။ ဒီအသင်းကြီးကိုစတင်မျိုးစေ့ချပေးခဲ့တဲ့ ဒါရိုက်တာဦးသုခရဲ့ လက်ဆင့်ကမ်း အမွေကို တစ်စိုက်မတ်မတ် ဆက်လက်လုပ်ကိုင်နေတဲ့ ရုပ်ရှင်မင်းသားကျော်သူဟာသူ့ရဲ့ စွန့်လွှတ်မှု၊ ပေးဆပ်မှု၊ ရပ်တည်မှု ခိုင်မာခြင်းတို့ကြောင့် အသင်းကိုအောင်မြင်စေတဲ့ဦးဆောင်သူတစ်ဦးလည်းဖြစ်ခဲ့ပါတယ်။ ဒီကဏ္ဍကနေ အောင်မြင်နေတဲ့အနုပညာရှင်တွေဟာ ကိုယ့်ရဲ့အောင်မြင်မှုကိုအသုံးချပြီးပရဟိတလုပ်ငန်းတွေလုပ်ကိုင်သင့်တယ်လို့ အကြံပြုပြောကြားခဲ့ပါတယ်။**

အနုပညာသမားတွေက ပရိသတ်ကို ဖျော်ဖြေတာပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့အနုပညာကို ဖော်ထုတ်နေတာပဲဖြစ်ဖြစ် ပရိသတ်ဆီက ပိုက်ဆံယူပြီး ကိုယ့်အတ္တအတွက်ဖြည့်ဆည်းနေတာ။ ဒီလို အတ္တလုပ်နေရင်းနဲ့ နာမည်ကြီးနေတဲ့အချိန်မှာပရဟိတကို လုပ်မယ်ဆိုရင် ပိုပြီးအောင်မြင်မယ်။ ဆရာတော်ကြီးတစ်ပါး က ဦးကျော်သူကို "မင်းဒီအလုပ်ကိုလုပ်မှရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးတွေလည်း ဘွဲ့ထူး၊ ဂုဏ်ထူးတွေရတဲ့အချိန်မှာ သာသနာပြုတယ် ဆိုရင်ပိုပြီးထိရောက်တယ်။ မင်းလည်း အကယ်ဒမီဆုတွေရပြီးတဲ့အချိန်မှာ ပရဟိတအများအကျိုးကို သယ်ပိုးပါ"လို့ ဟောခဲ့တော့ ကျော်သူက နာမည်ကြီးနေတဲ့ အချိန်မှာ ပရဟိတအလုပ်ကိုလုပ်လိုက်တဲ့အတွက် အောင်မြင်မှုကိုရတယ်။ ကိုယ်အောင်မြင်တာမဟုတ်ဘူး။ အသင်းရဲ့ အောင်မြင်မှုကိုရတယ်။ အသင်းအောင်တော့ အများအတွက်ပိုအကျိုးပြုနိုင်တယ်။ ငယ်တုန်းအရွယ်၊ အောင်မြင်နေတဲ့အချိန်မှာလုပ်ရင် အများအတွက်လည်းအကျိုးရှိမယ်၊ တိုင်းပြည်အတွက်လည်း အကျိုးရှိမယ်။

စာ(၄၉)သို့

---

## 'ဒယ်ဒီကမိန်းကလေး' ဇာတ်ကားအတွက် ဆယ်ပေါင်လောက်ဝိတ်လျှော့ခဲ့တဲ့

# ဖွေးဖွေး

အေးသူစံ

**ရန်ကုန်၊ ဩဂုတ်- ၂၂**

Laurel ထုတ်လုပ်ရေးအတွက် ထူးနွယ်အိမ်၏ ဇာတ်လမ်းကို ဒါရိုက်တာမောင်မျိုးမင်းရိုက်ကူးပြီး မင်းမော်ကွန်း၊ ဟက်ကက်၊ မေ၊ ကလေး သရုပ်ဆောင်ဟိန်းတို့နှင့် သရုပ်ဆောင်ထားသော 'ဒယ်ဒီကမိန်းကလေး' ဇာတ်ကားတွင် ယောကျ်ားတစ်ဦးအသွင်သရုပ်ဆောင်ရန်အတွက် ကိုယ်အလေး ချိန်အားဆယ်ပေါင်ခန့် လျှော့ချခဲ့ကြောင်း ဖွေးဖွေးက ပြောသည်။

"ဒီကားကို ရိုက်ဖို့ ဦးမျိုးနဲ့လည်း တိုင်ပင်တယ်။ ရုပ်ပိုင်းဆိုင်ရာကို ပထမဆုံးပြင်ဆင်ရတယ်။ အရင်ဆုံး ဝိတ်လျှော့ရတယ်။ ကိုယ်ခန္ဓာက မိန်းကလေးပုံစံဖြစ်နေလို့ မရဘူးလေ။ ခုခေတ်ယောကျ်ားလျာတော်တော်များများကလည်းပိန်ပိန်လေးတွေများတယ်ဆိုတော့ ဝိတ်လျှော့တယ်။ ဆံပင်ကိုလည်း ယောကျ်ားပုံ ညှပ်ပစ်လိုက်တယ်။ ယောကျ်ားလေးဆိုင်က အကျီတွေလိုက်ဝယ်ရတယ်။ မောင်လေးပစ္စည်းတွေလည်းဆွဲပေါ့။ စိတ်ပိုင်းဆိုင်ရာကျတော့ တတ်နိုင်သလောက် ကိုယ်တိုင်လည်းတွေ့နေမြင်နေတာရှိတယ်။ ဦးမျိုးသင်ပေးတာလည်း ရှိတယ်။ ဖွေးထင်တာကတော့ မိန်းကလေးတွေတော်တော်များများကခိုကိုးချင်တဲ့မျက်လုံးမျိုးရှိကြတယ်။" ဟု ဖွေးဖွေးက ပြောသည်။

စာ(၄၉)သို့



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

---



## ချစ်သူရသွားတဲ့ ကိုရီးယားမင်းသား

# လီမင်ဟို

**ဆိုးလ်၊ ဩဂုတ် - ၂၃**

ကိုရီးယားသရုပ်ဆောင်မင်းသား လီမင်ဟိုသည် နောက်ဆုံး၌ ချစ်သူရရှိသွားပြီဖြစ်ကာ အဆိုပါမိန်းကလေးမှာလည်း ၎င်းနှင့် City Hunter ဇာတ်ကားတွင် တွဲဖက်သရုပ်ဆောင်ခဲ့သော မင်းသမီး ပက်မင်ယောင်ပင် ဖြစ်ကြောင်း သိရသည်။ အဆိုပါ စုံတွဲသည် ယင်းဇာတ်ကားရိုက်ကူးအပြီး တစ်လခန့်အကြာကပင် လက်တွဲနေခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏ သက်ဆိုင်ရာ အေဂျင်စီများကလည်း အတည်ပြုထားသည်။ သတင်းအရ ၎င်းတို့သည် ရိုက်ကွင်းပေါ်၌ပင် ချစ်ကြိုက်ခဲ့သော်လည်း မင်းသားလီနှင့် ၂၅ နှစ်အရွယ် မင်းသမီးပက်တို့သည် ရိုက်ကွင်းပြီးဆုံးချိန် ဇူလိုင်လကမှ အပြင်တွင် စုံတွဲခုတ်နိုင်ခြင်းဖြစ်ကြောင်း ဆိုသည်။

အေဂျင်စီများ၏ သတင်းအတည်ပြုချက် မထွက်ပေါ်မီကပင် ၎င်းတို့နှစ်ဦးချစ်ကြိုက်နေပြီဆိုသောသတင်းများနှင့် နှစ်ယောက်တွဲပုံများ အင်တာနက်ပေါ်တွင်ပျံ့နှံ့ခဲ့ပြီးဖြစ်သည်။ လီမင်ဟိုနှင့် ပက်မင်ယောင်တို့သည် ၂၀၀၇ တွင် I am Sam ဒရာမာဇာတ်ကားရိုက်ကူးစဉ်ကပင် စတင်တွေ့ဆုံဖူးခြင်းဖြစ်သည်။ လက်ရှိတွင် ၎င်းတို့၏ အေဂျင်စီများမှ ကိုယ်စားလှယ်များက မီဒီယာနှင့် ပရိသတ်များအား ၎င်းတို့တွင် တစ်ဦးနှင့်တစ်ဦးနားလည်မှုပိုရစေရန် သီးသန့်အချိန်ပေးသင့်ကြောင်း မေတ္တာရပ်ခံထားသည်။ —Ref: CNA

7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# "အရုပ်ဆိုင်" တစ်ကိုယ်တော်စီးရီးထွက်တော့မည့် မင်းမော်ကွန်း

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၂၂**

တစ်ကိုယ်တော်ခွေ စီစဉ်နေသည်မှာ အချိန်ကြာနေပြီဖြစ်သော မင်းမော်ကွန်းကယခုလကုန်ပိုင်းတွင် 'အရုပ်ဆိုင်' အမည်ရှိ တစ်ကိုယ်တော်စီးရီး ထွက်ရှိတော့မည်ဖြစ်ကြောင်းပြောသည်။

"ဒီခွေလေးကိုကျွန်တော်အားမရနိုင်လို့မတင်းတိမ်နိုင်လို့လောဘကြီးနေလို့၊ အချိန်ယူပြီး လုပ်လာခဲ့တာခုဆိုပရိသတ်လက်ထဲ ရောက်ပါတော့မယ်။ စက်တင်ဘာ ၁ ရက်ဆိုထွက်ပါတော့မယ်။ ထွက်တဲ့နေ့ကိုတော်ဝင်စင်တာမှာလက်မှတ်ထိုးပွဲလေးလုပ်ပါဦးမယ်။ ခွေထဲမှာပါတဲ့ သီချင်းတိုင်းလိုလိုကတော့ သူ့အမှတ်တရနဲ့သူရှိကြတာပါပဲ။ ကျွန်တော်ကလည်းသီချင်းတိုင်းကို အကောင်းဆုံးဖြစ်အောင်တော့ အားစိုက်ပြီး သီဆိုထားပါတယ်" ဟု ပြောသည်။


(advertisement)


ဓာတ်ပုံ - ဇေယျာမောင်မောင်(အမရပူရ)


မင်းမော်ကွန်းသည် မြေပဲယိုအဖွဲ့အမည်ဖြင့် ၂၀၀၄ ခုနှစ်ဝန်းကျင်က သီချင်းများ သီဆိုခဲ့ပြီးယခုတစ်ကိုယ်တော်ခွေတွင်မြေပဲယိုနှင့်ပုံစံမတူသည့်သီချင်းများပါဝင်မည်ဟု သိရသည်။

"မြေပဲယိုထက်တော့ ဒီတစ်ကိုယ်တော်ခွေမှာ အဆိုကိုနည်းနည်းလေးပိုသိလာပါတယ်။ သီချင်းပုံစံကလည်း မြေပဲယိုကပုံစံနဲ့ မတူတော့ပါဘူး။ ကျွန်တော့်တစ်ကိုယ်တော်ခွေဖြစ်တဲ့အတွက် ကျွန်တော့်ပုံစံလေးဖြစ်အောင် လုပ်ယူထားပါတယ်"ဟု ပြောသည်။

ခွေနာမည်ကို တေးရေး ဇဝါက ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး သီချင်းကိုမူ ခေါင်းစဉ်ရွေးပြီးမှ ဇဝါက ရေးပေးခဲ့ခြင်း ဖြစ်သည်။ တစ်ကိုယ်တော်ခွေအတွက် ပရိုမိုးရှင်းဖျော်ဖြေပွဲအဖြစ် တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုလည်း ကျင်းပရန်စီစဉ်ထားသည်ဟု မင်းမော်ကွန်းကပြောသည်။

မင်းမော်ကွန်းသည် သင်္ကေတနှင့် လပ်ကီးပဲလေ့စ် ရုပ်ရှင်ထုတ်လုပ်ရေးနှစ်ခုဖြင့် ဇာတ်ကားများ ဆက်တိုက်ရိုက်ကူးဖြစ်နေပြီး ပြည်ပဖျော်ဖြေရေးခရီးစဉ်များတွင် ပင်ပန်းသည့်ဒဏ်ကို မခံနိုင်သည့်အတွက် လတ်တလောထွက်ခွာရန်မရှိကြောင်း ၎င်းက ပြောသည်။



# စာ-၄၇၊ ကျော်သူပြောတဲ့ ပရဟိတအကြောင်း မှ

အနုပညာရှင်က လူမှုရေးလုပ်ငန်းလုပ်ချင်ပေမယ့်နောက်ကွယ်က ပံ့ပိုးပေးမယ့် အလှူရှင်တွေမရှိရင် ဘယ်လောက်ပဲလုပ်လုပ် ခရီးမရောက်နိုင်ဘူးလို့ ဝေဖန်ပြောဆိုကြတဲ့အပေါ် ကိုယ်တိုင် လူမှုရေးလုပ်ငန်းကိုဆယ်နှစ်ကျော်၁၁ နှစ်လောက်လုပ်လာတဲ့အတွေ့အကြုံအရလက်မခံပါဘူး။ အရေးကြီးတာကစိတ်ဓာတ်၊ စိတ်ဓာတ်မာရမယ်။ သီလလုံရမယ်။ ကိုယ့်ရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်မှန်ကန်တယ်ဆိုရင် အောင်မြင်တယ်။ အောင်မြင်တယ်ဆိုတာဝုန်းဒိုင်းကြီးထပြီး အောင်မြင်တာ မဟုတ်ဘူး။ တို့တွေဆို ဆယ်နှစ်ကျော်ရင်းနှီးခဲ့ရတာ။ အနစ်နာခံခဲ့ရတယ်၊ အဆုံးရှုံးခံခဲ့ရတယ်။ ဒီအသင်းစဖွဲ့တုန်းက ဒီမသာချတဲ့အလုပ်ကို ဘာဘဦးသုခကအစဦးကျော်သူအဆုံးလုပ်ဖူးတာမဟုတ်ဘူး။ ဒါပေမဲ့ဒါဗုဒ္ဓဘာသာမြန်မာလူမျိုးမှာရှိသင့်ရှိထိုက်တဲ့လုပ်ငန်းဖြစ်တဲ့အတွက် အများပြည်သူကို ကူညီမယ်၊ ပေးဆပ်မယ်ဆိုပြီးတော့ အမာခံတွေရဲ့ မတည်ငွေတစ်ယောက်ကို ငါးသိန်းစုပြီးတောင်းအော့စ်ကားအစုတ်လေးနဲ့စလုပ်တာကနေနောက်နှစ်စီးဖြစ်လာတယ်။

ကိုယ့်ရဲ့ပေးဆပ်မှု အများပြည်သူအတွက် ကူညီမှုက စစ်မှန်လာတဲ့အတွက်၊ သန့်ရှင်းလာတဲ့အတွက် အများပြည်သူ အလှူရှင်တွေကအသင်းကိုလှူဒါန်းလာကြတယ်။ တစ်ခါတည်း ဒီအသင်းကြီးဖွံ့မယ်ဆိုပြီး ငွေအင်အားသိန်းပေါင်း ထောင်ချီမတည်ပြီးလုပ်ရင်တောင်မှ အောင်မြင်ချင်မှအောင်မြင်မှာ။ အရေးကြီးတာကိုယ့်ရဲ့စိတ်ထားတတ်ဖို့ပဲ။ အများပြည်သူကို တကယ် ကူညီချင်တဲ့စိတ်လား။ ကိုယ်နာမည်ကြီးဖို့ လုပ်ချင်တာလား။ အခု နာရေးကူညီမှုအသင်း (ရန်ကုန်)ကို အများက အားကိုးလာတယ်။ အထင်ကြီးလာတယ်။မသာ ချတဲ့အလုပ်နဲ့ နာမည်ကြီးမယ်ဆိုတာကို ဘယ်သူက ခေါင်းထဲမှာရှိမလဲ။

ဒါကြောင့် ကိုယ့်မှာ ငွေအင်အားရှိမှ လုပ်နိုင်မယ် ဆိုတဲ့အစွဲကြီးကိုဖျက်ကြပါ။ ကိုယ့်ရဲ့ ပင်ကိုစိတ်ဓာတ် သန့်ရှင်းဖို့၊ အများကို ကူညီချင်ဖို့၊ ပရဟိတ စိတ်ရှိဖို့၊ သီလလုံဖို့ကိုသာ ကြိုးစားနိုင်ရင် သူ့ဟာသူ ဖြစ်လာမယ်။

ရုပ်ရှင်မင်းသားတစ်ယောက်အနေနဲ့ ပြည်သူရဲ့ချစ်ခင်မှုကိုရတာနဲ့ လူမှုရေးလုပ်လို့ ချစ်ခင်မှုကိုခံစားရတာ လုံးဝမတူဘူး။ လူမှုရေးလုပ်လို့ ချစ်ခင်မှုခံရတာက တကယ့်ကို လေးနက်မှုရှိတယ်။ အဲဒီပီတိက ဘာနဲ့မှလဲလို့မရဘူး။ ကိုယ့်ကို အားပေးရအောင်လို့ ဒီအလောင်းတွေကိုလိုက်သင်္ဂြိုဟ်ပေးတာမဟုတ်ဘူး။ လူသား တစ်ယောက်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကိုလုပ်တဲ့အတွက်၊ လူပီသတဲ့အတွက် လူထုရဲ့အားပေးမှုကိုရတယ်။ ရုပ်ရှင်ကျတော့ကိုယ်ဘာလုပ်လိုက်ရင်ပရိသတ်က ကိုယ့်ကိုအားပေးမလဲဆိုတာတွက်နေရတယ်။ လူမှုရေးမှာဒီလိုရည်ရွယ်ချက် မရှိဘူး။ ကိုယ့်ဘက်မှာ ဆုံး ရှုံးမှုတွေက အများကြီး။ ဒီလိုဆုံးရှုံးမှုတွေများလေ မှတ်ကျောက်အတင်ခံရလေပဲ။

ဒီအလုပ်လုပ်လို့ အနှောင့်အယှက် အဖျက်အဆီးတွေ နဲ့ကြုံလာရရင် သည်းခံမှု၊ ခွင့်လွှတ်မှုနဲ့ပဲကျော်ဖြတ်တယ်။ သိပ်အခက်အခဲဖြစ်လာရင်တော့ သစ္စာဆိုတယ်။ ကိုယ့်သစ္စာ၊ ကိုယ့်သီလလုံတဲ့အတွက်ကိုယ်ဆိုတဲ့သစ္စာကထိရောက်တယ်။

တစ်ခါတလေ စေတနာကနေဝေဒနာဖြစ်လာတဲ့ ကိစ္စမျိုးတွေကြုံရတယ်။ နာရေးရော၊ သုခဆေးခန်းမှာရော အားလုံး အခမဲ့ဆိုတော့ တချို့က အလကားဆိုပြီး တန်ဖိုးမထားချင်ကြဘူး။

ခုနောက်ပိုင်း အသင်း ပုံရိပ်ကရုပ်သံတွေ၊ စာမျက်နှာထက်မှာမြင်တွေ့ခွင့်ရလာတာဟာ အများပြည်သူကို စေတနာသန့်သန့်နဲ့ ကူညီပေးနေတဲ့ အဖွဲ့အပေါ် ဒီလိုအသိအမှတ်ပြုတဲ့အတွက် အင်အားဖြစ်တာပေါ့။ နောက်လည်းဒီလိုဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

ဦးရဲ့ ပြင်ပဝတ်စားဆင်ယင်မှုပုံစံကို တချို့ကဘိုးတော်လိုင်းလား။ သိုင်းဆရာလား။ ဆရာမင်းသိခ်ပုံစံ လိုက်လုပ်တာလားပြောကြတယ်။ အနိစ္စတရား သဘောနဲ့ ကိုယ့်ဘာသာရေးခံယူချက်အရကိုယ်လုပ်တာပါ။ တစ်နေ့တစ်နေ့ အလောင်းပေါင်းများစွာနဲ့ ဆုံနေရတာ။ ချမ်းသာတဲ့သူ၊ ဆင်းရဲတဲ့သူ၊ ကလေးတွေ၊ ဆရာတော်ကြီးတွေ ဘယ်သူမှ သေခြင်းတရားကိုမလွန်ဆန်နိုင်ဘူး။ ကိုယ်လည်းတစ်နေ့ သေမှာဖြစ်လို့ ပြင်ဆင်ထားရမယ်။ ဒါကြောင့် အပေါ်ယံ ဆံပင်တို့၊ မုတ်ဆိတ်တို့၊ အဝတ်အစားတို့ကိုခေါင်းထဲသိပ်မထည့်တော့ဘူး။ ကိုယ့်ရဲ့အတွင်းစိတ်ဖြူဖို့အတွက်ပဲကြိုးစားတယ်။

ဒီအသင်းကြီးကို ဆက်လက်တည်တံ့ဖို့၊ မျိုးဆက်ချန်ထားဖို့အတွက်လည်းလုပ်နေတယ်။ကိုယ်က ဘယ်နေ့ သေမယ်မှန်း မသိဘူး။ ဒီအသင်းကို နောက်မျိုးဆက်တွေ ဦးဆောင်ပြီးလုပ်ဖို့လိုတယ်။ ရှာလည်းရှာထားတယ်။ တစ်ချိန်မှာ အားလုံးကလည်း သဘောတူတယ်။သင့်တော်တယ်ဆိုရင်ပေးဖို့အစီအစဉ်ရှိတယ်။သို့သော်အချိန်တော့ယူရလိမ့်ဦးမယ်။ အများပြည်သူနဲ့ နီးစပ်မှုရှိအောင်ဦးနဲ့တွဲထုတ်ရမယ်။

ဦးရဲ့လက်ကိုင်ထားတဲ့ဆောင်ပုဒ်ကတော့ 'အသင်းသည် မိမိအတွက်မဖြစ်စေရ။ မိမိကသာအသင်းအတွက် ဖြစ်စေရမည်'။ 'ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်တာဝန်ကိုယ်ကျေ၊ ကိုယ့်သီလကိုယ်လုံ၊ ကိုယ့်သမိုင်းကိုယ်ရေးဆိုတာပါပဲ။'

တချို့က အသင်းကို ခုတုံးလုပ်ချင်တယ်။ ငါ နာရေးကူညီမှုအသင်းမှာလုပ်အားသွားပေးမယ်၊ ဒီအသင်းကနေ ငါဘာများမျှော်လင့်ချက်ပြန်ရမလဲ၊ဥပမာနိုင်ငံခြားသွားတာတို့၊တခြားအလုပ်တစ်ခု ပြောင်းတဲ့အခါ အသင်းကနေထောက်ခံချက်လေးများ ရမလားဆိုပြီး လာကြတာတွေရှိတယ်။ လူမှုရေးလုပ်မယ်ဆို လူမှုရေးစိတ်ဓာတ်နဲ့ပဲလာပါ။ ခုတုံးလုပ်ဖို့ မလာပါနဲ့။

ကိုယ့်အနုပညာ၊ ကိုယ် တတ်ကျွမ်းတဲ့ပညာရပ်။ဆေးပညာဖြင့်ဆေးပညာပေါ့။ အဲဒါကို ခုတုံးလုပ်ပြီး လူမှုရေးလုပ်ကြပါ။ ကျော်သူလည်း ကိုယ့်အနုပညာကိုခုတုံးလုပ်ပြီးလူမှုရေးလုပ်ခဲ့တာပါ။

# စင်ကာပူရှိ ဒါိုက်တာသင်တန်းကျောင်းသို့ မြန်မာဒါိုက်တာအချို့တက်ရောက်မည်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်- ၂၂**

စင်ကာပူနိုင်ငံရှိ ကျောင်းတစ်ကျောင်းတွင် ဖွင့်လှစ်သင်ကြားမည့် ဒါရိုက်တာသင်တန်းတစ်ခုသို့ မြန်မာနိုင်ငံမှရုပ်ရှင်ဒါရိုက်တာအချို့တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း တက်ရောက်မည့် ဒါရိုက်တာတစ်ဦးဖြစ်သူ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) က ပြောသည်။

"အဲဒီသင်တန်းကတော့ ဒါရိုက်တာကို့စ်အတွက်ပေါ့။ ပရော်ဖက်ရှင်နယ်ဒါရိုက်တာကို့စ်ပါပဲ။ ဒီပလိုမာပေးမှာပါ။ အခုတက်ဖို့ စာရင်းပေးထားတဲ့လူဆယ်ယောက်လောက်ရှိတယ်။ ဒီသင်တန်းအတွက် ဦးမျိုးသူငယ်ချင်းတွေနဲ့ တိုင်ပင်တယ်။ဟိုမှာက အမ်အက်စ်ဒီတီကုမ္ပဏီအဖွဲ့ ရှိတယ်လေ။ သူတို့နဲ့တိုင်ပင်တော့ သူတို့ က လမ်းညွှန်ပေးတယ်။ သူတို့အကြံပေးလို့ အဲဒီကကျောင်းအုပ်နဲ့ရော၊ပိုင်ရှင်နဲ့ရော ဆွေးနွေးတယ်။ ဦးတို့ဆိုခြောက်လတစ်နှစ် အချိန်မပေးနိုင်ဘူး။ ပထမနှစ် ကို့စ်ကိုတစ်လအတွင်း ချုံ့သင်မယ်။ စနေတနင်္ဂနွေမရှိဘူး။ နားချိန် လေးနာရီပဲရှိတယ်။ အဲဒီတစ်လတက်တာဟာ တစ်နှစ်တက်တာနဲ့ အတူတူပဲ" ဟု ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ကပြောသည်။

ယင်းသင်တန်းကို ဟောလိဝုဒ်မှ ရုပ်ရှင်ဒါရိုက်တာများမှ လာရောက်သင်ကြားမည်ဖြစ်ပြီး တက်ရောက်ကြမည့်ဒါရိုက်တာများအနေဖြင့်မည်သို့ပြင်ဆင်ထားရမည်ဆိုခြင်းကိုမူဎင်းက "ဘာတွေပြင်ဆင်သွားမလဲဆိုတော့ ကိုယ်သိထားတာတွေကို ခဏမေ့ထားရမယ်"ဟု ဆိုသည်။

စင်ကာပူနိုင်ငံတွင် ရုပ်ရှင်အနုပညာ မဖွံ့ဖြိုးသည့်အတွက် အစိုးရမှ သူဌေးများကို ရုပ်ရှင်လုပ်ငန်း၌ရင်းနှီးမြှုပ်နှံရန်မေတ္တာရပ်ခံ၍ စီးပွားရေးလုပ်ငန်းရှင်များ၏ အကူအညီဖြင့် နိုင်ငံခြားပညာတော်သင်စေလွှတ်ခြင်း၊ ပြည်တွင်းမှလူများအတွက် ဟောလိဝုဒ်မှ ဆရာများခေါ်ယူသင်ကြားစေခြင်းတို့ ပြုလုပ်နေပြီး မြန်မာဒါရိုက်တာများအတွက် အခွင့်အရေးတစ်ရပ်အနေဖြင့်တက်ရောက်ကြခြင်းဖြစ်ကြောင်းသိရသည်။

## စာ-၄၇၊ "ဒယ်ဒီကမိန်းကလေး "ဇာတ်ကားအတွက် ဆယ်ပေါင်လောက်ဝိတ်လျှော့ခဲ့တဲ့ ဖွေးဖွေး မှ

ယောကျ်ားကျတော့ ကာကွယ်ပေးချင်တဲ့မျက်လုံးပေါ့။ ဒီကားမှာကျတော့ကိုယ်က ကာကွယ်ပေးချင်တဲ့မျက်လုံးလုပ်ရ တယ်။ အဓိကက အဲဒီမျက်လုံး နဲ့ပဲ သရုပ်ဆောင်ပါတယ်"ဟု ဖွေးဖွေးက ပြောသည်။

ကိုယ်အလေးချိန်လျှော့ချလိုက်ခြင်း၊ ဆံပင်ညှပ်ပစ်လိုက် ခြင်းတို့ကြောင့် ထပ်မံရိုက်ကူးမည့် ဇာတ်ကားများတွင် ဖက်ရှင်နှင့်အလှအပပိုင်း ထိခိုက်မည်ကို စိတ်ပူခြင်းရှိမရှိမေးမြန်းရာ"ဆံပင် အတုတွေလည်းရှိတယ်။ ဆက်လို့လည်းရတယ်။ မိန်းမဆန်ဆန်ကာရိုက်တာအတွက် ဆံပင် အတုတွေစွပ်၊ ဂါဝန်တွေဝတ်ပေါ့"ဟု ဖွေးဖွေးကပြောသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Help | N/A | ၇၁,၃၄၀,၈၂၉ | ၂ |
| ၂။ | Rise of the Planet of the Apes | 20th Century Fox | ၁၃၃,၅၈၃,၈၆၂ | ၃ |
| ၃။ | Spy Kids: All the Time in the World | The Weinstein Company | ၁၁,၆၄၄,၆၇၂ | ၁ |
| ၄။ | Conan the Barbarian | Lionsgate | ၁၀,၀၂၁,၂၁၅ | ၁ |
| ၅။ | Fright Night | Walt Disney | ၈,၁၁၄,၃၈၈ | ၁ |
| ၆။ | The Smurfs | N/A | ၁၁၇,၅၄၆,၈၈၂ | ၄ |
| ၇။ | Final Destination 5 | Warner Bros. Pic. | ၃၂,၃၂၆,၆၈၆ | ၂ |
| ၈။ | 30 Minutes or Less | Sony Pictures | ၂၅,၈၆၄,၄၃၀ | ၂ |
| ၉။ | One Day | Focus Features | ၅,၀၇၉,၅၆၆ | ၁ |
| ၁၀။ | Crazy, Stupid, Love | Warner Bros. Pic. | ၆၄,၂၆၆,၉၆၉ | ၄ |

## Movie Review

### Contagion




ရက်ပိုင်းအတွင်းမှာပင် လူ့အသက်ကို ဆုံးရှုံးစေနိုင်သောလေထုမှတစ်ဆင့် ကူးစက်သည့်ရောဂါတစ်မျိုး ကမ္ဘာပေါ်တွင် အလျင်အမြန်ပျံ့နှံ့နေသည်။ ရောဂါကူးစက်မှုဆိုးရွားလာစဉ်မှာပင် ဆေးပညာအသိုင်းအဝိုင်းမှ ပညာရှင်များသည် ရောဂါကုသရန် ဆေးဝါးထုတ်လုပ်ရန်နှင့် ရောဂါကူးစက်မှုကိုရပ်တန့်ရန် အသည်းအသန်ကြိုးစားကြသည်။ တစ်ချိန်တည်းမှာပင် သာမန်လူများမှာလည်း အသက်ရှင်သန်ကျန်ရှိနိုင်ရန် အလုအယက် ကြိုးစားကြရင်း လူ့အဖွဲ့အစည်းပြိုကွဲမတတ်ဖြစ်လာရာ. . .။

ဒါရိုက်တာ Steven Soderbergh ရိုက်ကူးထားသည့် စွန့်စားမှု အက်ရှင်၊ သည်းထိတ်ရင်ဖိုဇာတ်ကားတွင် Marion Cottillard၊ Matt Damon၊ Jude Law၊ Kate Winslet၊ Gwyneth Paltrow တို့ ပါဝင် သရုပ်ဆောင်ထားသည်။ Warner Bros. Pictures က စက်တင်ဘာလ ၉ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
ရက် သတင်းဂျာနယ်
NEWS JOURNAL
Vol.10, No.24 • S ER 1, 2011

# အနီကတ်ပြသဖြင့် ကွင်းတံခါးကိုကန်သည့် ဘောလုံးသမားအား ပြစ်ဒဏ်ပေး

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ်- ၂၇

အနီကတ်ပြစ်ဒဏ်အား မကျေနပ်၍ ကစားကွင်းတံခါးကို ကန်ကျောက်ခဲ့သည့်ဘောလုံးသမားအား စည်းကမ်းထိန်းသိမ်းရေးကော်မတီမှပွဲပယ် ၂ပွဲနှင့်ဒဏ်ကြေးငွေကျပ်တစ်သိန်းပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၇ ရက်က ပဒုမ္မာအားကစားကွင်းတွင် မြန်မာနေရှင်နယ်လိဂ်အရန်အသင်းပြိုင်ပွဲပွဲစဉ် ၆၃ အဖြစ် ရတနာပုံအသင်းနှင့် ဧရာဝတီရွှေမြေအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ ၎င်းပွဲစဉ်၏ ကစားချိန် ၆၈ မိနစ်တွင် ရတနာပုံအသင်းမှ ကစားသမား သက်ပိုင်စိုးသည် တစ်ဖက်ကစားသမားကိုလက်သီးနှင့် ထိုးသဖြင့် ဒိုင်လူကြီးက အနီကတ်ပြထုတ်ပယ်ခဲ့သည်။

အဆိုပါကစားသမားသည် အနီကတ်ပြစ်ဒဏ်အားမကျေနပ်၍ ကွင်းအတွင်းမှအထွက်တွင် ကစားကွင်းတံခါးကို ကန်ကျောက်ခဲ့သည့်အတွက် အရေးယူပေးပါရန် ပြိုင်ပွဲကျင်းပရေးမှ တင်ပြလာသဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အစည်းအဝေးပြုလုပ်၍ ပြိုင်ပွဲကြီးကြပ်၊ ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးတို့၏ အစီရင်ခံစာများအား ဖတ်ကြားတင်ပြခြင်း၊ တာဝန်ရှိသူများကို ခေါ်ယူမေးမြန်းခြင်း၊ မှတ်တမ်းတင်ဗီဒီယိုကို ကြည့်ရှု၍ ကစားသမား သက်ပိုင်စိုးအား အထက်ပါအတိုင်းပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။

ထို့ပြင် ၎င်းအား ကစားကွင်းမှ အထွက်တွင် တံခါးပေါက်အားဆောင့်ကန်သဖြင့် အားကစားသမားကောင်းတစ်ဦး မပီသသော အပြုအမူပြုမူခဲ့သဖြင့် နောက်နောင်မပြုလုပ်ရန် ပြင်းထန်စွာ သတိပေးလိုက်ကြောင်း စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အားကစားကြယ်ပွင့်




# ၂၀၁၁ ဒေဂူကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲရဲ့ အဖွင့်ရွှေဆုရှင် ကင်ညာမာရသွန်မယ် အက်ဒနာကစ်ပလာဂတ်

ကိုထိုက်

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့မှာကျင်းပလျက်ရှိနေတဲ့ ၂၀၁၁ ကမ္ဘာ့ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲမှာ သက်ဆိုင်ရာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်တွေကတော့ အသီးသီးကျင်းပလျက်ရှိနေပါပြီ။ ဒါကြောင့် ဒေဂူ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲကြီးရဲ့ အကြိတ်အနယ်အရှိဆုံးပွဲစဉ်တစ်ခုဖြစ်တဲ့ အမျိုးသမီးမာရသွန်ပြိုင်ပွဲမှာ ဗိုလ်စွဲပြီး ပြိုင်ပွဲရဲ့ ပထမဆုံးသော ဦးဦးဖျားဖျား ရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့တဲ့ ကင်ညာမာရသွန်မယ် အက်ဒနာကစ်ပလာဂတ်ရဲ့အကြောင်းကို ဖော်ပြပေးလိုက်ရပါတယ်။

**အက်ဒနာကစ်ပလာဂတ်ရဲ့ အားကစားသမားဘဝ**

ကစ်ပလာဂတ်ဟာ ငယ်စဉ်ကတည်းက အပြေးအားကစားမှာ ပါရမီပါလာခဲ့သူတစ်ဦးဖြစ်ပြီး ပထမဆုံးဝင်ပြိုင်တဲ့ ၁၉၉၆ကမ္ဘာ့အငယ်တန်းချန်ပီယံရှစ်ပြေးခုန်ပစ်ပွဲ မီတာ ၃,၀၀၀ ပွဲစဉ်မှာ ငွေတံဆိပ်ဆုဆွတ်ခူးကာ ကစားသမားဘဝတာထွက်လှခဲ့ပါတယ်။ မီတာ ၃,၀၀၀ ပွဲစဉ်မှာ သူမရဲ့အကောင်း ဆုံးစံချိန်ကလည်း ၈ နာရီ ၅၃ ဒသမ ၀၆ မိနစ်ဖြစ်ခဲ့ပြီး ဒီစံချိန်ဟာလည်း ယနေ့အထိ သူမရဲ့ တစ်ဦးချင်းအကောင်းဆုံးစံချိန်ဖြစ်နေဆဲပါပဲ။ ကစ်ပလာဂတ်ဟာ ဒီနောက်မှာတော့ တာဝေးပြေးပွဲတွေမှာ ပိုမိုအာရုံစိုက်လေ့ကျင့်ခဲ့ပြီး ၂၀၀၆ မှာ ကျင်းပတဲ့ နိုင်ငံဖြတ်ကျော်ပြေးပွဲတစ်ခုဖြစ်တဲ့ World Cross Country ချန်ပီယံရှစ်ပြိုင်ပွဲမှာ အဆင့်-၁၃ ရခဲ့ပါတယ်။ ဒါ့အပြင် သူမဟာ အဲဒီနှစ်မှာပဲကျင်းပတဲ့ နိုင်ရိုဘီအပြေးပြိုင်ပွဲမှာ မီတာ ၅,၀၀၀ အတွက် တစ်ဦးချင်းစံချိန် ၁၅ နာရီ ၅၇ ဒသမ ၃ မိနစ်ရခဲ့သလို၊ ဆန်ဟိုဆေးပြိုင်ပွဲမှာလည်း ၂၆ မိုင် အပြည့်မပြေးရတဲ့ Half Marathon ပြိုင်ပွဲမှာ

# မြန်မာဘောလုံးအသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် သုံးဆင့်ကျသွား

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ် - ၂၆

ဩဂုတ်လအတွက် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့ရာ မြန်မာဘောလုံးအသင်းမှာ ယခင်လထက် အဆင့်သုံးဆင့်ကျဆင်းသွားကြောင်းသိရသည်။

ဩဂုတ် ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် အဆိုပါအဆင့်သတ်မှတ်ချက်တွင် ခြေစမ်းပွဲ၌ အီတလီကိုရှုံးနိမ့်ခဲ့သည့် စပိန်အသင်းမှာ ကမ္ဘာ့အဆင့်-၁ နေရာမှဖယ်ပေးလိုက်ရသည်။ ဟော်လန်အသင်းမှာ အဆင့်-၁ နေရာသို့ ရောက်ရှိလာခဲ့ပြီး ယင်းနောက်တွင် စပိန်၊ ဂျာမနီ၊ အင်္ဂလန်၊ ဥရုဂွေး၊ ဘရာဇီးနှင့် အီတလီတို့က အစဉ်လိုက် ရပ်တည်နေသည်။




ဓာတ်ပုံ - အောင်အောင်

မြန်မာအသင်းမှာ ရမှတ် ၉၉ မှတ်ဖြင့် ယခင်လအဆင့် ၁၆၅ မှ ၁၆၈ သို့ကျဆင်းသွားခဲ့ပြီး၊ အရှေ့တောင်အာရှနိုင်ငံများတွင် ထိုင်းအသင်းက အဆင့် ၁၂၀၊ စင်ကာပူ ၁၂၉၊ ဗီယက်နမ် ၁၂၉၊ အင်ဒိုနီးရှား ၁၃၁၊ မလေးရှား ၁၄၆၊ ဖိလစ်ပိုင် ၁၆၂၊ ကမ္ဘောဒီးယား ၁၇၆၊ လာအို ၁၈၀ နှင့် ဘရူနိုင်းအသင်းက အဆင့် ၁၉၉ တို့ဖြင့် ရပ်တည်လျက်ရှိသည်။

အာရှဖလားချန်ပီယံ ဂျပန်အသင်းမှာကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၅ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှ ဦးဆောင်ထားသည်။

# လက်ရွေးစင်ဘော်လီဘောအသင်းများ ထိုင်းနိုင်ငံတွင် လက်ရည်စမ်းပွဲ ကစားမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ် - ၂၄

(၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသော မြန်မာ့လက်ရွေးစင်အမျိုးသား၊ အမျိုးသမီးဘော်လီဘောအသင်းများသည် ထိုင်းနိုင်ငံသို့ လက်ရည်စမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာဘော်လီဘောအသင်းများသည် စက်တင်ဘာ ၅ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ထိုင်းလက်ရွေးစင် (အမျိုးသား၊ အမျိုးသမီး) အသင်းများ၊ ထိုင်းဘော်လီဘောကလပ်အသင်းများနှင့် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှသတင်းရရှိသည်။

"ထိုင်းနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က လာရောက်လက်ရည်စမ်းဖို့ ဖိတ်ကြားတဲ့အတွက် သွားရောက်ကစားခြင်းဖြစ်ပါတယ်။ မြန်မာအသင်းမှာ လူဟောင်း၊ လူသစ် တစ်ဝက်စီလောက် ပါဝင်ဖွဲ့စည်းထားပါတယ်။ ထိုင်းကအပြန် မှာ လိုအပ်ချက်တွေဖြည့်ဆည်းပြီး လာမယ့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သွားမှာပါ"ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။

မြန်မာအမျိုးသားဘော်လီဘောအသင်းသည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်၊ လာအိုဆီးဂိမ်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီး၊ ယင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ထိုင်းအသင်းဖြစ်သည်။ မြန်မာအမျိုးသမီးဘော်လီဘောအသင်းမှာမူ ၂၀၀၁ မှ ၂၀၀၉ ဆီးဂိမ်းပြိုင်ပွဲ အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ယခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲမှ ပြန်လည်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာဘော်လီဘောအသင်း များအား တရုတ်နည်းပြဆရာများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

## စာ(၅၀)-အားကစားကြယ်ပွင့် မှ

တစ်ဦးချင်းစံချိန်ကို ၁ နာရီ ၉ ဒသမ ၃၂ မိနစ်ရခဲ့ပြီး စံချိန်တွေ တိုးတက်လာခဲ့ပါတယ်။ ဒီလိုနဲ့တာဝေးပြိုင်ပွဲကြီးတွေမှာ ဝင်နွှဲပြီး ခြေရည်သွေးခဲ့တဲ့သူမဟာ ၂၀၀၆ Rock 'n' Roll Half Marathon၊ ၂၀၀၇ Lilac Bloomsday Run နဲ့ ၂၀၀၇ Bay to Breakers (ဆန်ဖရန်စစ္စကို)ပွဲတွေမှာတော့ ချန်ပီယံဖြစ်လာခဲ့ပါတယ်။

အဲဒီလို ၂ နှစ်အတွင်း ပြိုင်ပွဲကြီးသုံးခုကို ဗိုလ်စွဲနိုင်ခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်အတွင်းပြိုင်ပွဲတွေဆက်ဝင်ဖြစ်ခဲ့ပါတယ်။ သူမဟာ ၂၀၁၀ Freihofer's Run ပြိုင်ပွဲမှာ ဒုတိယရခဲ့ပြီး ဆုကြေးဒေါ်လာ ၅,၀၀၀ ရခဲ့ပါတယ်။ ၂၀၁၀ ဩဂုတ်မှာလုပ်တဲ့ Beach to Beacon ပြိုင်ပွဲမှာလည်း တတိယနေရာ၊ ပြီးတော့ နောက်ထပ် နှစ်ပတ်အကြာမှာကျင်းပတဲ့ Falmouth Road Race ပြိုင်ပွဲမှာ တတိယချိတ်ခဲ့ပါတယ်။

အဲဒီနောက် ကစ်ပလာဂတ်ဟာ ၂၀၁၀ လော့စ်အိန်ဂျလိစ်မာရသွန်မှာ ဗိုလ်စွဲခဲ့ပြီး ၂၀၁၀ နယူးယောက်မာရသွန်မှာပါ ဗိုလ်စွဲကာ တစ်နှစ်အတွင်း ကမ္ဘာ့အဓိက မာရသွန်ပြိုင်ပွဲကြီး နှစ်ရပ်လုံးကို ဆွတ်ခူးနိုင်ခဲ့တဲ့ ကမ္ဘာ့အဆင့်ထိပ်တန်းအပြေးမယ်ဖြစ်လာခဲ့ပါတယ်။ သူမဟာ ၂၀၁၁ လန်ဒန်မာရသွန်ပြိုင်ပွဲမှာ ဝင်နွှဲခဲ့ပေမယ့်လည်း တတိယနေရာသာရခဲ့ပြီး ချန်ပီယံဆုနဲ့ဝေးခဲ့ပါတယ်။ ဒါပေမဲ့သူ့ဘက်ကတော့ တစ်ဦးချင်းအကောင်းဆုံးစံချိန်အဖြစ် ဒီပွဲမှာ ၂ နာရီ ၂၀ မိနစ် ၄၆ စက္ကန့်ရခဲ့တာမို့ကိုယ်ကိုယ်တိုင်ရဲ့ ယခင်စံချိန်ဟောင်းကိုငါးမိနစ်အသာနဲ့ ချိုးဖျက်နိုင်ခဲ့လို့ ကျေနပ်မိကြောင်း ပြောခဲ့ပါတယ်။

ဒီလိုနဲ့ ကစ်ပမာလဂတ်ဟာ ဒီနှစ်ဩဂုတ် ၂၆ ရက်မှာ စတင်ကျင်းပခဲ့တဲ့ ဒေဂူ ကမ္ဘာ့ချန်ပီယံရှစ်ပြေးခုန်ပစ်ရဲ့ အဖွင့်ပွဲ အမျိုးသမီးမာရသွန်ပွဲစဉ်မှာတော့ ပြိုင်ပွဲရဲ့ ပထမဆုံး ရွှေတံဆိပ်လည်း အမျိုးသမီးမာရသွန်ရွှေဆုကိုစံချိန် ၂နာရီ ၂၈ မိနစ် ၄၃ စက္ကန့်နဲ့ရရှိခဲ့ပါတော့တယ်။ ကစ်ပလာဂတ်ဟာ ဒီပွဲ တာထွက်မှာ နောက်ကျခဲ့ပေမယ့် ပြေးလမ်းကြောင်းရဲ့ ၃၂ ကီလိုမီတာအကွာအဝေးကစလို့ တစ်နိုင်ငံတည်းသား အသင်းဖော် ရှာရွန်ချာရော့ပ်၊ ပရစ္စကာဂျက်ပ်တူး၊ အီသီယိုးပီးယားနိုင်ငံမှ ဘီဇွန်နတ်ရှ်ဘီလီကီလီတို့နဲ့အတူ ပွဲကိုဦးဆောင်ခဲ့ပြီး နောက်ဆုံးမှာတော့ ဗိုလ်စွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ချန်ပီယံရှစ် မာရသွန်ရွှေဆုဟာ သူမအတွက် ပထမဆုံးဖြစ်ခဲ့သလို ကင်ညာနိုင်ငံအတွက်လည်း ပြိုင်ပွဲသမိုင်းမှာ ပထမဆုံး မာရသွန် ရွှေဆုဖြစ်ခဲ့ပါတယ်။ ပြိုင်ပွဲ အောင်မြင်မှုအတွက် သူမရဲ့ ပြောစကားကတော့ "ပြေးလမ်းကြောင်းမှာ နှစ်ကြိမ်လောက်နောက်ပြန်ကြည့်မိတော့ ပြိုင်ဘက်တွေက ကိုယ့်လောက်မြန်မြန်မပြေးနိုင်တာ တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မလည်း ဒီပွဲကိုနိုင်တော့မယ်လို့ ပြေးရင်းနဲ့ခံစားမိခဲ့ပါတယ်"ဟုဆိုတာပဲဖြစ်ပါတယ်။ ကစ်ပလာဂတ်ဟာ ဒီပွဲအောင်မြင်မှုကြောင့် လာမယ့်နှစ်မှာကျင်းပမယ့် လန်ဒန်အိုလံပစ်မှာလည်း ကင်ညာနိုင်ငံအတွက် ရွှေဆုရယူပေးနိုင်ဦးမလား စောင့်ကြည့်ရတော့မှာပါ။

ကစ်ပလာဂတ်ဟာ ကင်ညာနိုင်ငံမှ ကင်ဘီယာအပြေးအဖွဲ့မှာ နည်းပြ ဒီယက်တာဟိုဂင်ရဲ့ ကြီးကြပ်မှုနဲ့ လေ့ကျင့်နေသူဖြစ်ပါတယ်။ သူမဟာ အပြေးသမားတစ်ဦးဖြစ်တဲ့ ဂီးလ်ဘတ်ကို့ချ်နဲ့ လက်ထပ်ထားပါတယ်။



## ဦးထွက်ဖလား အကြိုဗိုလ်လုပွဲသို့ ဇေယျာရွှေမြေနှင့် မကွေးအသင်းတို့တက်



ဓာတ်ပုံ - အောင်အောင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ် - ၂၅**

MFF Max Cement ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ဇေယျာရွှေမြေအသင်းနှင့် မကွေးအသင်းတို့မှာ ပြိုင်ဘက်အသင်းများကိုအနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။

ဩဂုတ် ၂၄ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ဇေယျာရွှေမြေအသင်းက မနောမြေအသင်းအား ၃-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲ စဉ်တွင်မူ မကွေးအသင်းက ရက္ခပူရအသင်းကို ၃-၂ ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ ဇေယျာရွှေမြေအသင်းနှင့်နေပြည်တော်အသင်း၊ ရန်ကုန်ယူနိုက်တက်နှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## အာရှအဆင့် လူငယ် အလေးမတံခွန်စိုက်ပြိုင်ပွဲသို့ မြန်မာ ပထမဆုံးအကြိမ် ဝင်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ် - ၂၄**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာရှလူငယ်နှင့် အငယ်တန်း အလေးမတံခွန်စိုက်ပြိုင်ပွဲသို့ မြန်မာလူငယ် အားကစားသမားများ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသတင်း ရရှိသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားမြို့တွင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ကစားသမားများကို လူငယ်ပြိုင်ပွဲအတွက် အသက် ၁၇ နှစ်အောက်နှင့် အငယ်တန်းပြိုင်ပွဲအတွက် အသက် ၂၀ နှစ်အောက် သတ်မှတ်ထားကြောင်းသိရသည်။

ပြိုင်ပွဲနှစ်ရပ်လုံးတွင် ပြိုင်ပွဲအမျိုးအစား(အမျိုးသား) ဝိတ်တန်းရှစ်တန်းနှင့် (အမျိုးသမီး) ဝိတ်တန်းခုနစ်တန်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာလူငယ်များအနေဖြင့် လူငယ်ပြိုင်ပွဲတွင် ကျားသုံးဦးနှင့် အငယ်တန်းပြိုင်ပွဲတွင် မနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြစ်သည်။

အာရှအဆင့်"အာရှအလေးမအဖွဲ့ချုပ်က ကြီးမှူးပြီး နှစ်စဉ်ကျင်းပတဲ့ အာရှအဆင့် ဒီပြိုင်ပွဲကို မြန်မာလူငယ်တွေအနေနဲ့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ အာရှအင်အားကြီးနိုင်ငံတွေ ပါဝင်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် အတွေ့အကြုံကောင်းတွေအများကြီးရရှိစေမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။


အာရှနိုင်ငံပေါင်း ၃၀ ကျော်ပါဝင်ယှဉ်ပြိုင်ကြမည့် အဆိုပါပြိုင်ပွဲနှစ်ရပ်တွင် မြန်မာလူငယ်များသည် လူငယ်ပြိုင်ပွဲတွင် ၅၀၊ ၅၆၊ ၆၂ ကီလိုတန်းများနှင့် အငယ်တန်းပြိုင်ပွဲတွင် ၆၃၊ ၆၉ ကီလိုတန်းများ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ထိုင်းနိုင်ငံတွင်ကျင်းပမည့် နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲများ မြန်မာ ဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ် - ၂၄**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲနှစ်ရပ်သို့မြန်မာလက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ရိုက်တာ

မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ပြိုင်ပွဲများ မှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ တွင် ကျင်းပမည်ဖြစ်ပြီး၊ စက်တင် ဘာ ၈ ရက်မှ ၁၂ ရက်အထိ Super Series ပြိုင်ပွဲနှင့် စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်း ပြိုင်ပွဲတို့ဖြစ်သည်။

Super Series ပြိုင်ပွဲသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက မလေးရှားနိုင်ငံတွင်ပြုလုပ်ခဲ့သည့် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ (အမျိုးသား)တွင် အဆင့်-၁ မှ ၁၂ အထိရရှိခဲ့သည့် အသင်းများနှင့် (အမျိုးသမီး)တွင် အဆင့်-၁ မှ ၈ အထိရရှိခဲ့သည့် အသင်းများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခြင်းဖြစ်သည်။

မြန်မာအမျိုးသားပိုက်ကျော်ခြင်းအသင်းသည် ပြီးခဲ့သည့်ပြိုင်ပွဲတွင် အဆင့်-၃ နှင့် အမျိုးသမီးအသင်းသည် အဆင့်-၆ ရရှိခဲ့သောကြောင့် Super Series ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် သုံးယောက်တွဲ အမျိုးအစားတစ်မျိုးကိုသာ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားအစုံထည့်သွင်းကျင်းပမည့် ထိုင်းဘုရင့်ဖလားပြိုင်ပွဲတွင်မူ မြန်မာအမျိုးသားအသင်းသည် သုံးယောက်တွဲ၊ နှစ်ယောက်တွဲ၊ အသင်းလိုက်ပြိုင်ပွဲများနှင့် အမျိုးသမီးပြိုင်ပွဲတွင် သုံးယောက်တွဲ၊ နှစ်ယောက်တွဲ၊ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲများ၌ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## လက်ရွေးစင်အမျိုးသမီးဘတ်စကက်ဘောအသင်း ယူနန်အမျိုးသမီးအသင်းနှင့် ပူးတွဲလေ့ကျင့်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ် - ၂၂**

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘတ်စကက်ဘောအသင်းသည် တရုတ်နိုင်ငံသို့သွားရောက်၍ ယူနန်ပြည်နယ် အမျိုးသမီးဘတ်စကက်ဘောအသင်းနှင့် တစ်လကြာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။


၁၉၉၅ ခုနှစ်နောက်ပိုင်း ဆီးဂိမ်းပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိသော မြန်မာဘတ်စကက်ဘောအသင်းများအနေဖြင့် ယခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲ အကြိုတရုတ်နိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများသွားရောက်ပြုလုပ်ခြင်းဖြစ်ကြောင်းမြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အားကစားသမား ၁၅ ဦး ပါဝင်သော မြန်မာအမျိုးသမီးဘတ်စကက်ဘောအသင်းသည် စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ တရုတ်နိုင်ငံ ကူမင်းမြို့တွင် ယူနန်ပြည်နယ်အသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။

"မြန်မာအမျိုးသမီး ဘတ်စကက်ဘောအသင်းနဲ့ ယူနန်ပြည်နယ်အသင်း ပူးတွဲလေ့ကျင့်မှုအပြင် လက်ရည်စမ်းပွဲတွေယှဉ်ပြိုင်ကစားမှာဖြစ်ပြီး၊ ကူမင်းမြို့မှာရှိတဲ့ အခြားကလပ်အသင်းတွေနဲ့လည်း လက်ရည်စမ်းသွားမှာပါ"ဟုအဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။

7DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

## အသင်းအောင်မြင်မှုများနှင့်အတူ ဥရောပအကောင်းဆုံးကစားသမားဆုကို မက်ဆီဆွတ်ခူး



**မိုနာကို၊ ဩဂုတ် - ၂၇**


ဘာစီလိုနာနှင့် အာဂျင်တီးနားအသင်း၏ ကွင်းလယ်လူ လီယွန်နယ်မက်ဆီသည် ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)က ချီးမြှင့်သော ဥရောပအကောင်းဆုံးကစားသမားဆုကို ရရှိသွားခဲ့သည်။

ယခုချီးမြှင့်သည့် UEFA ၏ ဥရောပအကောင်းဆုံးကစားသမားဆုမှာ ယခင် ချီးမြှင့်နေကျ တစ်နှစ်တာ ဥရောပအကောင်းဆုံးဘောလုံးသမားဆုကို အစားထိုးချီးမြှင့်ခြင်းဖြစ်သည်။ မက်ဆီသည်ယခုဆုအတွက် UEFA အဖွဲ့ဝင်တစ်နိုင်ငံချင်းစီမှ အားကစားဂျာနယ်လစ် ၅၃ ဦး၏ မဲပေးရွေးချယ်မှုဖြင့် အသင်းဖော် ဇာဗီ၊ ရီးရဲတိုက်စစ်မှူး ခရစ္စတီယာနိုရော်နယ်ဒိုတို့ကို ကျော်လွန်ကာ ရရှိခဲ့သည်။

ပြင်သစ်နိုင်ငံမိုနာကိုမြို့တွင် ပြုလုပ်သည့် ဆုချီးမြှင့်ပွဲအခမ်းအနား၌ မက်ဆီက ဆုရသည့်အတွက် "ကျွန်တော့်အတွက် မဲပေးခဲ့ကြတဲ့ သူတွေအားလုံး၊ အသင်းဖော်အားလုံးကိုကျေးဇူးတင်ပါတယ်။ ဒီဆုတွေအားလုံးကို အိမ်မှာ သိမ်းထားမှာပါ။ ဒါပေမဲ့ ဆုတံဆိပ်တွေ ထပ်မံထားရှိဖို့ နေရာလွတ်နည်းနည်းရှိနေဆဲပါ။ ဒီဆုဟာ အချိန်ကောင်းမှာ အကောင်းဆုံးတွေနဲ့အတူ အောင်မြင်ခဲ့တာကိုဂုဏ်ပြုတာပါပဲ"ဟု ပြောသည်။

မက်ဆီ(၂၄ နှစ်)သည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ၁၂ ဂိုးအပါအဝင် စုစုပေါင်း ၅၃ ဂိုးသွင်းယူနိုင်ခဲ့သည်။ UEFA ၏ ယခုနှစ် အကောင်းဆုံး ၁၀ ဦးတွင် မက်ဆီအပါအဝင် ဘာစီလိုနာကစားသမား လေးဦးပါဝင်ခဲ့ပြီး ကွင်းလယ်လူ အင်နီယေစတာမှာ နံပါတ်လေး၊ နောက်ခံလူ ဂျရတ်ပီကေးမှာ နံပတ်ရှစ်နေရာများရခဲ့သည်။

—*Ref: AP*



## ဟန်ဂေရီလက်ဝှေ့သမား ကာရိုးလ်ဘယ်ဆေး WBA စူပါမစ်ဒယ်ဝိတ်သရဖူဆွတ်ခူး

**လန်ဒန်၊ ဩဂုတ် - ၂၇**

ဟန်ဂေရီလက်ဝှေ့သမား ကာရိုးလ်ဘယ်ဆေးသည် ယူကရိန်းမှ စတက်စ်ကတ်ရှ်တိုနေ့ဇ်အား အနိုင်ရရှိကာ လစ်လပ်လျက်ရှိသော WBA ၏ စူပါမစ်ဒယ်ဝိတ်တန်းသရဖူကို ရရှိသွားကြောင်း သိရသည်။

ဘယ်ဆေးသည် WBA ၏ ယခုသရဖူကို ယခင် ဂျာမနီမှ ချန်ပီယံဟောင်း ဒီမီထရီဆာတီဆင်က လက်လွှတ်ခဲ့ပြီးနောက် ယူကရိန်းမှ ကတ်ရှ်တိုနေ့ဇ်နှင့်ယှဉ်ပြိုင်ကာ သရဖူလုခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်ကလည်း WBO ၏ စူပါမစ်ဒယ်ဝိတ်တန်းသရဖူကိုရရှိခဲ့ကာ ယခုပွဲတွင်လည်း ဒိုင်ဆုံးဖြတ်ချက် အမှတ်အသာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘယ်ဆေး(၃၂ နှစ်)သည် ကတ်ရှ်တိုနေ့ဇ်(၂၇ နှစ်)နှင့် ၁၂ ချီ ထိုးသတ်ခဲ့ရာတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး၊ ဒိုင်သုံးဦးစလုံး၏ အမှတ်ပေးမှုတွင်လည်း အမှတ်အနည်းငယ်အသာဖြင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အရှုံးမှာ ကတ်ရှ်တိုနေ့ဇ်၏ လက်ဝှေ့သက်တမ်း ၂၉ ပွဲတွင် ပထမဆုံးရှုံးပွဲလည်းဖြစ်ခဲ့သည်။

—*Ref: Eurosport*



# စတိဗ်ဂျော့ဘ် Apple အမှုဆောင် အရာရှိချုပ်အဖြစ်မှ နုတ်ထွက်

**နယူးယောက်၊ ဩဂုတ် - ၂၅**

Apple နည်းပညာကုမ္ပဏီ၏ အကြီးအကဲ စတိဗ်ဂျော့ဘ်သည် အမှုဆောင်အရာရှိချုပ် ရာထူးမှ နုတ်ထွက်သွားပြီး ၎င်း၏နေရာတွင် အခြားအမှုဆောင်အရာရှိဟောင်း တစ်ဦးဖြစ်သူ တင်မ်ကွတ်နှင့် အစားထိုးသွားမည်ဖြစ်ကြောင်း Apple ကုမ္ပဏီက ပြောကြားသည်။ စတိဗ်သည် ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူထားမည် ဖြစ်သည်။

၎င်းအပြောင်းအလဲ အကြောင်းကြေညာရာတွင် Apple ကုမ္ပဏီက စတိဗ်ဂျော့ဘ်၏ ကျန်းမာရေးအခြေအနေကို မပြောကြားခဲ့ပေ။ ခေါင်းဆောင်အပြောင်းအလဲကြေညာချိန်တွင် Apple ကုမ္ပဏီက ရှယ်ယာများ ရောင်းဝယ်ခြင်းကို ခေတ္တရပ်ဆိုင်းထားခဲ့သည်။ သို့သော် အရောင်းအဝယ် ပြန်လည်စတင်ချိန်တွင် ရှယ်ယာဈေးနှုန်းများ ငါးရာခိုင်နှုန်းကျဆင်းသွားသည်။



စတိဗ်ဂျော့ဘ်နုတ်ထွက်ကြောင်းကြေညာရင်း ၎င်းအား ဂုဏ်ပြုချီးကျူးစကားပြောကြားရာတွင် Apple ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ အက်လယ်ဗင်ဆန်က "စတိဗ်ရဲ့ တစ်မူထူးခြားတဲ့အမြော်အမြင်နဲ့ ခေါင်းဆောင်မှုက Apple ကိုကယ်တင်ခဲ့ပြီး ကမ္ဘာပေါ်မှာ တီထွင်ဖန်တီးနိုင်စွမ်းအရှိဆုံးနဲ့ တန်ဖိုးအရှိဆုံး နည်းပညာကုမ္ပဏီနေရာကိုရောက်ရှိလာစေခဲ့တာ ဖြစ်ပါတယ်" ဟုပြောကြားသည်။

စတီဗ်ဂျော့ဘ်သည် လွန်ခဲ့သော ၂နှစ်ကျော်ခန့်က အသည်းအစားထိုး ကုသမှုခံယူခဲ့ပြီး သုံးကြိမ်တိုင်တိုင် ဆေးခွင့်များ ယူခဲ့သော်လည်း Apple ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်များကိုဆက်လက်ချမှတ်နေခဲ့ကာ ယခု ၎င်း၏နေရာ ဆက်ခံသူ မစ္စတာတင်မ်ကွတ်က နေ့စဉ်လုပ်ငန်းဆောင်တာများကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

—*Ref: CNN*

# မြေသိမ်းယူမှုစနစ် ပြုပြင်သွားမည်ဖြစ်ကြောင်း တရုတ် (တိုင်ပေ) သမ္မတ ကတိပေး

**တရုတ် (တိုင်ပေ)၊ ဩဂုတ် - ၂၅**

အစိုးရ၏ မြေသိမ်းယူမှုစနစ် ပိုမို၍မျှမျှတတ ရှိစေရန်နှင့် အကျိုးအမြတ်မျှော်ကိုး၍ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ခြင်းကို ထိန်းချုပ်နိုင်ရန်မြေရာစနစ်အား ပြုပြင်သွားမည်ဖြစ်ကြောင်းတရုတ်(တိုင်ပေ) သမ္မတမာရင်ဂျိုးက ကတိပြုပြောကြားသည်။

အစိုးရက ၎င်းတို့၏ မြေများကို သိမ်းယူပါက လက်ရှိပေးချေသည့် နှုန်းထားထက် မြေပိုင်ဆိုင်သူများအား ပိုမိုပေးချေရေး ဥပဒေများကို ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်းမာရင်ဂျိုးကပြောသည်။

လောလောဆယ်တွင် ဈေးနှုန်းများကို အစိုးရက သတ်မှတ်ပြီး ယင်းမှာ ထုံးစံအားဖြင့် ပေါက်ဈေးထက် နည်းသောဈေးဖြစ်သည်။ နောင်တွင် အစိုးရကသိမ်းယူပါက ပေါက်ဈေးများပေါ်၌ အခြေခံသွားမည်ဖြစ်ကြောင်း တရုတ် (တိုင်ပေ)သမ္မတက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

၎င်းတင်ပြသော မြေရာပြုပြင်ရေးတွင် ဆောက်လုပ်ရေးကုမ္ပဏီများက မြေကွက်များ စုဆောင်းချုပ်ကိုင်ထားခြင်းကိုလည်း ကာကွယ်ရေးဒေသခံအစိုးရများအား တိုက်တွန်းပြောကြားခဲ့သည်။ အိမ်ရာမဆောက်လုပ်ဖြစ်သောမြေကွက်များအားအခွန်ကောက်ခြင်းကို အစိုးရက ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်းနှင့်ဒေသခံအစိုးရများအနေဖြင့်လည်း အခွန်ကောက်ခံနိုင်သော မြေလွတ်များကို ဖော်ထုတ်သွားရန်နှင့် အမြတ်ရရန် မျှော်ကိုး၍ မြေရာ ရောင်းဝယ်ခြင်းကိုလည်း တားဆီးရန်တိုက်တွန်းပြောကြားခဲ့သည်။

—*Ref: China Post*

# အမေရိကန်တွင် နှစ်စဉ် ပြတင်းပေါက်မှ ကလေး ၅ ၂၀၀ ခန့်ပြုတ်ကျ ဒဏ်ရာရ

**လန်ဒန်၊ ဩဂုတ် - ၂၃**

အမေရိကန်နိုင်ငံတွင် ပြီးခဲ့သော ၁၉ နှစ်တာကာလအတွင်းပြတင်းပေါက်မှ ပြုတ်ကျကာ ဒဏ်ရာရသောဆယ်ကျော်သက်နှင့်ကလေးအရေအတွက်သည် တစ်နှစ်လျှင် ၅,၂၀၀ ဦးခန့် ရှိလာနေပြီ ဖြစ်ကြောင်း သုတေသီများကဆိုသည်။ အမေရိကန် အိုဟိုင်းယိုပြည်နယ် ကိုလံဘတ်စ်မြို့ရှိအမျိုးသားအဆင့် ကလေးဆေးရုံ၏ သုတေသနအင်စတီကျူဒ်မှ သုတေသီဂယ်ရီစမစ်၏ အဆိုအရ၁၉၉၀ မှ ၂၀၀၈ ခုနှစ်အတွင်း တစ်နှစ်လျှင်ကလေးနှင့်ဆယ်ကျော်သက်ဦးရေ တစ်သိန်း၌ ထိခိုက်ဒဏ်ရာရရှိမှုနှုန်း ၇ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည်ဟု သိရသည်။ ထိခိုက်ဒဏ်ရာရမှုနှုန်းမှာ ၁၉၉၂ ခုနှစ်တွင် ၁၁ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ၈ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးဖြစ်ခဲ့သည်။

ယခုလေ့လာချက်မှာ ယခင်ကဆယ်နှစ်တာ လေ့လာချက်ထက်ပြတင်းပေါက်မှ ပြုတ်ကျ၍ ထိခိုက်ဒဏ်ရာရမှုနှုန်း နည်းလာခြင်းဖြစ်သည်။ သုတေသီများက ယခုလေ့လာမှုတွင်ပြတင်းပေါက်မှကလေးများ ပြုတ်ကျ၍ ဒဏ်ရာရနှုန်းကိုသာ အဓိကလေ့လာခဲ့ကြောင်း၊ ဒဏ်ရာရသည့်ပတ်ဝန်းကျင်အခြေအနေနှင့် နောက်ခံအကြောင်းရင်းများကို အသေးစိတ်ထည့်သွင်းလေ့လာထားခြင်း မရှိကြောင်းပြောကြားသည်။

—*Ref: Xinhua*

# တ ုတ်နိုင်ငံသည် တစ်ကိုယ်ရေသုံး ကွန်ပျူတာ အကြီးဆုံးဈေးကွက်ဖြစ်လာ

**ဝါရှင်တန်၊ ဩဂုတ် - ၂၅**

တရုတ်နိုင်ငံသည်ယခုနှစ်ဒုတိယသုံးလပတ်တွင် အမေရိကန်အားကျော်တက်၍ ကမ္ဘာ့အကြီးမားဆုံး တစ်ကိုယ်ရေသုံး ကွန်ပျူတာဈေးကွက်ဖြစ်လာကြောင်းနှင့် ၂၀၁၂ ခုနှစ်တွင် တစ်နှစ်လုံးကွန်ပျူတာရောင်းချမှု အကြီးမားဆုံးဈေးကွက်ဖြစ်လာရန် ဦးတည်နေကြောင်း နိုင်ငံတကာ အချက်အလက်ကော်ပိုရေးရှင်း(IDC)က ပြောကြားသည်။



ဒုတိယ သုံးလပတ်တွင် တရုတ်နိုင်ငံသို့ တင်ပို့သည့် ကွန်ပျူတာအလုံးရေမှာ ၁၈ ဒသမ ၅ သန်းရှိပြီး အမေရိကန်နိုင်ငံသို့ တင်ပို့သည်မှာ ၁၇ ဒသမ ၇ သန်းသာရှိကြောင်း သုတေသနကုမ္ပဏီ IDC ကပြောကြားသည်။ တရုတ်နိုင်ငံသို့ တင်ပို့သည့် ကွန်ပျူတာများမှာ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၁ ဒသ မ ၉ ဘီလီယံရှိပြီး အမေရိကန်အတွက် ၁၁ ဒသမ ၇ ဘီလီယံသာရှိခဲ့သည်။

ယင်းမှာ ဧပြီလမှ ဇွန်လအထိသုံးလပတ်တင်ပို့မှု ၂၂ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ပြီး အမေရိကန်မှာ ၂၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။ယင်းကွန်ပျူတာများစာရင်းတွင် စားပွဲတင် ကွန်ပျူတာများ၊ လက်ပ်တော့ကွန်ပျူတာများ၊ နုတ်ဘွတ်ခ်အငယ်စားများ ပါဝင်ပြီး ဟန်းဖုန်းအရွယ် ကွန်ပျူတာများ မပါဝင်ကြောင်းသိရသည်။

—Ref: AFP





7DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# လွှတ်တော်အပေါ် စိတ်ပျက်ခြင်းနှင့်အတူ ထောက်ခံမှုကျဆင်းနေဟု အိုဘားမားပြော

**မက်ဆာချူးဆက်၊ ဩဂုတ် - ၂၂**


မိမိအပေါ် ထောက်ခံမှုနိမ့်ပါးနေခြင်းမှာ လွှတ်တော်အပေါ် ပြည်သူလူထု၏ မပျော်မရွှင်ဖြစ်မှုကို ထင်ဟပ်နေခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားကပြောကြားသည်။

ပြည်သူများက အစိုးရအပေါ် မကျေလည်သောအခါ လွှတ်တော်ကဲ့သို့ပင် ၎င်းသည်လည်း သက်ရောက်မှုခံရသည်သာဖြစ်ကြောင်း စီဘီအက်စ်ရုပ်သံနှင့်ပြုလုပ်သည့် အင်တာဗျူးတွင် အိုဘားမားကပြောကြားသည်။

မိမိအနေဖြင့် အရေးယူဆောင်ရွက်မှုအချို့ကိုသာ မလုပ်ဆောင်ခဲ့ပါက တိုင်းပြည်သည် ယခုထက် အခြေအနေပိုဆိုးနေနိုင်သည်ဟူသော၎င်း၏ပြောဆိုမှုမှာ အလုပ်လက်မဲ့ အမေရိကန်သန်းပေါင်းများစွာနှင့်ထပ်တူမကျနိုင်သည်ကိုနားလည်နိုင်ကြောင်း အိုဘားမားကပြောကြားသည်။

ယခုအခါ မာသာ စပျစ်ခြံအပန်းဖြေစခန်းတွင်ရောက်ရှိနေသည့် အိုဘားမားက အခြေအနေများတိုးတက်မှုရှိသည် မရှိသည်ကို ၎င်းအနေဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ(ရွေးကောက်ပွဲ) တွင် အဆုံးအဖြတ်ခံယူရန် အသင့်ရှိကြောင်းပြောသည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် လူထုစစ်တမ်းများအရ အိုဘားမားအပေါ် ထောက်ခံမှုမှာ ၄၀ ရာခိုင်နှုန်းသာရှိကြောင်း သိရပြီး ယင်းမှာ ၎င်း၏ သမ္မတလက်ထက် အနိမ့်ဆုံး ထောက်ခံမှုနှုန်းဖြစ်သည်။ —*Ref: AP*



# ဆိုးလ်မြို့တော်တွင် ကျောင်းများ၌ အခမဲ့ နေ့လယ်စာကျွေးရေး ပြည်သူ့ဆန္ဒခံယူပွဲ စတင်

**ဆိုးလ်၊ ဩဂုတ် - ၂၄**

တောင်ကိုရီးယားမြို့တော်ဆိုးလ်ရှိဒေသခံပြည်သူများသည်ကျောင်းများ၌ အခမဲ့နေ့လယ်စာကျွေးမွေးရေးအစီအစဉ်အား လုပ်ဆောင်နိုင်မည့်ပြည်သူ့ဆန္ဒခံယူပွဲအတွက်မဲရုံများဆီ ဆန္ဒမဲများသွားရောက်ပေးနေကြကြောင်း သိရသည်။ ယခုဆန္ဒခံယူပွဲမှာ အဆိုတင်သွင်းခဲ့သည့် မြို့တော်ဝန် အိုဆီဟွန်းအတွက် စမ်းသပ်ချက်တစ်ရပ်ဖြစ်ပြီး သမ္မတရွေးကောက်ပွဲဝင်မည့် ၎င်းကိုယ်တိုင်ကလည်း ကျောင်းများအတွက် အခမဲ့နေ့လယ်စာအစီအစဉ်များ ဖြစ်မြောက်ခဲ့ပါက အာဏာရ ဂရင်းနေရှင်နယ်ပါတီမှ နုတ်ထွက်သွားမည်ဟု ကြေညာထားသည်။ ယခုဆန္ဒခံယူပွဲမှာ ၂၀၁၂ ဧပြီတွင် ကျင်းပမည့်ပါလီမန်ရွေးကောက်ပွဲများနှင့် ၂၀၁၂ ဒီဇင်ဘာတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲအကြို မဲဆန္ဒရှင်များအတွက် စိတ်လှုပ်ရှားဖွယ်မဲပေးမှုတစ်ရပ်ဖြစ်သည်။

တောင်ကိုရီးယား အတိုက်အခံဒီမိုကရက်တစ်ပါတီကမူ ယင်းဆန္ဒခံယူပွဲကို သပိတ် မှောက်ရန် နှိုးဆော်ထားပြီး မြို့တော်ဝန်သည် အခွန်ထမ်းပြည်သူများ၏ ဝင်ငွေကို စီးပွားရေးကျပ်တည်းနေသည့်ကာလတွင်ဖြုန်းတီးနေခြင်းသာဖြစ်ကြောင်း ဝေဖန်ထားသည်။

—*Ref: AFP*

# ကုလအရာရှိအား နျူစက်ႛ အားလုံး ပြသခဲ့သည်ဟု အီရန်ကိုယ်စားလှယ် ပြောကြား

**ဗီယာနာ၊ ဩဂုတ် - ၂၄**

အီရန်နိုင်ငံသည် ကုလသမဂ္ဂအကြီးတန်းနျူစစ်ဆေးရေးမှူးတစ်ဦးအား ၎င်း၏ အဆင့်မြင့် ယူရေနီယံသန့်စင်ရေးစက်များကိုပြသခဲ့ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA)ဆိုင်ရာ အီရန်ကိုယ်စားလှယ်ကပြောကြားသည်။

ယခင်ရက်သတ္တပတ်အတွင်း IAEA ၏ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဟာမန်းနက်ကာ့စ်သည် အီရန်နိုင်ငံသို့လာရောက်ခဲ့စဉ်အတွင်း ယင်းသို့ ပြသခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းမှာ (နျူကိစ္စနှင့်ပတ်သက်၍) တီဟီရန်၏ ရာနှုန်းပြည့်ပွင့်လင်းမှုနှင့် မြင်သာထင်သာရှိမှုကို ပြသနေကြောင်း အီရန်ကိုယ်စားလှယ်ကပြောကြားသည်။

နက်ကာ့စ်သည် ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်ရေးအဖွဲ့ . လုံခြုံမှုများထားရှိရေးဌာနအကြီးအကဲဖြစ်ပြီး အီရန်နိုင်ငံသို့ ငါးရက်ကြာ သွားရောက်ခဲ့သည်။ ၎င်း၏ ခရီးစဉ်မှာ အီရန်နိုင်ငံနှင့် အင်အားကြီးနိုင်ငံခြောက်နိုင်ငံအကြား ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်ရေး ရုရှားနိုင်ငံ၏ အသစ်တစ်ဖန် တွန်းအားပေးခြင်းနှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။

အီရန်သည် အဏုမြူလက်နက်များ ထုတ်လုပ်ရန် နျူကလီးယားအစီအစဉ်ကို အသုံးပြုနေသည်ဟု အနောက်နိုင်ငံများက သံသယရှိကြသည်။ အီရန်နိုင်ငံကမူ ယင်းသို့စွပ်စွဲမှုကိုငြင်းဆန်ထားပြီး နျူကလီးယားစွမ်းအင်ထုတ်လုပ်ရန်အတွက်သာရည်ရွယ်သည်ဟုပြောကြားသည်။

“တစ်ကြိမ်တစ်ခါပွင့်လင်းရုံလောက်နဲ့တော့ မလုံလောက်ပါဘူး”ဟုဥရောပသံတမန်တစ်ဦးကပြောကြောင်း ရိုက်တာသတင်းဌာနကဖော်ပြသည်။

—*Ref: Reuters*

# အဓိက ႑ဏ်းတွင် ပါဝင်သူများကို ပြင်းထန်စွာအပြစ်ပေးရန် ဗြိတိန်နိုင်ငံသားများ လိုလား

**လန်ဒန်၊ ဩဂုတ် - ၂၄**

ဗြိတိန်နိုင်ငံတွင် အဓိကရုဏ်းဖန်တီးသူများနှင့် အဓိကရုဏ်းအတွင်း ပြစ်မှုကျူးလွန်သူများကို နမူနာပြအဖြစ် လေးနက်သောပြစ်ဒဏ်များချမှတ်ရန်ဗြိတိန်ပြည်သူများက လိုလားကြောင်း စစ်တမ်းတစ်ရပ်ကဖော်ပြသည်။


ဗြိတိန်နိုင်ငံမှ ဂါးဒီးယန်းသတင်းစာက ပြုလုပ်ခဲ့သည့် စစ်တမ်းတွင် ပြစ်ဒဏ်ကျူးလွန်သူများအား ၎င်းတို့ မျှော်လင့်ထားသည်ထက် ပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်သင့်သည်ဟု စစ်တမ်းဖြေကြားသူ ၇၀ ရာခိုင်နှုန်းကပြောသည်။

လူမှုရေးဝက်ဘ်ဆိုက် ဖေ့စ်ဘွတ်ခ်မှအဓိကရုဏ်းတစ်ခုစတင်ရေး နှိုးဆော်ခဲ့သူ အမျိုးသားနှစ်ဦးအား ထောင်ဒဏ်လေးနှစ် ချမှတ်ခဲ့ပြီးနောက် ပြစ်ဒဏ်ချမှတ်ခြင်းများနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံတွင်ဆွေးနွေးငြင်းခုံမှုများဖြစ်ပေါ်ခဲ့သည်။ အမျိုးသမီးတစ်ဦးကိုမူ ခိုးရာပါပစ္စည်းများ လက်ခံရယူခဲ့ခြင်းအတွက် ထောင်ဒဏ်တစ်နှစ်ချမှတ်ခဲ့သော်လည်း အယူခံဝင်ခဲ့၍ နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။

ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း အဓိကရုဏ်းဖန်တီးသူများအားပြင်းပြင်းထန်ထန်အပြစ်ပေးရန် တွန်းအားပေးနေပြီး ပြစ်မှုထင်ရှားကြောင်း တွေ့ရှိသူမှန်သမျှ ထောင်ထဲသွားသင့်သည်ဟုပြောကြားသည်။ ဖေ့စ်ဘွတ်ခ်အသုံးပြုခြင်းကိစ္စကို အပြစ် ပေးခြင်းအတွက်လည်း ၎င်းက ထောက်ခံခဲ့သည်။

ယခုစစ်တမ်းမှာ ဂါးဒီးယန်းသတင်းစာနှင့် အိုင်စီအမ်သုတေသနဌာနတို့က ပူးပေါင်း၍ အရွယ်ရောက်ပြီးသူ လူပေါင်း ၁,၀၀၄ ဦးအား ကြုံသလို ရွေးချယ်၍ တယ်လီဖုန်းဖြင့် မေးမြန်းစစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

—*Ref: UPI*





7 DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011

# လစ်ဗျားနိုင်ငံ၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားခြင်းမှ ဖြေလျှော့ပေးရန် ကုလလုံခြုံရေးကောင်စီအား အမေရိကန် တောင်းဆို



**ကုလသမဂ္ဂ၊ ဩဂုတ် - ၂၅**

ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိသော လစ်ဗျားနိုင်ငံ၏ ပိုင်ဆိုင်မှုများကို ငွေကြေးလိုအပ်နေသည့် သူပုန်များ အသုံးပြုနိုင်ရန် ထိန်းချုပ်ထားခြင်းမှ လွှတ်ပေးရေးအတွက်အမေရိကန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုပြောကြားလိုက်ကြောင်းဆိုသည်။ မွမ်မာကဒါဖီနှင့် ရင်းနှီးသော ဆက်ဆံရေးရှိသည့် တောင်အာဖရိကနိုင်ငံ၏ဆန့်ကျင်မှုကိုလည်းကျော်လွှားသွားဖွယ်ရှိကြောင်း သိရသည်။

လစ်ဗျား၏ ပိုင်ဆိုင်မှုများ ထိန်းချုပ်ထားခြင်းကို ဖြေလျှော့ပေးရန် လုံခြုံရေးကောင်စီမှ လစ်ဗျားနိုင်ငံအပေါ် ပိတ်ဆို့မှုများကို ကြီးကြပ်သည့် ကော်မတီအား အမေရိကန်ကပြောကြားနေသည်မှာ သီတင်းပတ်နှစ်ပတ်ရှိခဲ့ပြီဖြစ်သည်။ သို့သော် ယင်းကိစ္စကို တောင်အာဖရိကနိုင်ငံက ကန့်ကွက်ထားကြောင်း သံတမန်များကပြောကြားသည်။ ယင်းကော်မတီတွင် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံပါဝင်ပြီး နိုင်ငံအားလုံး၏ သဘောတူညီမှုရယူရန် လိုအပ်သည်။

ယင်းသို့ကန့်ကွက်နေခြင်းကို ကျော်လွှားနိုင်ရန် အမေရိကန်နိုင်ငံသည်လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအားလုံးရှေ့တွင် ဆုံးဖြတ်ချက်တစ်ရပ် အဆိုတင်သွင်းသွားမည်ဖြစ်ပြီး ယင်းအဆိုကို တညီတညွတ်တည်းထောက်ခံမဲပေးရန် မလိုအပ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံက ၎င်း၏သဘောထားအား မပြောင်းလဲပါက ယင်းသို့ မဲခွဲဆုံးဖြတ်ရေး လုပ်ဆောင်သွားဖွယ်ရှိကြောင်း အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်မာ့ခ်ကန်ဘလောကပြောကြားသည်။ *—Ref: AP*

## ရုရှားနိုင်ငံတွင် အစိုးရအပေါ် အကြွေးတင်နေသူ ၁၂,၀၀၀ ဦးကို နိုင်ငံခြားခရီးသွားခြင်း ပိတ်ပင်

**မော်စကို၊ ဩဂုတ် - ၂၂**

ယခုနှစ်အတွင်း ရုရှားနိုင်ငံသား ၁၂,၀၀၀ ဦးသည် အစိုးရအပေါ် ပေးဆပ်ရန်ကျန်ရှိနေသော အကြွေးများကြောင့် နိုင်ငံခြားခရီးသွားလာခွင့်မရှိခဲ့ကြောင်း ရုရှားအရာရှိများကပြောကြားသည်။

မော်စကိုမြို့သား ၃,၇၀၀ သည် အစိုးရအပေါ် တင်ရှိနေသည့် ကြွေးမြီများကြောင့် ၎င်းတို့၏ နွေရာသီခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်ဟု ဖယ်ဒရယ်တရားရုံး အမိန့်ကြီးကြပ်ရေးအရာရှိများကပြောကြားခဲ့ကြောင်း မော်စကိုတိုင်းမ်သတင်းစာတွင် ဖော်ပြသည်။

ဥပဒေအရ အစိုးရအပေါ် ကန်ဒေါ်လာ ၁၇၀ ကြွေးတင်နေသူ ရုရှားနိုင်ငံသားများအား နိုင်ငံခြားသို့ ခရီးသွားခြင်းကို ပိတ်ပင်ထားသည်။ ယင်းသို့ပိတ်ပင်ထားခြင်းအတွက် တရားရုံးအရာရှိများက ကြွေးမြီ ကန်ဒေါ်လာ ၁၂ သန်း ကောက်ခံနိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

မှတ်ပုံတင်ထားသည့် လိပ်စာများသို့ ကြွေးမြီတောင်းခံလွှာများပေးပို့လေ့ရှိသဖြင့် လက်ရှိနေထိုင်သည့်နေရာနှင့် မတူညီသူများမှာ အစိုးရအပေါ် အကြွေးတင်နေခြင်းကို သတိမပြုမိခြင်းဖြစ်နိုင်ကြောင်းသိရသည်။

ကြွေးတင်နေသူများအား အကြွေးပေးရန်ကြိုးပမ်းမှုအဖြစ် ယခုနှစ်တွင် တရားရုံးအရာရှိများသည် မော်စကိုမြို့အနီး ပြုလုပ်သည့် လေကြောင်းပြပွဲ၌ အကြွေးတင်နေသူများ၏ ကားနံပါတ်များကိုကြည့်၍ ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်ကလည်း ယင်းသို့ ရှာဖွေခဲ့မှုကြောင့် သုံးရက်အတွင်း နိုင်ငံတော်အတွက် ကြွေးမြီ ကန်ဒေါ်လာ ၄၁၀,၂၉၂ ရရှိခဲ့ကြောင်း သတင်းစာတွင်ဖော်ပြသည်။

*—Ref: UPI*



7 DAY NEWS JOURNAL

# International

Vol 10, No 29 • SEPTEMBER 1, 2011

## တရုတ်အနောက်တောင်ပိုင်း မိုးခေါင်မှုကြောင့် လူငါးသန်းကျော် သောက်သုံးရေ မလုံလောက်မှုရင်ဆိုင်နေရ


Photo- Xinhua

**ဘေဂျင်း၊ ဩဂုတ်-၂၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဂွီဇောင်းပြည်နယ်တွင် မိုးခေါင်ရေရှားမှုဒဏ်ကို ဆိုးဆိုးဝါးဝါးခံစားနေရရာ လူ ၅ ဒသမ ၄၇ သန်းမှာ သောက်သုံးရေ မလုံလောက်မှုနှင့်ရင်ဆိုင်နေရကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားသည်။

ပြည်နယ်မိုးခေါင်ရေရှားမှု ကယ်ဆယ်ရေးဗဟိုဌာန၏ ထုတ်ပြန်ချက်အရ ဇွန်လနှောင်းပိုင်းမှ စတင်ခဲ့သည့် မိုးခေါင်မှုကြောင့် ပြည်နယ်၏ စီရင်စု ၈၈ ခုမှ စီရင်စု ၈၇ ခုတွင် မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရပြီး ရေ ကန်ပေါင်း ၄၇၉ ကန် ခန်းခြောက်ခဲ့ပြီးဖြစ်ကာ မြစ်၊ ချောင်း ၃၉၄ ခုလည်း ခန်းခြောက်သွားပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင်လအတွင်းပြည်နယ်၌ မိုးရွာသွန်းမှုမှာ ပုံမှန်ထက် ၇၀ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ဩဂုတ်လ မိုးရွာသွန်းမှုမှာလည်း ပုံမှန်ထက်လျော့နည်းနေသည်ဟု ကယ်ဆယ်ရေးရုံးချုပ်မှ တာဝန်ရှိသူကပြောသည်။

သီးနှံစိုက်ဧရိယာဟက်တာပေါင်း ၁ ဒသမ ၁ သန်းထိခိုက်ပြီး ဟက်တာပေါင်း ၂၂,၀၀၀ တွင် သီးနှံရိတ်သိမ်းမှု မပြုနိုင်ကြောင်းနှင့် ကျွဲ၊ နွားကောင်ရေ သုံးသန်းအတွက်လည်း ရေမလုံလောက်ကြောင်း သိရသည်။ ၎င်းပြည်နယ်နှင့်ကပ်လျက် ယူနန်ပြည်နယ်တွင်လည်း အပူချိန်မြင့်မားမှုကြောင့် ဆည်နှင့်ရေကန်ပေါင်း ၃၀၀ မျှခန်းခြောက်ခဲ့သလို မြစ်၊ ချောင်း ၆၀ မှာလည်း ခန်းခြောက်သွားပြီဖြစ်ကြောင်း ပြည်နယ်အစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းဒေသများတွင်မိုးခေါင်ရေရှားမှု ကယ်ဆယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ဗဟိုအစိုးရက ယွမ်နှစ်ဘီလီယံချပေးထားကြောင်း သိရသည်။

—*Ref: Chinadaily*



## ဂျပန်နိုင်ငံတွင် ငါးနှစ်အတွင်း ဆဋ္ဌမမြောက်ဝန်ကြီးချုပ် ရွေးချယ်ရာ၌ ဘဏ္ဍာရေးဝန်ကြီးအနိုင်ရ

**တိုကျို၊ ဩဂုတ် - ၂၉**

ဂျပန်နိုင်ငံတွင် ငါးနှစ်အတွင်း ဆဋ္ဌမမြောက်ဝန်ကြီးချုပ် ရွေးချယ်ရန်ပြင်ဆင်လျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်သူငါးဦးအပြိုင်ဖြစ်နေကြောင်းသိရသည်။ တက်လာသောဝန်ကြီးချုပ်သည် ကြီးမားသောစိန်ခေါ်မှုများကို ရင်ဆိုင်ရမည်ဖြစ်ပြီး မတ်လက ဖြစ်ပေါ်ခဲ့သည့် ဆူနာမီကြောင့် ပျက်စီးမှုများကိုပြန်လည်တည်ဆောက်ရေး၊ တောင်လိုပုံနေသော အမျိုးသားကြွေးမြီကိစ္စနှင့် ချူကလီးယားအကျပ်အတည်းကြောင့်

စာ(၄၅)သို့

## အိုင်ရင်းဟာရီကိန်းမုန်တိုင်း နယူးယောက်မြို့အား ဝင်ရောက်မွှေနှောက်

**နယူးယောက်၊ ဩဂုတ်-၂၉**

အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းခြေတစ်လျှောက်ဝင်ရောက်တိုက်ခတ်ခဲ့သည့် အိုင်ရင်းဟာရီကိန်းမုန်တိုင်းသည်လေပြင်းမုန်တိုင်း တိုက်ခတ်မှုများနှင့်အတူ နယူးယောက်မြို့အား ဝင်ရောက်သွားခဲ့သော်လည်း မူလက ကြောက်ရွံ့ခဲ့သည့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများကိုရှောင်လွှဲနိုင်ခဲ့ကြောင်း သိရသည်။ သို့သော် မုန်တိုင်းကြောင့် မန်ဟက်တန်အောက်ပိုင်းနှင့် မြို့၏ အရှေ့မြောက်ဘက်တွင် ရေကြီးမှုများဖြစ်ပေါ်စေခဲ့သည်။

စာ(၄၅)သို့







## နိုင်ဂျီးရီးယားနိုင်ငံ ကုလသမဂ္ဂရုံးဗုံးခွဲမှုကြောင့်ဒဏ်ရာရသူများကို လက်ထောက်အတွင်းရေးမှူးချုပ် သွားရောက်ကြည့်ရှု



**အဘူဂျာ၊ ဩဂုတ်-၂၈**

ဩဂုတ် ၂၆ ရက်က နိုင်ဂျီးရီးယားနိုင်ငံမြို့တော် အဘူဂျာရှိ ကုလသမဂ္ဂရုံးချုပ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သူများအား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် အာရှာရို့စ်မီဂီရို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ ၂၃ ဦးသေဆုံးခဲ့ရသည်။

ကားဗုံးခွဲတိုက်ခိုက်မှုမှာ ကုလသမဂ္ဂသမိုင်းတွင် လူအသေအပျောက် အများဆုံးတိုက်ခိုက်ခံရမှုဖြစ်ပြီး ဗုံးခွဲမှုကြောင့် ရုံးအောက်ထပ်ပြိုကျခဲ့ကာ ပြတင်းပေါက်များ ပွင့်ထွက်ကုန်၍ အဆောက်အအုံကိုလည်းမီးစွဲလောင်စေခဲ့သည်။

ယင်းတိုက်ခိုက်မှုကို မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့လက်ချက်ဟု မပြောကြားသော်လည်း ယင်းမှာအစ္စလမ်မစ်ဂိုဏ်းခွဲတစ်ခုဖြစ်သည့် ဘိုကိုဟာရမ်၏ လက်ချက်ဟု လုံခြုံရေးအာဏာပိုင်များက မသင်္ကာဖြစ်နေသည်။ ၎င်းအဖွဲ့မှာ နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နေ့စဉ်လိုလိုပင် လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများကို တိုက်ခိုက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

ဗုံးခွဲမှုကြောင့် လူ ၁၉ ဦး သေဆုံးခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက အစောပိုင်းတွင် ပြောကြားခဲ့သော်လည်း ယခုအခါ သေဆုံးသူ ၂၃ ရှိပြီဖြစ်ကြောင်း ဆေးရုံသို့လိုက်ပါခဲ့သည့် ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။ ယခုတိုက်ခိုက်မှုမှာ ၂၀၀၃ ခုနှစ်က လူ ၂၂ ဦးသေဆုံးခဲ့သည့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂရုံး တိုက်ခိုက်မှုထက် လူအသေအပျောက်ပိုများကြောင်း သိရသည်။

—*Ref: Reuters*



7DAY NEWS JOURNAL
Vol.10, No.24 • SEPTEMBER 1, 2011



# အာဇာနည်နေ့တွင် ဥဩသံပြန်လည်ထုတ်လွှင့်ရန် အစီအစဉ်မရှိဟုဆို



အာဇာနည်နေ့ တစ်ရက်တည်းတွင်သာ အများပြည်သူ ကြည့်ရှုရန် ဖွင့်လှစ်ပေးသည့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်သို့ လာရောက်ကြသူများကို (၆၄)နှစ်မြောက် အာဇာနည်နေ့က တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**မြတ်စုမွန်၊ အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ် - ၂၆**

အာဇာနည်နေ့၌ မြန်မာ့အသံက ဥဩသံထုတ်လွှင့်ကာ သွားလာနေသည့် ယာဉ်များအားလုံး ရုတ်တရက် ရပ်တန့်အလေးပြုမည်ဆိုပါက မလိုလားအပ်သည့် အန္တရာယ်ပြဿနာများ ဖြစ်ပေါ်လာနိုင်သဖြင့် နိုင်ငံတော်အစိုးရက အာဇာနည်နေ့တွင် ဥဩသံထုတ်လွှင့်အလေးပြုသည့်အစီအစဉ်ကိုပြန်လည်ဆောင်ရွက်ရန် အစီအစဉ်မရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းချက်ကိုပြန်လည်ဖြေကြားခဲ့သည်။

နေပြည်တော် လွှတ်တော်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပလျက်ရှိသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ "ယနေ့ ပါတီစုံဒီမိုကရေစီ အစိုးရလက်ထက်တွင် အာဇာနည်နေ့၌ မြန်မာ့အသံမှ ဥဩဆွဲသံကိုပြန်လည်ထုတ်လွှင့်ပေးရန် အစီအစဉ်ရှိ မရှိ သိလိုကြောင်း"မေးခွန်းနှင့်ပတ်သက်၍ အထက်ပါအတိုင်း ပြန်လည်ဖြေကြားသွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်ပါလီမန်ဒီမိုကရေစီခေတ်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တို့၌ မြန်မာ့အသံက ဥဩသံထုတ်လွှင့်ပြီး ဥဩသံကြားရသည်နှင့် ရပ်တန့်အလေးပြုရသည့်အစီအစဉ်ကို ဆောင်ရွက်ခဲ့သော်လည်း ယာဉ်သွားလာမှုနည်းပါးသည့်အတွက် ပြဿနာ အန္တရာယ်မရှိခဲ့ကြောင်း၊ ယခုနောက်ပိုင်းကာလတွင် ယာဉ်သုံးစွဲမှုများလာသည့်အတွက် ထိုသို့ပြန်လည်ဆောင်ရွက်သွားရန် အစီအစဉ်မရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်ဟု ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

ထို့အပြင် အာဇာနည်နေ့တွင် ဝမ်းနည်းကြောင်း ဥဩဆွဲခြင်းနှင့်ပတ်သက်၍ တရားရုံးချုပ်ရှေ့နေ ဦးသန်းမောင်က "ဗိုလ်ချုပ်တို့ ကျဆုံးတဲ့အချိန်မှာ ဥဩဆွဲတယ်ဆိုတဲ့အချက်ထက် ပိုထိရောက်တဲ့နည်းမျိုး လုပ်စေချင်တယ်။ မြန်မာ့အသံကနေ ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့ သီချင်းတွေ ဥပမာ-ဒေါ်မေလှမြိုင်ရဲ့ သီချင်းမျိုးတွေ လွှင့်ပေးမယ်ဆိုရင် အဲဒီနည်းကပိုထိရောက်မယ်"ဟု ပြောသည်။

"အခုခေတ်က မီးသတ်ကား၊ သူနာပြုကား၊ လူနာတင်ကားတွေက အမြဲတမ်း ဥဩဆွဲပြီး သွားလာနေတာ။ ဥဩသံကို ဟိုကကြား၊ ဒီကကြားနဲ့ တစ်ချိန်လုံး သွားနေတာ။ ဒီလိုရောယှက်သွားရင်ဗိုလ်ချုပ်ရဲ့ဂုဏ်ပုဒ်ကိုအနှောင့်အယှက်ဖြစ်မလားလို့ ထင်တယ်"ဟု ၎င်းကဆက်ပြောသည်။

ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏တတိယနေ့တွင် သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှဦးသိန်းညွန့်က "စာသင်ကျောင်းများတွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်ပတ်သက်သည့် ကဗျာ၊ အတ္ထုပ္ပတ္တိများ ဖတ်ကြားဆွေးနွေးခြင်းများ ပြုလုပ်ရန် ရည်ရွယ်ချက်ရှိ မရှိ သိရှိလိုကြောင်း"မေးခွန်းကိုလည်း မေးမြန်းခဲ့သည်။

ထိုမေးခွန်းနှင့်ပတ်သက်ပြီး ၁၉၈၈ အရေးအခင်းကာလနှင့် နောက်ပိုင်းနှစ်များတွင် အာဇာနည်နေ့ကို အကြောင်းပြုပြီး နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုပျက်ပြားစေရန် စည်းရုံးလှုံ့ဆော်မှုများရှိသောကြောင့် အာဇာနည်နေ့ အကြိုလှုပ်ရှားမှုများကို လျှော့ပေါ့ခဲ့ခြင်းဖြစ်သည်ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောကြားသည်။

ထိုကဲ့သို့ အကြိုလှုပ်ရှားမှုများကို လျှော့ပေါ့ခဲ့သော်လည်း မြန်မာစာပေနှင့် သမိုင်းသင်ခန်းစာများတွင် အာဇာနည်နေ့ဖြစ်ရပ်များအပါအဝင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း သင်ခန်းစာများကို ယခင်အတိုင်းထည့်သွင်းသင်ကြားပေးလျက်ရှိသည်ဟု ဝန်ကြီးက ပြောကြားသည်။

အာဇာနည်နေ့ အကြိုလှုပ်ရှားမှုများဖြစ်သည့် ကဗျာရွတ်ဆိုခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ဟောပြောပွဲများကျင်းပခြင်းတို့ကို နှိုးဆော်ဆောင်ရွက်သွားမည်ဖြစ်သည်ဟုလည်း ဝန်ကြီးကပြောကြားသည်။

အာဇာနည်နေ့သင်ခန်းစာများကို အခြေခံမူလတန်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပြဋ္ဌာန်းထားသော်လည်း လွန်ခဲ့သော အနှစ် ၂၀ နှင့်နှိုင်းယှဉ်ပါက ယခုသင်ရိုးတွင် ပြဋ္ဌာန်းမှုနည်းပါးသည်ဟု အခြေခံပညာမူလတန်းဆရာ၊ ဆရာမများထံမှ သိရှိရသည်။

# ရန်ကုန်ဘူတာကြီး ရွာသာကြီးသို့ ပြောင်းရွှေ့ရန် လောလောဆယ် မဖြစ်နိုင်သေး

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၈**

စီးပွားရေးမြို့တော် ရန်ကုန်မြို့ရှိ ဘူတာကြီးကို ရွာသာကြီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် အစီအစဉ် လောလောဆယ်မရှိကြောင်း မီးရထားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကပြောကြားသည်။

ရွာသာကြီးတွင် ဘူတာဆောက်လုပ်ရန်အတွက် မြေနေရာယူထားခြင်းမှာ နောင်တစ်ချိန်တွင် အစိုးရ၌ ပိုက်ဆံရှိပြီး မြို့လယ်တွင်ရောက်နေသောဘူတာကြီးကို ပြောင်းရွှေ့ဖွင့်လှစ်လိုပါက ဖွင့်လှစ်နိုင်ရန်စီစဉ်ထားခြင်းဖြစ်ကာ လောလောဆယ်တွင် ပိုက်ဆံမရှိ၍ မဖြစ်နိုင်ကြောင်း ဦးအောင်မင်းကရှင်းပြသည်။

"တကယ်တော့ မြို့ကြီးသိပ်ကြီးလာလို့ရှိရင် အပြင်ဘက်ထုတ်ရမှာပဲ။ မြို့ထဲမှာ မြို့ပတ်ရထားပဲကျန်ခဲ့မှာ။ အဲဒီရည်ရွယ်ချက်နဲ့ ရွာသာကြီးမှာ စောပြီး နေရာဦးထားတာ၊ ရံထားတာ။ ဒါက ပိုက်ဆံရှိရင်လုပ်မှာပေါ့။ တခြားနိုင်ငံတွေမှာလည်း ဘူတာက အပြင်မှာပဲရှိတာ။ အထဲမှာ မြို့ပတ်ရထားပဲရှိတယ်။ လောလောဆယ် ဘတ်ဂျက်အနေအထားကြောင့် ဖြစ်ကိုမဖြစ်နိုင်ဘူး။ ဒီဘူတာကြီးထဲကပဲ ပြေးမှာ"ဟု ဦးအောင်မင်းက ဩဂုတ်လ ၂၈ ရက်တွင် နေပြည်တော်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် သတင်းထောက်များ၏ မေးမြန်းမှုကိုပြန်လည်ဖြေကြားသည်။

# လူကိုသတ် အိမ်ကို မီးရှို့သွားသည့် သုံးလောင်းပြိုင်လူသတ်မှု ငါးနှစ်ကြာမှ ဖမ်းမိ

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်- ၂၅**

အိမ်ရှင်လင်မယား နှစ်ဦးနှင့် အိမ်ဖော်အမျိုးသမီးကိုပါ သတ်ကာ နေအိမ်ကို မီးရှို့သွားသည့် သုံးလောင်းပြိုင်လူသတ်မီးရှို့မှုတစ်ခု ၂၀၀၆ ခုနှစ်ကတည်းက ရွှေပြည်သာမြို့နယ်တွင်ဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူများကိုငါးနှစ်အကြာ၊ ယခုလ ၈ ရက်တွင် ဖမ်းဆီးနိုင်ခဲ့သည်ဟုမြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

နေအိမ်ရှိ လူအားလုံး အသတ်ခံခဲ့ရသောကြောင့် အမှုစုံစမ်းရာတွင် ပတ်ဝန်းကျင်ရှိ လူများ၏သတင်းပေးမှုများ၊ အခင်းဖြစ်နေအိမ်မှ လက်ဗွေရာများပေါ်တွင်အခြေခံ၍ ဖော်ထုတ်ခဲ့ရခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

အမှုဖြစ်ပွားပုံမှာ ၂၀၀၆ခုနှစ်၊ ဇူလိုင် ၁ရက်တွင် ပြစ်မှုကျူးလွန်သူနှစ်ဦးသည် အခင်းဖြစ်ပွားရာနေအိမ်သို့ ၎င်းတို့ပိုင်ဂျစ်ကားဖြင့် သွားရောက်ခဲ့သည်။ အိမ်ရှင်များက မူလကတည်းကသိနေသူများဖြစ်၍ ခြံတံခါးကို ဖွင့်ပေးကာဧည့်ခန်းတွင် အအေးဖြင့်ဧည့်ခံခဲ့သည်။ ထိုသို့ စကားပြောဆိုနေစဉ် အိမ်ရှင်လင်မယားနှစ်ဦးကို သံတုတ်နှင့် ရိုက်သတ်၍ မီးဖိုဘက်မှပြေးလာသူ အိမ်ဖော်အမျိုးသမီးကိုလည်း သံတုတ်နှင့်ရိုက်သတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ကားဂိုဒေါင်ထဲမှ ဓာတ်ဆီပုံးဖြင့်နေအိမ်အပေါ်ထပ် တွင် ဓာတ်ဆီများလောင်းခဲ့ပြီး ခုတင်ပေါ်ရှိ မွေ့ရာဘေး၌ ဖယောင်းတိုင်ထွန်း၍ ပစ္စည်းများ ယူကာအဆိုပါနေအိမ်မှထွက်ခွာခဲ့သည်ဟုသိရသည်။

ပြစ်မှုကျူးလွန်သူများ၏ ထွက်ဆိုချက်အရ အဆိုပါနေအိမ်မှ ငွေသား ကျပ်သိန်း ၁၀၀ကျော်နှင့် အဖိုးတန်ရွှေငွေကျောက်မျက် ရတနာများကို ရရှိခဲ့သည်ဟု သိရသည်။ အဆိုပါအမှုတွင် ပြစ်မှုကျူးလွန်သူများဖြစ်သည့် ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်းနေသူနှင့် (၅) ရပ်ကွက်၊ စက်မှု(၁)လမ်းနေသူနှစ်ဦးတို့အား ထိရောက်သည့်ပြစ်ဒဏ်ရရှိရေးအတွက် တရားစွဲဆိုတင်ပို့နိုင်ရန် ရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးနေသည်ဟု သိရသည်။

ယင်းအမှုကို ရွှေပြည်သာ ရဲစခန်းက (ပ)၅၂၀/ ၂၀၀၆၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅/၃၀၂အရ အမှုဖွင့်ခဲ့သည်။

# မလေးရှားအစိုးရ၏ ပြည်ပလုပ်သားများ လွတ်ငြိမ်းခွင့်အစီအစဉ်ပြီးစီးက မြန်မာလုပ်သားခေါ်ယူမှုနှေးကွေးနိုင်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၂၉**

မလေးရှားနိုင်ငံအစိုးရက စီစဉ်ဆောင်ရွက်နေသော တရားမဝင်နေထိုင်လုပ်ကိုင်နေသောလုပ်သားများအတွက် လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်ပြီးစီးလျှင် မြန်မာနိုင်ငံမှ လုပ်သားခေါ်ယူမှုနှေးကွေးသွားနိုင်ကြောင်း အေဂျင်စီအသိုင်းအဝိုင်းကသုံးသပ်သည်။

"မှတ်ပုံလာတင်တဲ့သူက နှစ်သန်းကျော်ရှိတယ်။ အဲဒီအထဲမှာ မြန်မာက စတုတ္ထအများဆုံးဖြစ်နေတယ်။ ဒါကြောင့် ဒီသုံးလပြီးရင် အလုပ်ခေါ်ယူမှုနည်းသွားနိုင်တယ်"ဟု ကျောက်တံတားမြို့နယ်ရှိ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကသုံးသပ်သည်။

လွတ်ငြိမ်းချမ်းသာခွင့် စတင်သည့် ဇူလိုင်လမှစ၍ လာရောက်စာရင်းပေးသူနှစ်သန်းကျော်တွင် အင်ဒိုနီးရှားနိုင်ငံမှ ၆၁ ရာခိုင်နှုန်းအများဆုံး လာရောက်မှတ်ပုံတင်ပြီး မြန်မာနိုင်ငံသား ဦးရေ၁၁၁,၀၀၅ ဦးဖြင့် စတုတ္ထအများဆုံးလာရောက်မှတ်ပုံတင်ကြသည်။

"ဒီလွတ်ငြိမ်းချမ်းသာခွင့် စမယ့်အချိန်မှာ Calling ကျတာ တွေကြာလာတော့ မစောင့်ကြဘဲ ထိုင်းဘက်သွားတဲ့လူ များလာတယ်"ဟု အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော် ယခုပြုလုပ်သော လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်သို့ ယူအင်န်ကတ်ကိုင်ဆောင်၍ အလုပ်လုပ်နေသူအများစုမှာ လာရောက်မှတ်ပုံမတင်ကြကြောင်း မလေးရှားရောက် လုပ်သားတစ်ဦးကပြောသည်။ လွတ်ငြိမ်းချမ်းသာခွင့် လက်ဗွေနှိပ်ခြင်းအပါအဝင် အချက်အလက်ယူဆောင်ခြင်းအား ဩဂုတ်လကုန်အထိ သတ်မှတ်ပေးထားပြီး သုံးလအတွင်း မြန်မာနိုင်ငံသို့ပြန်လာပါက တရားဝင်ပြန်လာခွင့်ရကြမည်ဖြစ်သည်။

သို့သော် ယခုရက်ပိုင်းအထိ ပြန်လာသူအလွန်နည်းပါးကြောင်း၊ အများစုမှာ ပြန်လည်မှတ်ပုံတင်ရန်ကြိုးစားနေကြကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.24 · SEPTEMBER 1, 2011

# ရန်ကုန်မြို့ပတ်ရထား ပြေးဆွဲရေး လုပ်ကိုင်ခွင့်ရမည့်ကုမ္ပဏီ ရထားလက်မှတ် ၁၀၀ ကျပ်ထက် ပို၍ရောင်းချခွင့်မပြု

**အားမာန်**

**ရန်ကုန်၊ ဩဂုတ် - ၂၄**

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲရေး လုပ်ငန်းကို ပုဂ္ဂလိကမှ လွှဲပြောင်း လုပ်ကိုင်ပါက လက်မှတ်ခများကို တစ်ဦးလျှင် တစ်ရာကျပ်ထက် ပိုမို တိုးမြှင့်ခွင့်ပြုမည်မဟုတ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သော ရန်ကုန်မြို့ပတ်ရထား ပြေးဆွဲရေးလုပ်ငန်း အခြေခံစည်းကမ်းချက်များတွင်ဖော်ပြထားသည်။

လက်ရှိ မြန်မာ့မီးရထားက ပြေးဆွဲပေးနေသော ရန်ကုန်မြို့ပတ်ရထား၏ လက်မှတ်ခမှာ ၁၀ ကျပ်နှင့် ၂၀ ကျပ်ဖြစ်ပြီး လုပ်ငန်းရှင်များက လွှဲပြောင်းလုပ်ကိုင်ပါက အကြမ်းဖျင်း ၁၀၀ ကျပ်ထက် ပို၍ ရောင်းချခွင့်ပြုမည်မဟုတ်ကြောင်း စည်းကမ်းချက်နံပါတ်-၁၀ တွင် ဖော်ပြထားသည်။

ထိုလုပ်ငန်းကိုလုပ်ကိုင်ခွင့်ရသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည်ဘူတာရုံနယ်နိမိတ်အတွင်းရှိ မြန်မာ့မီးရထားပိုင်မြေပေါ်တွင် မြန်မာ့မီးရထား၏ သဘောတူညီချက်ဖြင့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိသည်။

အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုလျှင် လုပ်ငန်းအလိုက် မြန်မာ့မီးရထားနှင့် ကုမ္ပဏီတို့ဘီအိုတီစနစ်ဖြင့်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး၊ လုပ်ကိုင်ခွင့်ပြုသည့်သက်တမ်းမှာမြို့ပတ်ရထားလုပ်ငန်းတစ်ခုလုံးကို လုပ်ကိုင်ခွင့်ပြုသည့်သက်တမ်းနှင့်အညီ ဖြစ်သည်။ ဘူတာတိုင်းတွင် ခရီးသည်ဦးရေနှင့် လျော်ညီသော ကောင်းမွန်သည့် သန့်စင်ခန်းနှင့် နားနေခန်းများ ပါဝင်ရမည်ဖြစ်ပြီး သန့်စင်ခန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နိုင်သည်ဟု အချက် ၄၉ ချက်ပါဝင်သော စည်းကမ်းချက်များထဲတွင် ပါရှိသည်။

မီးရထားဝန်ထမ်းများ၏ လစာကိုလုပ်ငန်းရှင်က သတ်မှတ်၍ ပေးရမည်ဖြစ်ပြီး၊ ထိုဝန်ထမ်းများကို မလိုအပ်ပါက မြန်မာ့မီးရထားက ပြန်လည်စိစစ်လက်ခံမည်ဟုဆိုသည်။

လက်ရှိပြေးဆွဲနေသော မြို့ပတ်ရထား၏ အချိန်ဇယားနှင့် ရထားစင်းရေထက်မလျော့နည်းဘဲ ဆက်လက်ပြေးဆွဲရမည်ဖြစ်ပြီး အများပြည်သူအကျိုးအတွက် ရထားစင်းရေကို အတိုးအလျှော့ပြုလုပ်လိုလျှင်၊ အချိန်ဇယားကို ပြင်ဆင်လိုလျှင် မြန်မာ့မီးရထားသို့ကြိုတင်ညှိနှိုင်းတင်ပြရမည်ဖြစ်သည်။ သို့သော် ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ကွန်ပျူတာတက္ကသိုလ် ကျောင်းချိန် ရထားခရီးစဉ်များကဲ့သို့ မဖြစ်မနေပြေးဆွဲရမည့် ခရီးစဉ်များကို ရှုံးသည်ဖြစ်စေ မြတ်သည်ဖြစ်စေ ပြေးဆွဲပေးရမည်ဖြစ်သည်။



**ပုဂ္ဂလိကသို့လွှဲပြောင်းပေးမည်ဆိုသည့်သတင်းများ ထွက်ပေါ်လာပြီးနောက် မြို့ပတ်ရထားစီးသူများ လက်မှတ်ခများ မြင့်တက်လာမည်ကို စိုးရိမ်ခဲ့ကြသည်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထို့အပြင် ရထားပြေးဆွဲရန်လိုအပ်သော ဒီဇယ်ဆီကို လုပ်ကိုင်ခွင့်ရသော လုပ်ငန်းရှင်များ၏ အစီအစဉ်ဖြင့် ဝယ်ယူပြေးဆွဲရမည်ဖြစ်သည်။ လက်ရှိရန်ကုန်မြို့ပတ်ရထားပြေးဆွဲရေးလုပ်ငန်းတွင် အသုံးပြုနေသော စက်ခေါင်း ၁၄ ခေါင်း၊ RBE ၁၁ ခေါင်း၊ RBT ၆ တွဲနှင့် မြို့ပတ်လူစီးတွဲ ၈၁ တွဲတို့ကို တစ်လငှားရမ်းခနှုန်းသတ်မှတ်၍ ငှားရမ်းရမည်ဖြစ်သည်။ စက်ခေါင်းနှင့် တွဲများ စတင်လွှဲပြောင်းပေးသည့်အချိန်မှစ၍ ၂နှစ်အတွင်း စက်ခေါင်းသစ်၊ တွဲသစ်များနှင့် အစားထိုးမည့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကိုတင်ပြရမည်ဖြစ်သည်။ လိုအပ်ပါကစက်ခေါင်းနှင့်တွဲများကို ပေါက်ဈေးအတိုင်း တန်ဖိုးသင့်၍ လွှဲပြောင်းပေးမည်ဟုဆိုသည်။

ကုမ္ပဏီက အဆိုပြုထားသည့် ရင်းနှီးမြှုပ်နှံမှုငွေပမာဏနှင့်အညီ ဆောင်ရွက်အကောင်အထည်ဖော်သောလုပ်ငန်းများ မှန်ကန်မှုရှိ မရှိကို မြန်မာ့မီးရထားမှ ဖွဲ့စည်းထားသောအဖွဲ့က လိုက်လံစစ်ဆေးသွားမည်ဟုလည်း စည်းကမ်းချက်များတွင် ပါဝင်သည်။

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲရေးလုပ်ငန်းမှာ လစဉ် ကုန်ကျစရိတ် ကျပ် ၂၆၁ သန်းကျော်ရှိပြီး ဝင်ငွေမှာ ၄၂ သန်းကျော်သာရှိသဖြင့် လစဉ် နိုင်ငံတော်မှ ကျပ် ၂၂၀ သန်းဝန်းကျင်အရှုံးပေါ်နေသည်။ ထို့ကြောင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရန် ပြီးခဲ့သည့် ဇူလိုင် ၂၆ ရက်က ထိုလုပ်ငန်းလုပ်ကိုင်လိုသော လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ပုဂ္ဂလိကသို့လွှဲပြောင်းပေးမည့်အစီအစဉ်များကို မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများကရှင်းပြခဲ့သည်။ ထိုတွေ့ဆုံပွဲတွင် လုပ်ငန်းရှင် ၉၀ ကျော်က အဆိုပါလုပ်ငန်းကိုလွှဲပြောင်းလုပ်ကိုင်ရန်စိတ်ဝင်စားကြောင်း အဆိုပြုလွှာများ တင်သွင်းခဲ့သည်။

## တရုတ်ချေးငွေဖြင့် ဒေါ်လာ ၄၇ သန်းကျော်တန် ရထားစက်ခေါင်းသစ်စက်ရုံ တည်ဆောက်မည်

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၀**

နေပြည်တော်ဘူတာကြီးအနီးတွင် တရုတ်နိုင်ငံမှ ရရှိထားသော ချေးငွေဖြင့် ဒေါ်လာ ၄၇ သန်းကျော်တန် ရထားစက်ခေါင်းသစ်တည်ဆောက်ရေးစက်ရုံ တည်ဆောက်ရန်စီစဉ်ထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးကြည်အေးက ပြောကြားသည်။

တရုတ်နိုင်ငံမှ ရရှိထားသော အတိုးသက်သာသည့် ချေးငွေ အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၅၃ သန်းအနက်မှ ၄၇ ဒသမ ၀၁ သန်းကိုအသုံးပြု၍ နေပြည်တော် ဘူတာကြီးအနီးတွင် ရထားစက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံတည်ဆောက်ရန် စီစဉ်နေကြောင်း ဦးကြည်အေးက နေပြည်တော်၌ ကျင်းပခဲ့သော အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် 'မြန်မာ့မီးရထား လက်ရှိအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်' စာတမ်းဖတ်ကြားတင်သွင်းစဉ် ပြောကြားခဲ့သည်။

လက်ရှိမြန်မာ့မီးရထားတွင် စက်ခေါင်းပြင်စက်ရုံခုနစ်ရုံနှင့် တွဲပြင်စက်ရုံနှစ်ရုံရှိသည်။ သို့သော် ရထားစက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံမှာမရှိသေးပေ။

ထို့အပြင် တရုတ်နိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်မှ ချေးသော အမေရိကန်ဒေါ်လာ ၉၄ သန်းကျော်မှ ၄၇ သန်းကျော်ကို အသုံးပြု၍ လူစီးတွဲနှင့် ကုန်တွဲသစ်တည်ဆောက်ရေးစက်ရုံတစ်ခုကိုလည်း မြစ်ငယ်ဒေသတွင် တည်ဆောက်ရန်စီစဉ်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

# ဒေါ်လာ ၂၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည့် တ ုတ်-မြန်မာ အမြန်ရထားလမ်း ဖောက်လုပ်ရန် စီစဉ်နေ

**အားမာန်**

**နေပြည်တော်၊ ဩဂုတ်- ၂၈**

မြန်မာနိုင်ငံအတွက်အလုပ်အကိုင်အခွင့်အလမ်းနှင့်အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်ဆိုသော ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် ဒေါ်လာ ၂၀ဘီလီယံ(ဒေါ်လာသန်းနှစ်သောင်း)ရှိသည့်မူဆယ်-ကျောက်ဖြူ (တရုတ်-မြန်မာ) အမြန်လျှပ်စစ်ရထားလမ်းဖောက်လုပ်ရန် နှစ်နိုင်ငံမှ တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"မူဆယ်ကျောက်ဖြူကို မိုင် ၅၀၀ ရှိတယ်။ မိုင် ၅၀၀ ကို သူတို့(တရုတ်နိုင်ငံ)၂၀ ဘီလီယံသုံးရမယ်။ အဲဒီ ၂၀ ဘီလီယံဒေါ်လာအားလုံးကို မြန်မာနိုင်ငံထဲမှာ ကျန်ခဲ့ရမယ်။ မြန်မာနိုင်ငံထဲက အုတ်တွေ၊ သဲတွေ၊ ကျောက်တွေ ရောင်းမယ်။ မြန်မာနိုင်ငံက အလုပ်သမားတွေအဲဒီမှာထည့်မယ်။ ဒါဆိုရင် ၂၀ ဘီလီယံဆိုတဲ့ စီမံကိန်းကြီးက နည်းတာမဟုတ်ဘူး။ မြန်မာနိုင်ငံထဲက ၁၀ သန်း(လူဦးရေ)လောက်သွားလုပ်ဦး။ အဲဒီမှာလုပ်ကွက်အများကြီးရှိတယ်။ အဲဒါကို ကျွန်တော်မဖြစ်ဖြစ်အောင်ကြိုးစားနေတယ်။ အကယ်၍ အစစအရာရာ အဆင်ပြေသွားမယ်ဆိုရင် ဒီဇင်ဘာလမှာစမယ်" ဟုရထားပို့ဆောင်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကပြောကြားသည်။

ထိုစီမံကိန်းအတွက် မြန်မာနိုင်ငံအနေဖြင့်မနစ်နာရဘဲ အသာစီးရရှိစေရန်အတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးနေကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။ သို့သော်ထိုစီမံကိန်းအတွက် အပြီးသတ်သဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် မြန်မာနိုင်ငံရှိ မြေယာဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ရန်လိုပြီး လက်ရှိကျင်းပနေသော လွှတ်တော်မှ အဆိုပါဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် မျှော်လင့်ကြောင်းလည်း ဦးအောင်မင်းကပြောသည်။

"BOT (တည်ဆောက်၊ စီမံလုပ်ကိုင်၊ လွှဲပြောင်း)စာချုပ်ချုပ်ဖို့မြေယာဥပဒေပြင်ရမယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ရမယ်။ အဲဒါတွေကို ဒီလွှတ်တော်မှာ ပြင်မှရမယ်။ ပြင်ပြီးမှ စာချုပ်ချုပ်မယ်။ ဒီရထားလမ်းကို ဖောက်တဲ့အခါ ဘာမှ စိတ်မပူနဲ့။ မြန်မာပြည်က ပိုက်ဆံတစ်ပြားမှမပါဘူး။ BOT စနစ်နဲ့လုပ်မှာ။ သူတို့က BOT ကို နှစ် ၆၀၊ ၇၀ တောင်းတယ်။ကျွန်တော်တို့ကနှစ်၅၀ပဲပေးချင်တယ်။ မြန်မာဘက်က အသာရအောင် လုပ်နေတာ"ဟု၎င်းကပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ကျောက်ဖြူတွင် ရေနက်ဆိပ်ကမ်းဆောက်လုပ်ပြီး အနောက်နိုင်ငံများမှ ပင်လယ်ကူး သင်္ဘောဖြင့် သယ်ယူလာသောကုန်စည်များကို ထိုအမြန်ရထားလမ်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ သယ်ယူရန် စီမံနေခြင်းဖြစ်သည်။ လက်ရှိတွင် အနောက်နိုင်ငံများမှ ကုန်စည်များကို တရုတ်နိုင်ငံက ပင်လယ်ကူးသင်္ဘောများမှတစ်ဆင့်မလက္ကာရေလက်ကြားကို ဖြတ်ကျော်၍ သယ်ဆောင်နေရခြင်းဖြစ်သည်။ ထိုရေလမ်းကြောင်းမှာ ကျဉ်းလွန်းပြီး လုံခြုံရေးအခြေအနေများကြောင့် ၎င်းတို့၏ အိန္ဒိယအပါအဝင် အနောက်အာရှနိုင်ငံများနှင့် ကုန်သွယ်ရေးလမ်းကြောင်းကို ထားဝယ်မှတစ်ဆင့် မြန်မာနိုင်ငံကိုဖြတ်၍ အသုံးပြုရန်လိုလားနေကြခြင်းဖြစ်သည်။

ထိုရထားလမ်းဖောက်လုပ်ရာတွင်လမ်းဘေးဝဲယာရှိနေအိမ်နှင့် ယာမြေများရှိပါက နစ်နာမှုမရှိအောင် မည်သို့ပြုလုပ်ရန် အစီအစဉ်ရှိပါသလဲဟု အမေးကို ဦးအောင်မင်းက "မြန်မာနိုင်ငံသားတွေ မနစ်နာအောင် စိစစ်နေတယ်။ ညှိနှိုင်းတာတွေ လုပ်နေတယ်။ စည်းကမ်းချက်ထဲမှာ ဘာပါလဲဆိုရင် မြေသိမ်းထားရင် မြေဖိုးလျော်ရမယ်။ အတတ်နိုင်ဆုံး အဆောက်အအုံတွေ မထိခိုက်အောင် လမ်းကြောင်းကိုရွေးထားတာပါ။ မြေကတော့ အကယ်၍ သိမ်းဆည်းရင် ပိုင်ရှင်မရှိတဲ့ နိုင်ငံတော်မြေဆိုလည်း နိုင်ငံတော်က တန်ဖိုးသတ်မှတ်ပြီး ရှယ်ယာအဖြစ် ပြန်ထည့်မယ်။ မြေကြီးကို သိမ်းရင်လည်းတန်ရာတန်ကြေးနဲ့ ဝယ်ပါ့မယ်။ သိပ်မကြာခင်မှာ BOT စာချုပ်ချုပ်နိုင်မယ်လို့ ယူဆပါတယ်။ သဘောတူလက်မှတ်ရေးထိုးနိုင်တဲ့ဒီဇင်ဘာလကုန်မှာ လုပ်ငန်းစမယ်။ ငါးနှစ်အတွင်း ရထားလမ်းပေါက်သွားမယ်"ဟု ၎င်းကရှင်းပြသည်။

ထိုရထားလမ်းဖောက်ဖြစ်ပါက မြန်မာနိုင်ငံသားများ လုပ်ကိုင်နိုင်သောလုပ်ငန်းခွင်အားလုံးကို မြန်မာလုပ်သားများ ခန့်အပ်နိုင်ရန် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုသွားမည်ဟုဆိုသည်။ လျှပ်စစ်ရထားများ ပြေးဆွဲမည့်လမ်းကျယ်အမျိုးအစားဖြစ်ပြီး၊ ကုန်ချိန်တန် လေးထောင်သယ်ဆောင်နိုင်သောရထားများပြေးဆွဲမည်ဟုဆိုသည်။ ထိုရထားများမှာ တစ်နာရီလျှင် ၁၂၅ မိုင်(၂၀၀ ကီလိုမီတာ) နှုန်းပြေးဆွဲနိုင်သော လျှပ်စစ်ရထားများဖြစ်သည်။ ရွှေလီအရှေ့ဘူတာနှင့် မူဆယ်ဘူတာအကြားတွင် နယ်စပ် စစ်ဆေးရေးစခန်းများထားရှိမည်ဖြစ်သည်။ ရထားလမ်းဖြတ်သန်းသွားမည့်ဒေသများမှာ မူဆယ်၊ လားရှိုး၊ မန္တလေး၊ မကွေး၊ မင်းဘူး၊ အမ်း၊ ကျောက်ဖြူစသောဒေသ များဖြစ်သည်။

ယခုအခါလားရှိုးနှင့်မူဆယ်ကြား ၇၈ မိုင်ကျော်အတွက် ရထားလမ်းဖောက်လုပ်ရန် တိုင်းတာရေးလုပ်ငန်းများပြီးစီးသွားပြီဟုဆိုသည်။ ထိုလမ်းပိုင်းအတွက်ပင် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ (ဒေါ်လာသန်း ၁,၆၀၀) ကုန်ကျမည်ဟုဆိုသည်။ ထိုလမ်းပိုင်းမှာပင် တံတားကြီး၊ ငယ်စုစုပေါင်း ၄၁ စင်း၊ ဥမင်လိုဏ်ခေါင်း ၃၆ ခု ရှိမည်ဟုဆိုသည်။

ထိုရထားလမ်းအပြင်မြန်မာနိုင်ငံအနေဖြင့် ထားဝယ်ရေနက်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံရှိ ကက်ချ်နာပူရီဒေသသို့ ဖောက်လုပ်မည့် ရထားလမ်းကိုလည်းမြန်မာ-ထိုင်း အစိုးရတာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးနေသည်။ မြန်မာနိုင်ငံအတွင်း မိုင် ၈၀ ခန့် ဖောက်လုပ်ရမည့် ထိုရထားလမ်းမှာလည်း နိုင်ငံအတွက်နစ်နာမှုမရှိရန် BOT စနစ်ဖြင့် လုပ်ကိုင်ရန် ညှိနှိုင်းနေကြောင်း မီးရထားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကဖြည့်စွက်ပြောကြားသည်။